
7Day Daily သတင်းစာ ဝိုင်းတော်သားများက တင်ဆက်ထားသော အထူးအချပ်ပို ၁၆ မျက်နှာကို မေတ္တာလက်ဆောင် ထည့်သွင်းပေးထားပါသည်



ရ ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL
http://www.7daynewsjournal.com

အတွဲ(၁၂)၊ အမှတ်(၂၃) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်၊ ဗုဒ္ဓဟူး ၊ (ဩဂုတ် ၁၄ ၊ ၂၀၁၃)



TRI
LIVES BRILLIANTLY




*ဩဂုတ်လ ၁၂ရက်က လျှပ်စစ်မီးများဖြင့် လှပနေသည့် ရန်ကုန်မြို့လယ် ညဦးပိုင်းရှုခင်း* ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# ရန်ကုန်မြို့ လျှပ်စစ်မီးဖြန့်ဖြူးမှု ပုဂ္ဂလိကလွှဲရန် ညှိနှိုင်းမှု မပြတ်သေး

**သိမ့်သိမ့်စိုး၊ ညီညီဇော်** **ရန်ကုန်၊ ဩဂုတ်-၁၂**

မြန်မာနိုင်ငံ၏ တတိယမြို့တော် ဖြစ်သော မန္တလေးမြို့တွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်းလုပ်ငန်းကို ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ အပြီးသတ် လွှဲပြောင်းလိုက်ပြီဖြစ်သော်လည်း ရန်ကုန်မြို့တွင်မူ နှုန်းထားညှိနှိုင်းမှုအဆင်မပြေသေး၍ လွှဲပြောင်းရန် အဆင်သင့်မဖြစ်သေးကြောင်း သတင်းရရှိသည်။ **အချပ်ပို(၂)သို့**

## ထိပ်တိုက်ပြဿနာများ မငြိမ်းနိုင်သေးသည့် ရခိုင်

**အောင်နိုင်**

၂၀၁၂ ခုနှစ်ကစတင်ဖြစ်ပွားခဲ့သော ရခိုင်ပြည်နယ် ပဋိပက္ခများ မပြေလည်သေးမီ အချိန်မှာပင် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဘင်္ဂါလီလူမျိုးများ ထိပ်တိုက်ရင်ဆိုင်တွေ့မှုဆက်တိုက်ဆိုသလိုဖြစ်ပွားနေသည်။

လူဦးရေစာရင်းကောက်ယူသည့် ၂၀၁၃ ခုနှစ်၊ ဧပြီလနှောင်းပိုင်းမှစတင်၍ လုံခြုံရေးတပ်ဖွဲ့နှင့် ဘင်္ဂါလီဒုက္ခသည်များကြား ထိပ်တိုက်ရင်ဆိုင်တွေ့မှု ခြောက်ကြိမ်ခန့်ဖြစ်ပွားခဲ့သည်။ တရားဝင်သတင်းထုတ်ပြန်ချက်များအရလူလေးဦးသေဆုံးပြီး လုံခြုံရေးတပ်ဖွဲ့ဝင်နှင့် သက်ဆိုင်ရာဝန်ထမ်း ၆ ဦးအပါအဝင် ၁၇ဦး ဒဏ်ရာရရှိခဲ့သည်။ **စာ(၂)သို့**



**“ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီရဲ့ ဆွေးနွေးချက်တွေဟာ ပြည်သူလူထုက ယုံကြည်လက်ခံနိုင်ဖို့လိုတယ်**

ABSDF ဥက္ကဋ္ဌ ဦးသံခဲနှင့် တွေ့ဆုံခြင်း စာ(၂၅)သို့

## အင်အားစုအချို့ အခြေခံဥပဒေ အသစ်ပြန်ဆွဲရေး ဇောင်းပေးလာ

**အောင်သူရ၊ အိဖြူလွင်**

“ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ လူတွေလုပ်ထားတဲ့ အရာတစ်ခုပါ။ အဲဒါကို ကျွန်မတို့ကကြောက်ပြီးတော့ မကိုင်ရဲဘူး၊ မထိရဲဘူးဆိုလို့ရှိရင် ကျွန်မတို့ အသက်ရှိပြည်သူပြည်သားတွေဟာ သက်မဲ့စာတမ်းတစ်ခုကို ကြောက်နေရာမရောက်ဘူးလားလို့”

ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကိုအားမလိုအားမရတွန်းအားပေးသည့်ဆိုစကားကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က ရှစ်လေးလုံးငွေရတုအခမ်းအနားတွင် ပြောကြားခဲ့သည်။ **အချပ်ပို(K)သို့**

# အစိုးရအဖွဲ့ ပြောခွင့်ရပုဂ္ဂိုလ်များ စကားမပြောသေးပါ

**အေးသူစံ**

ဝန်ကြီးဌာန ၃၆ခုရှိသည့်မြန်မာအစိုးရအဖွဲ့အတွင်း ၂၀၁၂ခုနှစ် ဒီဇင်ဘာလမှစတင်၍ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ပြောခွင့်ရပုဂ္ဂိုလ်များအား တာဝန်ပေးခဲ့သည်။ ထိုပုဂ္ဂိုလ်များကို မီဒီယာများနှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန် မီဒီယာဆက်ဆံရေးသင်တန်းများပေးထားသည့်တိုင် သတင်းထောက်များ၏ မေးမြန်းချက်များကိုဖြေဆိုရန် အများစုက ငြင်းဆန်နေကြဆဲဖြစ်သည်။ **စာ(၈)သို့**




7 DAY NEWS JOURNAL
Vol.12, No.23 • AUGUST 14 , 2013

မျက်နှာဖုံးမှ

## ထိပ်တိုက်ပြဿနာများ မငြိမ်းနိုင်သေးသည့် ရခိုင်ပြည်

ယင်းကဲ့သို့ ဆူပူမှုများဆက်တိုက်ဖြစ်ပွားနေခြင်းသည် ဒေသတည်ငြိမ်ဖွံ့ဖြိုးရေးကို ထိခိုက်စေပြီး အာဏာပိုင်များနှင့် ထိပ်တိုက်တွေ့ဆုံမှုများက ပြဿနာကို ပိုမိုကြီးထွားစေနိုင်သည်ဟု ရခိုင်အရေးစောင့်ကြည့်သူများက သုံးသပ်ကြသည်။

ဆူပူမှုများမှာ ဘင်္ဂါလီဒုက္ခသည်အများစုနေထိုင်ရာ စစ်တွေမြို့အနောက်ပိုင်းတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ စစ်တွေမြို့အနောက်ပိုင်းတွင် သဲချောင်း၊ သက္ကယ်ပြင်၊ အုန်းတောကြီး၊ အုန်းတောချေ၊ ဘောဒူမ စသည့်ဘင်္ဂါလီဒုက္ခသည်စခန်းများနှင့် ကျေးရွာများတည်ရှိသည်။

ယင်းဒေသများတွင် မူလကပင်နေထိုင်သော ဘင်္ဂါလီလူမျိုးသုံးသောင်းခန့်ရှိသည်။ ၂၀၁၂ ခုနှစ် အကြမ်းဖက်မှုများကြောင့် နေအိမ်မီးရှို့ခံရသည့်ဒေသများမှ ဘင်္ဂါလီလူမျိုးများသည်လည်း စစ်တွေမြို့အနောက်ပိုင်းသို့ စုဝေးပြောင်းရွှေ့လာကြရာ ယခုအခါ ယင်းဒေသတွင် ဘင်္ဂါလီဒုက္ခသည် သုံးသိန်းကျော်ခန့်ရှိသည်ဟု ခန့်မှန်းထားကြသည်။

ဆက်တိုက်ဖြစ်ပွားခဲ့သော ဆူပူမှုများတွင် ဘင်္ဂါလီဒုက္ခသည်များက လုံခြုံရေးတပ်ဖွဲ့ဝင်များကို လူစုလူဝေးဖြင့်ရန်ရှာခြင်း၊ တုတ်၊ ဓား၊ လေးခွ၊ ခဲများဖြင့် ရိုက်နှက်ပစ်ပေါက်ခြင်းများကို စတင်ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်ဟု ရခိုင်ပြည်နယ်အစိုးရက ပြောကြားခဲ့သည်။

"ခဏခဏ ပြဿနာရှာနေကြတာ နိုင်ငံတကာကလည်း ကျွန်တော်တို့ကို အဆိုးမြင်ကြမယ်။ အဖြစ်မှန်ကိုမသိကြဘူး" ဟု ရခိုင်ပြည်နယ်အစိုးရပြန်ကြားရေးတာဝန်ခံ ဦးဝင်းမြိုင်ကဆိုသည်။

ဩဂုတ် ၁၁ ရက်တွင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးကိုယ်စားလှယ် မြန်မာနိုင်ငံ သို့ရောက်ရှိလာခဲ့သည်။

လူ့အခွင့်အရေးကိုယ်စားလှယ်မစ္စတာကင်တားနားက ရောက်ရောက်ချင်းပင် ရခိုင်ပြည်နယ်သို့ သွားရောက်ပြီဖြစ်သည်။

ယခုနောက်ဆုံးဖြစ်ပွားခဲ့သည့် အုန်းတောကြီးဆူပူမှုဖြစ်စဉ်တွင်လည်း လူ့အခွင့်အရေးကိုယ်စားလှယ် မစ္စတာကင်တားနား ခရီးစဉ်နှင့် အချိန်ကိုက်ပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟု ရခိုင်အရေးစောင့်ကြည့်သူများက သုံးသပ်သည်။

ဘင်္ဂါလီလူဦးရေစာရင်း (ဆွဲတင်စစ်)ကောက်ယူခဲ့ရာတွင်လည်း သက်ဆိုင်ရာက ဘင်္ဂါလီခေါင်းဆောင်များနှင့် ကြိုတင်ဆွေးနွေးခဲ့ပြီး သဘောတူညီမှုရရှိခဲ့သည်။ သို့သော် အမှန်တကယ်ဆောင်ရွက်သောအခါတွင် လူစုလူဝေးဖြင့် ကန့်ကွက်ပြီး အကြမ်းဖက်မှုများပြုလုပ်ခဲ့ကြသဖြင့် လုံ့ဆော်သူများရှိနိုင်သည်ဟု ပြည်နယ်အစိုးရကပြောကြားထားသည်။

"သူတို့ဒုက္ခသည်စခန်းတွေမှာ လက်ကိုင်ဖုန်းတွေနဲ့ ရန်ကုန်နဲ့လည်း အမြဲဆက်သွယ်နေတာတွေ့တယ်"ဟု ယင်းဒေသလုံခြုံရေးတာဝန်ယူထားသည့် ရဲတပ်ရင်း ၃၃ တပ်ဖွဲ့ဝင်တစ်ဦးကဆိုသည်။

ထို့ပြင် စစ်တွေမြို့အနောက်ဘက်ကျေးရွာများတွင် မူလကပင်နေထိုင်သော ဘင်္ဂါလီလူမျိုးများနှင့် ဒုက္ခသည်များအကြားတွင်လည်း သဘောထားကွဲလွဲမှုများဖြစ်ပွားနေသည်။

"ဒုက္ခသည်တွေက အကူအညီအပြည့်အစုံရတယ်။ ကျွန်တော်တို့ဒေသခံတွေက ဒုက္ခရောက်နေတာ လုပ်ကိုင်စားဖို့ အပြင်လည်းထွက်မရဘူး"ဟု သဲချောင်းကျေးရွာမှ ဦးကာဆင်းက ဆိုသည်။

စစ်တွေမြို့ရှိဒုက္ခသည်စခန်းများတွင် အကူအညီများရရှိနေသည့်အတွက် ကျောက်တော်၊ မြေပုံ၊ ပေါက်တောမြို့နယ်များမှ ဘင်္ဂါလီလူမျိုးများသည် ယင်းစခန်းများသို့ ခိုးဝင်နေထိုင်မှုများလည်းရှိနေသည်။

ဆူပူမှုများ မကြာခဏဖြစ်ပွားနေခြင်းနှင့်ပတ်သက်၍လည်း "ကျွန်တော်တို့လည်း ဘယ်ဖြစ်ချင်ပါ့မလဲ၊ သက်သက်မဲ့လည်း အာဏာပိုင်တွေကို ပြဿနာမရှာပါဘူး။ ကိုယ့်အိမ်ကိုယ်ပြန်ပြီးပဲနေချင်တယ်"ဟု ဘောဒူဖစခန်းမှ ကိုလှမောင်သိန်းကဆိုသည်။

ယခုအခါ စစ်တွေမြို့အနောက်ဘက်တွင် ရဲတပ်ရင်း ၃ ရင်းနှင့် တပ်မတော်အထိုင်တပ်ရင်းတစ်ရင်းတို့က လုံခြုံရေးတာဝန်ယူဆောင်ရွက်လျက်ရှိသည်။

"ကျွန်တော်တို့က လုံခြုံရေးအမြင်နဲ့ ဆောင်ရွက်ရပါတယ်။ တရားဥပဒေ စိုးမိုးရေးအတွက် တိတိကျကျလိုက်နာ ဆောင်ရွက်ရတယ်"ဟု ရခိုင်ပြည်နယ်အစိုးရ နယ်စပ်ရေးရာနှင့်လုံခြုံရေးဝန်ကြီး ဗိုလ်မှူးကြီးထိန်လင်းကပြောကြားသည်။ဆူပူမှုများ ဆက်တိုက်ဖြစ်နေခြင်းကြောင့် ရခိုင်ပြည်နယ်ပဋိပက္ခများပြေလည်အောင် အစိုးရ၏ဆောင်ရွက်နေခြင်းကို ထိခိုက်စေနိုင်ကာ ဒေသအတွက် များစွာနစ်နာစေသည်ဟု ရခိုင်အရေးလေ့လာသူများက သုံးသပ်ပြောဆိုသည်။

"ရခိုင်တိုင်းရင်းသားတွေက အေးအေးဆေးဆေးနေချင်တာ ကြာလှပြီ။ သူတို့ဒီလိုဆူပူမှုတွေ၊ အကြမ်းဖက်မှုတွေ ဆက်တိုက်လုပ်နေတာ ဒေသအရမ်းနစ်နာတယ်"ဟု ရခိုင်တိုင်းရင်းသားတိုးတက်ရေးပါတီ အတွင်းရေးမှူး ဦးဦးလှစောက ထောက်ပြပြောဆိုသည်။

ဆူပူအကြမ်းဖက်မှုများတွင် ပါဝင်ပတ်သက်သူများကို ထိထိရောက်ရောက်အရေးယူပြီးဖြစ်သကဲ့သို့ ဆက်လက်၍လည်း ဖော်ထုတ်အရေးယူရန် လိုအပ်ကာ သက်ဆိုင်ရာက တာဝန်ဝတ္တရားများကိုတိတိကျကျဆောင်ရွက်ရန် လိုအပ်သည်ဟု နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဇူလိုင် ၂၁ ရက်က ဘာသာရေးပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့နှင့်တွေ့ဆုံစဉ်ထည့်သွင်းပြောကြားခဲ့သည်။

## တံခါးလေးပေါက်ပါသည့် Open Cab များကို လုပ်ငန်းသုံးအဖြစ်သတ်မှတ်ရန် မရှိ

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဩဂုတ်-၁၂**

တံခါးလေးပေါက်ပါဝင်သည့်Open Cab ယာဉ်များကို အိမ်စီးယာဉ်အဖြစ် သတ်မှတ်သွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်လိုက်သည်။

ပြည်ပမှ လိုက်ထရပ်ကားများတင်သွင်းရာတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက သတ်မှတ်ထားသည့် မူဝါများနှင့် အညီတင်သွင်းသော်လည်း ရန်ကုန်ဆိပ်ကမ်းမှ လက်မခံသဖြင့် အခက်အခဲများဖြစ်ပေါ်နေကြောင်း ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများစွမ်းဆောင်ရည်အကဲဖြတ်အဖွဲ့သို့ တင်ပြလာသည့် အကြံပြုစာများအပေါ် ဝန်ကြီးဌာနက ယခုကဲ့သို့ တုံ့ပြန်လိုက်ခြင်းဖြစ်သည်။

ယင်းသို့ အိမ်ကားအဖြစ်သတ်မှတ်လိုက်ပါက အခွန်နှုန်းမှာ ၁၀၀ ရာခိုင်နှုန်းပေးဆောင်ရပြီး ရိုးရိုးလုပ်ငန်းသုံးယာဉ်အဖြစ်သတ်မှတ်လျှင် ၅ ရာခိုင်နှုန်းကျ သင့်မည်ဖြစ်သည်။ ယင်းသို့သတ်မှတ်လိုက်ခြင်းကြောင့် အခွန်နှုန်းမှာလည်း ပိုမိုကျသင့်နိုင်၍ တင်သွင်းသူများအဆင်မပြေဖြစ်နိုင်ကြောင်း မြန်မာနိုင်ငံ မော်တော်ယာဉ်ထုတ်လုပ်မှုနှင့် ကုန်သည်လုပ်ငန်းရှင်များအသင်းမှတာဝန်ရှိသူတစ်ဦးကပြောသည်။

ထို့ကြောင့် ယင်းကားများကို လုပ်ငန်းသုံးယာဉ်များအဖြစ်သတ်မှတ်ပေးရန် မြန်မာနိုင်ငံမော်တော်ယာဉ်ထုတ်လုပ်မှုနှင့် ကုန်သည်လုပ်ငန်းရှင်များအသင်းမှ မော်တော်ယာဉ်တင်သွင်းခွင့်ကြီးကြပ်မှုကော်မတီသို့ တောင်းဆိုထားကြောင်း သိရသည်။

ပစ်ကပ် တံခါးနှစ်ပေါက်ယာဉ်များမှာ ယခင်က အိမ်စီးယာဉ်အုပ်စုတွင်ပါဝင်ပြီး အဆိုပါအုပ်စု၏ CIF ဈေးနှုန်းများဖြင့် အခွန်ပေးဆောင်ရခြင်းကြောင့် တင်သွင်းသူများအခွန်ငွေပိုမိုသက်သာစွာဖြင့် တင်သွင်းနိုင်စေရန် ၂၀၁၃ ဖေဖော်ဝါရီ ၂၈ ရက်တွင် လုပ်ငန်းသုံးယာဉ်အုပ်စုသို့ ပြောင်းလဲခဲ့ကြောင်း သိရသည်။

အဆိုပါပစ်ကပ်များစတင်တင်သွင်းခွင့်ပြုစဉ်ကပင် တံခါးနှစ်ပေါက်ပါပစ်ကပ်ယာဉ်များကိုသာ လုပ်ငန်းသုံးယာဉ်အဖြစ်သတ်မှတ်မည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။






# ထိုင်းငါးဖမ်းစက်လှေများသို့ လုပ်သားများစွာ ရောင်းစားခဲ့သည့် မြန်မာနိုင်ငံသား လူကုန်ကူးဂိုဏ်းကြီးတစ်ခု ထိုင်းရဲဖမ်းမိ

**အေးသူစံ၊ ငြိမ်းချမ်း**
**ရန်ကုန်၊ ဩဂုတ်-၁၁**

ထိုင်းနိုင်ငံရှိ ငါးဖမ်းစက်လှေများတွင် မြန်မာနိုင်ငံသားများစွာအား ရောင်းစားနေသည့် မြန်မာလူကုန်ကူးဂိုဏ်းကြီးတစ်ခုကို ထိုင်းရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်ကြောင်း သတင်းရရှိသည်။

ယင်းအဖွဲ့သည် လူသတ်မှု၊ မုဒိမ်းမှုများကိုပါ ကျူးလွန်ခဲ့ခြင်းဖြစ်ပြီး ယခုလ ၉ ရက်တွင် ထိုင်းနိုင်ငံတောင်ပိုင်း၊ ဆူရက်ထာနီရှိ ရော်ဘာခြံတစ်ခြံအတွင်း သေနတ်ဖြင့် ထိုင်းရဲတပ်ဖွဲ့က ပစ်ခတ်ဖမ်းဆီးရမိခဲ့ကြောင်း ထိုင်းနိုင်ငံရဲတပ်ဖွဲ့နှင့် မြန်မာနိုင်ငံလူကုန်ကူးမှုကာကွယ်တားဆီးတိုက်ဖျက်ရေး ဗဟိုတပ်ဖွဲ့တို့က သတင်းထုတ်ပြန်သည်။

ဖမ်းဆီးရမိထားသည့် လူကုန်ကူးဂိုဏ်းခေါင်းဆောင် အောင်မျိုးမင်းခေါ် ကိုမျိုးမှာ တင်ပါးတွင် သေနတ်ဒဏ်ရာရရှိထားပြီး လက်ရှိတွင် ဆူရက်ထာနီဆေးရုံ၌ ရဲအစောင့်အရှောက်ဖြင့် ဖမ်းဆီးထားသည်။ ၎င်းသည် လူကုန်ကူးမှုတစ်ခုတည်းသာမက လူသတ်မှုနှင့် မုဒိမ်းမှုများ ကျူးလွန်ထားပြီး သက်သေအထောက်အထားများကိုထိုင်းနိုင်ငံ အထူးစုံစမ်းစစ်ဆေးရေးတပ်ဖွဲ့ (DSI) သို့ပေးပို့ထားကြောင်း လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးတပ်ဖွဲ့ (ဗဟို)ဥက္ကဋ္ဌ ရဲမှူးကြီး ဝင်းနိုင်ထွန်းက ပြောသည်။

"သူ့ကို ကျွန်တော်တို့က ၂၀၁၀ ခုနှစ်ကတည်းက ကော့သောင်းမှာ လူကုန်ကူးမှုတရားခံပြေးအဖြစ် ဝရမ်းထုတ်ထားတာပါ။ အင်ဒိုနီးရှားရေပိုင်နက်ထဲက ထိုင်းငါးဖမ်းစက်လှေတွေပေါ်မှာ လူကုန်ကူးခံ၊ ရောင်းစားခံရပြီး မြန်မာနိုင်ငံကို ပြန်ရောက်လာတဲ့သူ ၁၅ ယောက်ရဲ့ ထွက်ချက်အရ သူဟာ လူကုန်ကူးမှုတင်မကဘဲ လူသတ်မှုနဲ့ မုဒိမ်းမှုတွေကိုလည်း ကျူးလွန်ထားသူဖြစ်ပါတယ်" ဟု ရဲမှူးကြီးဝင်းနိုင်ထွန်းက ပြောသည်။

အောင်မျိုးမင်းမှာ ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ အုန်းနဲ့ကုန်းကျေးရွာ ဇာတိဖြစ်ပြီး ထိုင်းနိုင်ငံတွင် အနေများသူဖြစ်သည်။ ၎င်း၏ ဂိုဏ်းသားတစ်ဦးဖြစ်သူ အေးမင်းကို ယခုနှစ် မတ်လ ၁၀ ရက်က ထိုင်းနိုင်ငံ ဖန်ငခရိုင်ရှိငါးဖမ်းလှေဆိပ်တွင် လူကုန်ကူးခံရသူမြန်မာ ၁၄ ဦးကို ထိုင်းရဲတပ်ဖွဲ့နှင့်မြန်မာရဲတပ်ဖွဲ့တို့ပူးပေါင်းကယ်တင်ရာမှ ဖမ်းဆီးရမိခဲ့သည်။ ဂိုဏ်းခေါင်းဆောင် အောင်မျိုးမင်းကို ဖမ်းဆီးရမိရေးအတွက် ထိုင်းရဲတပ်ဖွဲ့ (DSI) နှင့် မြန်မာနိုင်ငံ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးတပ်ဖွဲ့တို့ ယခုနှစ် မတ်လကတည်းက စစ်ဆင်ရေးကို ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ရဲမှူးကြီးဝင်းနိုင်ထွန်းက ဆက်လက်ပြောသည်။

"ယူကေအခြေစိုက် EJF အဖွဲ့ကလည်း ထိုင်းလှေဆိပ်တွေက လူတွေနဲ့ တွေ့ဆုံမေးမြန်းမှုတွေလုပ်ပြီး သူ့ရဲ့ပြစ်မှုတွေကို မှတ်တမ်းတင်ခဲ့ပါတယ်။ ဒီမှတ်တမ်းတွေ ထိုင်းရဲတပ်ဖွဲ့ကို ကျွန်တော်တို့ ပေးပို့ထားပါတယ်"ဟု၎င်းကပြောသည်။

တရားခံကိုမြန်မာနိုင်ငံဘက်သို့ လွှဲပြောင်းပေးမည်ဆိုပါက အောင်မျိုးမင်းကို ကော့သောင်းမြို့တွင် ထုတ်ထားသော လူကုန်ကူးဝရမ်းပြေးအမှုနှင့် အရေးယူမည့်အပြင် ၎င်း၏ ရောင်းစားခြင်းကိုခံခဲ့ရပြီး လက်ရှိမြန်မာနိုင်ငံတွင်းသို့ ပြန်လည်ရောက်ရှိနေသော လူကုန်ကူးမှုမှ လွတ်မြောက်လာသူများစွာကို အကြောင်းကြား၍ ကျူးလွန်ခဲ့သော အမှုအရေအတွက်အလိုက် ထပ်မံတရားစွဲဆိုအရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။




လက်ရှိအချိန်တွင် အောင်မျိုးမင်းမှာ အမှုများကို ဝန်မခံဘဲ ငြင်းဆန်နေသည့်အတွက် လူသက်သေများနှင့် ပြစ်မှုထင်ရှားရန် ထိုင်းရဲတပ်ဖွဲ့က စစ်ဆေးနေကြောင်း သိရသည်။ ၎င်း၏ဂိုဏ်းမှ စုစုပေါင်းဂိုဏ်းသား ခုနစ်ဦးအနက် အောင်မျိုးမင်းအပါအဝင် ငါးဦးကို ဖမ်းမိထားပြီး ကျန်နှစ်ဦးမှာ ထွက်ပြေးလွတ်မြောက်နေဆဲဖြစ်ကြောင်းထိုင်းရဲတပ်ဖွဲ့က သတင်းထုတ်ပြန် ထားသည်။

"မုဒိမ်းမှုမှာ သူနဲ့အတူ ကျူးလွန်ထားတဲ့ ကရင်တိုင်းရင်းသားတစ်ယောက်ရဲ့ သက်သေထွက်ချက်ရထားပါတယ်။ လူသတ်မှုမှာလည်း သူလူသတ်တာကို တွေ့တဲ့ မျက်မြင်သက်သေ သုံးယောက် ကျွန်တော်တို့ရထားပါတယ်။ ထိုင်းရဲတပ်ဖွဲ့ကို ဒီအချက်အလက်တွေ လူသက်သေတွေအကုန် ပံ့ပိုးမှာပါ" ဟု ရဲမှူးကြီး ဝင်းနိုင်ထွန်းက ပြောသည်။

"တရားခံဂိုဏ်းခေါင်းဆောင်ကို ဖမ်းတဲ့အချိန်မှာ သူ့ဆီမှာ သေနတ်ပါပါတယ်။ ဒီမှာလာပြီး အလုပ်လုပ်ကိုင်တဲ့ မြန်မာတွေကို အုပ်စုဖွဲ့အနိုင်ကျင့်နေတာ။ ကျွန်တော်တို့ကယ်တင်သူတွေက ဖော်ထုတ်ပြောဆိုကြတဲ့အထဲမှာ လူသတ်မှုတွေ၊ မုဒိမ်းမှုတွေ ပါလာတယ်။ သတ်တဲ့နည်းကလည်း အစုံပဲ" ဟု ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ (MAT) မှ အမှုဆောင်ဒါရိုက်တာ ဦးကျော်သောင်းက ပြောသည်။

လူကုန်ကူးခံရသော မြန်မာလုပ်သားများတွင် ငါးဖမ်းလှေပေါ်တွင် မလုပ်ဟုပြောသည့်သူများကို လည်ပင်းကြိုးကွင်းစွပ်သတ်ခြင်း၊ သေနတ်နှင့်ပစ်သတ်ခြင်း၊ ခေါင်းအုံးဖြင့်ဖိသတ်ခြင်းနှင့် ခြေထောက်ကို သံအိတ်ဖြင့်ချည်၍ ရေထဲသို့ ကန်ချခြင်းစသည်တို့ဖြင့် သတ်ဖြတ်နေကြောင်းကို အဆိုပါဂိုဏ်းအုပ်စုတွင် ဖမ်းဆီးခံရပြီးနောက် ခုနစ်လတိုင်တိုင် ထမင်းချက်အဖြစ် နေထိုင်ခဲ့ရသူ ပဲခူးတိုင်း ကျောက်ကြီးမြို့နယ်၊ နတ်သံကွင်းကျေးရွာမှ ကိုဆန်းထိုက်ဝင်းက ပြောပြခဲ့ကြောင်း ထိုင်းတောင်ပိုင်းအခြေစိုက် ပညာရေးဖွံ့ဖြိုးရေး ဖောင်ဒေးရှင်း FED (မြန်မာ) မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံမှလူကုန်ကူးခံရသည့်နိုင်ငံအများစုမှာ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့သို့ဖြစ်ပြီး ၂၀၁၂ ခုနှစ်အတွင်း ထိုင်းနိုင်ငံသို့ ဦးတည်သောအမှု ၈၂ မှုရှိခဲ့ကြောင်း ကုလသမဂ္ဂ လူကုန်ကူးမှုတားဆီးတိုက်ဖျက်ရေး စီမံချက် UNIAP မှ သတင်းထုတ်ပြန်ထားသည်။

ALL-IN FARES AT
EXCEPTIONAL VALUE

SINGAPORE
FROM USD 205 RETURN


JAKARTA | MAKASSAR
SEMARANG | SURABAYA
FROM USD 490 RETURN

DENPASAR | MANILA
FROM USD 560 RETURN

BANGALORE | CHENNAI
MUMBAI | NEW DELHI
FROM USD 710 RETURN

NAGOYA | OSAKA
TOKYO | SEOUL
FROM USD 730 RETURN

From 14 August 2013, enjoy greater comfort on the Singapore Airlines B777-200ER aircraft with refreshed seats and a more vibrant entertainment experience with larger personal screens.




Fares are available from these authorised travel agents:

| | | | | | | | |
|---|---|---|---|---|---|---|---|
| AMTRA TRAVEL | TEL: 393 304, 393 035 | HTOO TRAVEL | TEL: 548 554, 557 890 | SAW PORN PHAN | TEL: 373 234, 224 883 | THAN THAN TRAVEL | TEL: 255 034, 255 035 |
| COLUMBUS TRAVEL | TEL: 229 245, 378 535 | NICE FARE TRAVEL | TEL: 393 088, 245 378 | SUN FAR TRAVEL | TEL: 243 993, 255 338 | | |

All advertised fares are per person in Economy Class and include the price of the air ticket, associated taxes and surcharges, correct as at 1 August 2013. Fares quoted are available from now to 13 September 2013 for travel out of and into Yangon from now to 27 September 2013, subject to seat availability and currency fluctuation. Advertised fare to Singapore is valid for travel on MI509 out of Yangon and MI520 into Yangon only. Fares are only valid at the authorised travel agents listed above, and may be subject to additional service fees. Tickets are non-refundable and are eligible for mileage accrual at 10% of the actual miles flown. Change of passenger name is not allowed but date changes are allowed, subject to an administrative fee. Tickets cannot be used in conjunction with upgrade awards and are not interchangeable for travel on other airlines. Other terms and conditions apply. For special fares to other destinations, please check with the appointed travel agents.

CRIME မှုခင်းသတင်း CORNER

# အရက်သောက်ရင်း စကားများရာမှ အိမ်ရှင်ကို ဓားဖြင့်ထိုးရန်ကြံသူ အသတ်ခံရ

**သန်းဌေး**　　**ရန်ကုန်၊ ဩဂုတ်-၁၀**

အိမ်တစ်အိမ်တွင် အရက်အတူသောက်ရင်း စကားများရာမှ အိမ်ပြန်ဓားယူကာ အိမ်ရှင်ကို သွားထိုးသည့် အမျိုးသား တစ်ဦး ဝါးရင်းတုတ်ဖြင့် ရိုက်သတ်ခံရကြောင်းသတင်းရရှိသည်။

ဩဂုတ်၉ရက်က ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ အမှတ်၄၁ ရပ်ကွက်ရှိနေအိမ်တစ်အိမ်သို့ငုဝါလမ်းမှအမျိုးသားနှစ်ဦးအရက်သွားသောက်ရာမှ စကားများခဲ့ကြသည်။

ညော့သည်အမျိုးသားသည် ငုဝါမြိုင်လမ်းအိမ်သို့ ဓားပြန်ယူကာ ထိုအိမ်သို့ပြန်သွားပြီး အိမ်ရှင်ကို ဓားဖြင့်ထိုးရာ အိမ်ရှင်က နှစ်ပေရှည်၍ လုံးပတ်သုံးလက်မခန့်ရှိသည့် ဝါးရင်းတုတ်ဖြင့် ပြန်ရိုက်သောကြောင့် ဓားဖြင့် ထိုးသူမှာ ဒဏ်ရာများရရှိပြီး အခင်းဖြစ်နေရာတွင် သေဆုံးသွားကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှုခင်းမှတ်တမ်းများတွင် ဖော်ပြထားသည်။

ထို့ကြောင့်သေဆုံးသူ၏ ယောက်ဖတော်စပ်သူက တရားလိုပြု၍ ရဲစခန်းသို့တိုင်ကြားသောကြောင့် ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ရဲတပ်ဖွဲ့စခန်းမှ ပြစ်မှုဆိုင်ရာပုဒ်မ-၃၀၂ဖြင့် အမှုဖွင့်ကာ တရားခံအား ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်းသတင်းရရှိသည်။

# အပစ်အခတ်ရပ်စဲထားသော နယ်စပ်ဒေသများတွင် မှတ်ပုံတင်ထုတ်ပေးခြင်း ယခုနှစ်ကုန်အထိ ဆောင်ရွက်ပေးမည်

**အိဖြူမွန်**
**ရန်ကုန်၊ ဩဂုတ်-၁၀**

နော်ဝေးအခြေစိုက်NRCအဖွဲ့ အကူအညီဖြင့် အပစ်အခတ်ရပ်စဲထားသော နယ်စပ်ဒေသများတွင် မှတ်ပုံတင်ပြုလုပ်ပေးခြင်းကို ယခုနှစ်ကုန်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကပြောသည်။

"ဒီနှစ်ကုန်အထိလုပ်ပေးမှာပါ။ သတင်းစာမှာ ကြေညာတဲ့ စာရင်းက နောက်ဆုံးစာရင်းမဟုတ်ပါဘူး။ ပြီးခဲ့တဲ့ဟာ ထုတ်ပြန်တာပါ။ ရပ်မသွားပါဘူး"ဟု ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းက ပြောသည်။

နော်ဝေးအခြေစိုက်ဒုက္ခသည်များဆိုင်ရာကောင်စီအကူအညီဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတစ်ခုနှင့်ပြည်နယ်သုံးခု၊ တိုင်းဒေသကြီး နှစ်ခုတို့တွင် ၂၀၁၂ ခုနှစ်မှစပြီး မှတ်ပုံတင်ထုတ်ပေးခြင်းကို ဆက်တိုက်ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၉ရက်အထိ မှတ်ပုံတင်ဦးရေ ကိုးသိန်းသုံးထောင်ကျော် အခမဲ့ ထုတ်ပေးခဲ့ခြင်းဖြစ်သည်။


ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

အဆိုပါနော်ဝေးနိုင်ငံအခြေစိုက် NRC အကူအညီဖြင့် ကရင်ပြည်နယ်တွင် ခုနစ်မြို့နယ်၊ ကယားပြည်နယ်တွင် ခုနစ်မြို့နယ်၊ ရှမ်းပြည်နယ်တွင် သုံးမြို့နယ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် နှစ်မြို့နယ်ခွဲ၊ ပဲခူးတိုင်းဒေသကြီးကျောက်ကြီးနှင့် ရွှေကျင်ရှိစီမံကိန်းစမ်းသပ်နေသော မြေဒေသ၊ မွန်ပြည်နယ်တွင် သုံးမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး ၁၀ မြို့နယ်နှင့် မြို့နယ်ခြောက်မြို့နယ်တို့တွင် ၂နှစ်အတွင်း မှတ်ပုံတင်ထုတ်ပေးခဲ့ခြင်းဖြစ်သည်။

တိုင်းရင်းသားများနေထိုင်ရာ နယ်စပ်ဒေသများတွင် မှတ်ပုံ တင်များထုတ်ပေးရေးအတွက် နော်ဝေးနိုင်ငံအခြေစိုက် NRC နှင့် UNHCR တို့ကအစိုးရအား ကူညီပေးလျက်ရှိသည်။ UNHCR အကူအညီဖြင့် မွန်ပြည်နယ်နှစ်မြို့နယ်နှင့် ကချင်ပြည်နယ်နှစ်မြို့နယ်တို့တွင် ပြည်သူ ၅၀၀၀ကျော်အား မှတ်ပုံတင်ထုတ်ပေးခဲ့သည်။

နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်း ထုတ်ပေးခြင်းကို ၂၀၁၁ ခုနှစ်မှစပြီး မိုးပွင့်စီမံချက်များ ဆောင်ရွက်ခဲ့ရာမိုးပွင့်အဆင့်(၅)အထိရောက်ရှိပြီးဖြစ်သည်။ မိုးပွင့်အဆင့် (၅) အထိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက နိုင်ငံသားစိစစ်ရေးကတ်ပြားပေါင်း သုံးသန်းနီးပါးနှင့် အိမ်ထောင်စု ခုနစ်ထောင်ကျော်လက်မှတ်ထုတ်ပေးနိုင်ခဲ့သည်။

၂၀၁၄ ခုနှစ်တွင် စတင်ကောက်ယူမည့် ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာကောက်ယူမည့်သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းကြောင့် ယခုနှစ်အတွင်းကောက်ယူမည့် မိုးပွင့်အဆင့် (၆) ကို ယခင်ကဲ့သို့ ကွင်းဆင်းဆောင်ရွက်မပေးတော့ဘဲ မြို့နယ်ရုံးများတွင်သွားရောက်ပြုလုပ်ရမည်ဖြစ်သည်။



Life
7 DAY NEWS JOURNAL
Vol.12, No.23 • AUGUST 14 , 2013

# မိုးကုတ်မြေမှ 'ကျောက်' ပျောက်သံများ

မောင်တာ

တောင်ကုန်းတစ်ခုပေါ်မှ ကြည့်လိုက်လျှင် ကျောက်ခဲပုံများနှင့် အပြာရောင်မိုးကာပိတ်ကြီးများဖြင့် ယာယီတဲများကို ကျောက်တောင်များကြားဟိုမှာသည်မှာတွေ့နေရသည်။ မိုးကာတဲများ၏ အောက်တွင် လုပ်သားတစ်စုမှာ စုပုံထားသည့် ကျောက်တုံးများကို အရွယ်ပိုမိုသေးငယ်သွားအောင် ကြိတ်ခွဲနေကြသည်။ သူတို့ထံမှ တရုတ်နိုင်ငံလုပ်ဒီဇယ်အင်ဂျင်စက်၏ တထုတ်ထုတ်မြည်သံက ကျောက်တောင်များကြားပဲ့တင်ထပ်နေသည်။



*ခနဲဆေးနေသည့် မိုးကုတ်ဒေသခံများအား တွေ့ရစဉ်*

ဓာတ်ပုံ - မောင်တာ

အုန်းသီးလုံးအရွယ်ကျောက်တုံးကျောက်ခဲများကို ကျောက်ကြိတ်စက်ထဲသို့ အဆက်မပြတ်ထည့်သွင်းကြိတ်ခွဲနေပြီး တထုတ်ထုတ်မြည်နေသည့် စက်သံနှင့်အတူ ကျောက်တုံးကျောက်ခဲများအစိတ်စိတ် အမွှာမွှာကွဲကြေသွားသည်။ ထိုစိတ်မွှာကွဲထွက်သွားသည့် ကျောက်ခဲငယ်များကို တစ်နေရာတွင်စုပုံပြီးလူဆယ်ဦးခန့်က ပတ်လည်ဝန်းရံကာ ရေပိုက်ဖြင့်ထိုးသူကထိုး၊ လက်များ၊ ဇေါ်ပြားများဖြင့်ထိုးဖြန့်ကာ ကျောက်ခဲကြေများနှင့် ပါရှိလာမည့်တစ်စုံတစ်ခုကို အာရုံစိုက်ရှာဖွေနေကြသည်။

ကမ္ဘာကျော် ပတ္တမြား၊ နီလာများထွက်ရှိရာ မိုးကုတ်မြို့၏ ကျောက်မျက်တူးဖော်ရေးလုပ်ကွက်တစ်ခု၌ ပတ္တမြား၊ နီလာကဲ့သို့ ကျောက်မျက်ရတနာများကို နောက်ဆုံးအဆင့်ရှာဖွေနေကြသူများကို မြင်တွေ့ရခြင်းဖြစ်သည်။ မိုးကုတ်မြို့အနီးကျောက်တောင်များကြားတွင် မြေအောက်ပေပေါင်း ထောင်ချီအနက်ထိ တူးဖော်ပြီးမြေပြင်ပေါ်သို့သယ်ယူစုပုံထားသည့် ကျောက်စာခဲနှင့် မြေစာခဲများထဲမှ ပတ္တမြားနှင့်နီလာများကို နောက်ဆုံးအဆင့်ရှာဖွေထုတ်လုပ်နေကြခြင်းဖြစ်သည်။

ဦးထွန်းဖေသည် မိုးကာတဲအရိပ်တွင် ထိုင်ကာကျောက်မျက်ရတနာ ရှာဖွေနေသော လုပ်သားများ၏ အခြေအနေကို စောင့်ကြည့်နေသည်။ ကျောက်စာများကြားမှ ရှာဖွေတွေ့ရှိသော ကျောက်မျက်ရတနာများကို လုပ်သားများအလစ်သုတ်ယူဆောင်ခြင်းမရှိစေရန် စောင့်ကြည့်ရခြင်းမှာ သူ့တာဝန်ဖြစ်သည်။ ဦးထွန်းဖေသည် မိုးကုတ်မြို့မှ အသက်(၅၀)အရွယ်ဒေသခံတစ်ဦးဖြစ်သည်။ ကျောက်မျက်တူးဖော်ရေးကုမ္ပဏီတစ်ခုတွင်လခစားအနေဖြင့် ဝင်ရောက်အလုပ်လုပ်ကိုင်သည်မှာ ၂နှစ်ခန့်ရှိပြီဖြစ်ကြောင်းပြောသည်။

"စားဝတ်နေရေးအတွက် ကုမ္ပဏီမှာလခစားဝင်လုပ်နေရတာ။ လုပ်ခွင့်ရမယ်ဆိုရင်တော့ ကိုယ်ပိုင်တစ်နိုင်တစ်ပိုင်ကျောက်မျက်တူးဖော်ချင်တာ။ လခစားအလုပ်က ဘာမှမျှော်လင့်ချက်မရှိဘူး။ ဒီကမြို့ခံအများစုကလည်းကျောက်မျက်လုပ်ငန်းကလွဲရင် အခြားအလုပ်မလုပ်တတ်ဘူး"ဟု ဦးထွန်းဖေကပြောသည်။

**စာမျက်နှာ(၁၈)သို့**



# ၁၉၈၈ တုန်းကချခဲ့တဲ့ ကတ္တီပါကားလိပ်



*အလက်ာကျော်စွာ ရွှေမန်းဦးတင်မောင် သဘင်သက် နှစ် (၈၀)ပြည့် ဖျော်ဖြေပွဲ ပထမနေ့* ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

**မောင်သာချို**

**(တစ်)**

၁၉၈၈ ခုနှစ်ကိုပြဇာတ်တစ်ပုဒ်၏ ကာလနောက်ခံဟု ဆိုကြပါစို့။ မြန်မာနိုင်ငံတော်ကြီးကိုမူ ယင်းပြဇာတ်တင်ဆက်ကပြရာ နောက်ခံဟုဆိုကြပါစို့။ ထိုကာလဒေသ နောက်ခံ (Setting)နှင့်အတူ တစ်ကွက်ပြီး တစ်ကွက်ဖျတ်ခနဲ၊ ဖျတ်ခနဲဆိုသလို ပြောင်း၍ သွားကြကုန်သော ဇာတ်ဝင်ခန်းတွေက များပြားရှုပ်ထွေးလွန်းလှပါသည်။

ဇာတ်ဝင်ခန်းတွေများလွန်းတော့ ကားလိပ်အတင်အချတွေကလည်း များလွန်းရပြီပေါ့။ အခုပဲ တောကား၊ အခုပဲ တောင်ကား။ သည်ကားလိပ်အတင်အချတွေထဲမှာ ထာဝရဘယ်တော့မှပြန်၍ မတင်စတမ်းအနေအထားမျိုးဖြင့် ချပစ်လိုက်ရသော ကားလိပ်တစ်လိပ်ရှိပါသည်။ ကတ္တီပါကားလိပ်။ တစ်နည်းအားဖြင့် ပြည်ဖုံးကား။

မြန်မာ့ဇာတ်သဘင်စင်မြင့်၏ အဖွင့်နှင့် အပိတ်တွင် တင်ရချရသည့် ကတ္တီပါပြည်ဖုံးကား။

သည်ပြည်ဖုံးကားကြီးကိုလည်း ၁၉၈၈ ကပဲချပစ်လိုက်ခြင်းဖြစ်ပါသည်။ ငွေရတု တိုင်ခဲ့ပါပေါ့။

**(နှစ်)**

၁၉၈၈ သည် ကျွန်တော်တို့ နိုင်ငံ၏ ကသောင်းကနင်းအဖြစ်ဆုံး နှစ်ကာလပဲဖြစ်ပါသည်။ မတ်လ ၁၃ ရက်စက်မှုတက္ကသိုလ်ကျောင်းသား ကိုဖုန်းမော်တို့၊ ကိုစိုးနိုင်တို့ ကျဆုံးသည်မှစကာ ၁၃၊ ၁၄၊ ၁၅ တောက်လျှောက်မငြိမ်မသက်ဖြစ်သည်။ ၁၆ တွင် တံတားဖြူလူသတ်ပွဲဖြစ်သည်။ ၁၇ တွင် ရန်ကုန်တက္ကသိုလ်၌ လူဖမ်းပွဲဖြစ်သည်။ ၁၈ တွင် ရန်ကုန်မြို့အနှံ့ဆန္ဒပြပွဲများဖြစ်သည်။ ဒါကမတ်လ။

ဇွန်ကိုရောက်တော့ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀ဆက်တိုက်ဆိုသလို ဆန္ဒပြပွဲတွေဖြစ်ရာ ၂၁က မြေနီကုန်း သွေးမြေကျပွဲဖြစ်ကာ ပုဒ်မ ၁၄၄ ထုတ်ပြန်သည်။ ဆေးတက္ကသိုလ် ၁ ပိတ်သည်။ ရန်ကုန်တက္ကသိုလ်ပိတ်သည်။ သွားဘက်ဆိုင်ရာ တက္ကသိုလ်ပိတ်သည်။ ၂၂ ရက်၌ဆေးတက္ကသိုလ် ၂ပိတ်သည်။ စက်မှု တက္ကသိုလ်ပိတ်သည်။

ဇူလိုင်၌ ၁၆ နှင့် ၂၂ ကြားတွင် ပြည်တွင် မငြိမ်မသက်ဖြစ်ရာက စစ်အုပ်ချုပ်ရေး ကြေညာရသည်။ ၂၅ တွင်ဦးနေဝင်းနုတ်ထွက်သည်။ ၂၇တွင် ဦးစိန်လွင် တက်သည်။

ဩဂုတ်ကိုရောက်တော့ ၃ ရက်တွင် ရန်ကုန်နယ်နိမိတ် စည်ပင်သာယာ ၂၇ မြို့နယ်လုံး စစ်အုပ်ချုပ်ရေးကြေညာသည်။ ၈ရက်တွင် တစ်ပြည်လုံး ဆန္ဒပြသည်။ ၁၂ ရက်တွင် ဦးစိန်လွင် နုတ်ထွက်သည်။ ၁၉ ရက်တွင် ဒေါက်တာ မောင်မောင်တက်သည်။

စက်တင်ဘာ ၁၈ ၌မူ တပ်မတော်က အာဏာသိမ်းသည်။ ထို့နောက် နောက်ထပ် သုံးလေးရက်လောက်အထိ ပစ်သံခတ်သံများကြားနေခဲ့ရပြီး ထိုနှစ်ဒီဇင်ဘာလကုန်သည်အထိ၊ ထို့နောက် ၁၉၈၉ တစ်နှစ်လုံး၊ ထို့နောက် ၁၉၉၀မေလရွေးကောက်ပွဲပြီးဆုံးသွားခဲ့ပြီး နောက်ပိုင်းအထိ တအုံ့နွေးနွေးကြီးဖြစ်နေခဲ့သောမြန်မာနိုင်ငံသည် ပြုံးနိုင်ရယ်နိုင်မရှိတော့သည်မှာကား အမှန်ပဲဖြစ်ပါသည်။

နှစ်နှင့်ချီ၍ အဖြေမှန်ကို တွက်ထုတ်ဖြေရှင်းမရသော မြန်မာ့နိုင်ငံရေးပုစ္ဆာကြီး၏ နောက်တွင် စစ်အုပ်ချုပ်ရေးကို ကြေညာလိုက်၊ တစ်ဖန်ပြန်၍ ရုပ်သိမ်းလိုက်၊ ပုဒ်မ ၁၄၄ ကိုထုတ်လိုက်၊ တဖန်ပြန်၍ရုပ်သိမ်းလိုက်၊ ကျောင်းတွေကိုပိတ်လိုက်၊ ဖွင့်လိုက်ဖြစ်နေသော အနေအထား၌ ကျွန်တော်တို့၏ ညပေါင်းများစွာကား တိတ်ဆိတ်ခြောက်ကပ်စွာ၊ တုန်လှုပ်ချောက်ချားစွာဖြင့် ကျော်လွှားဖြတ်သန်းခဲ့ကြရသော ညပေါင်းများစွာဖြစ်ခဲ့ရပါသည်။

အငြိမ့်မင်းသမီးက သူ့ဗလာထဘီကို ခေါက်၍ သိမ်းပြီး ဇာတ်မင်းသားက သူ့ခေါင်းပေါင်းကို တော်ရာလျော်ရာ၌ အသာကလေးတင်၍ ထားကာ ဆိုင်းဆရာက သူ့ပတ်လုံးတွေပေါ်က ပတ်စာကို လင်းကွင်းဖြင့်ထိုးခွာပြီး ပစ်ထားလိုက်ရသော ကာလကတစ်ညတည်းမဟုတ်။ နှစ်ညလည်းမဟုတ်။ တစ်လလည်းမဟုတ်။ နှစ်လလည်း မဟုတ်။

**စာမျက်နှာ(၇)သို့**







## ငှက်ပျောဖူးသုပ်

ဒီတစ်ပတ်တော့ ရခိုင်ငှက်ပျောဖူးကို ချဉ်ချဉ်စပ်စပ်လေးသုပ်ထားပါတယ်။ အသုပ်သုပ်ဖို့အတွက် အရွယ်တော်ရခိုင်ငှက်ပျောဖူးတစ်ဖူး၊ ငရုတ်သီးစိမ်း၊ သံပရာသီး၊ကြက်သွန်နဲ့ ငါးပိတို့ပဲလိုပါတယ်။

အရင်ဆုံးငှက်ပျောဖူးကို တစ်ခြမ်းခြမ်းပြီး ပြုတ်ပါမယ်။ ပြုတ်ရေထဲကနေ ငှက်ပျောဖူးကို ဆယ်ပြီး အေးသွားတဲ့အခါ လက်နှစ်ဖက်နဲ့ ရေညှစ်ချပါမယ်။ပြီးရင် ဓားနဲ့ခပ်စိတ်စိတ်လှီးပါ။ လှီးပြီးတဲ့ ငှက်ပျောဖူးထဲကို ငရုတ်သီးစိမ်းနဲ့ ငါးပိထောင်းထည့်၊ ဟင်းခတ်မှုန့်ထည့်၊ ကြက်သွန်ဖြူထောင်းကျော်(ဆီမပါ) ကိုထည့်ပါမယ်။ နောက်ဆုံးမှာ သံပရာရည်ညှစ်ပြီး သုပ်လိုက်လို့ရပါပြီ။

ဒါဆိုရင်တော့ အရသာစိမ့် စိမ့်၊ အနံ့သင်းသင်းနဲ့ ငှက်ပျောဖူးသုပ်ဟင်းတစ်ခွက်ရပြီပေါ့။

စာမျက်နှာ(၆)မှ

## ၁၉၈၈ တုန်းကချခဲ့တဲ့ ကတ္တီပါကားလိပ်

တစ်နှစ်လည်း မဟုတ်။ နှစ်နှစ်လည်း မဟုတ်လေပါ။ ကပြအသုံးတော်ခံခွင့်မရှိတော့။ ကြည့်ရှုအားပေးစရာအခြေအနေမရှိတော့။

ကတ္တီပါကားလိပ်ကြီးဘုတ်ခနဲဆို သလိုပြုတ်ကျခဲ့ရပါလေရောလား။

**(သုံး)**

မြန်မာတို့က ဇာတ်သဘင်ချစ်သူများဖြစ်ပါသည်။ လှည်းနဲ့၊ လှေနဲ့၊ လက်ဖက်ခွက်နဲ့၊ ပြောင်းဖူးဖက်ဆေးလိပ်ကြီးနဲ့၊ မိန်းမတွေက သနပ်ခါးခြေဆုံးခေါင်းဆုံးလိမ်းကာ ယောက်ျားတွေက ဘိုကေကိုကော့နေအောင် ဖြီးပြီးပွဲကြည့်ဓလေ့ ထွန်းကားသည့် လူမျိုးဖြစ်ပါသည်။

ဇာတ်သမားပြန်ရင်မှတ်သားစရာကျန်သည်ဆိုသည့် စကားအတိုင်း ဇာတ်သဘင်က လူထုပညာရေးလုပ်ငန်းတစ်မျိုးဖြစ်ခဲ့တာအမှန်ပဲဖြစ်ပါသည်။

သည်လုပ်ငန်းစဉ်ထဲမှာ ရွှေမန်းတင်မောင်ပါပါသည်။

မန္တလေးသားရွှေမန်းတင်မောင်၊ မန္တလေးအနောက်ပြင်တန်းမြင့်ရပ်သားရွှေမန်းတင်မောင်။ ဦးပြား၊ ဒေါ်မေတို့က မွေးသည့် ကလေးဆယ်ယောက်တွင် နောက်ဆုံးသားကလေး ရွှေမန်းတင်မောင်။ အင်္ဂလိပ်စာဆရာကိုဇာတ်ထဲခေါ်ထားသည့် ရွှေမန်းတင်မောင်။ ဇာတ်အဖွဲ့ထဲတွင်စာကြည့်တိုက်ထားသည့် ရွှေမန်းတင်မောင်။ မြန်မာ့ဇာတ်သဘင်ကို ညဥ့်ဝက်စနစ်လုပ်ရန် ကြံစည်ကြိုးပမ်းဖူးသည့် ရွှေမန်းတင်မောင်။ ၁၉၁၈ ဒီဇင်ဘာ ၂၁ ၌ မွေးကာ ၁၉၆၉ နိုဝင်ဘာ ၂၉ တွင် ဆုံးသဖြင့် အသက် (၅၁) နှစ်သာနေသွားရသည့် ရွှေမန်းတင်မောင်။ ပြည်တစ်ဖက်ကမ်းလက်ပံရွာ၊ မဟာပိန္နဲဘုရားဇာတ်ခုံပေါ်၌ ကရင်းက အသက်ဆုံးခဲ့ရသော ရွှေမန်းတင်မောင်။

ယခုသူ့သဘင်သက် နှစ်(၈၀) ပြည့်မြောက်ခြင်းပွဲကိုပင်ကျင်းပ၍ ပြီးစီးခဲ့ပြီဖြစ်ရာ ထိုအလင်္ကာ ကျော်စွာ ဘွဲ့ရမြန်မာဇာတ်မင်းသားကြီးက အထူးအမှတ်ရဖို့ရာကောင်းလှပါသည်။

ဇာတ်သမားပြန်ရင် မှတ်သားစရာကျန်ရမည်ဆိုသည့် စကားအတိုင်းကျန်အောင်ချန်ထားခဲ့သူ ဇာတ်မင်းသားကြီးမဟုတ်လား။

**(လေး)**

ရွှေမန်းတင်မောင် ကပြသည့်ဇာတ်များ၌ "မောင်မှုံ"ပြဇာတ်ကနာမည်ကျော်ပါသည်။ အရက်ဆန့်ကျင်ရေးပြဇာတ်။

"ထန်းပင်ကျရည်၊ ထန်းပင်ကျရည်

ချိုတမြမြ ခါးသလေလေ့

တို့ဗေတိုးဗေ၊ တို့ဗေတိုးဗေ

ဗေဗေတပ်ပြေး၊ တပ်ပြေးတပ်"တဲ့။

"တစ်ခွက်သောက်တော့မူး

နှစ်ခွက်သောက်တော့ရူး"

တဲ့။

အလုပ်မလုပ်ဘဲမူးရူးနေသည့် မောင်မှုံကို နှမကမကြည်ဖြူ၊ အစ်မက မကြည်ဖြူ၊ ယောက်ဖတွေက ငြူစူနှင့်နောက်ဆုံး စိတ်နာကာ တစ်ရွာသို့ပြောင်းသွားပြီ လယ်သူရင်ငှားဝင်လုပ်ရာ ကလယ်ပိုင်ရှင်လင်မယားကသားလိုအချစ်ပိုသွားခဲ့ကာ လယ်ယာမြေအမွေပေးရုံမျှသာမက မသန်း ညွှန့်ဆိုသည့် ဗိုင်းကောင်းကျောက်ဖိ မိန်းကလေးနှင့်ပါ လက်ဆက်ပေးပြီး ဘဝပြောင်းသွားပုံကိုတင်ဆက်သည့်ပြဇာတ်ဖြစ်ပါသည်။

မောင်မှုံက မိန်းမဆိုတာ အိမ်တွင်းလုံ၊ မလုံအကဲခတ်ရသည်ဟူသော မူဖြင့် မသန်းညွှန့်ကို သွားရောက်လေ့လာရာ ဆန်ကွဲတွေကို စုထားကြောင်း တွေ့တော့ အံ့သြပါသည်။ မသန်း ညွှန့်က နို့ဆီတစ်ဘူးကနေ တစ်ပြည်၊ တစ်ပြည်ကနေတစ်တင်းဖြစ်လာတော့ ရောင်းစားရရင် ရွှေမဖြစ်ပါ လား ကိုမှုံရဲ့ဟု ရှင်းပြပုံမှာ မောင်မှုံသဘောတွေ့သွားပါသည်။ ဆန်ဆေးရေတွေခံထားသည်ကိုမြင်သဖြင့် မသန်းညွှန့်က အိုးခွက်ပန်းကန်တွေကို ဆန်ဆေးရေနဲ့ အရင်ဆုံးအကြမ်းဆေးပြီးမှ ရေသန့်နဲ့ဆေးတော့ ရေကုန်မသက်သာပါလားကိုမှုံရဲ့ဟု တုံ့ပြန်ပြန်သောအခါ မောင်မှုံ ဘဝအဖော်ကိုတွေ့ပါပြီ။ ကျွန်တော်ကတော့ ယနေ့ရေသယံဇာတရှားပါးလာသော ကမ္ဘာကြီးအတွက် မသန်းညွှန့်လိုမိန်းမကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမား (Environmentalist)ဟုပင်ဆိုလိုက်ချင်ပါသည်။ မသန်းညွှန့်က မောင်မှုံပြောသည့် မဝတ်ချင်ပါဘူး။ မကြွားချင်ပါဘူး။ မပျော်ချင်ပါဘူးဆိုသည်များကိုလိုက်နာပါမယ်တဲ့။ ကိုမှုံကလည်း မစားချင် ပါဘူးတစ်ခုထပ်တိုးကာ မသန်း ညွှန့်အလိုကျလိုက်နာပါမယ်တဲ့။ ရွှေမန်းတင်မောင်၏ မောင်မှုံပြဇာတ်ကို ကြည့်ရင်းနားထောင်ရင်း အိမ်ထောင်ပြုခြင်း အနုပညာ (Art of Marriage)ကို ကျွန်တော်တို့သဘောကျခဲ့ကြဖူးပါသည်။

"ရွှဲကုန်သည်"ကလည်း ငါးရာ့ငါးဆယ်ကိုပြန်ကရာ၌ ပေါက်သော ဇာတ်ပဲဖြစ်ပါသည်။ ရွှေခွက်ကိုလူယုတ်မာရွှဲကုန်သည်ကကြေးခွက်ကြီးဟု ပြောပြီး အလကားနီးနီးရဖို့ကြံစည်သည်။ သူတော်ကောင်းရွှဲကုန်သည်က ရွှေခွက်အစစ်ဖြစ်ကြောင်း ပြောကာတန်ရာတန်ကြေးပေးဝယ်ဖို့ ကြိုးစားသည်။

"ကျူပ်ကတော့လေ၊

ရောင်းကုန်တစ်ရပ်

ခေါင်းပုံဖြတ်

အမြတ်ကြီးစားရမှလည်း

ကျေနပ်သလေ

ဒါမှသာ၊ ဒါမှသာ

ဒါမှသာ၊ ဒါမှသာ

ရောင်းဝယ်ရေး

အသစ်တွေးလိုက်တော့

အလစ်မပေးမှ

ခေတ်သူဌေးကြီးဖြစ်လာမယ်"တဲ့။

ဝိသမလောဘသမားရွှဲကုန်သည်ရွှေခွက်နှင့် လွဲကာ ရှုံးသွားသောဇာတ်။ သည်နေ့ Business Ethic ခေါ် စီးပွားရေးဆိုင်ရာကိုယ်ကျင့်တရားက ရည်ညွှန်းသည့် တန်ရာတန်ကြေးကို အထိရောက်ဆုံးဖော်ပြနိုင်သည့်ဇာတ်။

ဖွားတော်မူခန်းတို့လို့၊ လေးတော်တင်ခန်းတို့လို့ဇာတ်တွေကလည်း ဗုဒ္ဓဝင်နှင့် ကျွန်တော်တို့ကိုရင်းနှီးစေခဲ့ပြန်ပါသည်။ လှည်းသားငါးရားလိုဇာတ်ကစည်းလုံးညီညွတ်ခြင်း၏ အရသာကို ကျွန်တော်တို့နှင့်ထိတွေ့စေခဲ့ပါသည်။

သြော်၊ မှတ်သားစရာကျန်ခဲ့သည့် ဇာတ်သမားတို့ပြန်စဉ်ကနေ့ရက်များ။

**(ငါး)**

အခုတော့ မြန်မာ့ဇာတ်သဘင်ကလိပ်ပြာလွင့်စဉ်သွားပုံရပါသည်။ ၁၉၈၈ ခုနှစ်အလွန်ကတည်းကချထားခဲ့ရသည့်ကတ္တီပါကားလိပ်တွေကို ပြန်မသူတွေသိပ်မရှိကြတော့။ ပြန်မသည် ထားဦး ပရိသတ်တွေက အရှူးအမူး အာရုံကျပုံမရတော့။

အတွန့်၊အတွန့်တွေနှင့် လွန့်လွန့်ကာတင်ခဲ့၊ ချခဲ့ကြသည့် ကတ္တီပါပြည်ဖုံးကားကြီးများကို လွမ်းလိုက်မိပါသေးတော့။



7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.12, No.23 • AUGUST 14 , 2013

# အစိုးရအဖွဲ့ ပြောခွင့်ရပုဂ္ဂိုလ်များ စကားမပြောသေးပါ

**အေးသူစံ**

လတ်တလော ရေပန်းစားလျက်ရှိသော အစိုးရဌာနကြီး တစ်ခုမှ အသက်(၅၁)နှစ်အရွယ်ညွှန်ကြားရေးမှူး ဦးမျိုးအောင်(အမည်လွှဲ)တစ်ယောက် သတင်းထုတ်ပြန်ရေး အရာရှိဖြစ်ခဲ့ချိန်မှစ၍ မိမိဌာနတွင်းက အများပြည်သူတို့သိသင့်သိထိုက်သော သတင်းများကို မီဒီယာများထံသို့ ထုတ်ပြန်ပြောဆိုခဲ့သည်မှာ ယခုဆိုလျှင် တစ်နှစ်နီးပါး ကြာမြင့်ခဲ့ပြီ ဖြစ်ပါသည်။ ယခင်နှစ်ပေါင်း များစွာကတည်းက အပတ်စဉ်ထုတ်ဂျာနယ်အချို့တွင် ဆောင်းပါးများရေးသားလေ့ရှိပြီး သတင်းထုတ်ပြန်ရေးနှင့်ပတ်သက်သော ပညာရပ်များကို ဝါသနာအလျောက်လေ့လာသင်ကြားခဲ့သူ သူ့အတွက် ပြောရေးဆိုခွင့်ရှိသူအဖြစ်ထမ်းဆောင်ရခြင်းမှာ အခက်အခဲမရှိလှပါ။

စတင်တာဝန်ယူစဉ်က အချို့သော သတင်းထုတ်ပြန်မှုများကြောင့် သူ၏အထက်အရာရှိဖြစ်သူနှင့် အတိုက်အခံလုပ်ကာ ငြင်းခုံဖြေရှင်းခဲ့ရပြီး အစိုးရဝန်ထမ်းတစ်ဦးဖြစ်သည့် သူ့အတွက်တော့ လက်ရှိအလုပ်ကိုပင် ထိခိုက်လောက်သည့် စွန့်စားမှုများပင်ဖြစ်သည်။ သို့သော် ဦးမျိုးအောင်လိုလူကပင် ယခုဆောင်းပါးအတွက် အမည်ဖော်ပြခြင်းကို ငြင်းဆိုပါသည်။

"တချို့သတင်းထုတ်ပြန်မှုတွေကြောင့် ကျွန်တော့်အထက်အရာရှိ ညွှန်ချုပ်က ထွက်သွားဆိုတဲ့အထိနှင့်ထုတ်တာခံရဖူးတယ်" ဟု တစ်နှစ်တာအတွင်း သူ့ဖြတ်သန်းမှုအတွေ့အကြုံတချို့ကို ဦးမျိုးအောင်က ပြောသည်။

၂၀၁၂ ခုနှစ် ဒီဇင်ဘာလမှစတင်၍ ဝန်ကြီးဌာနအသီးသီးတွင် ပြောခွင့်ရပုဂ္ဂိုလ်များ ခန့်အပ်ရန် သမ္မတဦးသိန်းစိန်က စတင်တာဝန်ပေးခဲ့သည်။ အဆိုပါပုဂ္ဂိုလ်များနှင့် မီဒီယာတို့ ရင်းနှီးကျွမ်းဝင်မှုရှိစေရန် ပြန်ကြားရေးဝန်ကြီးဌာန၏ ကြားခံဆောင်ရွက်မှုဖြင့် မီဒီယာဆက်ဆံရေး သင်တန်းများ သုံးလေးကြိမ်ထက်မနည်းပေးခဲ့ပြီး ဖြစ်သည်။ သို့သော် တာဝန်ပေးအပ်ခြင်း ခံရသူ အများစုမှာမူ ဦးမျိုးအောင်လောက်ပင် ပွင့်လင်းစွာ ပြောဆိုခြင်းမရှိသလောက်နည်းပါးသည်။

ယခုဆောင်းပါးအတွက်ပြန်ကြားရေးဝန်ကြီးဌာနမှစီစဉ်သော မီဒီယာဆက်ဆံရေး သင်တန်းတက်ရောက်ထားသူ အစိုးရဌာနပေါင်းစုံမှ ပြောခွင့်ရပုဂ္ဂိုလ် ၄၇ ဦးအနက် ထက်ဝက်ခန့်မှာ ဌာနမှတာဝန်ပေး၍ တက်ရောက်ရခြင်းဖြစ်ပြီးမီဒီယာနှင့်ထိတွေ့ဆက်ဆံခွင့်ကို တာဝန်ပေးထားခြင်း မရှိကြောင်းပြန်လည်ဖြေကြားသည်။

ဝန်ကြီးဌာန ၃၆ ခုရှိသည့် မြန်မာအစိုးရအဖွဲ့အတွင်း သူ့လိုပြောခွင့်ရပုဂ္ဂိုလ်များ ခန့်အပ်ထားသည်မှာစာရွက်ပေါ်တွင်သာရှိပြီး လက်တွေ့တွင် မီဒီယာများနှင့် ထိတွေ့ဆက်ဆံမှု မရှိသလောက် နည်းပါးနေကြောင်း ပြည်တွင်းပြည်ပ သတင်းထောက်များကလည်း တညီတညွတ်တည်း ပြောကြားကြသည်။

သတင်းရယူရန် အခက်အခဲဆုံး ဌာနဆိုင်ရာများတွင် မကြာသေးခင်ကမှ ပြောရေးဆိုခွင့်ရှိသူအဖြစ် ဗိုလ်မှူးချုပ်အောင်သော်ကို ခန့်အပ်ခဲ့သော ကာကွယ်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့တော်စည်ပင်နှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့က ဦးဆောင်နေကြောင်း ပြည်တွင်းပြည်ပ သတင်းထောက် ၃၅ ဦးနှင့်တွေ့ဆုံမေးမြန်းချက်များအရ သိရသည်။

အစိုးရအဖွဲ့၏ သတင်းထုတ်ပြန်မှုများ နှောင့်နှေးနေခြင်းနှင့်ပတ်သက်၍ ပြန်ကြားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးအောင်ကြည်က "သတင်းသိပိုင်ခွင့်ဟာ နိုင်ငံသားအားလုံးရဲ့ အခွင့်အရေးပါ။ ဒီအခွင့်အရေးကို နိုင်ငံသားတွေ ရနိုင်အောင် ကျွန်တော်တို့ အစိုးရတာဝန်ရှိသူတွေကို သင်တန်းတွေလည်း အဆက်မပြတ်လုပ်ပေးနေပါတယ်။ အခုချိန်မှာတော့ ကျွန်တော်တို့ဘက်မှာ သတင်းထုတ်ပြန်မှုနဲ့ပတ်သက်လို့ ချို့ယွင်းချက်တွေ ရှိပါတယ်" ဟု ဩဂုတ်လ ၁၂ ရက်က ရန်ကုန်၌ ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

သမ္မတကိုယ်တိုင် တာဝန်ပေးထားပါလျက်နှင့် ဖြေဆိုရန် ဝန်လေးနေသူများကို ယခင်စစ်အစိုးရ၏ ကြိုးနီစနစ် အငွေ့အသက် မကင်းသေးခြင်းကြောင့်ဟု ဝေဖန်ကြသည်။ သတင်းစကားတစ်ခု၊ ဖြေကြားမှု တစ်ခုကြောင့် အထက်လူကြီး၏ အမြင်စောင်းမှုကို လက်ခံရရှိသွားနိုင်ခြင်း၊ ဌာနအတွင်း အထက်အောက်ဆက်ဆံရေး ထစ်ငေါ့သွားနိုင်ခြင်း၊ ကံမကောင်းပါက ရာထူးနေရာရွှေ့ပြောင်း ခံရနိုင်ခြင်းကြောင့် နေရာတည်မြဲရေးအတွက် ဖြေကြားရန်ငြင်းဆိုကြသည်ဟု ယင်းစစ်တမ်းတွင် ပါဝင်ကူညီဖြေကြားသည့်သတင်းထောက်အများစုက ထင်မြင်ချက်ပေးသည်။

"ပြောခွင့်ရပုဂ္ဂိုလ်တွေဟာ နားလည်ရခက်တယ်။ တစ်ခါတလေမှာတော့ ဖြေပြီး တစ်ခါတလေတော့ မဖြေဘဲနေတယ်။ ကျွန်တော့်အထင်တော့ ပြောရေးဆိုခွင့်ရှိသူ တော်တော်များများဟာသူတို့မပြောခင်မှာအရေးကြီးပုဂ္ဂိုလ်တွေရဲ့ အကြံဉာဏ်ကို ရယူတယ်လို့ထင်တယ်။ ဆိုလိုတာက စစ်တပ်ပေါ့"ဟု မြန်မာနိုင်ငံနှင့် အရှေ့တောင်အာရှရေးရာ ကျွမ်းကျင်သူ သတင်းစာဆရာ မစ္စတာဘားတီးလ်လင့်တနာက ပြောသည်။

ပြောခွင့်ရပုဂ္ဂိုလ်တို့နှုတ်ပိတ်နေခြင်းအပေါ် မီဒီယာသမားများ



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

စိတ်ပျက်နေကြသည့်တိုင် ယင်းပုဂ္ဂိုလ်တို့တွင်လည်း ရင်ဆိုင်ရသည့် အခက်အခဲများစွာ ရှိနေပါသေးသည်။

အခက်အခဲများစွာထဲမှ ပြောရေးဆိုခွင့်ရှိသူများ မပြောရဲသည့် အဓိကအကြောင်းအချက်မှာ ဌာနများဘက်က ၎င်းတို့အတွက် တိကျသော လမ်းညွှန်ချက်များ ဖြည့်ဆည်းမပေးခြင်းနှင့် အရေးတကြီး ဆုံးဖြတ်ချက်များတွင် မီဒီယာကို မည်သည့်အတိုင်းအတာအထိ အသိပေးနိုင်ကြောင်း တာဝန်ခွဲဝေမှု မရှိခြင်းတို့ဖြစ်ကြောင်းပြန်ကြားရေးဝန်ကြီးဌာန ဒုဝန်ကြီး၊ သမ္မတ၏ ပြောရေးဆိုခွင့်ရှိသူ ဦးရဲထွဋ်က မှတ်ချက်ပြုသည်။

ထို့ပြင် အစိုးရဝန်ထမ်းလောကအတွင်းအရိုးစွဲနေသောအထက်အောက် အစီရင်ခံရသည့်စနစ်ကြောင့် အထက်လူကြီး၏ အမြင်စောင်းမှုကို မခံယူလိုသည့် ဝန်ထမ်းလောက အခက်အခဲများကလည်း ပြောရေးဆိုခွင့်ရှိသူ တို့ကိုနှုတ်တွန့်စေကြောင်း သတ္တုတွင်းဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးဇော်ကိုကိုက ပြောသည်။

"မီဒီယာတွေဘက်ကလည်း ဒီတာဝန်ယူထားပြီး ဒါတောင်မပြောနိုင်ဘူးလားလို့ အပြစ်တင်ကြမှာပဲလေ။ အကောင်းဆုံးကတော့ အဆုံးအဖြတ်ပေးနိုင်တဲ့သူသာလျှင် ပြောရေးဆိုခွင့်ရှိသူဖြစ်ဖို့သင့်တော်ပါတယ်"ဟု ဦးဇော်ကိုကိုကပြောသည်။

တာဝန်ရှိသူတို့၏ သတင်းဖြေကြားရန် ငြင်းဆန်မှုများကြောင့် တစ်ဖက်စောင်းနင်း ဆန်ရာရောက်သွားသည့် သတင်းများမှာမီဒီယာအပေါ် ပြည်သူအထင်လွဲမှားစေသည့် အန္တရာယ်တစ်ခုတည်းသာမက အစိုးရဌာနများအတွက်လည်း ကောင်းမွန်သည့် အကျိုးဆက်များရလိမ့် မည်မထင်ကြောင်း လုပ်သက် ခုနစ်နှစ်ခန့်ရှိပြည်တွင်းသတင်းထောက် တစ်ဦးက ပြောသည်။

ဝန်ကြီးဌာနများ၏ ပြောဆိုခွင့်ပုဂ္ဂိုလ်များထံ သတင်းဆက်သွယ်မေးမြန်းပါက အစည်းအဝေးတက်ရောက်နေခြင်း၊ ဖုန်းလိုင်းအဆင့်ဆင့် လွှဲပြောင်းပေးခြင်း၊ ထုတ်ပြန်ထားသည့် ဖုန်းနံပါတ်အချို့ လွဲမှားနေခြင်း၊ မေးခွန်းများကို မေးမြန်းရန် စာတင်ခိုင်းခြင်းတို့သာကြုံတွေ့ရလေ့ရှိပြီး နောက်ဆုံး ဖောင်ပိတ်ချိန်တွင်တော့ ဌာနဆိုင်ရာများ ပြောခွင့်ရပုဂ္ဂိုလ်များ၏ သတင်းထုတ်ပြန်မှု မပါဝင်သော သတင်းများသာ စာမျက်နှာပေါ် ရောက်ခဲ့ရသည်မှာ သတင်းထောက်တိုင်းအတွက် မထူးဆန်းတော့ပါ။

ဝန်ကြီးဌာနများမှ သတင်းရယူရာတွင် ခက်ခဲနေဆဲဖြစ်ပြီး တာဝန်ခံဖြေကြားပေးမည့်သူ မရှိခြင်းက မလိုလားအပ်သော အငြင်းပွားမှုများ ဖြစ်ပေါ်စေရန် အားပေးရာရောက်ကြောင်း ပြည်သူ့ခေတ်ဂျာနယ် သတင်းထောက်ချုပ် ကိုညဏ်နိုင်လင်းက ပြောသည်။

"ဝန်ကြီးဌာနနဲ့ အစိုးရအဖွဲ့ဆီက သတင်းတွေရနိုင်ဖို့ အခုအစိုးရအဖွဲ့ သက်တမ်း ၂ နှစ်ခွဲအထိ တောက်လျှောက် အခက်အခဲတွေ ဆက်ကြုံနေရတယ်။ ဌာနကဖြေကြားပေးဖို့လည်း ဘယ်သူကမှ တာဝန်ခံမှု မရှိဘူး။ ဗဟိုအဆင့် အဖွဲ့အစည်းတွေမှာတောင် ဒီလိုဖြစ်နေရင် ပြည်နယ်တိုင်းဒေသကြီး အဆင့်တွေမှာ ပိုဆိုးသွားတာပေါ့။ အစိုးရအဖွဲ့ဆီက သတင်းသိပိုင်ခွင့်ကို သတင်းသမားတွေ မရဘူးဆိုရင် ပြည်သူတွေရဲ့ သတင်းအမှန်သိပိုင်ခွင့် ဆုံးရှုံးမယ်။ ဒါ့ပြင် ဝန်ကြီးဌာနနဲ့ ဖြစ်ဖြစ် သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ ဖြစ်ဖြစ် ကျွန်တော်တို့သတင်းသမားတွေ အငြင်းပွားမှုတွေမကြာခဏဖြစ်မှာပဲ"ဟုပြောသည်။

ပြောခွင့်ရပုဂ္ဂိုလ်တို့ မီဒီယာသမားများထံ ဖြေဆိုလာရန်မှာ နှစ်ဦးနှစ်ဖက်ကြား အပြန်အလှန်လေးစားမှုနှင့် ယုံကြည်မှု တည်ဆောက်ရမည်ဖြစ်ကြောင်း အစိုးရအဖွဲ့နှင့် နီးစပ်သည့် သတင်းများကို အများဆုံး တာဝန်ယူဖြေဆိုပေးသည့် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲထွဋ်က ပြောကြားသည်။

"ဌာနဆိုင်ရာ ပြောခွင့်ရသူတွေ အမြဲတမ်းပြောတဲ့ကိစ္စတစ်ခုက မကောင်းသတင်းဆို သူတို့ကို ဘယ်တော့မှ ဆက်သွယ်အတည်ပြုတာ မရှိဘူး။ လွဲမှားဖော်ပြတယ်။ အလွတ်သဘောပြောတာကို နာမည်နဲ့ ကိုးကားရေးတယ်လို့ ပြောတယ်"ဟု ဦးရဲထွဋ်က ပြောခွင့်ရပုဂ္ဂိုလ်များကို မီဒီယာဆက်ဆံနည်း သင်တန်းပေးစဉ်က ရရှိခဲ့သည့် သတင်းစကားကို ပြန်လည်ဝေမျှ ပြောကြားသည်။

အချို့နိုင်ငံများတွင် စာနယ်ဇင်းကောင်စီကဲ့သို့ အဖွဲ့အစည်းက သတင်းထောက်အသိအမှတ်ပြု ကတ်ပြားများထုတ်ပေးထားပြီး ကျွမ်းကျင်ရာနယ်ပယ်အလိုက် သတင်းသမားအမည်စာရင်းများကို ဝန်ကြီးဌာနများထံ ပေးပို့ထားပါက ပြောရေးဆိုခွင့်ရှိသူများထံမှ သတင်းယူရန် ပိုမိုလွယ်ကူနိုင်မည်ဖြစ်ကြောင်း အမည်မဖော်ပြလိုသည့်ဝန်ကြီးဌာနတစ်ခု၏ ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက အကြံပြုသည်။

ဖုန်းဖြင့် ဆက်သွယ်ရုံဖြင့် အမှန်တကယ် သတင်းထောက်ဟုတ်၊ မဟုတ် လက်ခံဖြေကြားစိစစ်ရန် ဌာနဆိုင်ရာများဘက်တွင် အခက်အခဲရှိပြီး သတင်းထောက်အယောင်ဆောင်၍ လိမ်လည်သတင်းရယူကာအွန်လိုင်းနှင့် ဘလော့စာမျက်နှာများတွင် ဖော်ပြခံရသည့် သာဓကများရှိခဲ့ခြင်းကြောင့် ယင်းစနစ်သည်သာ လက်ရှိပြဿနာအတွက် အကောင်းဆုံး ဖြေရှင်းနည်းဖြစ်ကြောင်း ဦးရဲထွဋ်က ပြောကြားသည်။

သို့သော် သတင်းထောက်များကမူ ပြောရေးဆိုခွင့်ရှိသူများထံ သတင်းထောက်နာမည်စာရင်းပေးထားရန်မှာ သတင်းထောက်များကို ပြန်လည်ကန့်သတ်ရာရောက်ကြောင်း ဝေဖန်ကြသည်။

"ဒါဟာသတင်းထောက်တွေကို ကန့်သတ်လိုတဲ့ သဘောတွေပါနေတဲ့အတွက် အဆင်မပြေနိုင်လောက်ပါဘူး။ ကိုယ်သိချင်တဲ့အချက်အလက်တစ်ခုကို အခြားသတင်းထောက်ကို ပြန်ပြီးအားကိုးနေရမယ့် အခြေအနေပါ။ အဲ့ဒီသတင်းထောက်မရှိရင် ဘယ်လိုလုပ်မလဲ။ ဝန်ကြီးဌာနပြောခွင့်ရပုဂ္ဂိုလ်တွေ စကားပြောဖို့ ပျင်းတယ်လို့ပဲမြင်ပါတယ်"ဟုသတင်းထောက်လုပ်သက် သုံးနှစ်ခန့်ရှိပြီး လက်ရှိတွင် အလွတ်တန်း သတင်းထောက် လုပ်ကိုင်နေသူ ကိုဇေယျစိုပြေက ပြောသည်။

မြန်မာတိုင်းမ်ဂျာနယ်တွင် စီးပွားရေးဆိုင်ရာ သတင်းများကို ရေးသားနေသည့်သတင်းထောက် လုပ်သက် ခုနစ်နှစ်ရှိ အကြီးတန်းသတင်းထောက် ကိုအောင်ရှင်က "သတင်းထောက်တွေ နာမည်ထိန်းထားရင် အလုပ်တစ်ခု ပိုပါတယ်။ တကယ်ဖြစ်သင့်တဲ့ နည်းလမ်းက တာဝန်ရှိသူတိုင်းကို ပြောရေးဆိုခွင့်တကယ်ပေးဖို့ပဲဗျ။ တချို့လူကြီးတွေ ကျွမ်းကျွမ်းကျင်ကျင် ပြောနိုင်ဆိုနိုင်ပေမယ့် ပြောခွင့်မရှိသလို ဖြစ်နေတာ"ဟု ပြောသည်။

သတင်းသမားများနှင့် ပြောရေးဆိုခွင့်ရှိသူများကြားက ကွာဟမှုကျဉ်းမြောင်းစေရန် မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ (ယာယီ)က ဦးစားပေး လုပ်ဆောင်ရမည်ဖြစ်သော်လည်း လက်ရှိတွင် မီဒီယာဥပဒေကြမ်းများအတွက် အပြင်းအထန် လုံးပန်းနေရခြင်းကြောင့် ယင်းကိစ္စကို လစ်ဟာမှုရှိသွားခြင်းဖြစ်ကြောင်း အဆိုပါကောင်စီ၏အတွင်းရေးမှူးဖြစ်သူ The Voice နေ့စဉ်သတင်းစာ၏ အယ်ဒီတာချုပ် ဦးကျော်မင်းဆွေက ပြောသည်။

"ပြောရေးဆိုခွင့် ရှိသူတွေ သတင်းထုတ်ပြန်ပေးခြင်းဟာ အစိုးရအဖွဲ့ရဲ့ ဂုဏ်သိက္ခာအတွက် အရေးကြီးတယ်။ အစိုးရဘာလုပ်နေလဲဆိုတာ တိုင်းပြည်ကသိဖို့ လိုအပ်တယ်။ မီဒီယာတွေကလည်း ရေးရမယ်။ ဒီလိုမဟုတ်ရင် အစိုးရပေါ် ယုန်ထင်ကြောင်ထင် ဖြစ်နေမှာပဲ"ဟု ၎င်းကပြောသည်။

ပြောခွင့်ရပုဂ္ဂိုလ်များသည် သတင်းမီဒီယာတို့နှင့် ထိတွေ့ဆက်ဆံရန် ကြောက်ရွံ့မနေသင့်ဘဲ မိမိ၏လုပ်ရပ်နှင့် ဌာနပေါ်ထားသည့်မှန်ကန်သောစေတနာတို့က အချိန်ကြာလာသည်နှင့်အမျှ စေတနာရောင်ပြန်ဟပ်လာမည်သာဖြစ်ကြောင်း ဌာနတွင်း အစည်းအဝေးတိုင်း တက်ရောက်ရခြင်း မရှိသော်လည်း မိမိဌာနသတင်းတိုင်းကို အမြဲလေ့လာပြန်ကြားပြောဆိုနေသည့် ကုန်လမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ ညွှန်ကြားရေးမှူး ဦးသောင်းလွင်က အောက်ပါအတိုင်း အကြံပြုပါသည်။

"လူကြီးနဲ့အတိုက်အခံမဖြစ်ချင်လို့ ဌာနကို အဆိုးမြင်နေတဲ့ ပြည်သူတွေအတွက် မီဒီယာကတစ်ဆင့်မှန်ကန်တဲ့သတင်းထုတ်ပြန်မှုတွေ မလုပ်ရင် ကိုယ့်ဌာနပဲနစ်နာသွားမှာ။ စစပြောပြောချင်းမှာအထက်လူကြီးနဲ့အချေအတင် ပြောရတာတွေရှိ ကောင်းရှိမယ်။ အချိန်ကြာတာနဲ့အမျှ အထက်လူကြီးကလည်း ကိုယ့်စေတနာကို နားလည်သွားမှာပါ"

Health

7 DAY NEWS JOURNAL

Vol.12, No.23 • AUGUST 14 , 2013

# ကူးစက်ခြင်းကြောင့်မဟုတ်သည့်ရောဂါ ဖြစ်ပွားမှုစစ်တမ်းကောက်မည်

**ဝတ်ရည်အောင်**

**ရန်ကုန်၊ ဩဂုတ်-၁၀**

ဖြစ်ပွားမှုများပြားလာသည့် ကူးစက်ခြင်းကြောင့်မဟုတ်သည့်ရောဂါများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စာရင်းကောက်ယူမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အခြားနိုင်ငံများတွင်ရောဂါဖြစ်ပွားမှုနှင့် ပတ်သက်သည့်အချက်အလက်အတိအကျရှိနေသော်လည်း မြန်မာနိုင်ငံတွင် ယခုစစ်တမ်း ပြုလုပ်ပြီးမှသာ တိကျသည့်စာရင်း ရရှိမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆီးချို၊ သွေးချို ရောဂါအသင်း၏ အထွေထွေအတွင်းရေးမှူးဒေါက်တာကိုကိုက ပြောသည်။

"စာရင်းရမှ ဘယ်လောက်ဖြစ်နေလဲ၊ ဘာတွေဦးစားပေးလုပ်ရမလဲဆိုတာ သိနိုင်မယ်။ သက်ဆိုင်ရာအစိုးရကိုလည်း ဒီစာရင်းကိုပြမယ့်အပြင် လာကူတဲ့အဖွဲ့အစည်းတွေကိုလည်း စာရင်းအတိအကျရှိမှသာ သူတို့ရဲ့အကူအညီကို ရနိုင်မှာ"ဟု ဒေါက်တာကိုကိုကပြောသည်။

မြန်မာနိုင်ငံအလယ်ပိုင်းဒေသများ၊ ကမ်းရိုးတန်းဒေသများ၊ မြစ်ဝကျွန်းပေါ်ဒေသ၊ တောင်တန်းဒေသဟူ၍ ခွဲခြားပြီးလာမည့်အောက်တိုဘာလတွင် စတင်ကောက်ယူမည်ဖြစ်ကာ ခြောက်လအတွင်း ချင်းပြည်နယ်အပါအဝင်တိုင်းဒေသကြီးအားလုံးရှိကျေးရွာများအထိပါ သွားရောက်ကောက်ယူမည်ဖြစ်ကြောင်း သိရသည်။ ကူးစက်ခြင်းမဟုတ်သည့်ရောဂါများဖြစ်သည့် ဆီးချို၊ သွေးချိုရောဂါ၊ သွေးတိုးရောဂါ၊ လေဖြတ်ရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါအပါအဝင်ကင်ဆာရောဂါများမှာ မြို့ပေါ်နှင့်ကျေးလက်ဒေသများတွင်ပါ ဖြစ်ပွားမှုများပြားလာသည့် ရောဂါများဖြစ်ကြောင်း နယ်ပယ်အသီးသီးမှ ကျန်းမာရေးပညာရှင်များကပြောသည်။

ထိုစစ်တမ်းမှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၊ အပြည်ပြည်ဆိုင်ရာဆီးချို၊သွေးချိုအဖွဲ့၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဆီးချို၊ သွေးချိုထိန်းသိမ်းရေးစီမံချက်တို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။

မကြာသေးမီက လှည်းကူးနှင့် မှော်ဘီရှိကျေးရွာခြောက်ရွာတွင် သွေးတိုးနှင့်ဆီးချိုဖြစ်ပွားမှုကိုလူလေးထောင်တွင်လေ့လာပြီး ပညာပေးဆေးကုသမှုဆောင်ရွက်ခဲ့သည်။

"အရမ်းအံ့ဩဖို့ကောင်းတာက ဆီးချိုရော သွေးတိုးရောဖြစ်မှန်းမသိဘဲ အဲဒီကျမှ စစ်ဆေးရင်းတွေ့ကြတာ။ လူလေးထောင်မှာ ဆီးချိုရှိတဲ့သူလေးရာတွေ့ပြီးသွေးတိုးရှိတဲ့သူက လူဦးရေရဲ့ ထက်ဝက်ဖြစ်နေတယ်။ သူတို့က မသိတော့ ဆေးကုသမှုလည်း မရှိဘဲ ဒီအတိုင်းနေကြတာ"ဟုဒေါက်တာကိုကိုကပြောသည်။

ကူးစက်ခြင်းမဟုတ်သည့်ရောဂါများသည် ကျန်းမာရေးနှင့်မညီညွတ်သောနေထိုင်စားသောက်မှုများကြောင့်ဖြစ်ပြီး ကမ္ဘာပေါ်တွင်လူသုံးဦးသေဆုံးတိုင်းနှစ်ဦးသည် ကူးစက်ခြင်းမဟုတ်သည့် ရောဂါများကြောင့် ဖြစ်ကြောင်း WHOကပြောကြားထားသည်။

# အရွယ်ရောက်ပြီးအမျိုးသမီးနှစ်ဦးလျှင်တစ်ဦး သွေးအားနည်းရောဂါခံစားနေရဟုဆို

**ဝတ်ရည်အောင်၊ ရဲနောင်**



**ရန်ကုန်၊ ဩဂုတ်-၁၀**

မြန်မာနိုင်ငံတွင် အရွယ်ရောက်ပြီးအမျိုးသမီးနှစ်ဦးလျှင်တစ်ဦးသည် သွေးအားနည်းရောဂါခံစားနေရသည်ဟုကျန်းမာရေးဝန်ကြီးဌာန အမျိုးသားအာဟာရနှင့်သုတေသနဌာန၏ သုတေသနပြုလုပ်မှုများအရသိရသည်။

ယဉ်ကျေးမှုဓလေ့၊ အစားအသောက်ရှောင်သောအလေ့အထ၊ ကျန်းမာရေးနှင့် ညီညွတ်သောအစားအသောက်ပုံစံမရှိခြင်းက ယခုကဲ့သို့သွေးအားနည်းရောဂါဖြစ်စေသော အကြောင်းရင်းများဖြစ်သည်။

"ဒီပုံစံအတိုင်းဆိုရင် အမျိုးသမီးတွေကိုပါ သံဓာတ်အားဖြည့်ဆေးတိုက်ဖို့လိုအပ်နေပြီ"ဟု အာဟာရဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးဒေါက်တာထင်လင်းကပြောသည်။

ထို့အပြင် ကိုယ်ဝန်ဆောင်မိခင်များသည်မိခင်၌ရှိသော အာဟာရကိုကလေးကိုပါခွဲဝေပေးရခြင်းကြောင့် မြန်မာနိုင်ငံရှိ ကိုယ်ဝန်ဆောင်မိခင်များတွင် သွေးအားနည်းရောဂါမှာ ၇၅ ရာခိုင်နှုန်းအထိရှိနေသည်။

သွေးအားနည်းရောဂါသည် သံဓာတ်ပါဝင်သော အစားအသောက်စားသုံးမှုနည်းပါးခြင်းကြောင့် အဓိကဖြစ်ပြီး မူးဝေခြင်း၊ မောပန်းလွယ်ခြင်း၊ အစားအသောက်ပျက်ခြင်းလက္ခဏာများ ခံစားရနိုင်ကာ နှလုံးရောဂါ ဖြစ်သည်အထိ ဆိုးရွားနိုင်သည်ဟု အထွေထွေရောဂါကုဆရာဝန်များကပြောသည်။

သံဓာတ်ပြည့်ဝစွာ ပါဝင်သော အစားအသောက်များဖြစ်သည့် အသား၊ အသည်း၊ သွေးခဲနှင့် ပဲမျိုးစုံ၊ အစိမ်းရင့်ရောင် ဟင်းသီးဟင်းရွက်များကို စားသုံးခြင်းဖြင့် သွေးအားနည်းရောဂါကို ကာကွယ်နိုင်သည်ဟု အာဟာရပညာရှင်များကပြောသည်။

# ပြည်ပနိုင်ငံအချို့နှင့် ဈေးကွက်အတွင်းမှ ပြန်သိမ်းနေသည့် Dumex နို့ပါတ်များ ထုတ်ပြန်

**ဝတ်ရည်အောင်**

**ရန်ကုန်၊ ဩဂုတ်-၁၀**

နိုင်ငံအချို့တွင် ပြည်ပဈေးကွက်များအတွင်းမှ ပြန်လည်သိမ်းယူလိုက်သည့် နို့မှုန့်များ၏ နံပါတ်များအားDumex၏ဝက်ဘ်ဆိုက်စာမျက်နှာတွင် ထုတ်ပြန်ထားပြီး ပြည်တွင်း၌ ဝယ်ယူသုံးစွဲသူများသတိပြုရန် ပြန်လည်ဖော်ပြလိုက်ပါသည်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA)မှ မြန်မာနိုင်ငံအတွင်းသို့အန္တရာယ်ရှိနို့မှုန့်များ ဝင်ရောက်ထားမှုမရှိဟုလည်း ထုတ်ပြန် ကြေညာထားသည်။

| Mamex Cherish I 400g | Bebelac I 800g | Dulac 350g | Dulac 650g | Dulac 1kg | Dulac 1.6kg |
|---|---|---|---|---|---|
| 05143T1 | 05033R1 | 05203R1 | 05093B2<br>05233B2 | 04273B1<br>04273B2<br>05093B1<br>05153B1<br>05153B2<br>05233B1 | 06053R1 |

| Dumex Dupro 650g | Dumex Dupro 1kg | Dumex Dupro 350g | Mamex Cherish I 600g | Mamex Cherish I 1.5kg | Mamex Cherish I 1.8kg |
|---|---|---|---|---|---|
| 04263B2<br>04273B2<br>05033B2<br>05093B2<br>05143T1<br>05153B2<br>05223B2<br>05233B2<br>05293B2<br>06053B1<br>06053B2 | 04263B1<br>04273B1<br>04273B2<br>05033B1<br>05033B2<br>05093B1<br>05093B2<br>05153B1<br>05153B2<br>05223B1<br>05223B2<br>05233B1<br>05293B1<br>05293B2<br>06053B1<br>06053B2<br>06123B1<br>06123B2 | 05203R1 | 06103T1<br>06213B1<br>06213B2 | 06053R1<br>06123R1 | 06093T1<br>06213B1 |
| | | **Mamex Explore 2 600g** | **Mamex Explore 2 1.5kg** | **Mamex Explore 2 1.8kg** | **Bebelac 2 800g** |
| | | 06093T1<br>06213B2 | 06123R1 | 06213B1<br>06213B2 | 05023R1<br>05033R1<br>05303R1 |








အသစ်
LOW FAT
# As per CODEX guidelines
အမျိုးသမီးများအတွက်
အထူးစီမံဖန်တီးထားသောအာဟာရ*
women's Horlicks
CARAMEL FLAVOUR
CHOCOLATE FLAVOUR
CARAMEL & CHOCOLATE FLAVOUR
100% RDA
100% RDA
သွေးအားကောင်းစေသော သံဓာတ်
အရိုးများသန်မာစေသော ကယ်လစီယမ်
HORLICKS NUTRITION ACADEMY
women's Horlicks®
Women's Horlicks is a nourishing beverage to be included as part of diet and lifestyle.
Hemocal™ Nutrients include Vitamin B2, B6, B12, Folic acid, C, Calcium, Iron; Ideal quality protein.
#As per CODEX guidelines *Designed according to nutrition requirement of women of 19 to 50 years

Regional
7 DAY NEWS JOURNAL
Vol.12, No.23 • AUGUST 14 , 2013

# မိုးကုတ်တွင် အာဇာနည်ကျောက်တိုင် ပြန်လည်တည်ဆောက်ခွင့်ရရန် ကြိုးပမ်း

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဩဂုတ်-၉**

မိုးကုတ်မြို့တွင် အာဇာနည်ကျောက်တိုင် ပြန်လည်တည်ဆောက်ခွင့် တောင်းဆိုထားသော်လည်း သက်ဆိုင်ရာ ဒေသအာဏာပိုင်များက အခြားသောမြို့နယ်များတွင် အာဇာနည် ကျောက်တိုင်ဟူ၍ မရှိသဖြင့် တည်ဆောက်ခွင့်မပြုနိုင်ဟု ငြင်းဆိုခဲ့ကြောင်း သတင်းရရှိသည်။

မိုးကုတ်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် မြို့နေလူထုက အာဇာနည် ကျောက်တိုင် ပြန်လည်တည်ဆောက်ခွင့် တောင်းဆိုခဲ့ခြင်းဖြစ်သည်။ နိုင်ငံအတွင်း၌ အခြားကျောက်တိုင်များ တည်ဆောက်ထားရှိသည့်အတွက် ခွင့်ပြုချက်မရမချင်း ဆက်လက် တောင်းဆိုသွားမည်ဖြစ်ကြောင်း မိုးကုတ်မြို့နယ် အင်န်အယ်လ်ဒီဥက္ကဋ္ဌက ဆိုသည်။

နိုင်ငံတွင်း၌ လွတ်လပ်ရေး အထိမ်းအမှတ်အဖြစ် လွတ်လပ်ရေးကျောက်တိုင်သာရှိပြီး အာဇာနည်ကျောက်တိုင်မရှိသည့်အတွက် ဆောက်လုပ်ခွင့်မပြုကြောင်း မန္တလေးတိုင်း အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ စာနှင့်တကွ ပြန်လည်အကြောင်းကြားလာကြောင်း သတင်းရရှိသည်။

"နိုင်ငံတွင်းမှာ အာဇာနည်ကျောက်တိုင်တွေ တည်ထားတာ အများကြီးရှိတယ်။ သူတို့ အကြောင်းပြချက်ကလည်း မခိုင်မာတဲ့အတွက် ပါတီအနေနဲ့က ခွင့်ပြုချက်ရအောင် ဆက်လုပ်သွားမှာပါ။ မြို့လူထုကလည်း လိုအပ်ရင်အားလုံးရပ်တည်ပေးသွားမယ် ပြောထားတာလည်းရှိတော့ ပါတီအနေနဲ့ ဆက်လုပ်သွားမှာပါ"ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ကျောက်တိုင်ပြန်လည်တည်ဆောက်နိုင်ရန် နိုင်ငံတွင်းရှိ မြို့နယ်အချို့မှ အာဇာနည်ကျောက်တိုင်များကို ဓာတ်ပုံနှင့် တကွ မြို့နယ်ရုံးသာမက သမ္မတ ရုံးထိပါ တရားဝင်စာဖြင့် ထပ်မံတင်ပြတောင်းဆိုသွားမည်ဟု ဆိုသည်။

"ဒီကျောက်တိုင်ရှိခဲ့လို့ မိုးကုတ်မြို့က အဲဒီကွင်းကို အာဇာနည် ကျောက်တိုင်ကွင်းလို့ ခေါ်တယ်။ အင်န်အယ်လ်ဒီနဲ့ ပေါင်းပြီး မရမချင်းလုပ်ဖို့လူထုကလည်း ပါတီကို တိုက်တွန်းထားပါတယ်" ဟု မိုးကုတ်မြို့ခံတစ်ဦးက ပြောကြားသည်။

မိုးကုတ်မြို့ရှိ ကျောက်တိုင်မှာ မြို့မရပ်ကွက်၊ ရှမ်းစုရပ်တွင် ရှိပြီး ၁၉၉၁ ခုနှစ် ဝန်းကျင်၌ ဖျက်ဆီးခဲ့ခြင်းဖြစ်၍ ယင်းနေရာတွင် ဖောင်ဒေးရှင်း ကျန်နေသေးသည့်အတွက် ယင်းနေရာ၌ပင် ခွင့်ပြုချက် ရရှိရန် ပြန်လည်တောင်းဆိုထားကြောင်း သတင်းရရှိသည်။

# စပါးဝတ်မှုန်ဖြင့် ပျားစာချသူများ ဆီးခြံများတွင် ပျားရည်ထုတ်ရာသီအတွက် ကြိုတင်ပြင်ဆင်

**မျိုးမင်းဦး**

**ယင်းမာပင်၊ ဩဂုတ်-၁၀**



*ပျားရည်ထုတ်ရန် ပြင်ဆင်နေသူတစ်ဦး*

ဓာတ်ပုံ- မျိုးမင်းဦး

ယင်းမာပင်မြို့နယ် မိုးစပါးစိုက်ခင်းများတွင် ကောက်နှံများ စတင်ထွက်ပေါ်ချိန် အနီးပတ်ဝန်းကျင် အရိပ်ရအပင်များ အောက်တွင် ဝတ်မှုန်ဖြင့် ပျားစာချသူများရှိပြီး လကုန်ရက်ပိုင်းအတွင်း ကနီမြို့နယ်ဆီးစိုက်ပျိုးရေးခြံများ၌ ဆီးပန်းပွင့်ချိန် ပျားရည်ထုတ်လုပ်ရေးရာသီအတွက် ကြိုတင်ပြင်ဆင်မှုများ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း မန္တလေးတိုင်း၊ ပုသိမ်ကြီးမြို့နယ်ပျားမွေးမြူရေးလုပ်ငန်းရှင် ဦးရွှေတိုးက ပြောကြားသည်။

"ပုလဲမြို့နယ်အတွင်းပြီးခဲ့တဲ့ လပိုင်းက မိုးကြိုနှမ်းစိုက်ခင်းတွေမှာပျားပုံးချပြီးပြန်လာတာ။ ဆီးရာသီမှာ ပျားတွေအင်အားကောင်းအောင် ယင်းမာပင်မြို့နယ်၊ ရွာသာကျေးရွာအနီးက စပါးခင်းတွေမှာ ဝတ်မှုန်နဲ့ ပျားစာချတာပါ။ ရာသီကပူတော့ အရိပ်ရအပင်တွေလည်းရှိလို့ အဆင်ပြေတယ်။ အများစုက ရှမ်းပြည်နယ်ကို ပျားစာချတာများတယ်"ဟု ဦးရွှေတိုးက ဆက်လက်ပြောကြားသည်။

ယင်းမာပင်မြို့နယ်၊ ရွာသာယာကျေးရွာ မိုးစပါးစိုက်ခင်းများ အနီး၌ယခုနှစ်ဩဂုတ်လဆန်းပိုင်းက ပျားပုံးပေါင်း ၁၅၀ ဝန်းကျင်ခန့်ပျားစာချ၍ ပျားရည်ထုတ်လုပ်ရန် ပြင်ဆင်နေကြောင်း သိရှိရသည်။

လကုန်ရက်ပိုင်းအတွင်းကနီမြို့နယ် ဆီးစိုက်ပျိုးရေးခြံများ ဆီးပန်းပွင့်ချိန်တွင် ဒေသအသီးသီးမှပျားလုပ်ငန်းရှင်သုံးရာခန့်က ပျားပုံးပေါင်း သုံးသောင်းကျော်၊ လေးသောင်း ခန့်အထိ မွေးမြူ၍ ပျားရည်ထုတ်လုပ်ကြောင်း သိရှိရသည်။

ပြီးခဲ့သည့်နှစ် ဆီးရာသီတွင် ရာသီဉတုကောင်း၍ ပျားရည်အထွက်နှုန်း ကောင်းခဲ့ပြီး ယခုနှစ်ရာသီဉတု ပြောင်းလဲမှုကို ပျားထုတ်လုပ်သူများနှင့် ဆီးစိုက်ပျိုးသူများစောင့်ကြည့်နေရကြောင်း ကနီမြို့နယ် ပျားမွေးမြူရေး လုပ်ငန်းရှင်များက ပြောသည်။

ဩဂုတ်လဆန်းပိုင်းက ပျားရည်တစ်ပိဿာကျပ် ၁,၆၀၀ ဝန်းကျင်ရှိပြီး ပျားဝတ်မှုန်တစ်ပိဿာကျပ် ၈,၀၀၀ ဝန်းကျင်ရှိကာ ပြည်တွင်းပြည်ပဝယ်လိုအားနည်း၍ ပျားစာအဖြစ် ပြန်လည်အသုံးပြုနေရကြောင်း သိရှိရသည်။

ပျားဖယောင်း တစ်ပိဿာလျှင် ကျပ် ၅,၀၀၀ မှ ကျပ် ၆,၀၀၀ ဝန်းကျင်ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

# ပြည်တွင် ၁,၅၀၀ တန် ဂျီအက်စ်အမ်ဆင်းမ်ကတ် တစ်သိန်းလေးသောင်း ဈေးပေါက်

**ဇော်မင်းထိုက်**

**ပြည်၊ ဩဂုတ်-၁၀**

ပြည်မြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာများတွင် တန်ဖိုးနည်း ဂျီအက်စ်အမ်နှင့်စီဒီအမ်အေဆင်းမ်ကတ်များကို ဩဂုတ် ၆ရက်မှစ၍ မဲစနစ်ဖြင့် ရောင်းချပေးခဲ့ရာ ဂျီအက်စ်အမ်ဆင်းမ်ကတ်တစ်ကတ်လျှင် ပြင်ပပေါက် ဈေးကျပ်တစ်သိန်းလေးသောင်းကျော်အထိ ရှိပြီး စီဒီအမ်အေ ဆင်းမ်ကတ်တစ်ကတ်လျှင် ကျပ်ရှစ်သောင်းခွဲအထိ ဈေးပေါက်လျက်ရှိကြောင်း သတင်းရရှိသည်။

"ပြင်ပပေါက်ဈေးနဲ့ ဝယ်ရောင်းလုပ်တဲ့ ဆိုင်တွေရှိတယ်။ တန်ဖိုးနည်းဂျီအက်စ်အမ်ဆိုတစ်သိန်းနှစ်သောင်းခွဲလောက်နဲ့ဝယ်တယ်။ ရောင်းတော့တစ်သိန်းလေးသောင်းကျော်နဲ့ရောင်းတယ်။ နာမည်ပေါက်နဲ့နာမည်မပေါက်တာ ငါးထောင်လောက် ကွာတယ်လို့ သိရတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

တန်ဖိုးနည်း ဆင်းမ်ကတ်မဲမပေါက်သော်လည်း လိုအပ်သဖြင့် ပြင်ပပေါက်ဈေးဖြင့်ပင်ဝယ်ယူသုံးစွဲမှုများရှိကြောင်း၊ ယခုအကြိမ်ချထားပေးသည့် တန်ဖိုးနည်း ဆင်းမ်ကတ် အရေအတွက်မှာ နည်းသဖြင့် မဲပေါက်သူလည်း နည်းကြောင်း၊ ဌာနဆိုင်ရာခွဲတမ်းရရှိသူများလည်းပြန်လည်ရောင်းချလေ့ရှိကြောင်း သိရသည်။



7DAY NEWS JOURNAL
Vol.12, No.23 • AUGUST 14 , 2013

# လက်ပံတောင်းရှိ ဆက်ဆံရေးရုံးများ အလုပ် ပိုလုပ်ရန် ဒေသခံများမျှော်လင့်

**အောင်ခိုင်**

**ရန်ကုန်၊ ဩဂုတ်- ၁၀**

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနယ်မြေအတွင်း ဖွင့်လှစ်မည့် ဆက်ဆံရေးရုံးများ အနေဖြင့် ပြည်သူများနှင့်ညှိနှိုင်း၍ ပွင့်လင်းမြင်သာမှုရှိစွာ လုပ်ငန်းများကို ဆောင်ရွက်စေလိုကြောင်းဒေသခံများကပြောကြားသည်။

လျော်ကြေးငွေမှစ၍ အခြားလူမှုရေးနစ်နာမှုများကို ဒေသခံများနှင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ပေးစေလိုသည်ဟုပြောကြားသည်။

“ဒေသခံတွေနဲ့ညှိနှိုင်းလုပ်လို့ အဆင်ပြေကြရင် ဘုန်းကြီးတို့က ကျေနပ်ပါတယ်။ အခုဆိုကိုယ့်မြေကို တစ်သက်လုံးစွန့်ခွာသွားရမှာမို့ လျော်ကြေးမယူတာ၊ မကျေနပ်တာတွေရှိတယ်။ ဆက်ဆံရေးရုံးက ဒါတွေကိုညှိနှိုင်းသင့်တယ်”ဟု လက်ပံတောင်းတောင် အရေး ကူညီဆောင်ရွက်သူ ရှင်မတောင်ဆရာတော်ဦးကဝိန္ဒောဘာသက မိန့်ကြားသည်။

လက်ပံတောင်းတောင်စီမံကိန်းနယ်မြေအတွင်းရှိ ဒေသခံပြည်သူများ၏ အခက်အခဲများကို ဖြေရှင်းပေးနိုင်ရန် ဆက်ဆံရေးရုံးဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဟု စုံစမ်းစစ်ဆေးရေးကော်မရှင် အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီဥက္ကဋ္ဌသမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးလှထွန်းက ဩဂုတ် ၉ ရက်တွင် ပြောကြားထားသည်။

ယခင်က ကော်မတီ၏ကွင်းဆင်းဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ “ဒေသခံတွေကိုလာဆွေးနွေးတာမရှိဘူး။ လျော်ကြေးကလည်း မယူမနေရပုံစံပါ”ဟု တုံကျေးရွာဒေသခံတစ်ဦးကပြောသည်။

ကော်မတီအနေဖြင့် လျော်ကြေးငွေပေးအပ်ရာတွင် မြေယာလျော်ကြေးငွေ ကျပ်သိန်းပေါင်း ၃၀,၀၀၀ နီးပါး၊ နှစ်ရှည်ပင်နစ်နာကြေး ကျပ်သိန်းပေါင်း ၁,၄၀၀ ကျော်၊ ရေတွင်းများအတွက်လျော်ကြေးငွေ ကျပ်သိန်း ၂၀၀ ကျော် ပေးအပ်ပြီးဖြစ်ကြောင်း သတင်းထုတ်ပြန်ထားသည်။



*လက်ပံတောင်းတောင်ကို အဝေးမှမြင်တွေ့ရစဉ်* ဓာတ်ပုံ- အိဖြူမွန်

လျော်ကြေးငွေများကို စက်တင်ဘာလ ၃၀ ရက် နောက်ဆုံးထားထုတ်ယူနိုင်ရန် နှိုးဆော်ထားကြောင်း သိရသည်။

ဆက်ဆံရေးရုံးဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ “ဒါကောင်းပါတယ်။ ဒေသခံနဲ့ အခြေခံထိတွေ့ရင် ပြေလည်နိုင်ပါတယ်”ဟု ဝက်မှေးကျေးရွာ ဒေသခံတစ်ဦးကဆိုသည်။




# ပန်ဆောင်နှင့် ဆွမ်မရာမြို့နယ်ခွဲတွင် စာစစ်ဌာနဖွင့်ရန်စီစဉ်

**နန်းအောင်**

**ရန်ကုန်၊ ဩဂုတ်- ၁၀**

နာဂဒေသမြို့နယ်ခွဲနှစ်ခုတွင် စာစစ်ဌာနဖွင့်ပေးရန် အစီအစဉ်ရှိကြောင်း စစ်ကိုင်းတိုင်း ပညာရေးညွှန်ကြားရေးမှူးရုံးမှလက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းအောင်ကပြောကြားသည်။

နာဂဒေသ ပန်ဆောင်မြို့နယ်ခွဲနှင့် ဆွမ်မရာမြို့နယ်ခွဲတို့တွင် စာစစ်ဌာနဖွင့်လှစ်ပေးရန် စီစဉ်နေကြောင်း သတင်းရရှိသည်။

“ဒီနှစ်မှာ ဖွင့်ပေးဖို့အတွက် တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးမှာဆွေးနွေးကြတယ်။ အမြန်ဆုံးဖွင့်ပေးဖို့အတွက် အစီအစဉ်ရှိတယ်။ စာစစ်ဌာနဖွင့်ပေးဖို့အတွက် တိုင်းရုံးကနေ လေ့လာရေးသွားနေပြီ”ဟု ဦးသန်းအောင်က ပြောသည်။

စာစစ်ဌာနဖွင့်လှစ်ပေးနိုင်ရန် လိုအပ်သည့်အချက်အလက်များ လေ့လာရန် တိုင်းရုံးမှမြို့နယ်တစ်မြို့နယ်တွင်တစ်ဦးစီစေလွှတ်ထားပြီးဖြစ်ကာ အ. ထ. က ကျောင်းဆောင် ရှိ၊ မရှိ၊ မေးခွန်းများ သိမ်းထားနိုင်ရန် လုံခြုံသည့်အဆောက်အအုံ ရှိ၊မရှိ၊ သက်ဆိုင်ရာရဲစခန်းနှင့် ကျန်းမာရေးဌာနများ ရှိ၊ မရှိ စသည့်အချက်များပေါ် မူတည်၍ ဖွင့်လှစ်ပေးသွားမည်ဟု ဆိုသည်။

ပန်ဆောင်မြို့တွင် အထက်တန်းစာသင်ကျောင်းအား ၂၀၀၂ ခုနှစ်တွင် စတင်ဖွင့်လှစ်ပေးခဲ့ပြီး စာစစ်ဌာန မရရှိသည့်အတွက် ကျောင်းသားများ စာမေးပွဲဖြေဆိုချိန်တွင် အခက်အခဲများစွာဖြင့် ကြုံတွေ့နေရသည်ဟု သတင်းရရှိသည်။

စာစစ်ဌာနမရှိသည့်အတွက် ပန်ဆောင်မြို့နယ်မှ တက္ကသိုလ်ဝင်တန်း ကျောင်းသား၊ ကျောင်းသူများမှာ ပန်ဆောင်မြို့ မှ ၃၄ မိုင်ကွာဝေးသော နန်းယွန်းမြို့သို့ ခြေလျင်ခရီးဖြင့် စာမေးပွဲများ သွားရောက်ဖြေဆိုနေရသည်။

ယင်းသို့သွားရောက်၍ စာမေးပွဲများ ဖြေဆိုရာတွင် ကျောင်းသားများ ကျန်းမာရေးထိခိုက်မှုများရှိနေပြီး တစ်ခါတရံ လမ်းခရီးကြမ်းတမ်းမှုကြောင့် ယာဉ်မတော်တဆဖြစ်ပွားမှုများလည်း ကြုံတွေ့ကြရသည်ဟုဆိုသည်။

“ကျွန်တော်တို့ စာမေးပွဲသွားဖြေတဲ့နှစ်က လမ်းမှာ ကားဘီးကျွံကျလို့ ကျောင်းသား ငါးဆယ်ကျော် ခြေလျင်ပဲ လျှောက်လာရတယ်။ စာမေးပွဲ ဖြေခါနီးဆိုရင် နှစ်ပတ်လောက်ကြိုပြီး သွားရတယ်”ဟု ၂၀၁၀-၁၁ ပညာသင်နှစ်တွင် ပန်ဆောင်မြို့နယ်မှ စာမေးပွဲသွားရောက် ဖြေဆိုသူ မောင်လင်းအောင်က ပြောကြားသည်။

7 DAY NEWS JOURNAL
Vol.12, No.23 • AUGUST 14 , 2013

## မြောင်းအဖုံးများဖွင့်မရအောင် အပြီးပိတ်ထားပါက အရေးယူမည်ဟုဆို

**ညီညီဇော်**

**မန္တလေး၊ ဩဂုတ်- ၁၀**

မန္တလေးမြို့တွင် ရေကြီးရေလျှံမှုများလျော့နည်းစေရန် အဓိကကျသည့်လမ်းကြီးများရှိမြောင်းအဖုံးများကို ကွန်ကရစ်ဖြင့် ဖွင့်မရအောင်အပြီးဖုံးအုပ် ထားသူများကို စစ်ဆေးအရေးယူမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"မြောင်းဆယ်တဲ့အခါမြောင်းအဖုံးတွေကို ကွန်ကရစ်တွေနဲ့ အသေလောင်းထားကြတော့ အလုပ်လုပ်ဖို့အဆင်မပြေဘူးပေါ့။ မြောင်းတွေကရေမစီးတော့ ရေလျှံတာတွေဖြစ်လာတယ်။ လာမယ့်တနင်္လာနေ့ (ဩဂုတ် ၁၂ ရက်နေ့)နောက်ဆုံးဖျက်ထားဖို့ စာတွေပို့ထားတယ်"ဟု မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသန့်ရှင်းရေးဌာနမှ ဌာနခွဲမှူး ဦးစိုးတင့်အောင်ကပြောသည်။

မြောင်းအဖုံးကို ကွန်ကရစ်လောင်းထားခြင်းများ အပြင် မြောင်းအဖုံးပေါ် မီးစက်များချထားခြင်း၊ ဆိုင်းခန်းများ တည်ခင်းရောင်းချနေခြင်းတို့ကိုလည်း ဖယ်ရှားစေမည်ဖြစ်ကြောင်း ဌာနခွဲမှူးကပြောကြားသည်။လိုက်နာခြင်းမရှိပါက ဒဏ်ငွေကျပ်တစ်သောင်းမှ ငါးသောင်းထိဒဏ်ရိုက်နိုင်ပြီး တရားစွဲဆိုသည့် အဆင့်သို့ရောက်ရှိပါကငွေဒဏ်ကျပ်သုံးသိန်းမှ ငါးသိန်းအထိလည်းကောင်း၊ ထောင်ဒဏ်သုံးလမှတစ်နှစ်အထိလည်းကောင်း ပြစ်ဒဏ်ချမှတ်နိုင်ကြောင်း မန္တလေး စည်ပင်တာဝန်ရှိသူကဆိုသည်။

မိုးလယ်ကာလရောက်ပြီဖြစ်သော်လည်း မိုးရွာသွန်းမှုနည်းပါးနေသော မန္တလေးမြို့တွင် ဩဂုတ်လ ၉ရက်မှစတင်ကာ မိုးဆက်တိုက်ရွာသွန်းနေပြီဖြစ်သည်။

"မိုးက တအားကြီးရွာတာမျိုးမဟုတ်ဘဲနည်းနည်းချင်းသည်းနေတာဆိုတော့ ခုတော့ရေလျှံတာတွေဘာတွေမဖြစ်သေးဘူး။ နောက်ရက်တွေပါ ဆက်ရွာရင်တော့သေချာပေါက်ဖြစ်ပြီ"ဟု ချမ်းအေးသာစံမြို့နယ်တွင်နေထိုင်သူ အမျိုးသားတစ်ဦးကပြောသည်။

မိုးတွင်းကာလရေလျှံမှုပြဿနာလျော့နည်းစေရန် မန္တလေးမြို့၏ အဓိကချောင်းများဖြစ်သော ရွှေတချောင်း၊ ငွေတချောင်းနှင့် သင်္ဂဇာမြောင်းများရှိ အမှိုက်များကို အပတ်စဉ်ဆယ်ယူနေကြောင်း မန္တလေးစည်ပင်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

# ချိုး၊ ခါ ငှက်တစ်ကောင်ကျပ်သုံးသောင်းမှ တစ်သိန်းအထိ ဈေးပေါက်နေ



*မုံရွာမြို့ရှိနေအိမ်တစ်အိမ်တွင် မွေးမြူထားသည့် ချိုးငှက်များကို လှောင်အိမ်အတွင်း၌ တွေ့ရစဉ်*

ဓာတ်ပုံ- မျိုးမင်းဦး

**မျိုးမင်းဦး**

**မုံရွာ၊ ဩဂုတ်- ၁၀**

သဘာဝတောတောင်များ၌ နေထိုင်ကျက်စားလေ့ရှိသည့် တွန်သံသာသည့် ချိုးနှင့်ခါ ငှက်တစ်ကောင်လျှင် ကျပ်သုံးသောင်းမှ တစ်သိန်းအထိ ငှက်ဝါသနာရှင်များဝယ်ယူကြကြောင်း သတင်းရရှိသည်။

"ငှက်ဝါသနာရှင် တော်တော်များများက တွန်သံကိုနားထောင်ပြီးဝယ်ကြတယ်။ အချို့က အိမ်မှာငှက်ကလေးရဲ့တွန်သံကို နားထောင်ချင်ကြတယ်။ ချိုးမွေးတဲ့သူက ပိုများတယ်။ သူက ညရောနေ့ရောအချိန်မှန်မှန်တွန်တယ်။ ချိုးအထီးလေးတွေကိုတွန်သံအတွက် မွေးကြသလို ငှက်ထောင်ဖို့လည်းဝယ်တဲ့သူတွေရှိတယ်။ ချိုးထောင်ဖို့ဝါသနာပါတဲ့သူက ဆင်းရဲချမ်းသာမရွေးတောထဲမှာ ချိုးကူသံကြားရင် သွားထောင်ကြတာပဲ"ဟု ရွာပုလဲကျေးရွာငှက်ဝါသနာရှင် ဦးဌေးအောင်ကပြောသည်။

ဆားလင်းကြီးမြို့နယ်၊ ကံကုန်းကျေးရွာငှက်ဝါသနာရှင်တစ်ဦးကလည်း "ချိုးက တွန်သံသာတဲ့ ငှက်တစ်ကောင်၊ ပြီးခဲ့တဲ့နှစ်ကုန်ရက်ပိုင်းတုန်းက တစ်သိန်းအထိပေးဝယ်တဲ့သူရှိတယ်။ တွန်သံနဲ့တည်ချိုး(ငှက်ထောင်ရာတွင် အသုံးပြုသည့် ချိုး) ကောင်းရင် တစ်ကောင်ကို ငါးသောင်း၊ ခြောက်သောင်းအထိရှိတယ်။ သင်ခါစချိုးဆိုရင်တော့ သုံးသောင်းဝန်းကျင်အထိ ရှိတယ်"ဟု ဆိုသည်။

ခါငှက်ကို ချင်းတွင်းမြစ်အနောက်ဘက်ယင်းမာပင်မြို့နယ်နှင့် ကနီမြို့နယ်မှ ငှက်ဝါသနာရှင်များ အများဆုံးမွေးမြူကြသည်ဟုဆိုသည်။

"ခါက ငှက်ဝါသနာရှင်တိုင်း မမွေးဘူးဆိုတာ ခါကအရောင်၊ အတောင်စတဲ့ အင်္ဂါတွေအပေါ်မှာ မူတည်ပြီးမွေးကြတာ။ မိရိုးဖလာအယူအဆတွေအရ အပြစ်ပါတဲ့ခါတွေကို မွေးမိရင် မျက်စိနာတာ၊ အိမ်မီးလောင်တာဆိုတဲ့ အယူအဆတွေရှိတဲ့အတွက် ခါငှက်တိုင်းကိုမမွေးဘူး။ တွန်သံမှာ "တက်တက်တူခါးခါး" ဆိုတဲ့ တွန် သံဆိုရင် စီးပွားရေးလာဘ်ကောင်းတယ်လို့ ယူဆကြတယ်။ "တက်တက်တူပြဿဒါး"ဆိုတဲ့ တွန်သံပေးတဲ့ခါဆိုရင်ဈေးကောင်းပေးပြီး ဝယ်မွေးကြတာများတယ်။ မီးကွင်းတယ်၊ စီးပွားရွှင်တယ်ဆိုတဲ့အယူအဆကြောင့်ပေါ့။ ဒီဒေသမှာခါမွေးသူပိုများကြတာများတာ ဝါသနာအရ ခါကိုထောင်ဖမ်းသူတွေရော၊ တောသံ တောင်သံပျောက်ကွယ်မှာစိုးရိမ်လို့အိမ်မှာ ငှက်ကူသံလေးတွေကြားအောင် မွေးကြတာပါ"ဟု မုံရွာ-ယာကြီးကားလမ်း မိုင်(၃၀) ဒေသခံ ငှက်ဝါသနာရှင်တစ်ဦးကပြောသည်။

မုံရွာဒေသ အနီးတစ်ဝိုက်တွင် ဝါသနာရှင်များ မွေးမြူထားသော ချိုးတစ်ကောင်လျှင် ကျပ်သုံးသောင်းမှ ကျပ်တစ်သိန်းအထိအရောင်းအဝယ်ဖြစ်ခဲ့ပြီး ခါ တစ်ကောင်လျှင် ကျပ်တစ်သောင်းမှကျပ်ခုနစ်သောင်းအထိ အရောင်းအဝယ်ဖြစ်သည်ဟုဆိုသည်။ ချိုး၊ ခါငှက်ကလေးများကို မန္တလေး၊ ရှမ်းပြည်နယ်၊ မကွေးစသည့် ဒေသများမှာ လာရောက်ဝယ်ယူသူများပင်ရှိသည်။ ချိုးလည်ပြောက်နှင့် ချိုးလင်းပြာကို အများဆုံး မွေးမြူပြီး ချိုးကူသံအနေဖြင့် ရိုးရိုးကူသံ၊ ခွန်းဆင့်(အသံဆင့်ကူသံ)၊ ခွန်းပြတ်(အသံပြတ်တွန်သံ)ဟူ၍ တွန်သံအပေါ်မူတည်၍မွေးမြူကြသည်။

ခါမွေးမြူသူအများစုမှာ ရင်ဘတ်၊ အမြီး၊ ကျောပေါ်မှငှက်အမွေးနှာခေါင်းအနီးမင်ကြောင်းပေါ်မူတည်၍ လည်းကောင်း တွန်သံပေါ်မူတည်၍ ရှေးအယူအဆများအရ မွေးမြူကြသည်။

## ဝန်ထမ်းအလိုရှိသည်

| | |
|---|---|
| **1. Marketing Executive** | **M/F (5) Posts** |
| **2. Distribution Staff** | **M (5) Posts** |
| **3. Driver** | **M (2) Posts** |

အမှတ်စဉ်(၁)အတွက် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရဖြစ်ပြီး၊ အသက် (၁၉)နှစ်မှ (၂၅)နှစ်အတွင်းရှိရမည်။ သွက်လက်ထက်မြက်၍ လူမှုဆက်ဆံရေးကောင်းမွန်ရမည်။ ကွန်ပျူတာအသုံးပြုနိုင်ပြီး၊ အင်္ဂလိပ်စာအခြေခံအဆင့်ရှိရမည်။ အပြောအဆိုချိုသာယဉ်ကျေးရမည်။လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၂)နှစ်ရှိရမည်။

အမှတ်စဉ်(၂)အတွက် အသက်(၁၉)နှစ်မှ (၂၅)နှစ်အတွင်းဖြစ်ရမည်။ ဘွဲ့ရဦးစားပေးမည်။ ရန်ကုန်မြို့တွင်းသွားလာနိုင်ရမည်။ အကျင့်စာရိတ္တနှင့်ကျန်းမာရေးအထူးကောင်းမွန်ရမည်။ ညပိုင်းဆင်းနိုင်သူဦးစားပေးမည်။ ပေါင်းသင်းဆက်ဆံရေးကောင်းရမည်။

အမှတ်စဉ်(၃)အတွက် အသက်(၄၅)နှစ်အောက်၊ ယာဉ်မောင်းအတွေ့အကြုံအနည်းဆုံး (၅)နှစ်ရှိရမည်။ ညပိုင်းမောင်းနှင်နိုင်ရမည်၊ အနိမ့်ဆုံးအခြေခံပညာအလယ်တန်းအောင်မြင်ရမည်။အထက်ပါရာထူးများအားလုံးအခြေခံလစာနှင့် အတူခရီးစရိတ်၊ ထမင်းစရိတ်နှင့်အချိန်ပိုကြေးခံစားခွင့်ရှိသည်။ လုပ်ငန်းအတွေ့အကြုံပေါ်မူတည်၍ လခညှိနှိုင်းပေးပါမည်။

လျှောက်ထားလိုသူများသည်ကိုယ်ရေးရာဇဝင်နှင့် ဓာတ်ပုံ(၁)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်းအထောက်အထားမိတ္တူတို့နှင့် အတူ (၂၅. ၈. ၂၀၁၃)ရက်နေ့နောက်ဆုံးထား၍ အောက်ပါလိပ်စာသို့လာရောက်လျှောက်ထားနိုင်ပါသည်။

**လျှောက်ထားရန်** – 7Day News Journal
ဒိုင်းမွန်းကွန်ဒို (E)၊ ပထမထပ်၊ အမှတ် (၄၉၇)ပြည်လမ်း(၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ☎ ၀၁-၅၁၂၈၈၇

## ဝန်ထမ်းအလိုရှိသည်

▶ ဖြန့်ချိရေးဝန်ထမ်း (နေပြည်တော်) ကျား (၂)ဦး
▶ ဖြန့်ချိရေးဝန်ထမ်း (မန္တလေး) ကျား (၂)ဦး

- အသက် (၂၈)နှစ်အောက်၊ အခြေခံပညာအထက်တန်းအောင်ရမည်။
- အကျင့်စာရိတ္တနှင့် ကျန်းမာရေးကောင်းမွန်ရမည်။
- နေ့ညမရွေး တာဝန်ထမ်းဆောင်နိုင်ရမည်။

လျှောက်ထားလိုသူများကိုယ်ရေးရာဇဝင်နှင့်ဓာတ်ပုံ(၁)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ရပ်ကွက်ထောက်ခံစာ၊ ပညာအရည်အချင်းအထောက်အထားမိတ္တူတို့နှင့် အတူ (၃၀. ၈. ၁၃)ရက်နေ့နောက်ဆုံးထား၍ အောက်ပါလိပ်စာများသို့ လာရောက်လျှောက်ထားနိုင်ပါသည်။

**7 Day Daily သတင်းစာ**

**ပျဉ်းမနားရုံးခွဲ**
အမှတ်(၁၃/၄၂)၊ ဗိုလ်တာရာလမ်းသွယ်၊ မကျီးတောရပ်၊ ပျဉ်းမနားမြို့။ **ဖုန်း-၀၆၇ ၂၃၀၅၇**

**မန္တလေးရုံးခွဲ**
အခန်းအမှတ်(၄)၊ မြေညီထပ်၊ Hotel Mandalay.
အမှတ် (၆၅၂)၊ (၇၈)လမ်း၊ (၃၇လမ်းနှင့် ၃၈လမ်းကြား)၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။
**ဖုန်း-၀၂၇၁၅၈၃-၈၆ လိုင်းခွဲ ၇၁၀၊ ၀၉၄၃၀၁၀၇၄၇**

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.12, No.23 • AUGUST 14 , 2013

# ဝန်ထမ်းမြေကွက်တွင် ဓာတ်အားခွဲစက်ရုံ တည်ဆောက်သည့်အတွက်လျော်ကြေးရရန် တောင်းဆို

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဩဂုတ်- ၁၀**

မိုးကုတ်မြို့တွင် တပ်မတော်ဝန်ထမ်းများအပါအဝင် ဌာနဆိုင်ရာဝန်ထမ်းများအား ချပေးထားသည့် မြေကွက် ၇၄ ကွက် နေရာတွင် ခွင့်ပြုချက်မရှိဘဲ လျှပ်စစ်ဓာတ်အားခွဲရုံတည်ဆောက်ထားသည့် အတွက် လျော်ကြေးရရှိရန် သက်ဆိုင်ရာဌာနအသီးသီးသို့ တောင်းဆိုထားကြောင်း မြေသိမ်းခံ ဝန်ထမ်းများထံမှ သတင်းရရှိသည်။

လက်ရှိတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးရုံး၊တိုင်းလျှပ်စစ်အင်ဂျင်နီယာရုံး၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ မြို့နယ်မြေစာရင်းဦးစီးဌာနနှင့်အထူးစုံစမ်းစစ်ဆေးရေးကော်မတီ(စစစ)မိုးကုတ်ရုံးများသို့ တိုင်ကြားထားသည်။

သိမ်းယူခံရသည့် မြေနေရာများမှာ မိုးကုတ်မြို့နယ်မြေနေရာချထားရေးကော်မတီက ဝန်ထမ်းများအတွက် ၁၉၉၀ ပြည့်နှစ်က ချထားပေးခဲ့သော အိမ်မြေကွက်များဖြစ်သည်ဟုအဆိုပါဝန်ထမ်းများကပြောသည်။

“အချို့ဝန်ထမ်းတွေက မြေသိမ်းထားတာကို မသိကြဘူး။ အခုအဲဒီနေရာမှာတစ်ကွက်ကိုသိန်းတစ်ရာလောက်ပေါက်တယ်ဆိုပြီး ရောင်းဖို့လုပ်တဲ့အချိန်မှသိတဲ့သူတွေလည်းရှိတယ်။ ဘာလျော်ကြေးမှမရလို့ လျော်ကြေးရလိုမှုနဲ့ အခုစုပြီးတိုင်ထားကြတာပါ”ဟု မြေပိုင်ရှင်ဝန်ထမ်းတစ်ဦးကပြောသည်။

ထိုမြို့ကွက်သစ်မြေနေရာများမှာ မင်းတံတားအုပ်စု၊ ထင်းယားပင်အချပ်(၁)ရပ်ကွက်တွင်ရှိပြီး စုစုပေါင်းပေ ၄၀-၆၀အကျယ်မြေကွက်များဖြစ်သည့် အတွက်မြေ လေးဧကကျော်ရှိ၍ ယင်းနေရာတွင် 66KV လျှပ်စစ်ဓာတ်အားလိုင်းခွဲရုံ တည်ဆောက်ထားရှိသည်ဟုဆိုသည်။

ဝန်ထမ်းများကို မြေနေရာပေးခြင်းမှာ တစ်ခါသာပေးလေ့ရှိသည့်အတွက် မြေနေရာပြန်လည်မရရှိပါကလည်း နစ်နာကြေးရရှိနိုင်ရန်အတွက် တိုင်ကြားတောင်းဆိုရခြင်းဖြစ်ကြောင်း မြေပိုင်ရှင်များက ပြောသည်။

အဆိုပါမြေများကို ၁၉၉၆ ခုနှစ်ခန့်က သိမ်းယူထားခြင်းဖြစ်ပြီးဝန်ထမ်းများထံ အကြောင်းကြားခြင်းမရှိသည့်အတွက် ဝန်ထမ်း အချို့မသိရှိကြဘဲ ယခုနောက်ပိုင်းတွင် မြေဈေးကြီးမားလာသည့်အတွက် ပြန်လည်ရောင်းချရန် စီစဉ်ကြရာမှသိမ်းယူထားသည်များကိုသိရှိသူများလည်းရှိသည်။

# ရာသီဥတုကောင်းလျှင် မိုးစပါးစိုက်ဧက တိုးချဲ့စိုက်ပျိုးမည်ဟု ချောင်းဦးမြို့နယ် ဒေသခံ တောင်သူများဆို

**မျိုးမင်းဦး**

**မုံရွာ၊ ဩဂုတ်- ၁၀**

မုံရွာခရိုင်၊ ချောင်းဦးမြို့နယ် အတွင်း မိုးစပါးစိုက်ခင်းများ စတင်ပျိုးထောင်လျက်ရှိပြီး ရာသီဥတုအခြေအနေ ကောင်းမွန်ပါက လက်ရှိ မိုးစပါးစိုက်ဧကထက် ပိုမို စိုက်ပျိုးသွားရန် စီစဉ်ထားကြောင်း ချောင်းဦးမြို့နယ်ဒေသခံ မိုးစပါးစိုက်တောင်သူများက ပြောကြားသည်။

“ချောင်းဦးမြို့နယ်၊ ကျီကုန်းကျေးရွာအနေနဲ့ မိုးစပါးစိုက်ဧက ၉၀၀ ကျော်ရှိတယ်။ လတ်တလော ချင်းတွင်းမြစ်ရေရလို့ စိုက်ပျိုးရေးအတွက် ဖူလုံသွားတယ်။ ရာသီကောင်းနေလို့ကတော့လက်ရှိမိုးစပါးစိုက်ဧကထက် ပိုစိုက်ဖို့စီစဉ်ထားပါတယ်။ ဒီဒေသမှာစိုက်တဲ့ စပါးမျိုးကတော့ သုခအမျိုးအနွယ်ဖြစ်တဲ့။ ဆင်းသုခ၊ မနောသုခစတဲ့ သက်လတ် စပါးမျိုးတွေ စိုက်တာပိုများတယ်” ဟု ကျီကုန်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးတင်လင်းက ပြောကြားသည်။

ချောင်းဦးမြို့နယ်၊ ခင်မွန်ကျေးရွာဒေသခံ မိုးစပါးစိုက်တောင်သူတစ်ဦးက “ဒီဒေသမှာစပါးစိုက်နိုင်တာ ချင်းတွင်းမြစ်ရေရလို့ပါ။ မုံရွာမြို့နယ် ပေါက်ပင်ချောင်းနဲ့ ချောင်းဦးမြို့နယ်၊ ထန်းတောကြီးချောင်းကနေတစ်ဆင့်ပြီးခဲ့တဲ့လတုန်းက ချင်းတွင်းမြစ်ရေဝင်လာတဲ့အတွက်ပါ။ နည်းနည်းကုန်ကျတဲ့အပိုင်းကတော့ မိုးကောင်းမှ မိုးစပါးစိုက်နိုင်မယ်” ဟု ပြောသည်။



မုံရွာမြို့နယ် ပေါက်ပင်ချောင်းနှင့် ချောင်းဦးမြို့နယ်၊ ထန်းတောကြီးချောင်းမှတစ်ဆင့် ချင်းတွင်းမြစ်ရေရရှိသောကြောင့် ချောင်းဦးမြို့နယ်အတွင်း ခင်မွန်ကျေးရွာ၊ ကျီကုန်းကျေးရွာ၊ အောင်ချမ်းသာကျေးရွာ၊ ချောင်းမနားကျေးရွာ၊ ကင်ပွန်းတော်ကျေးရွာ စသည့် ကျေးရွာ စိုက်ကွင်းများအတွင်း ချင်းတွင်းမြစ်ရေဖြင့် မိုးစပါးစိုက်ပျိုးနိုင်ခြင်းဖြစ်ကြောင်း သိရှိရသည်။ ယခုရက်ပိုင်းအတွင်း ရွာသွန်းသော မိုးကြောင့် ချောင်းဦးမြို့နယ်အတွင်း ကုန်းမြင့်ပိုင်းဒေသများတွင် မြေပဲ၊ နှမ်းနှင့် ပဲမျိုးစုံစိုက်ခင်းများ စတင်စိုက်ပျိုးနေပြီဖြစ်ကြောင်း ဒေသခံတောင်သူများက ပြောသည်။

# နာဂဒေသ ပညာရေးဝန်ထမ်း လိုအပ်ချက်၏ ထက်ဝက်ကျော်သာ နေ့စားလပေးခန့်ထား

**နန်းအောင်**

**ရန်ကုန်၊ ဩဂုတ် ၁၀**

နာဂဒေသ စာသင်ကျောင်းများအတွက် နေ့စားလပေးပညာရေးဝန်ထမ်း ၁၆၀ ကျော် ခန့်ထားပေးပြီးဖြစ်ကြောင်း စစ်ကိုင်းတိုင်းပညာရေးညွှန်ကြားရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းအောင်က ပြောသည်။

နာဂဒေသမြို့နယ် သုံးခုဖြစ်သည့် လေရှီးမြို့နယ်တွင် ၂၁ ဦး၊ လဟယ်မြို့နယ်တွင် ၇၀ ဦး၊ နန်းယွန်းမြို့နယ်တွင်၇၈ဦးခန့်ထားပေးခဲ့သည်။ “ဝေးလံတဲ့ဒေသကျောင်းတွေအတွက် ခန့်ထားပေးတာပါ။ အော်ဒါလည်းကျပါပြီ။ တချို့ဆရာတွေလည်း သွားနေကြပြီ” ဟု ဦးသန်းအောင်ကပြောသည်။

နာဂဒေသတွင် လက်ရှိဒေသဦးစီးအဖွဲ့၏ စာရင်းများအရ နာဂမြို့နယ်စာသင်ကျောင်းများအတွက် မူလတန်းပြဆရာ ၁၇၅ ဦး၊ မူလတန်းကျောင်းအုပ် ၇၂ ဦး၊ အလယ်တန်းနည်းပြ ဆရာ ၁၇ ဦး၊ အထက်တန်းပြဆရာ ၄၁ ဦး၊ အထက်တန်းကျောင်းအုပ် နှစ်ဦး လိုအပ်မှုရှိနေပြီး ယခုခန့်ထားသည့် နေ့စားလပေး ပညာရေးဝန်ထမ်းများမှာ မူလတန်းပြ ဆရာများဖြစ်သည်ဟု ဆိုသည်။

ဒေသဦးစီးအဖွဲ့စာရင်းများအရ နာဂမြို့နယ်များတွင် စာသင်ကျောင်းပေါင်း ၂၅၀ ကျော်ရှိပြီး ယင်းစာသင်ကျောင်းများတွင် တာဝန်ထမ်းဆောင်ရန် ပညာရေးဝန်ထမ်းအင်အား ၃၀၀ ကျော်လိုအပ်နေကြောင်း သိရသည်။






**Embassy of Switzerland in Myanmar**
**SPEEDBOAT FOR SALE**

Swiss Agency for Development and Cooperation wants to sell a speedboat, in use in Ayeyarwaddy Division, based in Bogale.
Specification:
1) Engine – Yamaha 2 Stroke 150 Hp Outboard engine (Octane + 2T oil)
   a) Installed in June 2013
   b) Up to running hour (70 hrs ++)
2) Control box, steering and battery starter
3) Capacity – driver + 7 persons
4) Size – (length - 22' x width - 6.5' x high - 3.5')
5) Boat – fiberglass hull with 8 seats, roof and fuel tank (cap. 100 gallons)
6) Additional engine - Yamaha 2 Stroke 150 Hp Outboard engine (Octane + 2T oil)
   a) Installed in September 2012
   b) Up to running hour (420 hrs)
7) Price – Bid quotations start from USD 9'500 (10% payment with bid winning and 90% with vehicle delivery)

*Option 1:* *Speedboat with installed Yamaha 150 Hp engine + additional Yamaha 150 Hp engine recently serviced.*

*Option 2:* *Speedboat with installed Yamaha 150 Hp engine + additional Yamaha 150 Hp engine recently serviced + taking over boat driver who has boat driving license as well as car driving license and worked for SDC since 2009 up to now (option-2 is preferred)*

Please send sealed envelope to:
Embassy of Switzerland in Myanmar
11 Kabaung Lane, 5 ½ Mile, Pyay Road, Hlaing Township, Yangon, Telephone: +95 1 534754 / 512873,507089 http:// www.eda.admin.ch/yangon



**ထက်မာန်** လိုင်စင်အမှတ် – (၁၄၈/၂၀၁၂၊၂၈/၂၀၁၃)

**ပြည်တွင်း/ပြည်ပ အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီ**

စင်္ကာပူနိုင်ငံသို့ ထက်မာန်ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီမှ အလုပ်အကိုင်အခွင့်အလမ်းကောင်းများနှင့်မြင့်မားသောလစာများရရှိအောင်ရှာဖွေချိတ်ဆက်၍(Work Permit) ဖြင့်အလုပ်လုပ်ကိုင်လိုသောယောကျ်ားလေး၊ မိန်းကလေးများကိုအကြွေးစနစ်ဖြင့်ပို့ဆောင်စေလွှတ်ပေးနေပါသည်။

စင်္ကာပူနိုင်ငံအသိအမှတ်ပြု (BCA)(Building & Construction Authority) Low Levy လက်မှတ်ရ သင်တန်းကျောင်းကိုလည်း သင်တန်းကြေးသက်သာစွာဖြင့်ဖွင့်လှစ်ထားပါသည်။

★ သင်တန်းအမျိုးအစား – လက်သမား၊ သံချိ သံကွေး – သင်တန်းကာလ(၂)လ သင်တန်းပြီးဆုံးပါက စင်္ကာပူနိုင်ငံသို့ အကြွေးစနစ်ဖြင့်စေလွှတ်ပေးပါသည်။ တစ်လလျှင်S$900 - 1100 (မြန်မာငွေ၆သိန်းမှ ၇သိန်းခွဲ)ရရှိမည်ကိုအာမခံပါသည်။

စင်္ကာပူနိုင်ငံသို့ အိမ်အကူအလုပ်ဖြင့်သွားရောက်အလုပ်လုပ်ကိုင်လိုသော မိန်းကလေးများကိုသင်တန်း(၂)လ ပေး၍အကြွေးစနစ်ဖြင့်တရားဝင်စေလွှတ်ပေးပါမည်။ (၁)လလျှင် $S400+OT (ခရိုတ်ငြိမ်း) မြန်မာငွေ (၃)သိန်းရရှိမည်။ စိတ်ဝင်စားသူများလာရောက်စုံစမ်းဆက်သွယ်နိုင်ပါသည်။

★ပြည်တွင်းအလုပ်အကိုင်များကိုလည်း မိမိနှင့်သင့်လျော်မည့်ရာထူးအလိုက်ဝန်ဆောင်မှုအခမဲ့ဖြင့်လာရောက်လျှောက်ထားနိုင်သည်။

အမှတ်(၁၉၄) ၊ ပထမထပ် ၊မိုလ်ချုပ်လမ်းနှင့်သိမ်ဖြူမီးပွိုင့်အနီး၊ ဗိုလ်တထောင်မြို့နယ် ၊ ရန်ကုန်တိုင်း။
ဖုန်း– ၀၉ ၄၅၀၀ ၆၁၉၆၇၊ ၀၉ ၄၅၀၀ ၄၉၉၈၄၊ ၀၉ ၃၁၆၇ ၅၃၇၅၊ ၀၉ ၃၁၀၃၁ ၈၈၈။
Email - htetmann@gmail.com , htetmannlocalservice05@gmail.com (ရုံးချိန်အတွင်းသာ)

Education

7 DAY NEWS JOURNAL

Vol.12, No.23 • AUGUST 14 , 2013

# ဂျာမနီတက္ကသိုလ်နှင့် မြန်မာတက္ကသိုလ်များ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီမှု လက်မှတ်ရေးထိုး

**နေလင်းထွန်း**

**ရန်ကုန်၊ဩဂုတ်-၁၀**

ဂျာမနီနိုင်ငံမှ နည်းပညာတက္ကသိုလ်တစ်ခုဖြစ်သည့် University of Applied Sciences Georg Agricola နှင့် ရန်ကုန်၊ မန္တလေး နည်းပညာတက္ကသိုလ်များ ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရန် သဘောတူလက်မှတ်ရေးထိုးခဲ့ကြောင်း သတင်းရရှိသည်။

ထို့အပြင် မန္တလေးတက္ကသိုလ်နှင့် ဂျာမနီတက္ကသိုလ်တစ်ခုဖြစ်သော University of Cologne တို့သည်လည်း ပူးပေါင်းဆောင်ရွက်ကြရန် ဩဂုတ် ၈ ရက်က အသီးသီးသဘောတူ လက်မှတ်ရေးထိုးခဲ့ကြသည်။

အလားတူ University of Cologne, University of Heidelberg, University of Applied Sciences Westfalen နှင့် ဂျာမန်အစိုးရပညာရေးအဖွဲ့ အစည်းဖြစ်သော DAAD တို့သည် ဂျာမန်အဆင့်မြင့်ပညာရေးနှင့် သုတေသနအခွင့်အလမ်းများ အကြောင်းကို ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်တို့တွင် လာရောက်ဆွေးနွေးခဲ့ကြပြီး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူလက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

ဂျာမနီနိုင်ငံတွင် ပညာသင်ယူရန် အခွင့်အလမ်းများ၊ ပညာသင်ဆု အစီအစဉ်များ၊ သုတေသနစီမံချက်များ၊ တက္ကသိုလ်များအကြား နည်းပညာဖလှယ်မှုများအကြောင်းကို ဂျာမန်တက္ကသိုလ်များနှင့် အဖွဲ့အစည်းများက ဆွေးနွေးခဲ့ကြပြီး သတင်းအချက်အလက်များ ဖလှယ်ခဲ့ကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဂျာမနီနိုင်ငံသည် မြန်မာနိုင်ငံနှင့် ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ကူညီထောက်ပံ့မှုများ တိုးမြှင့်လုပ်ဆောင်သွားရန် ကြေညာထားပြီး လက်ရှိချိန်တွင် ပညာသင်ဆုအစီအစဉ်များ ပေးအပ်နေခြင်းနှင့် ဂျာမန်ပညာရှင်များကို ရန်ကုန်တက္ကသိုလ်တွင် စေလွှတ်သင်ကြားပို့ချနေလျက်ရှိသည်။



*၂၀၁၂-၁၃ ပညာသင်နှစ်မှစ၍ ပြန်လည်အသက်ဝင်လာသည့် ရန်ကုန်နည်းပညာတက္ကသိုလ်* ဓာတ်ပုံ-နေလင်းထွန်း

# သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ တက္ကသိုလ်များကိုရွေးချယ်၍ နိုင်ငံတကာအဆင့် မြှင့်တင်ရန် ဆောင်ရွက်နေ

**နေလင်းထွန်း**

**ရန်ကုန်၊ ဩဂုတ်-၉**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ တက္ကသိုလ်များအားလုံးကို အဆင့်မြှင့်တင်ရန်အခက်အခဲရှိနေခြင်းကြောင့် တက္ကသိုလ်အချို့ကို ရွေးချယ်၍နိုင်ငံတကာအဆင့်မီလာစေရန် ကြိုးပမ်းနေကြောင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးကပြောသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ တက္ကသိုလ်များတွင် စက်ပစ္စည်းကိရိယာများ ဖြည့်ဆည်းနိုင်ရန် အခက်အခဲရှိနေပြီး တရုတ်နိုင်ငံနှင့်ပူးပေါင်းတည်ဆောက်မည့် ဓာတ်ခွဲခန်းသည် ကျောင်းသား၊ ကျောင်းသူများအတွက်အထောက်အပံ့ဖြစ်စေမည်ဖြစ်ကြောင်း တရုတ်နိုင်ငံနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှုဆွေးနွေးပွဲတွင် ဝန်ကြီးကပြောသည်။

"ကျွန်တော်တို့မှာ တက္ကသိုလ်အများကြီးဖြစ်နေတဲ့ အတွက်အားလုံးကို စက်ပစ္စည်းကိရိယာပြည့်စုံအောင်ဖြည့်ဆည်းပေးဖို့က အခက်အခဲရှိပါတယ်။မြန်မာသိပ္ပံနှင့် နည်းပညာသုတေသနဦးစီးဌာနမှာ အမျိုးသားဓာတ်ခွဲခန်းကို တည်ထောင်လိုက်ခြင်းအားဖြင့် ဒီဓာတ်ခွဲခန်းကိုကျောင်းတွေရော၊ကျန်တဲ့ဝန်ကြီးဌာနအောက်က ကျောင်းတွေပါ အသုံးပြုနိုင်မှာပါ"ဟု ဒေါက်တာကိုကိုဦးကဆိုသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်တွင် နည်းပညာတက္ကသိုလ် ၃၂ခု၊ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်တစ်ခုနှင့် ကွန်ပျူတာတက္ကသိုလ် ၂၅ခုတို့ရှိနေပြီး လွန်ခဲ့သောပညာသင်နှစ်က ကျောင်းသား၊ကျောင်းသူတစ်သောင်းကျော်နှင့် လာမည့်ပညာသင်နှစ်အတွက် ငါးထောင်ကျော်ကို ဝင်ခွင့်လျှော့ချလက်ခံခဲ့သည်။

"ဒီတက္ကသိုလ်အားလုံးကို အဆင့်မြှင့်တင်ဖို့ အခက်အခဲရှိပါတယ်။မြန်မာနိုင်ငံအနေနဲ့ နောက်ကျခဲ့တဲ့အတွက် အစိုးရသစ်လက်ထက်မှာ နိုင်ငံတကာအဆင့်မီတွေပေါ်ထွန်းလာစေဖို့ကြိုးပမ်းနေပါတယ်။ကျွန်တော်တို့အနေနဲ့ တက္ကသိုလ်ခြောက်ခုကို အဆင့်မြင့်တက္ကသိုလ်များအဖြစ်ရွေးချယ်ပြီး ပထမဆုံးအဆင့်မြှင့်တင်ဆောင်ရွက်နေပါတယ်"ဟု ပြည်ထောင်စုဝန်ကြီးကပြောသည်။

ရန်ကုန်နည်းပညာတက္ကသိုလ်၊ မန္တလေးနည်းပညာတက္ကသိုလ်၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်(အဆင့်မြင့်)၊ မန္တလေးကွန်ပျူတာတက္ကသိုလ်(အဆင့်မြင့်)၊ နည်းပညာတက္ကသိုလ်(ရတနာပုံဆိုက်ဘာစီးတီး)နှင့်လေကြောင်းနှင့်အာကာသပညာတက္ကသိုလ်တို့ကို အဆင့်မြင့်တက္ကသိုလ်များအဖြစ် ဆောင်ရွက်နေခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင်ဝန်ကြီးဌာန ၁၂ခုအောက်၌ တက္ကသိုလ်၊ကောလိပ်စုစုပေါင်း ၁၇၀ကျော်ရှိနေပြီး ပညာရေးဝန်ကြီးဌာနသည် ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်တို့ကို အဆင့်မြင့်တက္ကသိုလ်များအနေဖြင့် လာမည့်ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်မည်ဖြစ်သည်။

စစ်အစိုးရလက်ထက်တွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများအားလုံး၌ တက္ကသိုလ်၊ ကောလိပ်များ တည်ဆောက်ဖွင့်လှစ်ရန်မူဝါဒကိုကျင့်သုံးခဲ့ရာ ၂၅နှစ်ကာလတွင် တက္ကသိုလ်၊ကောလိပ်ပေါင်း ၁၃၀ကျော်တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့သော်လည်း အိမ်နီးချင်းနိုင်ငံများနှင့်နှိုင်းယှဉ်လျှင်ပင် နိမ့်ကျသောပညာရေးဖြစ်နေကြောင်း ဝေဖန်ခံနေရသည်။

# အဆင့်မြင့်ကွန်ပျူတာ တက္ကသိုလ်ဝင်ခွင့် အမှတ်တိုးမြှင့် သတ်မှတ်

**နေလင်းထွန်း**

**ရန်ကုန်၊ဩဂုတ်-၁၀**

တက္ကသိုလ်ဝင်စာမေးပွဲတွင် စုစုပေါင်းရမှတ် ၄၈၀ နှင့်အထက် ရရှိသူများသာ ရန်ကုန်နှင့်မန္တလေးမြို့တို့ရှိ အဆင့်မြင့်ကွန်ပျူတာတက္ကသိုလ်တို့တွင် ဝင်ခွင့်လျှောက်ထားနိုင်မည်ဖြစ်ကြောင်း ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်တွင် ဖော်ပြထားသည်။

ယခင်ပညာသင်နှစ်က အနိမ့်ဆုံးတက္ကသိုလ်ဝင် စာမေးပွဲရမှတ် ၄၅၀ နှင့်အထက် ရရှိသူများကို လျှောက်ထားခွင့်ပြုခဲ့ရာ ယခုပညာသင်နှစ်တွင် ထပ်မံတိုးမြှင့်သတ်မှတ်လိုက်ခြင်းဖြစ်သည်။

ယခင်ပညာသင်နှစ်က အဆင့်မြင့်တက္ကသိုလ်အဖြစ် သတ်မှတ်ထားသော ရန်ကုန်ကွန်ပျူတာတက္ကသိုလ် (ဗဟန်းနယ်မြေ)တွင်တက္ကသိုလ်ဝင်စာမေးပွဲရမှတ် ၄၇၃ မှတ်နှင့်အထက် ရရှိခဲ့သူများ၊ မန္တလေးကွန်ပျူတာတက္ကသိုလ်တွင် ၄၅၀ နှင့်အထက် ရရှိခဲ့သူများ ဝင်ခွင့်ရရှိခဲ့သည်။

အဆင့်မြင့်ကွန်ပျူတာတက္ကသိုလ်များတွင် ပညာသင်ယူရန် ကျောင်းသား၊ ကျောင်းသူ ၄၀၀ ဦးကိုလက်ခံသွားမည်ဖြစ်ပြီး သင်တန်းကာလ ငါးနှစ်ဖြစ်ကာ ဘာသာရပ် ခုနစ်မျိုးအတွက် ကွန်ပျူတာဆိုင်ရာဘွဲ့ ပေးအပ်နေသည်။

ပုံမှန်ဖွင့်လှစ်နေသော ကွန်ပျူတာတက္ကသိုလ်များတွင် ဝင်ခွင့်လျှောက်ထားမည့် ကျောင်းသားများအနေဖြင့် တက္ကသိုလ်ဝင်စာမေးပွဲရမှတ် ၃၅၆ မှတ်နှင့် အထက်ရရှိသူများ လျှောက်ထားရန် သတ်မှတ်ထားပြီး ယခင်နှစ်ထက် ကျောင်းသား ၁,၇၆၀ ဦး လျှော့ချလက်ခံသွားမည်ဖြစ်ကြောင်း ကြေညာထားသည်။




DAIKIN
ဂျပန်ပြည်မှ
အေးမြသောလေညှင်းများကို
ကြိုဆိုပါသည်။
ဂျပန်နိုင်ငံ နံပါတ် (၁)
အထူးလေအေးပေးစက်ပညာရှင်မှ
မြန်မာနိုင်ငံအားအေးမြသွားအောင်
ဆောင်ရွက်ပေးနေပါသည်။
ဂျပန်နိုင်ငံမှ အထူးလေအေးပေးစက်ပညာရှင်ဖြစ်သော ဒိုင်ကင်း (Daikin) သည် မြန်မာနိုင်ငံတွင် မိတ်ဆွေတို့၏ စီးပွားရေးသုံး၊ အိမ်သုံးလိုအပ်ချက် အားလုံးကို ဆန်းသစ်တီထွင်မှု၊ အေးမြမှု၊ သက်တောင့်သက်သာရှိမှုတို့ဖြင့် ဖြည့်ဆည်းပေးနေပါသည်။
Yangon University Diamond Jubilee Hall
Diamond Condo
SHWE LI BBQ
ဝမ်းမြောက်ဝမ်းသာစွာကြေညာအပ်ပါသည်။
POH MENG MYANMAR CO.LTD
AUTHORISED SERVICE AGENT AND PARTS CENTER
အမှတ် (၄၉၇)၊ G – ၁၁၊ ဒိုင်းမွန်းကွန်ဒို တာဝါ B ၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊
ရန်ကုန်၊ မြန်မာ။
ဖုန်း / ဖက်စ် +၉၅ ၉ ၇၃၂၂ ၇၉၆၃ / +၉၅ ၉ ၃၁၅၉ ၃၆၇၃
Air-Condition Related Products Trading Co., Ltd
Ywar Taw International Trading Co. Ltd
Zeya & Associates
နေရာတိုင်းမှာသင်နှင့်အတူ

7DAY NEWS JOURNAL
Vol.12, No.23 • AUGUST 14 , 2013



# သင်္ဘောသားကျွမ်းကျင်စာမေးပွဲတွင် အပျော်စီးသင်္ဘောလိုင်း လုပ်သက်ကို လတ်တလော ထည့်တွက်ရန်မရှိ

**နိုင်နိုင်စိုး**

**ရန်ကုန်၊ဩဂုတ်-၁၁**

သင်္ဘောသားကျွမ်းကျင် စာမေးပွဲများဖြေဆိုရာတွင် အပျော်စီးသင်္ဘောလိုင်းလုပ်သက်ထည့်မတွက်ခြင်းကို လတ်တလောတွင် လျှော့ပေါ့မည်မဟုတ်သေးကြောင်း ရေကြောင်းညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။

သင်္ဘောသားကျွမ်းကျင်မှု စာမေးပွဲဖြေဆိုရာတွင်ပင်လယ်ပြင်လုပ်သက် သုံးနှစ်သတ်မှတ်ထားသော်လည်း အပျော်စီးသင်္ဘောလိုင်းများ၏ လုပ်သက်ကို ထည့်မတွက်ခြင်းကြောင့် သင်္ဘောသားများ အခက်အခဲဖြစ်သည့်အတွက် ပြန်လည်ဖြေလျှော့ရန် သင်္ဘောသားအများစုကလိုလားနေသည်ဟုဆိုသည်။

အပျော်စီးသင်္ဘောလိုင်းများသည် လစာများခြင်း၊ လုံခြုံမှုရှိခြင်းတို့ကြောင့် ယခုကဲ့သို့ အလုပ်အကိုင်ရှားပါးချိန်တွင်တက်ရောက်လိုသူများသော်လည်း ရေကြောင်းဌာန အရာရှိ စာမေးပွဲဖြေရာတွင် လုပ်သက်ထည့်မတွက်ခြင်းကြောင့် သင်္ဘောသား အများစုမှာ ထိုလိုင်းများကို တက်ရောက်ရန် အခက်အခဲများရှိကြောင်း သင်္ဘောသားအရာရှိ တစ်ဦးကပြောသည်။

အပျော်စီးသင်္ဘောလိုင်းလုပ်သက်ထည့်မတွက်ခြင်းကို လွန်ခဲ့သည့် သုံးနှစ်ဝန်းကျင်မှစ၍ ကျင့်သုံးခဲ့ပြီး ယင်းသင်္ဘောလိုင်းများနှင့် အခြားသင်္ဘောလိုင်းများသည် အလုပ်အကိုင် သဘာဝချင်းမတူညီသည့်အတွက် လုပ်သက်ထည့်မတွက်ခြင်းဖြစ်ကာလ အနည်းငယ်လိုအပ်ပါက အထက်သို့ တင်ပြ၍ လျှော့ပေါ့ပေးလျက်ရှိကြောင်းရေကြောင်းညွှန်ကြားမှုဦးစီးဌာနမှ ဒုညွှန်မှူးကပြောသည်။

"လုပ်ငန်းသဘာဝချင်းမတူတော့ အရာရှိတစ်ယောက်အနေနဲ့ လုပ်နိုင်မှာ မဟုတ်ဘူး။ အရည်အချင်းအရလည်း ကွာသွားတဲ့အတွက် အခြားသင်္ဘောလိုင်းမှာ လုပ်ကိုင်နိုင်တဲ့ လက်မှတ်ကို မပေးနိုင်ဘူးလို့ယူဆတဲ့အတွက် လုပ်သက်ထည့်မတွက်တာ"ဟု ဒုညွှန်မှူးကဆိုသည်။

လက်ရှိမြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော သင်္ဘောသားဦးရေမှာ ၇၅,၀၀၀ ခန့်ရှိပြီး ကိုရီးယား၊ တိုင်ပေ၊ စင်ကာပူ၊ မလေးရှားနိုင်ငံများတွင် သွားရောက်တာဝန်ထမ်းဆောင်မှုများပြားသည်။

# သင်္ဘောသားများ ရပိုင်ခွင့်အကာအကွယ်ပေးမည့် ပင်လယ်ရေကြောင်းလုပ်သားသဘောတူညီချက် ဩဂုတ် ၂၀တွင် စတင်အသက်ဝင်မည်

**နိုင်နိုင်စိုး**

**ရန်ကုန်၊ဩဂုတ်-၁၁**

သင်္ဘောသားများ၏ အခြေခံရပိုင်ခွင့်များကို ထိရောက်စွာ အကာအကွယ်ပေးနိုင်မည့် ပင်လယ်ရေကြောင်းလုပ်သားသဘောတူညီချက်(MLC 2006) သည် ဩဂုတ် ၂၀ရက်တွင်စတင် အသက်ဝင်မည်ဟု သတင်းရရှိသည်။

MLC 2006 ကို မြန်မာနိုင်ငံတွင် လိုက်နာပါက လွတ်လပ်စွာ အသင်းဖွဲ့စည်းခြင်းနှင့် အကျိုးသက်ရောက်မှုရှိသည့် ညှိနှိုင်းဈေးဆစ်ပိုင်ခွင့်ကို ထိထိရောက်ရောက်အသိအမှတ်ပြုပေးခြင်း၊ ဖိအားပေး၍ အခမဲ့အလုပ်စေခိုင်းခံရခြင်း၊ အလုပ်ခန့်ထားခြင်းနှင့် ရာထူးပေးခြင်းဆိုင်ရာကိစ္စများတွင်ခွဲခြားဆက်ဆံခြင်းစသည်တို့လျော့နည်းလာပြီး သင်္ဘောသားများ၏ အခြေခံရပိုင်ခွင့်များကို အကာအကွယ်ပေးနိုင်မည်ဖြစ်သည်။

MLC2006အချက်များသည် စစ်ရေယာဉ်များနှင့် စစ်ဆင်ရေးအထောက်အကူပြုရေယာဉ်များမှ လွဲ၍ သင်္ဘောသားအားလုံးနှင့် သက်ဆိုင်သည်။

ထို့အပြင် သင်္ဘောသားများသည် သင်္ဘောပေါ်တွင်ပြဿနာတစ်စုံတစ်ခုပေါ်ပေါက်ပါကရေကြောင်းလုပ်သားသဘောတူညီချက် ၂၀၀၆ မူအရ တရားဝင်တိုင်တန်းနိုင်ကြောင်း ရေကြောင်းညွှန်ကြားမှုဦးစီးဌာနမှတာဝန်ရှိသူ တစ်ဦးကပြောသည်။

"MLC2006ကိုကျင့်သုံးသင့်တာတော့ကြာပြီ။အခြားနိုင်ငံတွေမှာ သင်္ဘောသားတွေအခွင့်အရေးကို သူတို့နိုင်ငံတွေက အပြည့်အဝအကာအကွယ်ပေးထားတာ။ မြန်မာသင်္ဘောသားတွေက အဲဒီလိုမရှိဘူး" ဟု သင်္ဘောသား အရာရှိတစ်ဦးကပြောသည်။

ထို့အပြင် MLC 2006တွင် မြန်မာအလံလွှင့်ထူထားသည့် နိုင်ငံရပ်ခြားသွားသင်္ဘောများသည်လည်း ဩဂုတ် ၂၀မတိုင်မီ IMO မှ ချမှတ်ထားသည့် စံနှုန်းနှင့်ကိုက်ညီရန်ပြင်ဆင်ထားရန်လိုအပ်ကြောင်းဒုညွှန်မှူးကဆိုသည်။"အဲဒီအတွက်လည်း သင်္ဘောတွေကို စစ်ဆေးဖို့လုပ်နေတယ်။ မြန်မာနိုင်ငံအလံလွှင့်ထားတာကတော့ကြယ်ငါးပွင့်သင်္ဘောတွေပဲရှိတယ်"ဟု ၎င်းကပြောသည်။

၂၀၀၆ ဖေဖော်ဝါရီ ၂၃ရက်၌ ILO ၏(၉၄)ကြိမ်မြောက်အထွေထွေညီလာခံတွင် အဖွဲ့ဝင်နိုင်ငံများသည် ပင်လယ်ရေကြောင်း လုပ်သားသဘောတူညီချက် ၂၀၀၆ ကိုတညီတညွတ်တည်း လက်ခံအတည်ပြုခဲ့ကြသည်။



## Free Classified | ဝန်ထမ်းအလိုရှိသည် | အခမဲ့ကြော်ငြာကဏ္ဍ

1. Sales and Marketing Executive M (3)
2. Assistant Manager M (2)
3. Office Staff F (2)
4. Distribution Manager M (2)

No.15,East Race Course Road, Tamwe Township,Yangon.

-----

**ဝန်ထမ်းအလိုရှိသည်**

TSI Computer Training
Marketing Staff (2) Posts
အမှတ်(၂၀)၊၃လွှာ (B)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေဈေးအနီး။
ဖုန်း- ၀၁ ၈၆၀၄၃၀၃

-----

**အလိုရှိသည်**

စာရင်းကိုင် (Accountant) မတစ်ဦး အလိုရှိသည်။
Amazing Myanmar Scenery Travels & Tours Co., LTD PH: 01 555363

-----

**ဝန်ထမ်းအမြန်အလိုရှိသည်**

Admin (Senior Post) (1) ဦး အလိုရှိသည်။ ဆက်သွယ်ရန်-
ဖုန်း- ၀၁ ၅၈၅၄၄၉

-----

**ယာဉ်မောင်းတစ်ဦး အလိုရှိသည်**

Probox Taxi ကားမောင်းသမားတစ်ဦး အလိုရှိသည်။
ဖုန်း- ၀၉ ၈၆၁၉၆၆၁

-----

**အလိုရှိသည်**

၁။မန်နေဂျာ ကျား/မ (၁) ဦး
၂။ အထွေထွေဝန်ထမ်း ကျား (၁၀) ဦး
၃။ ရုံးဝန်ထမ်း ကျား (၂) ဦး
၄။ ယာဉ်မောင်း(ကျွမ်းကျင်)ကျား(၂)ဦး။
ဖုန်း- ၀၉ ၇၃၀ ၂၇၇၃၃
ကိုရီးယားဘာသာပြန် ကျား/မ (၅) ဦး
အမှတ်-၃၇၇၊ ကံ့ကော်မြိုင်လမ်းသွယ်၊ ၂၃ ရပ်ကွက်၊ သုဝဏ္ဏ၊သင်္ဃန်းကျွန်းမြို့နယ်။ ဖုန်း-၀၁ ၅၆၂၇၂၄

-----

**နဂါးပျံလက်ဖက်ခြောက်လုပ်ငန်း**

၁။ အရောင်းဝန်ထမ်း ကျား (၅) ဦး
၂။ ရုံးကားယာဉ်မောင်း ကျား (၆) ဦး
၃။ အိမ်ကားယာဉ်မောင်း ကျား (၂) ဦး
၄။ လုံခြုံရေး ကျား (၃) ဦး
ဖုန်း- ၀၁ ၅၂၃၄၉၆

-----

**အလိုရှိသည်**

ကလေးဝတ်ညှပ်သမား၊ ချုပ်ထည်ရုံ၊ တစ်ဦးချင်း။
အမှတ်(ပ-၂၁၁)၊ ပထမထပ်၊ မင်္ဂလာဈေး၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၀၄၃၁၅၈

-----

**ဝန်ထမ်းအလိုရှိသည်**

Thein Minn Co.,Ltd မှ DTP စာစီစာ ရိုက်ကျွမ်းကျင် မ ၁ ဦးအလိုရှိသည်။
ဖုန်း- ၀၁ ၅၅၈၃၃၈

-----

**ဝန်ထမ်းအလိုရှိသည်**

Winpex Blind Co.Ltd မှ ကိုရီးယားလိုက်ကာများချုပ်လုပ်ရန်အတွက် ၃၅ နှစ်မကြီးသူ Marketer အမျိုးသမီးဝန်ထမ်းများအလိုရှိသည်။
ဖုန်း- ၀၉ ၄၀၂၇၄၂၃၅၂

-----

**အမြန်အလိုရှိသည်**

၁။ အအေးဖျော်ဆရာ(ကျွမ်းကျင်)
၂။ အချက်အပြုတ်ကျွမ်းကျင်
၃။ စားပွဲထိုး/မုန့်ပို့
၄။ မီးဖိုချောင်အကူ/ပန်းကန်ဆေး
အမှတ်-၅၅၊ ရှမ်းကုန်းလမ်း၊ မြေညီထပ်၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်။

-----

**အမြန်အလိုရှိသည်**

1. Health Club Assistant (1)Post
2. Electrical Engineer/Technician (1) Post
3. Laundry Attendant (1) Post
ဖုန်း- ၀၁ ၆၅၀၆၅၁

-----

**ဝန်ထမ်းအလိုရှိသည်**

အထည်ချုပ်လုပ်ငန်း အတွက် အသက် ၂၀မှ ၃၀ နှစ်အကြား ကျန်းမာသန်စွမ်းသူ (အမျိုးသမီး)အလုပ်သမားများ အလိုရှိသည်။
ဖုန်း- ၀၁ ၃၈၀၆၀၂

-----

**ဝန်ထမ်းအလိုရှိသည်**

1. Admin staff M/F (1) Post
2. Sales Associate M/F (1) Post
အခန်း-၀၃၀၆၊ တတိယထပ်၊ ဒိုင်းမွန်းကွန်ဒို၊ တာဝါ(ဘီ)ပြည်လမ်း၊ ကမာရွတ်မြို့နယ်။
ဖုန်း- ၀၉ ၈၅၀ ၂၄၈၈

-----

**အလိုရှိသည်**

32 M.35M SQUARE တာဝါတိုင်နှင့် ဆက်စပ်သော အဆောက်အအုံများ EARTH (US GROUND) မြေစိုက်ကြိုး (မိုးကြိုးလွှဲ)လုပ်ငန်းများ ကြီးကြပ်နိုင်သူရှိပါသည်။
ဖုန်း- ၀၉ ၃၁၀၇၂၀၈၁

-----

**တစ်ပြည်လုံးဖိတ်ခေါ်**
**မော်ဒယ်ခုနစ်ဖော်**

သီချင်း VCD ကာဗာနှင့် ကြော်ငြာဝေါလ်ရှိရိုက်ကူးရန်အတွက် မော်ဒယ် မ (၇) ဦး အမြန်အလိုရှိသည်။
ဖုန်း- ၀၉ ၄၃၁၀၆၅၆၇

-----

**ဝန်ထမ်းအလိုရှိသည်**

၁။ စက်ချုပ်ကျွမ်းကျင် မ (၂) ဦး
၂။ စီးကွမ်းစ် မ (၁) ဦး
၃။ လက်ချုပ် မ (၁) ဦး
ဆယ်သွယ်ရန်-
ဖုန်း- ၀၉ ၅၁၅၄၉၈၅

-----

**အလိုရှိသည်**

ယာဉ်မောင်းအလိုရှိသည်။
ဖုန်း- ၀၉ ၄၂၀၀၂၆၈၆၆

-----

**ဝန်ထမ်းအလိုရှိသည်**

1. Secretary M/F (1) Post
2. စာရင်းကိုင် M/F (2) Posts
3. Driver M (2) Posts
ဖုန်း- ၀၉ ၇၃၄၉၁၃၃၉

-----

**ဝန်ထမ်းအလိုရှိသည်**

၁။ မန်နေဂျာ ကျား/မ (၁) ဦး
၂။ စာရင်းကိုင် မ (၂) ဦး
၃။ ရုံးဝန်ထမ်း ကျား/မ (၅) ဦး
၄။ ယာဉ်မောင်း ကျား (၂) ဦး
၅။ လုံခြုံရေး ကျား (၂) ဦး
ဖုန်း- ၀၁ ၅၄၂၁၁၁

-----

**အလိုရှိသည်**

ကလေးဝတ်
၁။ အညှပ်သမား
၂။ ချုပ်ထည့်ရုံ
၃။ တစ်ဦးချင်း
ဖုန်း- ၀၉ ၇၃၀၄၃၁၅၈

-----

**ဝန်ထမ်းအလိုရှိသည်**

အထည်ချုပ်လုပ်ငန်းအတွက် အသက် ၂၀မှ ၃၀ နှစ်အကြား ကျန်းမာသန်စွမ်းသူ (အမျိုးသမီး)အလုပ်သမားများ အလိုရှိသည်။
ဖုန်း- ၀၁ ၃၈၀၆၀၂

-----

**အရောင်းဝန်ထမ်းအလိုရှိသည်**

အမျိုးသမီး အရောင်းဝန်ထမ်း အလိုရှိသည်။ရန်ကုန်မြို့၊ ဗိုလ်ချုပ်အောင်ဆန်းဈေး၊ ကျောက်မျက်ရတနာဆိုင်တွင် တရုတ်စကားပြောကျွမ်းကျင်သူ။
ဖုန်း- ၀၉ ၅၁၁၇၁၅၂

-----

**ဝန်ထမ်းအလိုရှိသည်**

1. DTP (85000)
2. Design (100000)
3. Copier (75000)
ဖုန်း- ၀၉ ၄၃၀ ၂၅၆၁၅

-----

**ဝန်ထမ်းအလိုရှိသည်**

Maximum One Co.,Ltd
1.Marketing (5) Posts
2. Office Staff (3) Posts
maximumone.company@gmail.com သို့ပေးပို့လျှောက်ထားနိုင်ပါသည်။

-----

**အချိန်ပိုင်းဝန်ထမ်းအလိုရှိသည်**

Vinyl ရိုက်၊ လက်ကမ်းစာစောင်ဝေရန် (အချိန်ပိုင်း)ဝန်ထမ်းအလိုရှိသည်။
ဖုန်း-၀၉-၄၃၁၉၂၆၈၄

-----

**ဝန်ထမ်းအလိုရှိသည်**

အင်တာနက်ကျွမ်းကျင်၍ စာရင်းဇယားအတန်အသင့်နားလည်သူ မ(၁) ဦး။
Blg 3, Room 4, Myo Pya Aim Yar (North Side), 8Mile Mayangone.

-----

**ဝန်ထမ်းအလိုရှိသည်**

မော်တာစက်ချုပ်သမား မ (၂) ဦး
ဖုန်း- ၀၁ ၃၉၃၃၈၂

-----

**ဝန်ထမ်းအလိုရှိသည်**

1. Office Staff M/F (5) Posts
2. Computer Operator M/F (5) Posts
3. Accountant LCCI III F(5) Post
4. Marketing M/F (5) Posts
ဖုန်း- ၀၉ ၄၄၈၅၄၂၀၁၈

-----

**ဝန်ထမ်းအလိုရှိသည်**

ZEAL Collection
1. Designer (2) Posts
PH: 09 43042388

-----

**အလိုရှိသည်**

ကျောင်းသားများကို အုပ်ချုပ်ရန် အဆောင်မှူး ဆရာတစ်ဦး အလိုရှိသည်။
အမှတ်-၃၁၊ တန်းမြင့်ကျောင်းလမ်း၊ တောင်သူကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၀၆၁၃၆၈

-----

**အလိုရှိသည်**

1-Receptionist M/F (10) Posts
Corner of Bo Myat Tun Road & Maharbandoola Road, Bo Myat Tun Tower, Botahtaung TownShip.
PH: 01-298184

-----

**အလိုရှိသည်**

1. Post For Admin F (1) Post
No.132A,5B, Bargayar Road, Sanchaung Tsp, Yangon, Myanmar.
PH: 09-440002276

-----

**ဝန်ထမ်းအလိုရှိသည်**

၁။ ကိုရီးယားဘာသာပြန် မ (၂) ဦး
၂။ မဂ္ဂဇင်းဒီဇိုင်နာ ကျား/မ (၂) ဦး
ဖုန်း- ၀၉ ၇၃၁၈၄၂၀၈

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ်ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ်ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။

7DAY NEWS JOURNAL
Vol.12, No.23 • AUGUST 14 , 2013

စာမျက်နှာ(၅)မှ

## မိုးကုတ်မြေမှ ʻကျောက်ʼ ပျောက်သံများ

ပင်လယ်ရေမျက်နှာပြင်အထက် ပေသုံးထောင်ကျော်အမြင့်တွင်ရှိပြီး လူဦးရေ ၁၆၀,၀၀၀ ကျော်နေထိုင်သည့် မိုးကုတ်မြို့၏ အဓိကစီးပွားရေးလုပ်ငန်းမှာ ကျောက်မျက်ရတနာလုပ်ငန်းဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူအချို့ရှိသော်လည်း ဒေသခံအများစုမှာ ကျောက်မျက်ရတနာလုပ်ငန်းများဖြစ်သည့် ကျောက်မျက်တူးဖော်ခြင်း၊ ကျောက်သွေး၊ ကျောက်ဖြတ်၊ ကျောက်မျက်အရောင်းအဝယ်လုပ်ငန်းများဖြင့် အသက်မွေးကြသည်။ ကမ္ဘာကျော်အရည်အသွေးကောင်းပတ္တမြား၊နီလာများထွက်ရှိရာ မိုးကုတ်ဒေသမှာ ၁၉၉၀ ပြည့်နှစ် မတိုင်မီအထိ ကျောက်မျက်လုပ်ငန်းဖြင့် စီးပွားဖြစ်ထွန်းခဲ့ကြပြီး ကျောက်မျက်တူးဖော်ရေးလုပ်ငန်းများမှာ ဒေသခံများအတွက်သာမက မြန်မာနိုင်ငံတစ်ဝန်းမှ မိုးကုတ်ဒေသသို့လာရောက်လုပ်ကိုင်သော လုပ်သားပြည်သူများအတွက်ပါ စီးပွားရေးပြေလည်စေခဲ့သည်။

၁၉၉၀ပြည့်နှစ်နောက်ပိုင်း မိုးကုတ်ကျောက်မျက်တူးဖော်ရေးလုပ်ငန်းများတွင် ဒေသခံများကို တစ်နိုင်တစ်ပိုင်လုပ်ကိုင်ခွင့်မပြုတော့ဘဲ အစိုးရနှင့် အကျိုးတူဖက်စပ်လုပ်ကိုင်သည့် ကုမ္ပဏီကြီးများကိုသာ လုပ်ကိုင်ခွင့်ပြုပြီးနောက်ပိုင်း မြို့၏စီးပွားရေးဆက်တိုက်ကျဆင်းခဲ့ကြောင်း ဒေသခံများကပြောသည်။ တစ်နိုင်တစ်ပိုင်တူးဖော်ခွင့်မရတော့၍ ကျောက်ပွင့်ပြီး ချမ်းသာသွားသူမရှိသလောက်နည်းသွားသည်။ အစိုးရနှင့်ဖက်စပ်ကုမ္ပဏီများမှာ တူးဖော်ထွက်ရှိလာသည့် ကျောက်မျက်ရတနာများကို ဒေသခံကျောက်မျက်အချောထည်လုပ်ငန်းများ၊ ကျောက်သွေး၊ ကျောက်ဖြတ်လုပ်ငန်းများသို့ ဦးစားပေးရောင်းချခြင်းမရှိတော့ဘဲ အစိုးရမှ ဦးစီးကျင်းပသည့် ကျောက်မျက်ပြပွဲများတွင် ပြသရောင်းချရာ မိုးကုတ်ဒေသရှိ ကျောက်မျက်အချောထည်လုပ်ငန်းအများစု ကုန်ကြမ်းရှားပါးကာ လုပ်ငန်းရပ်နားထားရသည်အထိ ဖြစ်လာပြီးကျောက်မျက်ကုန်ကြမ်းရှားပါးမှုမှာ အချောထည်လုပ်ငန်းများသာမကအရောင်းအဝယ်လုပ်ငန်းများပါ ထိခိုက်ခဲ့ကြောင်း မိုးကုတ်ဒေသခံများကပြောသည်။

“ထာပွဲဈေးကိုလာတဲ့သူ ထက်ဝက်လောက်လျော့သွားတယ်။ ကျောက်ရှားတော့ အရောင်းအဝယ်မကောင်းဘူး။ အရင်းအနှီးများများနဲ့ ကျောက်မျက်ပြပွဲတွေသွားပြီး ကျောက်ဝယ်နိုင်တဲ့သူတွေလောက်ပဲ လက်ထဲမှာ ကုန်ကြမ်းရှိပြီးသူတို့ကိုအားကိုးပြီးတော့ အရောင်းအဝယ်လုပ်နေရတယ်”ဟု မိုးကုတ်မြို့ပန်းခြံထာပွဲဈေးမှ ကျောက်မျက်ကုန်သည် ဒေါ်ယဉ်ယဉ်မေက လက်ရှိမိုးကုတ်မြို့၏ ကျောက်မျက်ဈေးကွက်အခြေအနေကိုပြောသည်။

ယခင်က ပန်းခြံထာပွဲဈေးသို့ နေ့စဉ်ကျောက်မျက်ရတနာကုန်သည်ငါးထောင်ခန့်လာရောက်အရောင်းအဝယ်လုပ်သော်လည်း ကုန်ကြမ်းရှားပါးမှုနှင့် အရောင်းအဝယ်လုပ်ငန်းများအဆင်မပြေမှုကြောင့် လက်ရှိတွင် ကုန်သည်တစ်ထောင့်ငါးရာခန့်သာ လာရောက်တော့ကြောင်း ပန်းခြံထာပွဲဈေးတွင် အရောင်းအဝယ်လုပ်နေသူကျောက်မျက်ရတနာကုန်သည်များကပြောသည်။

တစ်နိုင်တစ်ပိုင်တူးဖော်ခွင့်မရတော့၍ ကျောက်ပွင့်ပြီးနေ့ချင်းညချင်းချမ်းသာလာနိုင်သည့် အခွင့်အရေးလက်လွတ်ခဲ့ရသည်။အလုပ်အကိုင်အဆင်မပြေ၍ အခြားမြို့ရွာများသို့သွားရောက်လုပ်ကိုင်သူများပြားလာပြီး မိုးကုတ်မြို့မှာ စည်ကားမှုလျော့နည်းလာကြောင်း မြို့ခံများကပြောသည်။

“အရင်ကဆိုလမ်းဘေးမှာ တွေ့တဲ့လူကိုလည်း အထင်သေးလို့မရဘူး။ ဒီနေ့ဆင်းရဲပေမယ့် နောက်နေ့ကျောက်ပွင့်ပြီးချမ်းသာသွားနိုင်တယ်။ ဖက်စပ်တွေဝင်လာတော့အဲဒီမျှော်လင့်ချက်လည်း ပျောက်သွားတယ်။ သာမန်လူအနေနဲ့ ကျောက်လုပ်ငန်းလုပ်မယ်ဆိုရင်လည်း လခစားအနေနဲ့ပဲလုပ်ရတော့တယ်”ဟုမိုးကုတ်မြို့ကျပ်ပြင်မှကျောက်မျက်အချောထည်လုပ်ငန်းလုပ်ကိုင်သူကိုဖိုးနီကပြောသည်။

မိုးကုတ်မြို့၏ စီးပွားရေးကျဆင်းလာမှုနှင့် ဒေသခံများ၏ တောင်းဆိုမှုများကြောင့် ပြီးခဲ့သည့်၂၀၁၂ခုနှစ်တွင် မိုးကုတ်ဒေသ၏ တစ်နိုင်တစ်ပိုင်ကျောက်မျက်တူးဖော်ခွင့်ပြန်လည်ခွင့်ပြုပေးခဲ့သည်။ တစ်နိုင်တစ်ပိုင်တူးဖော်ခွင့်အတွက် ဒေသခံနှင့်ပုဂ္ဂလိကလုပ်ငန်းရှင်သည် ၎င်းတို့၏ ခြံဝင်းအတွင်းကျောက်မျက်တူးဖော်ရှာဖွေနိုင်ပြီး တစ်ဧကလုပ်ကွက်တစ်ကွက်လျှင် သုံးနှစ်စာကျပ်ငါးသိန်းပေးဆောင်ကာလုပ်ကိုင်ရမည်ဖြစ်သည်။ ကျောက်မျက်ထွက်ရှိမှုပေါ်မူတည်ကာလုပ်ကွက်သက်တမ်းတိုးနိုင်ပြီး တစ်နိုင်တစ်ပိုင်လုပ်ကွက်တစ်ကွက်လျှင်တစ်ဧကနှုန်းဖြင့် တစ်ဦးကို အများဆုံး နှစ်ဧကအထိလုပ်ကိုင်ခွင့်ချထားပေးကြောင်း မိုးကုတ်မြို့ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း ဒုဥက္ကဋ္ဌဦးမြင့်အောင်ကဆိုသည်။

မိုးကုတ်ဒေသတစ်နိုင်တစ်ပိုင်ကျောက်မျက်တူးဖော်ခွင့်အတွက် မည်သူမဆိုလျှောက်ထားနိုင်ပြီး သတ္တုတွင်းဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ညှိနှိုင်းကာခြောက်လတစ်ကြိမ်ခန့်လုပ်ကွက်များစိစစ်ခွင့်ပြုပေးရန် စီစဉ်နေကြောင်းဦးမြင့်အောင်ကပြောသည်။

မိုးကုတ်မြို့နယ်အတွင်း ကျောက်မျက်တူးဖော်ရေးလုပ်ကွက် ၁,၆၀၁ ကွက်ရှိပြီး ပတ္တမြား၊ နီလာ၊ ဥဿဖရား၊ မြ၊ ဂေါ်မိတ်၊ စလင်းစသည့်ကျောက်မျက်ရတနာ သုံးဆယ့်ငါးမျိုးခန့်ထွက်ရှိသည်။ လုပ်ကွက်များတွင် ပြီးခဲ့သည့်နှစ်က ချထားခွင့်ပြုပေးခဲ့သည့် တစ်နိုင်တစ်ပိုင်ကျောက်မျက်လုပ်ကွက် ၄၃၅ကွက်ပါဝင်ပြီး ကျန်လုပ်ကွက်များမှာ နှစ်ရှည်အကြီးစား တူးဖော်နေသော ကျောက်မျက် လုပ်ကွက်များဖြစ်ပြီး နိုင်ငံတော်နှင့် အကျိုးတူလုပ်ကိုင်သော ဖက်စပ်လုပ်ကွက်၊ ဦးပိုင်လုပ်ကွက်၊ ပုဂ္ဂလိကပိုင်နှင့် တိုင်းရင်းသားအဖွဲ့များအပါအဝင်အသင်းအဖွဲ့ပိုင် လုပ်ကွက်များဖြစ်ကြောင်း မိုးကုတ်မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူကပြော သည်။

တစ်နိုင်တစ်ပိုင်လုပ်ကွက်များ ပြန်ချထားပေးသော်လည်း ကျောက်မျက်ထွက်ရှိမှုများနိုင်သည့် နေရာကောင်းများကို ကုမ္ပဏီကြီးများက လက်ဦးမှုရယူထားခြင်းနှင့် နီးစပ်ရာလူဦးစားပေးခြင်းများကြောင့် အဆင်မပြေကြောင်း ဒေသခံများကပြောသည်။ တစ်နိုင်တစ်ပိုင်တူးဖော်ခွင့်များပြန်လည်ချထားပေးသော်လည်း ကျောက်မျက်ထွက်ရှိရန် ယခင်ကဲ့သို့ အလွယ်တကူတူးဖော်ရရှိမည်မဟုတ်ဘဲ စက်ယန္တရားနှင့်အရင်းအနှီးများစွာ ရင်းနှီးစိုက်ထုတ်တူးဖော်ရမည်ဖြစ်ရာအခက်အခဲရှိကြောင်းဒေသခံများကပြောသည်။

လက်ရှိတွင်မူ မိုးကုတ်မြို့မှ ဒေသခံလက်လုပ်လက်စားအများစုမှာ တစ်နိုင်တစ်ပိုင်တူးဖော်နိုင်ရန်ထက် ခနဲဆေးခြင်းကိုသာကြိုးစားလုပ်ကိုင်နေရသည်ဟု ဆိုသည်။(ကုမ္ပဏီကြီးများမှ ကျောက်မျက်တူးဖော်ရှာဖွေပြီးစွန့်ပစ်သည့်ကျောက်စာများကိုပြန်လည်သယ်ယူကာ ကုမ္ပဏီလုပ်သားများမတွေ့မမြင်လိုက်သည့် ကျောက်မျက်အသေးစားများထပ်မံရှာဖွေခြင်းကိုခနဲဆေးခြင်းဟုခေါ်သည်) မြို့ပေါ်ရှိ ကျောက်မျက်အရောင်းအဝယ်လုပ်သည့် ထာပွဲဈေးနှင့် ရပ်နားခြင်းမရှိသေးသည့် အချောထည်လုပ်ငန်းများမှာခနဲဆေးရာမှ ရရှိလာသည့်ကျောက်မျက်များကို အဓိကထား လုပ်ကိုင်နေရကြောင်း မိုးကုတ်ဒေသခံများကပြောသည်။

လက်ရှိတွင်မူ မိုးကုတ်မြို့၏ လမ်းများသည် လူသွားလူလာကျဲပါးလျက်ရှိသည်။ မိုးကုတ်မြို့ရှိ ဈေးများတွင်ဈေးဆိုင်အများစုမှာ ပိတ်ထားကြသည်။ မြို့ပေါ်ရှိ နေအိမ်အဆောက်အအုံများသည် လွန်ခဲ့သော ဆယ်စုနှစ်များကတည်ဆောက်မှုများခဲ့သည့် အုတ်ခံပျဉ်ထောင်နှစ်ထပ်အဆောက်အအုံများကအများဆုံးဖြစ်ပြီး လူသူတိတ်ဆိတ်ကာဆေးရောင်ပျယ်လျက်ရှိသည်။ အထပ်မြင့်အာစီကြွေပြားကပ်ကဲ့သို့ မြန်မာနိုင်ငံတွင်းမြို့ရွာများတွင်လတ်တလောတည်ဆောက်မှုများနေသည့် ခေတ်မီအဆောက်အအုံပုံစံမှာ မိုးကုတ်မြို့တွင် အတော်ပင်ရှားသည်။ ၁၉၉၀ပြည့်နှစ်နောက်ပိုင်း နဝတပတ္တမြားကဲ့သို့တန်ဖိုးမဖြတ်နိုင်သော အရည်သွေးကောင်း ကျောက်မျက်ရတနာများဆက်လက်တူးဖော်ထွက်ရှိနေသော်လည်း အကျိုးတူကုမ္ပဏီကြီးများ၏ ချုပ်ကိုင်ထားမှုကြောင့် တူးဖော်ထွက်ရှိသောကျောက်မျက်ရတနာများမှာ မိုးကုတ်မြို့ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူမပြုခဲ့ဟု မြို့ခံများကပြောသည်။

မိုးကုတ်သို့ နိုင်ငံခြားဧည့်သည်များ လည်ပတ်ခွင့်ပိတ်ပင်ထား၍ နိုင်ငံခြားသားဧည့်သည်များမိုးကုတ်တွင်မတွေ့ရ။ မိုးကုတ်သို့ နိုင်ငံခြားဧည့်သည်များ လမ်းပန်းဆက်သွယ်မှုအရ တစ်ဖက်ပိတ်ကဲ့သို့ဖြစ်နေသည့် မိုးကုတ်မြို့သို့ကျောက်မျက်တူးဖော်ရေးကုမ္ပဏီများတွင် လခစားဖြင့်လုပ်ကိုင်ရန်နှင့် ခေတ္တလာရောက်လည်ပတ်သူအချို့သာရှိသဖြင့် မိုးကုတ်မြို့လမ်းများလူသူသွားလာမှုကျဲပါးနေခြင်းဖြစ်ကြောင်း မြို့ခံများက ပြောသည်။

မိုးကုတ်မြို့ဖွံ့ဖြိုးတိုးတက်ရန်နှင့် ယခင်ကဲ့သို့ပြန်လည်စည်ကားရန်မှာ တစ်နိုင်တစ်ပိုင်ကျောက်မျက်လုပ်ကွက်နှင့် ကျောက်မျက်ကုန်ကြမ်းရရှိမှုမှာ အဓိကကျကြောင်း မြို့ခံများကပြောသည်။

မိုးကုတ်မြို့အနီးဝန်းကျင်ရှိ ကျောက်တောင်များနှင့် မြေလွှာမြေသားများအောက်တွင် တန်ဖိုးမဖြတ်နိုင်သော ကမ္ဘာ့အရည်အသွေးအကောင်းဆုံး ပတ္တမြား၊ နီလာများတည်ရှိနေသည်ကို ဦးထွန်းဖေသိသည်။ လတ်တလောတွင် လခစားဖြင့် လုပ်ကိုင်နေရသော်လည်း မကြာမီအချိန်တွင် မိတ်ဆွေများဖြင့်စုပေါင်းကာတစ်နိုင်တစ်ပိုင်ကျောက်မျက်တူးဖော်ရန် စိတ်ကူးထားကြောင်း ဦးထွန်းဖေကပြောသည်။

ထိုသို့ တူးဖော်ခွင့်ရလျှင် သူ့လိုလူများအတွက်သာမက မြို့ရှိအချောထည်လုပ်ငန်းများ၊ အရောင်းအဝယ်လုပ်ငန်းများအတွက်ပါအထောက်အကူပြုမည်။ ကျောက်မျက်လုပ်ငန်းများ အဆင်ပြေကောင်းမွန်လာလျှင် မိုးကုတ်မြို့ယခင်ကဲ့သို့ပြန်လည်စည်ကားလာမည်ကိုသူသိသည်။

“ကျောက်မျက်အဓိကထွက်ရှိတဲ့ နေရာတွေကို နီးစပ်ရာလူချပေးထားတာမျိုးမဟုတ်ဘဲဒေသခံလက်လုပ်လက်စားတွေအဆင်ပြေစေအောင် တစ်နိုင်တစ်ပိုင်ကျောက်မျက်တူးဖော်ခွင့်ပေးစေလိုတယ်”ဟု ဦးထွန်းဖေက တမ်းတမ်းတတပြောဆိုသည်။

**Certificate Course For**
**Social Entrepreneurship (E-002/20)**

၁။ မြန်မာနိုင်ငံ၏ အသစ်ပေါ်ထွန်းလာသော နိုင်ငံရေးစနစ်သစ်တွင် နိုင်ငံတည်ဆောက်ရေးအတွက် အရည်အသွေးမြင့် လူသားအရင်းအမြစ်များစွာလိုအပ်နေပါသည်။
၂။ မြန်မာ့လူ့အရင်းအမြစ်များအား နိုင်ငံတည်ဆောက်ရေးတွင် အသင့်အသုံးပြုနိုင်သော လူသားအရင်းအမြစ်များ အဖြစ်မွေးထုတ်ပေးရန် Certificate Course for Social Entrepreneurship (E-002-Batch 20) ကို ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၉ ရက် (တနင်္လာနေ့) တွင်စတင်ပို့ချမည်ဖြစ်ပါသည်။
၃။ သင်တန်းကာလမှာ (၃) လဖြစ်၍ တနင်္လာ နေ့ မှ စနေနေ့အထိ အချိန်ပြည့်သင်တန်း ဖြစ်သည်။
၄။ သင်တန်းကြေးမှာ ကျပ်ငွေ တစ်သိန်း (၁၀၀,၀၀၀) သတ်မှတ်ထားပါသည်။
၅။ စီးပွားဖြစ်ဖွင့်လှစ်သော သင်တန်းမဟုတ်ဘဲ နိုင်ငံတည်ဆောက်ရေးတွင်တစ်ထောင့် တစ်နေရာမှပါဝင်ခြင်းဖြစ်ရာ သင်တန်းကြေးအတွက် အခက်အခဲရှိသော ကျောင်းသား၊သူ များ အနေဖြင့် သင်တန်းကြေးသက်သာကင်းလွတ်ခွင့် လျှောက်ထားနိုင်သည်။ အောက်ပါဘာသာရပ်များကို အမှန်တကယ် စိတ်ဝင်စားပြီး သင်တန်းကြေးအခက်အခဲ ရှိသူများ ဝင်ခွင့်ရရှိစေရပါမည်။
၆။ ဘာသာစကားအခက်အခဲကြောင့် အစွမ်းအစရှိသောလူငယ်များ တက်လမ်းမဆုံးရှုံး စေရန် သင်တန်းအား နိုင်ငံတကာတက္ကသိုလ်များတွင် ဘွဲ့လွန်ပညာဆည်းပူးခဲ့သူ မြန်မာပညာရှင်များမှ သင်ကြားပို့ချပါမည်။
၇။ သင်တန်းတွင် သင်ကြားမည့် ဘာသာရပ်များမှာ -

1. Development Studies
   1.1 Globalization
   1.2 Development Economics
   1.3 Development Theories and Practices
   1.4 Economic Policy
2. Governance
   2.1 Fundamentals of Public Policy
   2.2 Civil Society and Civic Engagement
   2.3 State and Institutions
   2.4 Public Goods and Public Administration
   2.5 Environmental Policies and Pratices
   2.6 Comparative Constitutions
   2.7 Political Economy of the State
   2.8 Global Legal Perspective
3. Transformational Leadership
   3.1 Strategic Management
   3.2 Transformational Leadership
   3.3 Leadership
   3.4 Personality Development
4. Tool Kits For Management
   4.1 Tool Kit of Information Technology
   4.2 Public Financial Management
   4.3 Human Resource Management for Civil Society
   4.4 Governance and Development
   4.5 Blog, Social Networking & Social Media
5. Communications and Advocacy
   5.1 Creative Meetings through Power Sharing
   5.2 Presentation Skills & Public Speaking Skills
   5.3 Learning Aids
   5.4 Strategic Negotiation Skills
   5.5 Mind Mapping (Critical Thinking for Leadership)
6. Social Science
   6.1 Social Science Research Methodology
   6.2 International Relations
   6.3 International Political Economy
   6.4 Comparative Politics
   6.5 Sociology
   6.6 National Security
7. Special Topics
   7.1 Peace Building in Myanmar

၈။ သင်တန်းဝင်ခွင့်အတွက် လူဦးရေကန့်သတ်ချက်ရှိပါသဖြင့် အရည်အချင်းလိုက်ပြန်လည်စိစစ်ရန်နှင့် လူတွေ့စစ်ဆေးမှုပြုလုပ်ရန် (၃-၉-၂၀၁၃)ရက် အင်္ဂါနေ့နှင့် သင်တန်းကြေး ကင်းလွတ်ခွင့် လျှောက်ထားလိုသူများ အနေဖြင့် (၂၈-၈-၂၀၁၃)ရက် ဗုဒ္ဓဟူးနေ့ နောက်ဆုံးထားပြီး လျှောက်ထား နိုင်ပါသည်။ နယ်မြို့ များမှ လူငယ်များကို သင်တန်းကြေး ကင်းလွတ်ခွင့် ဦးစားပေးပါမည်။ အချိန်ပြည့် သင်တန်းဖြစ်၍ အခြား သင်တန်းတစ်ခုခုတစ်ပြိုင်နက် တက်ရောက်ရန်ရှိသူများ လျှောက်ထားရန် မလိုပါ။
၉။ Myanmar Egress အနေဖြင့် နိုင်ငံခြား တက္ကသိုလ်များတွင် ဘွဲ့လွန်သင်တန်းတက်ရောက်ဆည်းပူးရန် အခြေခံကောင်းများနှင့် အချိတ်အဆက်များ ဖန်တီးပေးလျက် ရှိပါသောကြောင့် အဆိုပါ ဘွဲ့လွန်သင်တန်းများ တက်ရောက်ရန် အရည်အချင်းရှိသူများကို ဦးစားပေး၍ လက်ခံပါမည်။
၁၀။ သင်တန်းဝင်ခွင့်လျှောက်လွှာများကို Myanmar Egress Office ကျောင်းသားရေးရာဌာနတွင် ရယူနိုင်ပြီး www.myanmaregress.org တွင်လည်း download ပြုလုပ်ရယူနိုင်ပါသည်။

**Myanmar Egress Office**
No. 35, Coner of Kyaik Wine Pagoda Rd and Mindama Rd,
Mayangone Township,Yangon Region, Myanmar. Tel: 665482, 656840
Mobile No. 09 73017447, Email: e002@myanmaregress.org, www.myanmaregress.org

တက်နေကုမ္ပဏီ၊ ယင်းကုမ္ပဏီနှင့်ပတ်သက် ဆက်နွယ်သူများဖြစ်ကြသော
(၁) ဦးဗိုလ်ဆိုင် (ဘ) ဦးချစ်လှိုင် (၁၂/ဥကတ(နိုင်)၀၁၁၃၄၅)
(၂) ဒေါ်သန်းသန်းအေး (ဘ) ဦးအောင် **(MGN-113847)**
(၃) မဗိုလ်ဗိုလ်နုလှိုင် (ဘ) ဦးဗိုလ်ဆိုင် (၁၂/ဥကတ(နိုင်) ၁၃၇၁၉၂) တို့နှင့်

**အများသိစေရန် အသိပေးကြေညာခြင်း**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၈ ရပ်ကွက်၊ ၄ လမ်း (စက်မှုဇုန်)၊ အမှတ် (၆၃) နေ ဦးဘို စိန်(ခ) ဦးဗိုလ်စိန်၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။
၁။ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၈ ရပ်ကွက်၊ ၄ လမ်း (စက်မှုဇုန်)၊ အမှတ် (၆၁) ဟု ခေါ်တွင်သော တောင်ဥက္ကလာပမြို့နယ်၊ လူနေရပ်ကွက်အမှတ်(၈)၊ မြေတိုင်းရပ်ကွက်အမှတ် (၈)၊ မြေကွက်အမှတ် (၆၁)၊ အလျားပေ ၁၀၃/၁၀၃ × အနံ ၁၄၈/၁၄၉ ပေ (စတုရန်းပေ ၁၅၂၉၅)ရှိ မြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့မှာ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးဘို စိန်(ခ) ဦးဗိုလ်စိန် (၁၂/ဥကတ(နိုင်)၀၁၀၂၂၅) တရားဝင်အမည်ပေါက် ပိုင်ဆိုင်သည့် မြေကွက်ဖြစ်ပါသည်။
၂။ ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးဘိုစိန်(ခ)ဦးဗိုလ်စိန်ပိုင်ဆိုင်သော မြေကွက်ပေါ်တွင် တက်နေကုမ္ပဏီ၊ ယင်းကုမ္ပဏီနှင့် ပတ်သက်ဆက်နွယ်သူများဖြစ်ကြသော လူကြီးမင်းတို့သည် ဦးဘိုစိန်(ခ)ဦးဗိုလ်စိန်၏ လူမှုရေး၊ နားလည်စာနာမှု၊ အားနာတတ်မှုနှင့် စိတ်ကောင်းစေတနာထားရှိမှုအပေါ် အခွင့်ကောင်းယူ၍ မြေကွက်အား အသုံးပြုနေခဲ့ကြပါသည်။
၃။ ယခုအခါ မြေကွက်ပိုင်ရှင် ဦးဘိုစိန်(ခ)ဦးဗိုလ်စိန်သည် ၎င်းပိုင်ဆိုင်သောမြေကွက်ကို သားသမီးများ၏ ရှေ့ရေးစီစဉ်နိုင်ရန်အတွက် လူကြီးမင်းတို့ အသုံးပြုနေခြင်းအား ရပ်ဆိုင်း၍ ပြန်လည်ရယူမည်ဖြစ်ကြောင်း ၁၂.၇.၂၀၁၃ ရက်တွင်အကြောင်းကြားစာပေးပို့၍ ၃၁.၇.၂၀၁၃ ရက် နောက်ဆုံးထားပြီး ဖယ်ရှားထွက်ခွာပေးပါရန် အသိပေးအကြောင်းကြားခဲ့ပြီးဖြစ်ပါသည်။
၄။ သို့သော် ယနေ့တိုင် တက်နေကုမ္ပဏီ၊ ယင်းကုမ္ပဏီနှင့် ပတ်သက်ဆက်နွယ်သူများသည် ဦးဘိုစိန်(ခ)ဦးဗိုလ်စိန်ပိုင်ဆိုင်သော မြေကွက်ပေါ်မှ ထွက်ခွာဖယ်ရှားပေးရန်နှင့် မြေကွက်အား အလွတ်လက်ရောက်ပြန်လည်ပေးအပ်ခြင်းမရှိသေးပါ။
၅။ သို့ဖြစ်ပါ၍ ၃၁.၈.၂၀၁၃ ရက် နောက်ဆုံးထား၍ မြေကွက်ပေါ်မှ ထွက်ခွာပေးပြီး မြေကွက်အား အလွတ်လက်ရောက်ပြန်လည်ပေးအပ်ပါရန်နှင့် ဖော်ပြပါအတိုင်း ဆောင်ရွက်ခြင်းမရှိပါက တည်ဆဲတရားဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း တက်နေကုမ္ပဏီ၊ ယင်းကုမ္ပဏီနှင့် ပတ်သက်ဆက်နွယ်သူများနှင့် အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

ဦးဘိုစိန်(ခ)ဦးဗိုလ်စိန်၏ လွှဲအပ်ချက်အရ -

| | |
|---|---|
| ဦးထင်ကျော် | ဒေါ်သက်လေးချို |
| B.Sc.,HGP.,R.L | LLB.,D.B.L |
| တရားလွှတ်တော်ရှေ့နေ (၅၃၁၅) | အထက်တန်းရှေ့နေ (စဉ် - ၃၁၄၂၄) |

၁၃၈/ပထပ်၊ ၃၂ လမ်း (လယ်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့ ။
ဖုန်း- ၂၄၃၅၆၈၊ ၀၉-၅၁၈၆၀၂၁

7DAY NEWS JOURNAL
Vol.12, No.23 • AUGUST 14 , 2013

# Commodity Watch

စာမျက်နှာ(၂၀)မှ

## ခွပ်ဒေါင်း အောင်လံမြူးလွင့်ချိန်

အထက်တန်းကျောင်းသားဘဝသို့ ရောက်လာသည့်အခါတွင် မူဆိုရှယ်လစ် အရေခြုံထားသည့် စစ်အာဏာရှင်ကခွပ်ဒေါင်းသင်္ကေတကို အကြောက်ကြီး ကြောက်ကာ အမုန်းကြီးလည်းမုန်းကြောင်းကိုပါ သိလာသည်။ သူတို့ အဖို့တော့ ခွပ်ဒေါင်းသည်ပင် သူပုန်သူကန်သင်္ကေတ။

ယခုတော့ ရှစ်လေးလုံးငွေရတု အခမ်းအနား ကျင်းပရာ ပရိဝုဏ်၌ ခွပ်ဒေါင်းအလံတွေတလူလူလွင့်နိုင်ခဲ့ပြီ။ ကျင်းပရာခမ်းမကြီးရှေ့မှ အလံတိုင်တွင်လည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံနှင့်အတူ ခွပ်ဒေါင်းအလံကို တရားဝင်လွှင့်ထူနိုင်ခဲ့ပြီ။ နာဂစ်ဒုက္ခတွင်းထဲမှ ဆွဲထုတ်လာသော အပြစ်အနာအဆာ ထူပြောလှသည့် ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေမှ အတည်ပြုပြဋ္ဌာန်းထားသည့် နိုင်ငံတော်အလံဆိုပေသည့် နိုင်ငံတော်ပေပဲမို့ ကျွန်တော်ဖြင့် ခွပ်ဒေါင်းအတွက် ဂုဏ်ယူသည်။

(၂) နှစ်သား၊ (၃)နှစ်သား သားသမီးငယ်လေးတွေကို လက်ဆွဲ ကာ အခမ်းအနားသို့ တက်ရောက်လာကြသည့် ရှစ်လေးလုံး အရေးတော်ပုံကြီးကို မီလိုက်ကြသူမိဘတွေက နိုင်ငံတော်အလံနှင့်အတူ တလူလူ လွင့်နေသည့် ခွပ်ဒေါင်းအလံကိုကိုယ်တိုင်လည်း ဦးညွတ်အလေးပြုကြသည်။ သူတို့၏ သားငယ်၊ သမီးငယ်လေးတွေကိုလည်း အလေးပြုခိုင်းကြသည်။ ကျွန်တော်မြင်တော့ ကျွန်တော့်မျက်လုံးအိမ်ထဲ မျက်ရည်အလိုလိုဝိုင်းသည်။ ခွပ်ဒေါင်းအလံ၏ တန်ဖိုးအတွက် အသက်စွန့်သွားခဲ့ကြသူတွေကို အထပ်ထပ် ဦးညွတ်မိရသည်။

အတွေးကို ဆက်လိုက်မိသည့်အခါ နိုင်ငံတော်အလံနှင့် အတူ တလူလူလွင့်နေသည့် ခွပ်ဒေါင်းအလံကို အလေးပြုခဲ့ကြသည့် ခုနက (၂) နှစ်သားကလေးငယ်လေးတွေသည် စစ်အာဏာရှင်လက်ထဲမှ နိုင်ငံတော်လွတ်မြောက်စမှာ မွေးဖွားလာခဲ့ကြသူလေးတွေပါလားဟု သတိရောက်သည်။ လက်ရှိဖြစ်ပေါ်ဆဲအခြေအနေကောင်းများလည်း အဓွန့်ရှည် တည်တံ့တိုးတက်ပါစေ ဆုတောင်းရသည်။ သည်ကလေးငယ်များအတွက်ပင် စစ်အာဏာရှင်ကို ကျွန်ုပ်တို့ တိုက်ပွဲဝင်ခဲ့ကြသည်ပဲ။

အင်္ဂလိပ်နယ်ချဲ့၏ လက်အောက်မှ တစ်မျိုးသားလုံးလွတ်မြောက်ဖို့ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်လျက် မျိုးချစ်ပုဂ္ဂိုလ်ကြီးများက တိုက်ပွဲဝင်ခဲ့ကြသဖြင့် ၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးရခဲ့သည်။ ကျွန်တော်က ၁၉၄၉ခုနှစ်တွင် မွေးသည်။ ထို့ကြောင့် ကျွန်တော် ဗြိတိသျှ၏ ကျွန်မဖြစ်ဖူးခဲ့။ သို့သော် ဗိုလ်ချုပ်တို့ရယူပေးခဲ့သည့် လွတ်လပ်ရေး အရသာကိုလည်း ဟုတ်တိပတ်တိ မခံစားရဖူးခဲ့။ ပြည်တွင်းစစ်အောက်နှင့် စစ်အာဏာရှင်၏လက်အောက်တွင်သာ အသက်နှင့်အမျှ နေလာခဲ့ရသည်။ ထို့ကြောင့်လည်း အသက်(၆၄) နှစ်ရှိပြီဖြစ်သည့် ကျွန်တော့်ကိုယ်ကျွန်တော် လူဖြစ်ရကျိုးနပ်ခဲ့သည်မထင်ခဲ့။

ယခုတော့ဖြင့် ဒီမိုကရေစီနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး မုခ်ဦးထဲသို့ ခြေလှမ်းစခဲ့ကြပြီ။ ရှစ်လေးလုံးဒီမိုကရေစီပြည်သူ့အရေးတော်ပုံကြီး၏ ငွေရတုအခမ်းအနားကြီးမှလည်း နိုင်ငံရေးရည်မှန်းချက် ၃ ရပ်ကို တညီတညွတ်တည်း ချမှတ်နိုင်ခဲ့ကြပြီ။

၁။ ဒီမိုကရက်တစ်ဖက်ဒရယ်ပြည်ထောင်စုဖော်ဆောင်ရေး၊

၂။ ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပြင်ဆင်ရေး၊ (သို့မဟုတ်) အသစ် ပြန်လည်ရေးဆွဲရေး။

၃။ အားလုံး ပါဝင်သည့် အမျိုးသား ပြန်လည်သင့်မြတ်ရေး ညီလာခံ တစ်ရပ်ကို ကျင်းပနိုင်ရေး၊ သည်ရည်မှန်းချက်တွေ ပြီးပြည့်စုံသည့်အခါသို့ရောက်ပြီဆိုလျှင်တော့ သွေးရင်းသားရင်း အချင်းချင်း မျက်စောင်းတခဲခဲ၊ သေနတ်သံ တဒိုင်းဒိုင်းတွေ ပျောက်လျက် တန်းတူညီမျှအေးချမ်းသာယာလွတ်လပ်တိုးတက်သောနိုင်ငံတော်ကြီးအဖြစ်သို့ မုချရောက်လိမ့်မည်ဟု ကျွန်တော်မျှော်လင့်နေမိသည်။

သို့အတိုင်းသာ ဆိုခဲ့လျှင် အတူတကွ တလူလူလွင့်နေခဲ့ကြသည့် နိုင်ငံတော် အလံနှင့် ခွပ်ဒေါင်းအလံကိုစောစောလေးကမှ အလေးပြုသွားခဲ့ကြသော(၂)နှစ်၊ (၃)နှစ်သားကလေးငယ်လေးတွေလည်း အမှန်တကယ် လွတ်လပ်တိုးတက်သော နိုင်ငံတော်ကြီးနှင့် လူဖြစ်သူဖြစ်ရကျိုးနပ်အောင် ကြုံတွေ့နိုင်ကြပေလိမ့်မည်ဟု မျှော်လင့်နေမိသည်။

အသက် (၆၄) နှစ်အရွယ် အဘိုးအိုပေါက်စ ကျွန်တော်လည်းမီတန်သလောက်ဖြင့်ခေတ်ကောင်းခေတ်မွန်ကိုကြည့်ရှုခံစားမုဒိတာ ပွားသွားချင်မိပါသေးသည်။ ။

## ဟန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Galaxy Y | 93,000 |
| Galaxy GIO | 120,000 |
| Galaxy Ace | 138,000 |
| Galaxy Ace Plus | 175,000 |
| Galaxy Ace 2 | 185,000 |
| Galaxy S Advance | 235,000 |
| Galaxy S2 | 320,000 |
| Galaxy S3 | 435,000 |
| Galaxy Note II | 500,000 |
| Galaxy Tab 7.1 | 285,000 |

YANGON MOBILE ဆိုင်မှ ဈေးနှုန်းများဖြစ်သည်။

### HTC

| Model | Price |
|---|---|
| One X | 400,000 |
| Sensation XL | 362,000 |
| Desire VC | 240,000 |

### iPhone

| Model | Price |
|---|---|
| iPhone 5 (64 GB) | 850,000 |
| iPhone 5 (32 GB) | 710,000 |
| iPhone 5 (16 GB) | 610,000 |
| iPhone 4s (32 GB) | 505,000 |
| iPhone 4s (16 GB) | 480,000 |

### Huawei

| Model | Price |
|---|---|
| C 8800 | 87,000 |
| C 8812 | 105,000 |
| C 8810 | 97,000 |
| T 8830 | 109,000 |
| U 8818 D | 110,000 |
| U 8951 | 125,000 |
| Y 300 C | 109,000 |
| C 8950 D | 170,000 |
| U 8950 D | 165,000 |
| Ascend P1 | 225,000 |

ဩဂုတ်(၁၀)ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။

## အီလက်ထရွန်နစ်ပစ္စည်းများဈေးနှုန်း

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Samsung (Smart LED) | S5500AR | 590,000 |
| Panasonic(LCD) | 32SC4S | 275,000 |
| Sony (LCD) | 35BX | 300,000 |
| Sony (LED) | 32EX33 | 340,000 |
| **DVD** | | |
| Samsung | BD-E 5500(Blu-ray 3D) | 120,000 |
| EVD (GE) | HDMI | 35,000 |
| EVD (AEK) | HDMI | 33,000 |
| ရေခဲသေတ္တာ | | |
| Samsung | RT25FGJA | 350,000 |
| Samsung | 19PTIX | 194,000 |
| Hitachi | 190W | 250,000 |
| Panasonic | NR.BT224 | 250,000 |
| **Washing** | | |
| Samsung | $WA95V_3$ | 185,000 |
| Samsung | WT10J | 175,000 |
| **Aircon** | | |
| Hitachi | 1.0HP(RAS-E1067) | 290,000 |
| Mitsubishi | 1.0HP(Heavy) | 250,000 |
| Samsung | (1.0HP)AS09TUQN | 245,000 |

အထက်ပါဈေးနှုန်းများမှာ ဩဂုတ်(၁၀) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၆၅၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၅၅၀ |
| ဘိလပ်မြေ (ကြံ့) | တစ်အိတ် | ၄,၆၅၀ |
| ဘိလပ်မြေ (AAဇီယက်နမ်) | တစ်အိတ် | ၅,၂၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၉၅ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၇၈ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၉၀ |
| နေပြည်တော် စက်အုတ် (၁၀ ပေါက်) | တစ်လုံး | ၇၀-၈၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၁,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၇,၀၀၀ |
| ကျောက် | တစ်ကျင်း | ၅၂,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၅၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၆၂၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၈၃၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.4mm) | ၁ ပေ | ၈၈၀ |
| Posco ကြယ်စိမ်း | ၁ ပေနှုန်း | ၄၄၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ် ၉။၁၀ ပေ) | ၁ ပေ | ၃၀၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ် ၁၁။၁၂ ပေ) | ၁ ပေနှုန်း | ၃၁၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၁၀၀ |

အထက်ပါဈေးနှုန်းများမှာ ဩဂုတ်(၁၀)ရက်တွင် ကောက်ယူထားသော ဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁၀,၀၀-၁,၅၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဇီယာ) | တစ်ပြည် | ၆၀၀-၈၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၅၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၆၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၀၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၈၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၅၀၀-၂၀၀၀ |
| သကြား | တစ်ပိဿာ | ၁,၁၅၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၃၀၀ |
| အာလူး | တစ်ပိဿာ | ၈၀၀ |
| နို့ဆီ | တစ်ဘူး | ၅၀၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၇၅၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၂၀-၁၅၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၂၅၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၇,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၈,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၇,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၆,၀၀၀ |
| ခရမ်းချဉ်သီး (အင်းသီး) | ၁ သေတ္တာ | ၈,၀၀၀ ဝန်းကျင် |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၅၀၀ |
| ငရုတ်သီး(အပု) | ၁ ပိဿာ | ၄,၅၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | ၁ ပိဿာ | ၂,၃၀၀-၂,၅၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၅၀၀-၃,၃၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၃,၃၀၀-၃,၆၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၀၀၀-၂,၅၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၃,၅၀၀-၃,၉၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၂,၀၀၀-၂၆,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၆၀၀-၂,၀၀၀ |

ဩဂုတ်(၁၀)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသောလက်ကားဈေးနှုန်းများဖြစ်သည်။

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ 1 Litre | ဒီဇယ် 1 Litre | Octane 1 Litre | Premier 1 Litre |
|---|---|---|---|---|
| Aug(4) | 815 | 930 | 930 | 940 |
| Aug(5) | 815 | 930 | 930 | 940 |
| Aug(6) | 815 | 930 | 930 | 940 |
| Aug(7) | 815 | 930 | 930 | 940 |
| Aug(8) | 815 | 930 | 930 | 940 |
| Aug(9) | 815 | 930 | 930 | 940 |
| Aug(10) | 815 | 930 | 930 | 940 |

ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ် ရှိနိုင်သည်။

## Note Book

| | |
|---|---|
| **Acer** | |
| Intel Core i3 1.9 GHz, 4GB DDR3, 500GB HDD, 14" | 544,000 |
| Intel Core i3 1.4 GHz, 2GB DDR3, 60GB SSD,HD, 11.6" | 710,000 |
| Intel Core i5 1.8 GHz, 4GB DDR3, 500GB HDD,14" | 622,000 |
| Intel Core i7 2.4 GHz, 4GB DDR3, 1TB HDD, 14" | 778,000 |
| **Dell** | |
| Intel Core i3 1.8 GHz, 2GB DDR3, 500GB HDD,14" | 466,000 |
| Intel Core i3 1.8 GHz, 6GB DDR3, 500GB HDD, HD,13" | 482,000 |
| Intel Core i5 1.8 GHz, 4GB DDR3, 1TB HDD, 14" | 710,000 |
| Intel Core i7 2.2 GHz,8GB DDR3, 750GBHDD, HD,15.6" | 969,000 |
| **Lenovo** | |
| Intel Core i3 2.4 GHz, 4GB DDR3, 500HDD, 2GB VGA, 14" | 573,000 |
| Intel Core i5 2.5 GHz, 4GB DDR3,750GB HDD,2GB VGA,14" | 710,000 |
| Intel Core i5 2.6GHz,4GB DDR3,1TB HDD, 2GB VGA, 14" | 710,000 |
| Intel Core i7 2.2 GHz, 4GB DDR3, 1TB HDD, 15.6" | 856,000 |

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.12, No.23 • AUGUST 14 , 2013

# ခွပ်ဒေါင်းအောင်လံ မြှူးလွင့်ချိန်

■ သင်းရီ

မြန်မာ့ သမိုင်း၏တန်ဖိုးမဖြတ်နိုင်သောအခန်းကဏ္ဍတွင်မှတ်တိုင်တစ်ခုအဖြစ် စိုက်ထူသင့်သည့် ၁၉၈၈ ဩဂုတ်လ ၈ ရက်ကို ဂုဏ်ပြုသောသည်လို အခမ်းအနားကြီးမျိုးကို ကျင်းပနိုင်ဖို့ စောင့်စားခဲ့ရသည်မှာ ကာလကြာမြင့်ခဲ့သည်။ ယခုမူ(၂၅)နှစ်ပြည့်မြောက်သည့်အခါကာလ၌ ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံကြီး၏ ငွေရတုအထိမ်းအမှတ် အခမ်းအနားကြီးကိုဝှဲချီးခြိမ့်သဲကြက်သီးဖြန်းမျှနိုင်ငံရေး အဓိပ္ပာယ်ပြည့်ဝစွာ ကျင်းပနိုင်ခဲ့ကြပြီ။ အရေးတော်ပုံကြီးတွင် အသက်၊ သွေး၊ ချွေး ပေးဆပ်ခဲ့ကြသူတွေကို လေးနက်ညီညာ ဂုဏ်ပြုမှတ်တမ်းတင်နိုင်ခဲ့ကြပြီ။ အရေးတော်ပုံကြီး၏ မပြီးပြတ်သေးသော တာဝန်အသီးသီးကို ဆက်လက်ထမ်းဆောင်ရင်းမိဝေးဘဝေးဆွေဝေးမျိုးကွာဒေသများသို့ ရောက်ရှိနေသူတွေကိုလည်း သည်ငွေရတုပွဲကြီးတွင်ပီတိမျက်ရည်တွေဖြင့် ပြန်လည်ဆုံဆည်းနိုင်ခဲ့ကြပြီ။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေအပါအဝင် တိုင်းရင်းသားနိုင်ငံရေးပါတီတွေလည်း သည်ငွေရတုပွဲကြီးသို့ အားတက်သရောတက်ရောက်လာကြသည်။ သဝဏ်လွှာတွေပေးပို့ကြသည်။

အရင့်အရင်နှစ်ကာလများစွာ တစ်ဦးနှင့်တစ်ဦး တစောင်းစေးနှင့်မျက်ချေးလို ဖြစ်ခဲ့ကြရလျက် သမိုင်းကို သေနတ်ပြောင်းထဲထည့်၍ဖွက်ထားလိုသူများဟု ထင်ခဲ့ရသည့် ၁၉၈၈ အာဏာသိမ်းအစိုးရ၏ မျိုးဆက် တဖြစ်လဲ အရပ်သား အစိုးရအဖွဲ့မှ ဝန်ကြီးဦးအောင်မင်းလည်း ရှစ်လေးလုံး ငွေရတုအထိမ်းအမှတ် အခမ်းအနားသို့တက်ရောက်လာသူတွေထဲမှာ တစ်ဦးအပါအဝင်ဖြစ်လာသည်။ လွှတ်တော်ဥက္ကဋ္ဌတွေကလည်း ငွေရတုအခမ်း အနားကြီးသို့ သဝဏ်လွှာတွေပို့ကြသည်။ အခမ်းအနားသို့ တက်ရောက်လာသည့်ဝန်ကြီးဦးအောင်မင်းကတော့-

“သမိုင်းကို ဖျောက်လို့မရဘူး။ အဲဒီသမိုင်းက အားနည်းချက်တွေကိုဖော်ထုတ်ပြီး အားသာချက်တွေဖြစ်အောင်လုပ်ဖို့က လက်ရှိလူသားတွေရဲ့ တာဝန်ဖြစ်တယ်” ဟု တရားဝင်ပြောခဲ့ပြီဖြစ်သည်။

ငွေရတုအခမ်းအနားသို့ တက်ရောက်လာသည့် အတိုက်အခံပါတီတစ်ရပ်ဖြစ်သော အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ကလည်း

“နိုင်ငံမှာ လူဦးရေ သန်းခြောက်ဆယ်ရှိတဲ့အတွက် သန်းခြောက်ဆယ်ရဲ့ မတူညီတဲ့ စိတ်ဓာတ်တွေ၊ အတွေးတွေကို သိရှိနိုင်တဲ့ စွမ်းရည်ရှိဖို့လိုတယ်။ မတူတာတွေကိုညှိပြီး အနာဂတ်ပြည်ထောင်စုကိုတည်ဆောက်ရမယ်” ဟုဆိုသည်။

၈၈ ကျောင်းသား ခေါင်းဆောင် ဦးမင်းကိုနိုင်ကလည်း-

“ဝတ်ဆင်ထားတဲ့ယူနီဖောင်းတွေ၊ ပြောဆိုသုံးနှုန်းထားတဲ့ ဘာသာစကားတွေမတူပေမယ့် ပြည်ထောင်စုကြီးမှာ အတူရှိနေကြတဲ့ အဖွဲ့အစည်းတွေ၊ လူမျိုးတွေဖြစ်ရင် အဆင့်အတန်းမခွဲခြားဘဲ အခွင့်ထူးခံတွေကင်းရှင်းတဲ့ တိုင်းပြည်သစ်ကို တည်ဆောက်နိုင်ရမယ်”ဟု ပြောကြားသွားခဲ့သည်ဆိုသည့်အခါ တစ်ဖက်နှင့် တစ်ဖက် နွေးထွေးသော လက်များချိတ်ဆက်မိကြပြီဟု ကျွန်တော်ကဖြင့် ယုံချင်နေမိသည်။ ယုံပါရစေတော့ဟုလည်း အနူးအညွတ်တောင်းဆိုချင်နေမိသည်။

သည်အခြေအနေလေးကိုရောက်နိုင်ဖို့ ၂၅ နှစ်ကြီးတောင်မှ စောင့်ခဲ့မျှော်ခဲ့ရသည်။ ရာစုနှစ်၏ ၄ ပုံ ၁ ပုံ။ အဲသည် ၂၅ နှစ်တာကာလအတွင်းမှ ပြည်သူတွေ၏ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ စာရိတ္တရေးတွေကို အားမနာတမ်းပြောရလျှင်သုည။

၂၅ နှစ်ဆိုသည်မှာ လူသားတစ်ယောက် လူလားမြောက်လာသည့်အရွယ်မျှမက ဒုတိယအရွယ်သို့ပင် ချဉ်းနင်းဝင်ရောက်စပြုသည့် အရွယ်ဖြစ်၏။ ပြန်တွေးတော့ထို ၂၅နှစ်ကိုနှမြောလွန်းလှသည်။ အခုဖြစ်ပုံအခြေအနေက ၂၅ နှစ်အရွယ်ရောက်မှ လူ့ဘဝတိုးတက်မှုကို စလုံရေးစရတော့သလိုဖြစ်တော့သည်။

၁၉၈၈ ခုနှစ်တွင် မွေးဖွားခဲ့သည့် လူငယ်လေးတစ်ယောက် အဖို့တော့သူ့အသက်(၂၅)နှစ်တာလုံးကို မျှော်လင့်ချက်ခြေခြေမြစ်မြစ်မရှိသည့်ဘဝကြီးအဖြစ် ရှင်သန်နေခဲ့ရသလိုရှိမည်မှာသေချာပါသည်။

သည်လိုဘဝမျိုးကြီးထဲတွင် ကိုယ့်ကိုယ်ကိုယ် မထိန်းကျောင်းနိုင်ဘဲ ဘဝရေတိမ်နစ်ခဲ့ရသူလူငယ်လေးတွေ ဘယ်လောက်ရှိမည်လဲတွေးမိတော့ အနာဂတ်အတွက် ရင်နာသည်။

အသက် (၆၄) နှစ်ရှိပြီဖြစ်သည့် ကျွန်တော်ကတော့ ကိုယ့်ကိုယ်ကိုယ် (၂) နှစ်သားဟုသတ်မှတ်ထားမိသည်။အကြောင်းမှာ (၆၄) နှစ်ရှိသည့် ကျွန်တော့်ကိုယ်ကျွန်တော် လူလူသူသူဟု သတ်မှတ်ခွင့် ရသယောင်ရှိသည်မှာ ၂ နှစ်မျှသာ ရှိသေးသောကြောင့်ဖြစ်၏။ စင်စစ် (၂)နှစ်သားဆိုသည်က လူဟုဆိုရသည့်တိုင် လူမဖြစ်သေး။ လူလားမြောက်ဖို့ အလှမ်းဝေးနေသေးသည်။

ကျွန်တော့်အသက်နှင့်ပြန်တွေးတော့ လွန်ခဲ့သည့်နှစ်ပေါင်း ၅၀ . . . ။

အဲသည်၁၉၆၂ခုနှစ်တုန်းက ကျွန်တော့်အသက်အတော်ကြီးကိုငယ်သေးသည့် (၁၃) နှစ်အရွယ် ခြောက်တန်းကျောင်းသား။ မတ်လ ၂ ရက်တွင် ဝန်ကြီးချုပ်ဦးနု၏ ဒီမိုကရေစီအစိုးရလက်ထဲမှ အာဏာကို ဗိုလ်ချုပ်နေဝင်း ဦးဆောင်သည့်စစ်တပ်က သိမ်းယူလိုက်ပြီဆိုသည့်အခါ ကျွန်တော်တို့မြို့လေးသို့ စစ်ကားကြီးတွေ တစ်စီး၊ နှစ်စီးရောက်လာသည်။ စစ်တပ်ယူနီဖောင်း၏ပခုံးပေါ်မှာ ရွှေရောင်ဘားတွေတင်ထားသည့် စစ်ဗိုလ်တွေက ခါးတွင်ခြောက်လုံးပြူးသေနတ်တွေထိုးကာ မြို့ထဲမှာ ဟိုဟိုသည်သည် လမ်းသလားနေကြသည်ကိုမြင်တော့ ကျွန်တော်က စစ်ဗိုလ်တွေကိုအားကျစိတ်ဝင်သည်။ မြို့လယ်ဓမ္မာရုံတွင် တပ်စွဲထားသောစစ်သားကြီးတွေနှင့် သွားပြီး စကားစမြည်ပြောရင်း သူတို့ လက်ထဲက သေနတ်ကြီးကိုကိုင် ကြည့်ခွင့်ရတော့ ကျွန်တော်က ပျော်၍ပင် နေမိလိုက်သေးသည်။ ဝန်ကြီးချုပ် ဦးနုဆိုသည်ကိုတော့ တိုက်ပုံအင်္ကျီကို ရင်စေ့ဝတ်ကာ ခေါင်းပေါင်းကြီးကိုဆောင်းထားသောဓာတ်ပုံထဲမှ လူချောကြီး တစ်ဦးအဖြစ်သာသိ၏။

သည်တော့ တိုင်းပြည်ကိုစစ်တပ်ကအာဏာသိမ်းခဲ့သည့်ကိစ္စက ကျွန်တော့်အဖို့တော့ စစ်သားကြီးတွေနှင့် တရင်းတနှီး စကားပြောခွင့်ရကာ သူတို့သေနတ်ကြီးတွေကို ကိုင်တွယ်ကြည့်ခွင့်ရခဲ့သည်က အမြတ်ဟု ထင်နေမိခဲ့သေးသည်။

သို့သော် စစ်တပ်မှအာဏာသိမ်းပြီး၍ လေးလမျှအကြာတွင်မူ စစ်အာဏာအကြောင်းကို စ၍သိရတော့၏။ အဲသည်နှစ်ဇူလိုင်လ ၇ ရက်တွင်ပင်ဖြစ်၏။ အာဏာသိမ်း စစ်အစိုးရကို ကန့်ကွက်ဆန္ဒပြကြသည့် ရန်ကုန်တက္ကသိုလ်ထဲမှ လက်နက်ဆိုလို့ အပ်တိုတစ်ချောင်းပင်မပါဘဲခွပ်ဒေါင်းအလံတွေကိုသာ ကိုင်ဆောင်ထားကြသော တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူတွေကို ဗိုလ်ချုပ်နေဝင်းက ‘ဓားဓားချင်း လှံလှံချင်း’ ဟုစိန်ခေါ်စကားပြောကာ သူ့စစ်တပ်က သေနတ်တွေနဲ့ပစ်သတ်ကြသည်တဲ့။

ကျွန်တော်တို့ မြို့လေးသို့ ပြန်ရောက်လာကြသည့် တက္ကသိုလ်ကျောင်းသားအစ်ကိုကြီးတွေက ပြောပြကြသည်။

ကျွန်တော်မရောက်ဖူးသေးသည့် အဲသည်တက္ကသိုလ်ကျောင်းဝင်းကြီးထဲက အဓိပတိလမ်းမကြီးပေါ်မှာ ကျောင်းသားတွေရဲ့သွေးတွေရွှဲကုန်ပြီတဲ့. . . ။ တက္ကသိုလ်သမဂ္ဂအဆောက်အအုံကြီးကို စစ်တပ်က ဒိုင်းနမိုက်ဖြင့် ဖြိုချပစ်လိုက်ကြပြီတဲ့. . . ။

ကတ္တရာလမ်းမပေါ်မှာသွေးအရွှဲရွှဲ၊ အလဲလဲအပြိုပြိုဖြစ်နေသည့် ခွပ်ဒေါင်းအလံတွေ၏မြင်ကွင်းကို ကျွန်တော်တို့ ကျောင်းသားငယ်လေးတွေ၏မျက်လုံးထဲသို့ရောက်လာအောင် ပြန်ပြောပြနေသည့် တက္ကသိုလ်ကျောင်းသားအစ်ကိုကြီး၏ မျက်လုံးအိမ်ထဲမှာဝိုင်းလာနေသည့်မျက်ရည်တွေကိုမြင်ရသောအခါ ဆရာကြီးရွှေဥဒေါင်း၏စကားဖြင့်ဆိုရလျှင် ကျွန်တော်တို့အသည်း၌ စစ်အစိုးရအပေါ် ဆူးတစ်ချောင်းစီပေါက်လေတော့၏။

အဲသည်အခါတွင်မှ အထက်တန်းကျောင်းသားများသမဂ္ဂအဖွဲ့ဝင် ကျောင်းသားကြီးတွေထံ၌ ယခင်က မြင်ဖူးခဲ့သောကျောင်းသားသင်္ကေတ ခွပ်ဒေါင်းအလံကို သတိထားမိလာသည်။ ခွပ်ဒေါင်းဆိုတာ မဟုတ်မမှန်တာကို ဆန့်ကျင်အာခံရဲသည့် အမှတ် သင်္ကေတပါလားဟု တန်ဖိုးထားတတ်လာသည်။

ကျွန်တော်လေးစားတန်ဖိုးထားမိလာကာမှပင် အဲသည့်ခွပ်ဒေါင်းအလံလေးတွေ တရားဝင်လူမြင်ကွင်းမှ ငုပ်လျှိုးသွားခဲ့ရလေသည်ကိုလည်း သတိထားမိလာသည်။

စာမျက်နှာ(၁၉) သို့








Engine Doctor Engineering

မော်ဒယ်မြင့်ကားများအတွက်ကွန်ပြူတာထိန်းချုပ်မှုစနစ်သင်တန်း

အင်ဂျင်နီယာများကိုယ်တိုင်ကြီးကြပ်သင်ကြားသည်၊ သီအိုရီနှင့်လက်တွေ့လေ့ကျင့်မှုပေါင်းစပ်သင်ကြားသည်၊ ခေတ်မီကွန်ပြူတာစမ်းသပ်ကိရိယာများ အသုံးပြုသင်ကြားသည်၊

အမှတ်စဉ် (၂၇)(၂၈)(၂၉) ပုံမှန်တန်းခွဲသစ်များကို
စက်တင်ဘာ ၂ ရက်နေ့တွင် စတင်ဖွင့်လှစ်ပါမည်

Tel: 09 4211 444 95, 09 4211 444 96, 09 4211 444 97
No. 102 Ground Floor, 52nd St., Middle Blk, Yangon.



# Voice Mail စနစ် ပြန်ကောင်းသော်လည်း အသစ်လျှောက်ထားမှုများ လက်မခံသေး

ဖွဲ့မာန်

**ရန်ကုန်၊ ဩဂုတ်-၉**

မိုဘိုင်းဖုန်းများတွင် အသံဖြင့် မက်ဆေ့ချ်ချန်ထားသည့် စနစ် (Voice Mail Service) ပြန်လည်ကောင်းလာသော်လည်း အသစ်လျှောက်ထားသူများအား လက်ခံသွားရန် အစီအစဉ်မရှိသေးကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမိုဘိုင်းဌာနမှ သတင်းရရှိသည်။

Voice Mail စနစ်မှာ စက်ချို့ယွင်းသွားခဲ့ရာမှ ယခုလဆန်းပိုင်းတွင် ပြုပြင်လိုက်သဖြင့် ပြန် လည်ကောင်းမွန်လာခဲ့သော်လည်း ယခင်လျှောက်ထားခဲ့သော ဖုန်းများကိုသာ ပြန်လည်ဝန်ဆောင်မှုပေးသွားမည်ဖြစ်သည်။

"အရင် ၁၅ သိန်းတန် ဖုန်းတွေမှာကတည်းက အဲဒီ Service ရှိခဲ့တယ်။ နောက်ပိုင်းအဲဒီစနစ်က ချို့ယွင်းသွားပြီး Voice mail ကို ပြန်နားထောင်လို့ မရတာတွေ၊ mail မဝင်တာတွေ ရှိတယ်။ နောက်ပိုင်း လူသုံးလည်း နည်းလာတဲ့အတွက် အဲဒီ Service ကို မလုပ်တော့တာ"ဟု ယခင် Voice Mail Service ဝန်ဆောင်မှုပေးခဲ့သည့် ITCS ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

Voice Mail Service ကို အသုံးပြုရာတွင် မိမိဖုန်းဖြင့် အခြားဖုန်းသို့ Voice Mail ပို့လိုပါက ၁၅၅၀ သို့ ခေါ်ဆို၍ ပြန်ဖြေကြားပါက 2 ကို နှိပ်၍ ပို့လိုသည့် ဖုန်းနံပါတ်ကို နှိပ်ရမည်ဖြစ်ပြီး Voice Mail စစ်မည်ဆိုပါက ၁၅၅၀ သို့ခေါ်ဆို၍ ပြန်လည်ဖြေကြားသောအခါ 1 ကို နှိပ်ရမည်ဖြစ်သည်။

အသစ်လျှောက်ထားမှုများအား လက်ခံသွားမည်ဆိုပါက ဂျီအက်စ်အမ် နှင့် ဒဗလျူစီဒီအမ်အေ ဖုန်းအမျိုးအစားသာ လျှောက်ထားနိုင်ပြီး ဝန်ဆောင်ခ ၁,၅၀၀ ကျပ်နှင့် လစဉ်ကြေးပုံမှန် ကျပ် ၁,၀၀၀ ပေးဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

# ဆက်သွယ်ရေးဥပဒေကြမ်းကို အော်ပရေတာလုပ်ခွင့်ရ ကုမ္ပဏီနှစ်ခု စောင့်ကြည့်နေ

ဆွေမွန်

**ရန်ကုန်၊ ဩဂုတ်-၁၁**

ဆက်သွယ်ရေး ဥပဒေကြမ်းအပေါ် လွှတ်တော်နှစ်ရပ်၏ ပြင်ဆင်ချက်များနှင့် ပတ်သက်၍ လက်ရှိ ဆက်သွယ်ရေးအော်ပရေတာလုပ်ငန်းလုပ်ကိုင်ခွင့် ရရှိထားသည့် ကုမ္ပဏီများအနေဖြင့် လိုင်စင်လက်ဝယ်မရရှိသေးခြင်းကြောင့် ထိုဥပဒေပေါ်တွင် သဘောထားမှတ်ချက်ပေးရန် အချိန်စောနေသေးကြောင်း အဆိုပါကုမ္ပဏီများမှ သတင်းရရှိသည်။

"အရင်တစ်ပတ်က Ooredoo က တာဝန်ရှိသူတွေနဲ့ တွေ့တော့ သူတို့က ဒီဥပဒေဆွေးနွေးမှုကိစ္စသိတယ်။ ဒါပေမဲ့ အခုချိန်မှာတော့ ဒီဥပဒေပေါ်ကို တုံ့ပြန်မှုတစ်စုံတစ်ရာ မပေးချင်သေးဘူး။ ဘာလို့လည်းဆိုတော့ လက်ရှိမှာ လိုင်စင်က လက်ထဲလည်းမရသေးဘူး။ ဒီအချိန်မှာ ပြောဖို့အချိန်စောနေသေးတယ်လို့ ပြောတယ်"ဟု Ooredoo ကုမ္ပဏီ၏ ပြန်ကြားရေးတာဝန်ရှိသူတစ်ဦးက ပြောသည်။

ထို့ပြင် လက်ရှိတွင် အဆိုပါ ဆက်သွယ်ရေးဥပဒေကြမ်း အတွင်းပါဝင်သည့် အချက်များကို တိကျစွာ မသိရှိသေးခြင်းကြောင့် ထိုဥပဒေအပေါ်ကို သုံးသပ်ပေးရန် မဖြစ်နိုင်သေးကြောင်း ဆက်သွယ်ရေးအော်ပရေတာ လိုင်စင်လုပ်ကိုင်ခွင့်ရကုမ္ပဏီတစ်ခုဖြစ်သည့် Telenor မှ ပြည်တွင်းပြန်ကြားရေးတာဝန်ရှိသူတစ်ဦးက ပြောသည်။

ဆက်သွယ်ရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက် ၈၂ ချက်ဖြင့် ပြင်ဆင်၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ရာ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် ၃၄ ချက်ကိုသာ လက်ခံခဲ့ပြီး ဩဂုတ် ၇ ရက်က ကျင်းပခဲ့သည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ဆက်သွယ်ရေးဥပဒေကြမ်းကို ပြင်ဆင်ချက် ၇၃ ချက်ဖြင့် တင်ပြဆွေးနွေးခဲ့ပြီး မကြာမီ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ဆွေးနွေးအတည်ပြုမည်ဖြစ်သည်။

ဆက်သွယ်ရေးဥပဒေကြမ်းမှာ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီမှ လေ့လာသုံးသပ်ပြင်ဆင်ပယ်ဖျက်မှုများရှိခဲ့သော်လည်း နိုင်ငံတကာမှ လက်ခံနိုင်သော၊ ပြည်တွင်းလုပ်ငန်းရှင်များအတွက်လည်း အကျိုးရှိသော ဥပဒေကြမ်းတစ်ခု ဖြစ်ကြောင်း ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသောင်းတင်က ပြောကြားထားသည်။

ပြင်ဆင်ပယ်ဖျက်မှု အများအပြားရှိခဲ့သော်လည်း ပြည်ပကုမ္ပဏီများအနေဖြင့် အဓိကစိတ်ဝင်စားနေသည့် အချက်ဖြစ်သော ဆက်သွယ်ရေးလုပ်ငန်းကို ဖက်စပ်သာ လုပ်ကိုင်ခွင့်ပြုမည်ဆိုသည့် အချက်ကို ပယ်ဖျက်လိုက်ခြင်းကြောင့် လက်ရှိဆက်သွယ်ရေး အော်ပရေတာလုပ်ငန်း လုပ်ကိုင်ခွင့် ရရှိထားသည့် ပြည်ပဆက်သွယ်ရေး ကုမ္ပဏီနှစ်ခုဖြစ်သည့် Ooredoo နှင့် Telenor ကုမ္ပဏီတို့အနေဖြင့် အဆင်ပြေသွားကာ နောက်ပိုင်းပြည်တွင်း၌ လာရောက်ရင်းနှီးမြှုပ်နှံလိုသူများအတွက်လည်း စိတ်ဝင်စားမှုများ ပြားလာနိုင်ကြောင်း ပြည်တွင်းကွန်ပျူတာ လုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

ထို့ပြင် ဥပဒေကြမ်းကော်မတီက ဖြည့်စွက်ရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့သည် ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းများနှင့် စပ်လျဉ်းပြီး ဥပဒေပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် သင့်လျော်သော ပြည်ထောင်စုအဆင့်ရှိ ပုဂ္ဂိုလ်တစ်ဦး ဦးဆောင်သည့် လွတ်လပ်သော မြန်မာနိုင်ငံ ဆက်သွယ်ရေးကော်မရှင်တစ်ရပ်ကို ဥပဒေအာဏာတည်သည့်နေ့မှ ၂ နှစ်အတွင်း ဖွဲ့စည်းရမည်ဆိုသည့် အချက်ပါဝင်သည်။

လက်ရှိတွင် ပြည်သူ့လွှတ်တော်က အတည်ပြုလိုက်သော ဆက်သွယ်ရေးဥပဒေကြမ်းတွင် မူလဥပဒေကြမ်းပါ ပြဋ္ဌာန်းချက်များ၊ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များထက် ထောင်ဒဏ်ကို လျှော့ပေါ့ပြင်ဆင်ထားခြင်းဖြစ်သည်။

ဆက်သွယ်ရေးဥပဒေကြမ်းကို လေ့လာသုံးသပ်ရာတွင် ဥပဒေကြမ်းကော်မတီက ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ ပြည်သူ့လွှတ်တော်ဆက်သွယ်ရေး၊ ပို့ဆောင်ရေးနှင့် ဆောက်လုပ်ရေးကော်မတီ၊ ပြင်ပအဖွဲ့အစည်းများမှ လုပ်ငန်းရှင်များ၊ ပညာရှင်များနှင့်တွေ့ဆုံ၍ တိုင်ပင်ညှိနှိုင်းခဲ့ခြင်းဖြစ်သည်။

လက်ရှိဆက်သွယ်ရေးအော်ပရေတာ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိထားသည့် ပြည်ပကုမ္ပဏီနှစ်ခုမှာ လုပ်ငန်းလိုင်စင်လက်ဝယ်ရရှိရန် သက်ဆိုင်ရာတာဝန်ရှိသူများ အစိုးရအဖွဲ့များနှင့် နောက်ဆုံးအကြိမ် ညှိနှိုင်းဆွေးနွေးမှုဆောင်ရွက်နေဆဲဖြစ်ပြီး လုပ်ငန်းလိုင်စင်ရရှိပါက ရှစ်လအတွင်း ဆက်သွယ်ရေးဝန်ဆောင်မှု ပေးသွားနိုင်ရန် လုပ်ဆောင်မည်ဖြစ်သည်။

လက်ရှိတွင် ပြည်တွင်း၌ ဝန်ဆောင်မှုလုပ်ငန်းများအတွက် ဝန်ထမ်းများ ခန့်အပ်သွားရန် Ooredoo ကုမ္ပဏီက စတင်ခေါ်ယူနေပြီး Telenor ကုမ္ပဏီက ယခုလအတွင်း ခေါ်ယူသွားရန်ရှိရာ Telenor ကုမ္ပဏီသည် ၎င်းတို့၏ အော်ပရေတာလုပ်ငန်း လုပ်ကိုင်ခွင့်တွင် ဝန်ဆောင်မှုလုပ်ငန်းများ လုပ်ကိုင်ရန် Huawei ကုမ္ပဏီကို ဆက်သွယ်ရေးကွန်ရက် အထောက်အကူပစ္စည်းများအတွက် လုပ်ကိုင်ပေးရန် ရွေးချယ်ထားကြောင်း သတင်းရရှိသည်။







# LG မှ ထွက်ရှိမည့်ဖုန်းများတွင် Vienna Boys Choir အဖွဲ့၏ သံစဉ်များထည့်သွင်းမည်




**ဆွေမွန်**

**ရန်ကုန်၊ဩဂုတ်-၁၀**

LG ကုမ္ပဏီမှ ထုတ်လုပ်ရောင်းချပေးမည့် LG G2စမတ်ဖုန်းမှ စတင်၍ ကမ္ဘာကျော် Vienna Boys Ch-oirအဖွဲ့နှင့် ပူးပေါင်းကာ ယင်းအဖွဲ့၏ သံစဉ်များကို သီးသန့်ထည့်သွင်းအသုံးပြုသွားနိုင်ရန် စီစဉ်ထားကြောင်း သတင်းရရှိသည်။

LG G 2စမတ်ဖုန်းများတွင် ringtones, notification များနှင့် alarm များအတွက် Vienna Boys' Choir အဖွဲ့များနှင့်ပူးပေါင်း၍ သီးသန့် ဟာမိုနီအသံများ လုပ်ဆောင်သွား မည်ဖြစ်ပြီး Bach's Air on the G Stringအစရှိသည့် တီးလုံးများကိုလည်းထည့်သွင်းသွားမည်ဖြစ်ကြောင်း LG မြန်မာပြည်ရုံးချုပ်မှ သိရသည်။

လက်ရှိတွင် LG G2 စမတ်ဖုန်းအမျိုးအစားကို နယူးယောက်မြို့၌စတင်ထုတ်လုပ်ရောင်းချပေးနေသော်လည်း ပြည်တွင်းဈေးကွက်သို့ အောက်တိုဘာလတွင် စတင်ရောက်ရှိမည်ဖြစ်ကြောင်း မြန်မာပြည် LG ရုံးချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"Vienna Boys' Choirရဲ့ သံစဉ်တွေကို LG G2က စတင်ပြီး ထည့်သွင်းသွားဖို့ရှိပါတယ်" ဟု LG၏ ဥက္ကဋ္ဌနှင့် CEO ဖြစ်သူဒေါက်တာ Jong-seok Parkက ပြောကြားသည်။

ထို့အပြင် ဩဂုတ် ၁ ရက်မှ စတင်၍ LG G2 Microsite ဖြစ်သည့် www.G2.LGMobike.com တွင် Vienna Boys' Choir ၏ the Life's Good ringtone နှင့် အခြားသီချင်းများလည်း ဒေါင်းလုဒ်ဆွဲပြီး နားထောင်နိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

ယင်းအဖွဲ့မှာ အသက် (၁၀) နှစ်မှ(၁၄) နှစ်ကြား ကလေးဦးရေ ၁၀၀ နီးပါးဖြင့် ဖွဲ့စည်းထားသည့် လူမှုရေးအဖွဲ့ အစည်းဂီတအဖွဲ့ တစ်ခုဖြစ်ပြီး ကမ္ဘာပေါ်တွင် အကောင်းဆုံးအဖြစ် သတ်မှတ်ခံထားရခြင်းလည်းဖြစ်ကာတစ်နှစ်လျှင်ပွဲပေါင်း ၃၀၀နီးပါးသီဆိုဖျော်ဖြေသည့်အဖွဲ့ဖြစ်သည်။




# ITPEC စာမေးပွဲ Level 2 အောင်သူများကို ဂျပန်တွင် အလုပ်လုပ်ကိုင်နိုင်ရန် ထောက်ခံချက်ပေးမည် ဟုဆို

**ဆွေမွန်**

**ရန်ကုန်၊ဩဂုတ်-၁၀**

နိုင်ငံပေါင်း ခုနစ်နိုင်ငံပူးပေါင်း စီစဉ်သည့်စာမေးပွဲတစ်ခုဖြစ်သော ITPEC စာမေးပွဲ၏ Level 2 အောင်မြင်ရုံဖြင့် ဂျပန်နိုင်ငံတွင် အလုပ်လုပ်ကိုင်ခွင့်ရရှိရန် ထောက်ခံချက်ပေးမည်ဖြစ်ကြောင်းသတင်းရရှိသည်။

အဆိုပါ စာမေးပွဲများအတွက်နိုင်ငံပေါင်း ခုနစ်နိုင်ငံပူးပေါင်းပြီး ITPEC(Information Technology Professional Examination Council)အဖွဲ့ကို ဖွဲ့စည်းထားပြီး Level 7 ထိရှိသော်လည်း ဒုတိယအဆင့်ဖြစ်သည့် အောင်မြင်ရုံဖြင့် ဂျပန်နိုင်ငံတွင် အလုပ်လုပ်ကိုင်နိုင်ရန် ထောက်ခံချက်ရရှိမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံ Information Technology Promotion Agency မှ မစ္စတာ Toshinari Miyazawa ကပြောသည်။

" FE အောင်မြင်တဲ့သူအတွက် ဂျပန်မှာ Work ပါမစ်ရအောင် ထောက်ခံချက်ပေးပါတယ်။ ပြီးတော့ ဒီအဆင့်အောင်မြင်ထားရင် ဂျပန်မှာ အလုပ်အကိုင်ရဖို့အခွင့်အလမ်းကကောင်းတယ်"ဟု ၎င်းကပြောသည်။

အဆိုပါစာမေးပွဲတွင် ပထမအဆင့်အနေဖြင့် အိုင်တီနှင့် ပတ်သက်သည့် အခြေခံသဘာတရားများဖြစ်သည့် IP(IT Passport) စာမေးပွဲကို ဦးစွာဖြေဆိုရမည်ဖြစ်ပြီး ခြောက်လတစ်ကြိမ်စစ်ဆေးပေးလေ့ရှိကာ ဒုတိယအဆင့်ဖြစ်သည့် FE နှင့် တတိယအဆင့်ဖြစ်သည့် AP(Applied Information Technology Engineer) စာမေးပွဲများကို တစ်နှစ်တစ်ကြိမ်ဖြေဆိုနိုင်ပြီး ဖြေဆိုအောင်မြင်ပါက နိုင်ငံတကာတွင် အလုပ်အကိုင် အခွင့်အလမ်းကောင်းများရရှိနိုင်ကြောင်း သတင်းရရှိသည်။

နိုင်ငံတကာအသိအမှတ်ပြု အိုင်တီပညာရှင် စာမေးပွဲကို တရုတ်၊ အိန္ဒိယ၊ စင်ကာပူ၊ တရုတ်တိုင်ပေနှင့် ကိုရီးယားနိုင်ငံတို့တွင် အသီးသီးကျင်းပကြပြီး မြန်မာ၊ မွန်ဂိုလီးယား၊ ထိုင်း၊ မလေးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ ဂျပန်နိုင်ငံ တို့ပူးပေါင်းပြီး ITPEC အဖြစ် ဖွဲ့စည်း၍ကျင်းပလျက်ရှိသည်။

၂၀၀၂ ခုနှစ်ကျော်ကပင် စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး ၂၀၀၆ ခုနှစ်မှစတင်ကာ ထို ITPEC အဖွဲ့မှ တစ်ဆင့်၊ တစ်နေ့တည်း တစ်ချိန်တည်း၊ မေးခွန်းတစ်ခုတည်းကိုသာ ဖြေဆိုသည့်စနစ်ကို စတင်ခဲ့သည်။ ၂၀၀၆ ခုနှစ်မှစတင်ပြီး ခုနစ်နိုင်ငံတွင် အဆိုပါစာမေးပွဲများကို ဖြေဆိုသူဦးရေ ၃၆၀၀၀ နီးပါးရှိခဲ့ပြီး ယခုနှစ်မှစ၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ လည်း အဆိုပါစာမေးပွဲကို စတင်တော့မည်ဖြစ်သည်။

အဆိုပါစာမေးပွဲမှာ ခက်ခဲခြင်းကြောင့် ဖြေဆိုသူများအနေဖြင့် နှစ်ချင်းပေါက်အောင်ရန် မလွယ်ကူဘဲအကြိမ်ကြိမ် ဖြေဆိုပြီးမှသာ အောင်မြင်မှုများပြားကြောင်း မြန်မာနိုင်ငံကွန်ပျူတာပညာရှင်များအသင်းမှစာမေးပွဲကျင်းပရေးကော်မတီအတွင်းရေးမှူး ဦးအောင်ဇော်မြင့်ကပြောသည်။

# ဆရာမောင်ဝံသ (သို့မဟုတ်) သုံးရောင်ခြယ်သုံးပြောင့်မှန်ကူကွက်

ချမ်းငြိမ်း

"ကျွန်တော့်ကိုဗျာ . . . ကိုဝံသ ခင်ဗျားကို လွှတ်ခွင့်ရပြီ။ အထုပ်အပိုးတွေပြင်တော့ဆိုပြီး အင်းစိန်ထောင်မှူးက ပြောလာတော့ ရုတ်တရက်ဝမ်းသာသွားပြီး ငါတော့လွတ်ပြီ တွေးမိတယ်။ ဒါနဲ့ အိပ်ရာ အထုပ်အပိုးပြင် ပစ္စည်း ပစ္စယ သိမ်းထောင်ဘူးဝကနေ ထွက်ပြီး သူတို့စီစဉ်ပေးတဲ့ကားနဲ့ လိုက်ခဲ့တာ အိမ်နားရောက်ခါနီး လမ်းထိပ်လောက်ရောက်မှ လိုက်ပို့တဲ့ စစ်ထောက်လှမ်းရေးတစ်ယောက်က အပြင်ကဝင်လာတဲ့ဖုန်းတစ်ခု လက်ခံစကားပြောပြီး ခင်ဗျားကို လွှတ်ပေးလို့မရသေးဘူး၊ပြန်ခေါ်လာခဲ့ရမယ်ပြောတယ်။ အင်းစိန်ပြန်သွားရမယ်လို့ပြောတော့ ဘယ့်နှယ်ဗျာ. . . မြို့ တော်ခန်းမနား၊ ကျွန်တော့်အိမ် နားရောက်နေပြီ။ ဒါနဲ့အင်းစိန်ပြန် လိုက်သွား. . .၊ အင်းစိန်ထောင် ပြန်ရောက်တော့ နဂိုနေခဲ့ရတဲ့ အခန်းကျဉ်းလေးထဲ ပြန်ထည့် လိုက်တာပဲ။ဒီလူတွေ ဒီလိုလုပ်ခဲ့တာဗျ"ဟု ကြေကွဲဖွယ်ဖြစ်ရပ်တစ်ခုကို ရယ်ရွှန်းဖတ်ရွှန်း ပြန်လည်ပြောပြနေသော ဆရာမောင်ဝံသကိုကျွန်တော်ငေးကြည့်နေမိသည်။ ထိုစကားကို ဆရာပြောနေချိန်သည် လွန်ခဲ့သော ခုနစ်နှစ်ကျော် စစ်အစိုးရလက်ထက်က ဖြစ်ပါသည်။ ကျွန်တော်သည်ဆရာရှိရာ၃၃လမ်း၊လမ်းတိုလေးရှိ ဆရာ့၏မြေညီထပ်ဒေါင်းစာပေအခန်းလေးထဲ ရောက်သွားစဉ်ဆရာကစစ်အစိုးရလက်ထက်ထောင်တွင်း အကျဉ်းကျခံခဲ့ရသောဖြစ်ရပ်အပေါ် ရယ်ရယ်မောမောလုပ်ပစ်ဖို့ရာ ကြိုးစားနေပုံရလေသည်။

(၁)

နိုင်ငံရေးမှန်တိုင်းထန်ချိန် ရှစ်လေးလုံးအရေးတော်ပုံကြီးပေါ်ပေါက်ပြီးနောက် တက္ကသိုလ်ကျောင်းများပိတ်လိုက်သည့်အခါ အများနည်းတူပင် ကျွန်တော်လည်း ယောင်ဝါးဝါးဖြစ်ခဲ့သည်။ နိုင်ငံရေးပဲဆက်လုပ်ရနိုး. . . အခြားသူငယ်ချင်းတွေလိုတောပဲခိုရနိုး. . . တချို့သူငယ်ချင်းတွေလို နိုင်ငံခြားထွက်ဖို့ပဲ ကြိုးစားရမလိုနိုးနိုး ဖြစ်နေချိန်တွင် စာအုပ်များကို သဲကြီးမဲကြီး ဖတ်ရှုဖြစ်ခဲ့သည်။ ထိုသို့ဖတ်ခဲ့ခြင်းမှာလည်း ရုတ်တရက်ပြုန်းဆိုကျရောက်လာသော ရှစ်လေးလုံးအရေးတော်ပုံကြီး၏ နောက်ဆက်တွဲဖြစ်ရပ်များကြောင့် မြန်မာ့သမိုင်းကိုလေ့လာရကောင်းမှန်း သိလာပြီး စာကို



၂၀၁၁ခုနှစ်အတွင်းက အစည်းအဝေးတစ်ခုတွင်တွေ့ရသည့် ဆရာမောင်ဝံသ

ဓာတ်ပုံ- ဂျေမောင်မောင် (အမရပူရ)

အငမ်းမရဖတ်ရှု ဖြစ်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ဖတ်ရှုရာ၌ အလွန်ကြိုက်နှစ်သက်ခဲ့သော စာအုပ်များထဲတွင် ဆရာမောင်ဝံသရေးသားသည့် **ခေတ်ပြိုင်ကမ္ဘာ့ရေးရာအဘိဓာန်** စာအုပ်လည်းပါသည်။ ထို့အပြင် အထွေထွေပုံနှိပ်စာပေများ ဆက်လက်လေ့လာဖြစ်ခဲ့ရာ **ကစ်ဆင်းဂျား၊ မိုရှေဒါယန်၊ နစ်ဆင်၊ အာယန်းဒေး(သို့) ချီလီပြည်မှကြယ်နီ၊ အီဂျစ်သမ္မတဆဒတ်၊ မာရှယ်တီတိုး၊ ခရုးရှက်** အစရှိသည့် ဆရာမောင်ဝံသရေးသော စာအုပ်များ ဖတ်ဖြစ်ခဲ့သည်။

ထိုစဉ်က ဆရာသည် ရှစ်လေးလုံးအရေးတော်ပုံကြီး အတွင်း သတင်းစာတိုက်များကိုကိုယ်စားပြု၍ သပိတ်တိုက်ပွဲဆင်နွှဲခဲ့ရာ နဝတအစိုးရတက်လာချိန်တွင် အလုပ်မှအငြိမ်းစားပေးခံခဲ့ရသည်။ တစ်ဆက်တည်း ဆရာသည် နိုင်ငံရေးလှိုင်းလုံးများထဲ ဒရောသောပါး လွင့်ပါသွားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် ဗဟိုဦးစီးအဖွဲ့ဝင်၊ ဗဟိုအလုပ်အမှုဆောင်ဖြစ်လာပြီး၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲ၌ ဝေါမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံခဲ့ရသည်။ ၉၀ ရွေးကောက်ပွဲတွင် တောင်ပြိုကမ်းပြိုခြိမ့်ခြိမ့်သဲသဲ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အောင်ပွဲခံသောအခါ လွှတ်တော်ခေါ်ယူပေးဖို့ အရေး ဆရာတို့တိုက်ပွဲဝင်ကြပြန်သည်။ နာမည်ကျော် **ဂန္ဒီကြေညာစာတမ်း**ကိုရေးရာ၌ ဆရာမောင်ဝံသသည် ဦးဆောင်ဦးရွက်ပါဝင်ခဲ့ပြီး ဗိုလ်အောင်ကျော်လမ်းနှင့်ကုန်သည် လမ်းထောင့်ရှိ ဂန္ဒီခန်းမ၌ ဂန္ဒီစာတမ်းကိုကြေညာလေသောအခါရန်ကုန်တစ်မြို့လုံးသည်အုန်းအုန်းကျွက်ကျွက် သောင်းသောင်းဖြဖြ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို လက်ခုပ်ဩဘာတီး၍ကြိုဆိုကြသည်။ ဗိုလ်အောင်ကျော်လမ်းတစ်ဖက်မှာကားစစ်ဘီလူးတို့၏စစ်တပ်သည် လှံစွပ်တမြမြဖြင့် သွေးဆာလျက်ရှိချေသည်။ သို့သော် ၉၀ ရွေးကောက်ပွဲ ရွေးကောက်ခံကိုယ်စားလှယ်များနှင့် ပြည်သူလူထုကားတုန်လှုပ်ခြင်းအလျဉ်းမရှိဂန္ဒီခန်းမအစည်းအဝေးအထမြောက်ရေးကိုသာ အာရုံစိုက်ဆောင်ရွက်ခဲ့ကြသည်။မှတ်မှတ်ရရထောင်သောင်းချီသောပြည်သူများသည် မာရှယ်လောအမိန့်ကို ဆန့်ကျင် လျက် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ဂန္ဒီခန်းမသို့ဆိုက်ရောက်လာတိုင်း လက်ခုပ်တီး ဩဘာပေးကြသည်။ တစ်ကြိမ်တွင်ခရမ်း၊ သုံးခွဘက်ကလားမသိပြည့်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် အစိုးရကိုငေါ့၍ ကုန်သည်လမ်းကတ္တရာလမ်းမကြီး ပေါ်နွားလားဥသဘနှစ်ကောင် တပ်ဆင်ထားသောလှည်းယာဉ်ကြီးဖြင့် ဂန္ဒီခန်းမသို့ဆိုက်ရောက်လာသောအခါ လူအများသည် စစ်အစိုးရကို ပမာမခန့် အန်တုခြင်းဖြစ်၍သာ၍ပင် လက်ခုပ်ဩဘာပေးကြပြန်သည်။

(၂)

ဂန္ဒီစာတမ်း အရေးကောင်း၍လားမသိ ထိုအစည်းအဝေးပွဲအပြီး ဆရာမောင်ဝံသအပါအဝင် နိုင်ငံရေးသမားအများအပြားအား စစ်အစိုးရက ထောင်နန်းစံရန် အင်းစိန်သို့ ပို့သလိုက်ပါသည်။

ဆရာမောင်ဝံသသည် သတင်းစာဆရာ၊ စာရေးဆရာအဖြစ် ရပ်တည်နေရာမှ ဒီမိုကရေစီအရေးရှေးရှုကာ နိုင်ငံရေးနယ်ပယ်ထဲ စုံပစ်ဝင်ခဲ့သည်။ ရှစ်လေးလုံး အရေးတော်ပုံမှ ဆယ်နှစ်ကျော်ကြာ ၂၀၀၁ ခုနှစ်အထိ နိုင်ငံရေး နယ်ထဲရောက်ရှိသွားပြီး ထောင်အကြိမ်ကြိမ်ကျလေသည်။ နောက်ဆုံးအကြိမ်မှာ ၁၉၉၅ ဇူလိုင်လတွင် နေအိမ်အကျယ်ချုပ်မှ ပထမ အကြိမ်ဒေါ်အောင်ဆန်းစုကြည် လွတ်ပြီးနောက် ၄င်းအားကူညီ ဝိုင်းရံ၍နိုင်ငံရေးလှုပ်ရှားမှုများပြုသည် ဟုဆိုကာ စစ်အစိုးရကပင် ၁၉၉၆ မေလ၊ ၂၁ ရက်မှ ၂၀၀၁ ဇွန်လ ၁၃ရက်ထိ အင်းစိန်ထောင်တွင်းထည့်သွင်းချထားလိုက်ခြင်းဖြစ်သည်။ နောက်ဆုံးအကြိမ်ထောင်မှလွတ်လာပြီးနောက် ၂၀၀၁ ဇူလိုင်လတွင် စာနယ်ဇင်းများ၌ စာပေရေးသားခြင်းဖြင့်စာရေးဆရာဘဝကို ပြန်လည်ခံယူခဲ့သည်။ သို့ရာတွင် နိုင်ငံရေးနှင့်ကင်းကွာမသွား. . . အမြဲလိုလိုပင်ဆရာ့၃၃လမ်း မြေညီထပ်တိုက်ခန်းလေးသို့ နိုင်ငံရေးသမားကြီးများ၊ တက်သစ်စလူငယ်နိုင်ငံရေးသမားများ၊ စာနယ်ဇင်းသမားများ၊ လူငယ် သတင်းထောက်များ ဝင်ထွက်သွားလာခဲ့ကြသည်။ ဆရာသည် အမြဲလိုလိုရောက်လာတတ်သော ထိုဧည့်သည်များကို ဧည့်ထောက်ခံရလေသည်။ထိုကာလများသည် ဆရာမောင်ဝံသစာ အများဆုံးရေးဖြစ်သောအချိန်များဖြစ်ခဲ့ပြီး ရေးသမျှစာများမှာလည်းစစ်အစိုးရ၏ စာပေစိစစ်က ဟိုဖြတ်သည်ဖြတ်နှင့်စာနယ်ဇင်းများ၌ဖော်ပြခံရသည်။ သို့သော်ဆရာမောင်ဝံသကား အပြုံးမပျက်၊ ထိုကာလများတွင် စစ်အစိုးရ၏မျက်စိဒေါက်ထောက် ကြည့်ရှုခြင်းခံရပြီး ဖြတ်တောက်မှုအခံရဆုံး စာရေးဆရာနှစ်ဦးမှာ ဆရာလူထုစိန်ဝင်းနှင့် ဆရာမောင်ဝံသတို့နှစ်ဦးဖြစ်သည်။ ဆရာမောင်ဝံသသည်နိုင်ငံရေးသမားဘဝအရေပြားခွာချခဲ့ကာ စာကိုသာပင်တောက်လျှောက်ရေးခဲ့ရာ၌ခေတ်ပြိုင်ကမ္ဘာ့ရေးရာအဘိဓာန်လိုစာအုပ်မျိုးဖြစ်သော အထွေထွေအဘိဓာန် (၂၀၀၇)နှင့် ခေတ်မီနိုင်ငံရေး ဝေါဟာရအဘိဓာန် (၂၀၁၁)တို့ကို ရေးသားပြုစုနိုင်ခဲ့သည်။ ထို့ပြင် တစ်သက်လုံး သတင်းစာဖြင့် တိုင်းပြည်ကိုအလုပ်အကျွေး ပြုခဲ့သူပီပီ တစ်ဖက်တစ်လမ်းမှ ကျေးဇူးဆပ်သည့်အနေဖြင့် သတင်းစာပညာ သဘောတရားနှင့် လက်တွေ့စာအုပ်ကိုရေးသား ပြုစုပြီး ပွင့်သစ်စစာနယ်ဇင်း သမားများအတွက် ရည်ရွယ်ကာထုတ်ဝေခဲ့သည်။

(၃)


နိုင်ငံရေးဒီရေလှိုင်းအနိမ့်အမြင့်နှင့်နိုင်ငံရေးအခင်းအကျင်းများ ပြောင်းလဲလာချိန်တွင် ဆရာမောင်ဝံသသည် ဂျာနယ်တစ်စောင်အား ထုတ်ဝေလိုက်ပါသည်။ ၂၀၁၀ ဇူလိုင် ၈ ရက်နေ့တွင် စတင်ထွက်ရှိခဲ့သော **ပြည်သူ့ခေတ်** နိုင်ငံရေးဂျာနယ်သည် မထွက်ခင်ကတည်းက လူအများ၏စိတ်ဝင်စားမှုခံရကာ ထွက်ရှိလာချိန်တွင်လည်း နိုင်ငံရေးနှင့်စာနယ်ဇင်းနယ်ပယ်တွင် ဩဇာညောင်းသော ဂျာနယ်တစ်စောင်ဖြစ်ခဲ့သည်။ ထိုကာလ ၂၀၁၀ဝန်းကျင်သည် ရွေးကောက်ပွဲကာလဖြစ်၍ မြန်မာ့နိုင်ငံရေးရေချိန်သည်လည်း မြင့်တက်လျက်ရှိသည်။ တစ်ရက် ဆရာနှင့်ဆုံတော့ ရင်ထဲ လိပ်ခဲတည်းလည်း သောင်မတင်ရေမကျဖြစ်နေသည့် ခံစားမှုတစ်ခုအတွက် ဆရာ့ကိုမေးခွန်းထုတ်မိသည်။ ယခုဖြစ်ပေါ် ပြောင်းလဲနေသော နိုင်ငံရေးအခြေအနေတွေကို ဆရာတကယ်ယုံကြည်ပါသလားဟူသောမေးခွန်းမေးဖြစ်သည်။ ဆရာက မဆိုင်းမတွပင် "ကျွန်တော်ယုံတယ်. . . သူတို့မှာ ရွေးချယ်စရာသိပ်မရှိတော့ဘူး။ ဒါကို ကျွန်တော်တို့ တွန်းအားပေး ဆက်ရေးသွားရမှာပဲ"ဟု ပြောသည်။ ကြုံခဲ့ရသောခေတ်တစ်နံ့တစ်လျားကြီးတွင် စစ်အစိုးရအပေါ် လုံးဝယုံကြည်မှုကင်းမဲ့ခဲ့သောကျွန်တော်သည်ဆရာ့လိုလူ၏နှုတ်ဖျားမှ ထွက်လာသည့် စကားကို အံ့အားသင့်မိသည်။ ကျွန်တော်က ဆရာဒဂုန်တာရာ၏ **နှစ်လေးဆယ် သမ္မာကျမ်းစာ (သို့မဟုတ်) သံသယနှစ်ကာလများ** ကဗျာကို တွယ်ဖက်ဆဲဖြစ်သည်။ အပြောင်းအလဲ အချို့အပေါ် ဆရာကယုံသည် ပြောသောအခါ တွေးရခက်ကြီး ဖြစ်လာသည်။ တွေးစရာတွေလည်း ရလာသည်။ နောက်တော့ ပြည်သူ့ခေတ် ဂျာနယ်တစ်နှစ်ပြည့်အခမ်းအနားကိုစင်ထရယ်ဟိုတယ်အပေါ် ထပ်မှာကျင်းပသည်။ ဆရာဖိတ်ကြား၍ ထိုအခမ်းအနားသို့ တက်ရောက်စဉ် လာသမျှဧည့်ပရိသတ်များအား လှိုက်လှဲပျူငှာစွာကြိုဆိုနေသော ဆရာ့ပုံရိပ်မှာ ပီဘိလူငယ်လေးတစ်ဦးပမာ. . . ထိုပြည်သူ့ခေတ်အခမ်းနားသည် သမားရိုးကျပြုလုပ်နေကျ အခမ်းအနားမျိုးမဟုတ်ဘဲ လွတ်လပ်စွာရေးသားပြောဆိုခွင့်ကို ရည်ရွယ်၍ ဆွေးနွေးဝိုင်းစကားဝိုင်းအဖြစ် ကျင်းပခဲ့သည်ကို မှတ်မိနေသေးသည်။

စာမျက်နှာ(၂၅) သို့

7DAY NEWS JOURNAL
Vol.12, No.23 • AUGUST 14 , 2013

(ယခင်အပတ်မှ အဆက်)

# မင်းဒင်ရဲ့ သက်ခိုင် (၂)



မင်းဒင်

**၂၀၀၅ ခုနှစ် ဖူးခက်မြို့။**

ဒေါသအရှိန်ကြောင့် သူ့တစ်ကိုယ်လုံး နတ်ကျသလို တဆတ်ဆတ်တုန်လျက်ရှိ၏။ ရန်သူ့နယ်မြေမှာ နောက်ကြောင်းမအေးစွာ နေရသည့်ဘဝမို့ အရာရာကို အလျှော့ပေးကာ သည်းခံစိတ်မွေးရန် ပိုင်းဖြတ်ထားပြီးကာမှ သည်အဖြစ်မျိုးနှင့် တိုးရလေခြင်းဟု ကိုယ့်ဘဝကိုယ် နာကြည်းစိတ်ပေါ်လာသည်။

ထိုင်းရဲတို့သည် ဗမာတို့ကို ခွေးတစ်ကောင်လောက်ပင် တန်ဖိုးမထားကြပါတကား။ ထိုခဏမှာပင် သူ့စိတ်အစဉ်၌ ပြင်းထန်ရက်စက်သည့်အတွေးတို့သည် အစီအရီဝင်ရောက်လာလေတော့၏။

သူ့အတွေးကား ဖူးခက်မြို့၏ အထင်ကရစံမကောင်းရဲစခန်းကို မီးလောင်တိုက်သွင်းရန်တည်း။

ကားဟောင်းတစ်စီးကို အခြားနာမည်တစ်ခုနှင့် ငှားမည်။ လောင်စာဓာတ်ဆီပုံးအပြည့်တင်၊ ကိုယ်တိုင်မောင်းနှင်ကာ ကားအစီးရေ ရာချီရပ်ထားသည့် စံမကောင်းရဲစခန်းရှေ့မှာရပ်မည်။ ပေါက်ကွဲချိန်ကို လက်ကိုင်တယ်လီဖုန်းဖြင့် ဆက်စပ်ထိန်းချုပ်ထိန်းထားမည်။ သူစီးနင်းလိုက်ပါလာသည့်လေယာဉ်အခြားနိုင်ငံတစ်ခု၏ လေဆိပ်သို့ရောက်ချိန်တွင် စံမကောင်းရဲစခန်းမီးလောင်ပြာကျနေသည့်သတင်းကို စိမ်ပြေနပြေ သူထိုင်ကြည့်မည်။ သူ့အတွေးစဉ်ဝယ် အသေးစိတ်အစီအစဉ်တို့ ဆက်ကာဆက်ကာ ပေါ်လာနေလေရာ သူ့ကိုယ်သူ မေးခွန်းတစ်ခု ပြန်လှန်မေးမိလျက်သားဖြစ်နေ၏။

"သက်ခိုင် သေတဲ့အထိ ပူလောင်နေအောင် မင်းဘဝမှာ ဇာတာပါခဲ့လေသလား"

**၂၀၀၆ ခုနှစ် ဖူးခက်။**

ကိုသက်ခိုင်တစ်ယောက် ဖူးခက်ရှိ ရခိုင်လူမျိုးအလုပ်သမားလေးငါးယောက်နှင့် တစ်စုံတစ်ခုကို အလေးအနက်တိုင်ပင်လျက်ရှိချိန်ဖြစ်၏။ ထိုစဉ် ကိုသက်ခိုင်ထံသို့ ဖုန်းဝင်လာသဖြင့် ဖုန်းကိုနားတွင်ကပ်ရင်း တလေးတစားပြန်ဖြေနေသည်။

"ဟုတ်ကဲ့။ ကျွန်တော် သက်ခိုင်ပါခင်ဗျ"

ကိုသက်ခိုင်သည်တစ်ဖက်မှ ပြန်ပြောသံကို ဘေးလူများကြားနိုင်အောင် ခလုတ်တစ်ခုကိုနှိပ်လိုက်ရာ ဖုန်းထဲမှဒေါသတကြီး အော်ဟစ်ကြိမ်းမောင်းသံ ထွက်ပေါ်လာသည်။

"ဟေ့ကောင်၊ သက်ခိုင်၊ မင်းလုပ်နေတာတွေ ရပ်တန်းက ရပ်လိုက်"

"နေပါဦးဗျာ၊ ခင်ဗျားဘယ်သူလဲဆိုတာ သိပါရစေဦး"

"ဟေ့ကောင်၊ ငါ့နာမည် ကျော်သောင်း၊မင်းတို့ထိုင်းတောင်ပိုင်းမှာ လုပ်စားနေတာ ငါအကုန်သိတယ်"

ကိုကျော်သောင်းဆိုသူမှာ ဘန်ကောက်မြို့မှာ အနေများသူဖြစ်ပြီး ရွှေ့ပြောင်းအလုပ်သမားများအရေးကို ကူညီဆောင်ရွက်နေသော အင်န်ဂျီအိုအဖွဲ့တစ်ခု၏ တာဝန်ခံဖြစ်သည်။

"ခင်ဗျားသေချာမသိဘဲစွတ်မပြောရင် ကောင်းမယ်နော်"

"မင်းတို့ဆေးရုံမှာ လူနာကလေးမလေးကို ဓာတ်ပုံရိုက်တာ ငါသိတယ်။ မင်းတို့လုပ်စားမယ့်အကွက်ကိုလည်း ငါသိတယ်"

"ခင်ဗျားဘာသာ ဘာအကွက်သိသိ။ ကျွန်တော့်အကြောင်း ခင်ဗျား မသိတာသေချာတယ်။ လူချင်းဆုံချင်တယ်။ ကျွန်တော်လာရမလား၊ ခင်ဗျားလာမလားသာပြော"

"ဟေ့ကောင်သက်ခိုင်၊မင်း. . . ကျော်သောင်း အကြောင်း မကြားဖူးဘူးထင်တယ်။ မင်းကို ငါရှင်းပစ်လို့ရတယ်နော်"

"ခင်ဗျားတော်တော်ခက်နေပါလား။ ကြာတယ်ဗျာ၊ ဖုန်းထဲကနေ ရှင်းလို့မပြီးနိုင်ဘူး။ ခင်ဗျားဘယ်မှာရှိသလဲပြော။ အခုချက်ချင်းကျုပ်လာခဲ့မယ်"

"တွေ့စရာမလိုဘူးကွ၊ ငါပြောသလိုမင်းတို့လုပ်နေတာသာ ရပ်လိုက်၊ ခွေးသား"

"မင်းတော်တော်ရိုင်းပါလား၊ မင်းဘာသာ ကျော်သောင်းဖြစ်ဖြစ်၊ ကျော်သောင်းအဖေဖြစ်ဖြစ် ငါလည်း မင်းကို သောက်ဂရုမစိုက်ဘူး။ ငါ့နာမည်သက်ခိုင်၊ မင်းသေချာမှတ်ထား၊ အေး. . . မင်းငါနဲ့သာ လွတ်အောင်ရှောင်ပေတော့"

ကိုသက်ခိုင်ကား ဒေါသထွက်လာဟန်ဖြင့် ဖုန်းကိုဆောင့်ပိတ်ပစ်လိုက်ရင်း ဘေးက ရခိုင်အုပ်စုဆီသို့ လှမ်းကြည့်လိုက်ရာ ရခိုင်လူငယ်တစ်ယောက်ထံမှ အားတုံ့အားနာအသံထွက်လာသည်။

"ဆရာ၊အဲဒါကိုကျော်သောင်းအသံမဟုတ်ဘူး။ သူဘယ် သူလဲဆိုတာ ကျွန်တော်သိတယ်"

"ဟေ၊ လုပ်ပါဦးဟ၊ ဘယ်သူများပါလိမ့်"

ကိုသက်ခိုင်၏ တအံ့တသြမေးသံအဆုံးတွင် အဆိုပါရခိုင်လူငယ်သည် စိတ်ပျက်လက်ပျက်လေသံဖြင့် တိုးတိုးညင်းညင်းပြန်ဖြေလိုက်သည်။

"အဲဒါ ဘုန်းကြီးဆရာ၊ ဦးကုမာရလို့ခေါ်တယ်။ သူဖူးခက်မှာနေတာကြာပြီ"

ကိုသက်ခိုင်နှုတ်မှ "ကောင်းကွာ"ဟူသော အာမေဍိတ်သံသာ ပေါ်ထွက်လာသည်။

**၂၀၁၀ ပြည့်နှစ် ဖူးခက်ပါတောင်ကမ်းခြေ၊ ဂျေဂျေမလာဇာ။**

"မြန်မာအလုပ်သမားများအကူအညီပေးရေး စင်တာ"ဟူသော သစ်လွင်တောက်ပြောင်သည့် ဆိုင်းဘုတ်ကြီးကို ခမ်းနားစွာတင်ထားသည့် အဆောက်အအုံတစ်ခုအတွင်းမှ စားပွဲဝိုင်းတစ်ခုတွင် အနောက်တိုင်းဝတ်စုံအပြည့်ဖြင့် ထိုင်နေသောကိုသက်ခိုင်ဘေးမှာ အသက်သုံးဆယ်ကျော်အရွယ် လူငယ်ငါးဦးခန့် ဝိုင်းအုံလျက်ရှိ၏။ အဆိုပါကုမ္ပဏီဖွင့်ပွဲသို့ဖိတ်ကြားချက်ကြောင့် ကိုသက်ခိုင်ရောက်လာခြင်းဖြစ်သည်။ မျိုးစုံအောင်တည်ခင်း ညှော်ခံထားသောစားသောက်ဖွယ်ရာတို့ကို စိတ်ဝင်စားဟန်မရှိသော ကိုသက်ခိုင်သည် တစ်ယောက်သောသူကို မေးခွန်းထုတ်လိုက်သည်။

"ဝင်းကျော်ခိုင်၊ ဒီကုမ္ပဏီမှာ ဘယ်သူတွေပါကြတုံးကွ"

"ကျွန်တော်ရယ်၊ ကိုညီညီနိုင်ရယ်၊ ဇူးလူးနဲ့ ခန့်ဇော်ဦး စုစုပေါင်း လေးယောက် အစ်ကိုကြီးရ"

"ဟ၊တယ်ဟုတ်ပါလား။ဗမာတွေချည်းပါလား"

"ကျွန်တော်တို့ ဗမာတွေဖွင့်တာဆိုတော့ ဗမာအလုပ်သမားတွေကို ထိထိရောက်ရောက်ကူညီနိုင်တာပေါ့။ အစ်ကိုကြီးရာ"

ကိုသက်ခိုင်ခေါင်းတဆတ်ညိတ်ရင်း စကားတစ်ခွန်းကို လေးလေးနက်နက်လေသံဖြင့်ပြောလိုက်၏။

"ညီညီညွတ်ညွတ်စုပြီးလုပ်ကြတာဝမ်းသာစရာပါပဲ။ ရင်လေးတာက တို့ဗမာတွေဟာ စုမိရင် မကြာခင်ကွဲကြပြဲကြတာ ထုံးစံလိုဖြစ်နေပြီ"

"ကျွန်တော်တို့ဘယ်တော့မှ မကွဲစေရဘူး စိတ်ချ အစ်ကိုကြီး"

သို့သော် ကိုသက်ခိုင်ကြိုတင်နိမိတ်ဖတ်ခဲ့သည့် အတိုင်းပါတောင်ကမ်းခြေမှ "မြန်မာအလုပ်သမားများအကူအညီပေးရေးစင်တာ"အမည်ရှိမြန်မာပတ်စ်ပို့ပွဲစားရုံးသည် ထိုနေ့မှ စတင်ရေတွက်သော် တစ်နှစ်မပြည့်မီမှာပင် သုံးစုကွဲခဲ့လေသည်။

**၂၀၁၀ ပြည့်နှစ် ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့။**

ကမ္ဘာအနှံ့အပြားရှိ မြန်မာ့အတိုက်အခံအများစုကို ရှားရှားပါးပါး၊ တစ်စုတစ်စည်းတည်း တွေ့ရလေ့ရှိသော သတင်းသမဂ္ဂညီလာခံကျင်းပသည့်အချိန်ဖြစ်၏။ တစ်ချိန်ချိန် တစ်နည်းနည်းဖြင့် မြန်မာအစိုးရကို ဆန့်ကျင်ခဲ့ကြသူများမှာ ပြည်ပသတင်းဌာနများတွင် အဆင့်အသီးသီး၌ ဝင်ရောက်လုပ်ကိုင်နေခဲ့ကြပြီ။

ယင်းအခမ်းအနား မကျင်းပမီ တစ်ရက်အလို ည ၇ နာရီခန့်မှာ "မွေး"အမည်ရှိမြန်မာထမင်းဆိုင်၌ တော်လှန်ရေးအင်အားစုတို့ ဝိုင်းဖွဲ့လျက်ရှိသည်။ အဆိုပါဆိုင်မှာ ဖဆပလအစိုးရလက်ထက်က ပြည်ထဲရေးဝန်ကြီး တာဝန်ထမ်းဆောင်ခဲ့သူ ဦးကျော်ငြိမ်း၏သားကိုဘိုဘိုကျော်ငြိမ်းနှင့် မကင်းရာမကင်းကြောင်းဖြစ်၍ ထိုနေရာတွင် စားကျက်ကျကြခြင်းဖြစ်ဟန်တူသည်။

ဘလက်လေဘယ်ဝိုင်းဖြစ်သော်ငြား တစ်ဦးတည်းဒကာခံသည်တော့မဟုတ်ဘဲ တတ်နိုင်သူတချို့က တတ်နိုင်သလောက် ငွေထုတ် ဒကာခံကာ သောက်ချင်သူဝင်သောက်စနစ်ဖြစ်သည်။ ကမကထပြုသူတို့မှာ ကဗျာဆရာကိုလွမ်းဏီနှင့် ကိုဇော်မင်း(လူ့ဘောင်သစ်)တို့ဖြစ်၏။ ယမကာအရှိန်ရလာသည့်အမျှ နီးရာလူနှင့် ကိုယ် သန်ရာခေါင်းစဉ်အသီးသီးကို ဆွေးနွေးငြင်းခုံလျက်ရှိသည်။

ဗဟုအဖွဲ့မှကိုအောင်သူငြိမ်းကား အသက် ၇၀ နီးပါးအရွယ် တော်လှန်ရေးဘိုးအေကြီးတစ်ဦး၏ တိရစ္ဆာန်အရိုးများမှ ဈေးနှုန်းသက်သာသော ဇီဝဓာတ်မြေဩဇာထုတ်လုပ်ခြင်းအကြောင်းဆွေးနွေးချက်ကို စိတ်ဝင်တစား နားစိုက်လျက်ရှိသည်။ ကိုဇော်မင်းကမူ ကိုလွမ်းဏီဆီသို့ မျက်နှာမူရင်း မြန်မာတို့ဆင်းသက်လာရာတိဗက်မြန်မာမျိုးနွယ်စုများအကြောင်း ဆန်းစစ်ချက်ထုတ်လျက်ရှိ၏။

ဗီအိုအေမှ ကိုဝင်းမင်းနှင့် ဘန်ကောက်ဘိုးဘိုးကြီး ကိုယဉ်မင်းတို့ကား ငြိမ်သက်လျက်ရှိကြသည်။ ထိုစဉ် ကိုသက်ခိုင်သည် သူ့ဘေးကပ်လျက် ထိုင်နေသော ရှစ်ဆယ့် ရှစ်ကျောင်းသား ခေါင်းဆောင်ကိုမိုးသီးဇွန်အား စကားလှမ်းပြောလိုက်သည်။

"ခင်ဗျားနဲ့ပတ်သက်ပြီး အကောင်းမြင်တာ၊ အဆိုးမြင်တာ ဒွန်တွဲပြီးရှိကြမယ်ဗျ။ ဘယ်လိုပဲဖြစ်ဖြစ် ခင်ဗျားဟာ 'အထင်ကရသမိုင်းထဲက အမှတ်တရလူ'ဆိုတာတော့ ငြင်းလို့မရဘူး။

စာမျက်နှာ(၃၂)သို့

# “ ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်း ကော်မတီရဲ့ ဆွေးနွေးချက်တွေဟာ ပြည်သူလူထုက ယုံကြည် လက်ခံနိုင်ဖို့လိုတယ် ”

## ABSDF ဥက္ကဋ္ဌ ဦးသံခဲနှင့် တွေ့ဆုံခြင်း

**အောင်သူရ**


ယုံကြည်ချက်ထက်စွန့်လွှတ်ရန် ခက်ခဲသော အရာဟူ၍ မရှိချေ။ ထို့ကြောင့်ပင် သူတို့ယုံကြည်သော ဒီမိုကရေစီရေး၊ တန်းတူညီမျှရေးအတွက် လက်နက်ကိုင်တိုက်ပွဲဝင်ခဲ့ကြသည်။ ဒီမိုကရေစီရေးအတွက် လူထုအရေးတော်ပုံကြီးဖြစ်ခဲ့သည့် ၁၉၈၈ ခုနှစ်တွင် ကျောင်းသားလူငယ်များ နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းခဲ့ကြသည်။ ထိုအချိန်က လက်နက်စွဲကိုင်တော်လှန်ရေးကို အားသန်ခဲ့သော ကျောင်းသားများက ထိုင်း၊ မြန်မာနယ်စပ်ရှိ KNU ထိန်းချုပ်ရေးနယ်မြေတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး ABSDF ကို ဖွဲ့စည်းထူထောင်ခဲ့ကြသည်။ ထိုသို့ထူထောင်ပြီး ၂၅ နှစ်အကြာတွင် သမ္မတဦးသိန်းစိန်အစိုးရက အပစ်အခတ်ရပ်စဲရေး ဆွေးနွေးလာသဖြင့် နိုင်ငံရေးပြဿနာအား နိုင်ငံရေးနည်းလမ်းဖြင့် စားပွဲဝိုင်းတွင် ဆွေးနွေးရန် ဩဂုတ်လ ၁၀ ရက်က ABSDF နှင့် မြန်မာအစိုးရတို့သည် ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးနိုင်ခဲ့ကြသည်။ ထိုကဲ့သို့ ရေးထိုးပြီး ABSDF အဖွဲ့၏ ရပ်တည်ချက်များနှင့် အမြင်များကို သိရှိစေရန် ABSDF ဥက္ကဋ္ဌ ရဲဘော်သံခဲနှင့် ၁၅ မိနစ်ခန့် တွေ့ဆုံခဲ့သည်များကို ပြန်လည် ဖော်ပြလိုက်ရပါသည်။

**ပထမတစ်ခေါက် မြန်မာပြည်ကို လာတာနဲ့ ဒုတိယတစ်ခေါက်မှာ ဘာများ ကွာခြားချက်တွေ တွေ့ခဲ့ပါလဲ။**

ကွာခြားချက်က ဘာလဲဆိုတော့ ပထမတစ်ခေါက်က လေ့လာခရီးပဲဆိုတဲ့ ခေါင်းစဉ်အောက်မှာ။ ဒီတစ်ခေါက်ကတော့ နှစ်ဖက်ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးပွဲ ခေါင်းစဉ်အောက်မှာ ဖြစ်တယ်။ ဒီတော့ ခေါင်းစဉ်ချင်းကိုက အဓိပ္ပာယ်လေးနက်ခြင်း တော်တော်ကွာသွားပါပြီ။ ဒီတစ်ခေါက်က ဘာအတွက်လဲဆိုရင် နှစ်ဖက်ငြိမ်းချမ်းရေး ဖော်ဆောင်ရေးကော်မတီနဲ့ မကဒတ ၈၈ ရဲ့ကြားမှာ တရားဝင်ဆိုင်ရာ နိုင်ငံရေးဆွေးနွေးပွဲလို့ ပြောလို့ရပါတယ်။ သို့သော်လဲပဲ ကျွန်တော်တို့လိုချင်တဲ့ နိုင်ငံရေး အဖြေတွေ မရခဲ့ပါဘူး။

**အခုဆိုရင် ABSDF နဲ့ အစိုးရကြား ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးနိုင်ခဲ့ပါပြီ။ သမိုင်းဝင်လည်း ဖြစ်သွားပါပြီ။ ဒါကို တချို့က မြန်တယ်ဆိုပြီး ဝေဖန်တာတွေ ရှိပါတယ်။ အခုလို ABSDF နဲ့ ပြည်ထောင်စုအဆင့် အပစ်အခတ် ရပ်စဲရေးလက်မှတ်ရေးထိုးနိုင်သလို KIO/KIA နဲ့ရော ထိုးနိုင်မယ်ထင်ပါသလား။**

ဒီကနေ့ယူဆတာက ဘာလဲဆိုရင် ကျွန်တော်တို့ရဲ့ ABSDF ဟာ အခုလိုမျိုး ကျွန်တော်တို့ရဲ့ ဖြစ်တည်မှု ဘဝအခြေအနေအရ ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့်ခွဲပြီး လက်မှတ်ရေးထိုးကြတယ်။ ဒါဟာ ဘာဖြစ်လဲဆိုရင် ကျွန်တော် ABSDF ရဲ့ အခြေအနေအရ ဆက်ဆံမှုဖြစ်တယ်။ သို့သော်လည်းပဲ တိုင်းရင်းသားတွေရဲ့ အခြေအနေအရ တစ်ဦးနဲ့ တစ်ဦး တူညီကောင်းမှ တူညီပါလိမ့်မယ်။ ဆိုလိုချင်တဲ့ အဓိပ္ပာယ်က တချို့အဖွဲ့အစည်းတွေက အပစ်အခတ်ရပ်စဲရေးကို လက်မှတ်ရေးထိုးထားပြီဖြစ်ပါတယ်။ နိုင်ငံရေးဆွေးနွေးပွဲကို ဖြတ်သန်းဖို့အတွက် စောင့်ဆိုင်းနေတာ ဖြစ်တယ်။ ဒီတော့သေချာတဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေပါမှ နိုင်ငံရေးဆွေးနွေးပွဲဖြစ်စဉ်တွေရှိမယ့် Frame Work တွေ ညှိနှိုင်းနေတာတော့ သေချာတယ်။ ဒီ Frame Work တွေ မရှိဘဲနဲ့ အပစ်အခတ်ရပ်စဲရေးဟာ မလုံလောက်ဘူးဆိုတဲ့ အဆိုဟာလည်း တစ်ဖက်ကကြည့်ရင် မှန်တယ်။ ဒီအပေါ်မှာ မူတည်နေပါတယ်။ ကျွန်တော်တို့က အခုက ထိုးပြီးပေမယ့် တစ်တိုင်းပြည်လုံးဆိုင်ရာ Frame Work တွေချနိုင်တဲ့ အနေအထားမရှိပါဘူး။ ဒါကြောင့် မျှော်လင့်ချက်ကြီးကို အများကြီး မပေးချင်ဘူး။ ဆိုလိုချင်တဲ့အဓိပ္ပာယ်က ဒီကနေ့ဆွေးနွေးပွဲတွေဟာ အားလုံးပြီးသွားတဲ့ ဆွေးနွေးပွဲတွေ မဟုတ်ဘူး။ ဒီနေ့ဆွေးနွေးပွဲတွေဟာ အားလုံးလိုချင်တဲ့ ဆွေးနွေးပွဲတော့မဟုတ်ဘူး။ ဒီနေ့ ဆွေးနွေးပွဲတွေဟာ အားလုံးလိုချင် လက်ခံနိုင်တဲ့အဖြေတွေ ရခဲ့တဲ့ ဆွေးနွေးပွဲတွေ မဟုတ်ဘူးဆိုတာ ကျွန်တော်တို့ အခိုင်အမာ ယုံကြည်ပါတယ်။



ဓာတ်ပုံ- ကျော်ဇင်သန်း

**တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဖြစ်ဖို့ အစိုးရက ကြိုးစားနေတာရှိတယ်။ အခုအချိန်ထိ ဘာကြောင့် မအောင်မြင်လဲလို့ ဦးသံခဲ အနေနဲ့ ထင်မြင်ပါသလဲ။**

အဓိကအားဖြင့်ဗျာ တစ်နိုင်ငံ အပစ်အခတ် ရပ်စဲရေးဆိုတဲ့ အခါမှာ ပဋိပက္ခတွေကြားထဲမှာ အင်အားကြီးတဲ့လူက သဘောထားကြီးရမယ်၊ စိတ်ရှည်ရမယ်၊ သည်းခံရမယ်။ အထူးသဖြင့်ကတော့ ဒီနေ့ အာဏာသုံးရပ်ဖြစ်တဲ့ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာ၊ ဥပဒေပြုရေးအာဏာရှိနေတဲ့ ပဏာမနိုင်ငံရေး အခြေအနေက အစိုးရဘက်မှာ ရှိပါတယ်။ အစိုးရ ပါလီမန် စစ်တပ်၊ ဒီအင်အားရှိတဲ့ ဖက်ကပိုပြီးတော့မှ စိတ်ရှည်သည်းခံပြီးတော့ တစ်တိုင်းပြည်လုံးနဲ့ပတ်သက်ပြီး အပစ်အခတ် ရပ်စဲရေးကို ကြေညာပစ်လိုက်တာမျိုး၊ တာဝန်ခံ တာဝန်ယူပြီးတော့မှ လက်တွေ့ကျကျ ပေးလိုက်တာမျိုးဆိုရင် ပထမအဆင့် အနေနှင့် နှစ်ဖက်ကြားမှာ ယုံကြည်မှုတွေ တစ်ဆင့်တက်သွားမယ်လို့ ကျွန်တော် ယူဆပါတယ်။

**အခုငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်နေတဲ့ အဖွဲ့ကို လွှတ်တော်က ဝေဖန်တာတွေရှိတယ်။ အစ်ကိုတို့ရော ဘယ်လိုမြင်ပါသလဲ။**

အထူးသဖြင့်ကတော့ဗျာ၊ ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်း ကော်မတီဆိုတာ အစိုးရ၊ တစ်နည်းအားဖြင့်ပြောရရင် ပါလီမန် အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ စစ်တပ်ကိုယ်စားလှယ်တွေနဲ့ ဖွဲ့စည်းထားတာလေ။ ဒီတော့ သေချာတာတစ်ခုက ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီရဲ့ ဆွေးနွေးချက်တွေဟာ ပြည်သူလူထုက ယုံကြည်လက်ခံနိုင်ဖို့ လိုတယ်။ အထူးသဖြင့်က ဒီကော်မတီရဲ့ ပေးထားတဲ့ ကတိတွေ၊ ဒီကော်မတီနဲ့ ဆွေးနွေးနေတဲ့ ကြားထဲမှာ ရှိနေတဲ့ ပဋိပက္ခတွေကို မူအားဖြင့် သဘောတူပေးထားတာ အချိတ်အဆက်မိမယ်ဆိုရင် ဒီထက်ပိုပြီး မြန်ဆန်မယ်လို့ ထင်တယ်။

အချပ်ပို (၂) သို့

စာမျက်နှာ (၂၃) မှ

## ဆရာမောင်ဝံသ (သို့မဟုတ်) သုံးရောင်ခြယ်သုံးမြှောင့်မှန်ကူကွက်

အမြဲလိုလိုပေါ့ပါးသွက်လက်စွာဖြင့် ဖျတ်ဖျတ်လတ်လတ် သွားလာတတ်သော ဆရာမောင်ဝံသသည် ထိုနေ့က ပီတိအပြုံးတို့ဖြင့် မျက်လုံးတို့မှာ ရွှန်းတောက်လက်ပ၍ နေသည်။ ထိုနောက်ပိုင်း ဆရာနှင့် မသိမသာ အဆက်အသွယ်ပြတ်တောက်သွားပြီး စာတွေကိုသာ ဖတ်ဖြစ်သည်။

နောက်တော့ သတင်းသဲ့သဲ့ ကြားရသည်။ ဆရာနေမကောင်းသည့်သတင်း . . . ။ မောင်ဝံသ ကင်ဆာဖြစ်နေတယ်တဲ့။ ထို သတင်းက တစ်စတစ်စ ကျယ်ပြန့်လာသလို ဆရာကိုယ်တိုင်ကလည်း ပြည်သူ့ခေတ်ဂျာနယ် **ပြောချင်လွန်းလို့** ကဏ္ဍမှနေ၍ အဆုတ်ကင်ဆာရောဂါဖြစ်နေကြောင်း ဝန်ခံပြောကြားခဲ့သည်။ တစ်ဆက်တည်း ရောဂါကုသရန် စင်ကာပူရှိ သား၊ သမီးများထံ သွားရောက်သည်ကိုလည်း ကြားသိရသလို စင်ကာပူဆေးရုံတက်၍ ကုသမှုခံယူနေရခြင်းကို ဖေ့စ်ဘွတ်ခ်မှ တစ်ဆင့်၊ ပြည်သူ့ခေတ်မှ တစ်ဆင့် ကြားသိရသည်။ ဆရာ့စာဖတ်ပရိသတ်နှင့် ဆရာ့ကိုချစ်သော ပြည်သူတွေက ဆရာပြန်လည်ကျန်းမာလာစေရန် ဆုမွန်ကောင်း ပို့သနေကြသည်ကိုလည်း ဖတ်ရှုခဲ့ရသည်။

ဆရာမောင်ဝံသသည် ကင်ဆာရောဂါကို တစ်ဖက်၌တိုက်ဖျက်ရင်း တစ်ဖက်ကလည်း စာနယ်ဇင်းအလုပ်များကို တတ်အားသရွေ့လုပ်ခဲ့သည်။ ၂၀၁၂ ဩဂုတ်လတွင်နှစ်ပေါင်း၅၀ အတွင်းပထမဆုံးအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ သတင်းစာဆရာများညီလာခံမှ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း(MJA) ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခံရသည်။ ဆရာသည် သူ့အတွက် အချိန်များစွာ မကျန်တော့မှန်း ရိပ်မိပုံရပြီး အလုပ်များကို တက်သုတ်ရိုက်လုပ်လေသည်။ သို့ရာတွင် ကင်ဆာဆိုသော ရောဂါဆိုးကြီးက ကုတ်ကတ်တွယ်ချိတ်ထားပြီ ဖြစ်ရာ အသက်ရှုန်သန်ရေးအတွက် အပြင်းအထန် ရုန်းကန်ရလေသည်။

(၄)

ကဗျာဆရာကြီး ဆရာဒေါင်းနွယ်ဆွေကို တစ်စစီဖွဲ့ယူခဲ့သော ကင်ဆာ။ သတင်းစာဆရာ၊ စာရေးဆရာကြီး ဗန်းမော်တင်အောင်ကို အဆုံးတိုင် ဆွဲချသွားသော ကင်ဆာ။ သားဂျာနယ်ကျော်ဦးမိုးဟိန်းကို ဖွပ်သတ်ပစ်ခဲ့သော ကင်ဆာတည်းဟူသည့် မကောင်းဆိုးဝါးက ဆရာမောင်ဝံသ တစ်ကိုယ်လုံးအား ချုပ်နှောင်တွယ်ဖက်ထားလေပြီ။ ၂၀၁၂ စက်တင်ဘာမှစ၍ သိခဲ့ရသော မကောင်းဆိုးဝါးကင်ဆာတစ္ဆေ၏ ပူးကပ်မှုကို ပြန်လည်တွန်းလှန်ရာ၌ ဆရာသည် အပြင်းအထန် သတ်ပုတ်ရသည်။ သို့သော် ဗိုင်းရပ်စ်ပိုးတို့ကား ဆရာ့ဦးနှောက်ထဲရောက်ရှိသွားပြီး အခြေအနေအတော်ဆိုးလာသည်။ ဆရာ့ကို ကျွန်တော်သွား မကြည့်ဖြစ်ပါ။ ဆရာရှိရာအိမ်မှာ ဖြစ်စေ၊ ဆရာရှိရာ ဆေးရုံမှာဖြစ်စေ တစ်ကြိမ်တစ်ခါမှ ကျွန်တော်မရောက်ခဲ့။ ဘဝ၏နောက်ဆုံး အချိန် သေမင်းနှင့် သူတင်ကိုယ်တင် လုနေချိန်တွင် ညှော်ထောက်ခံရတာမျိုး ဆရာ့ကိုမဖြစ်စေချင်။ ဆရာ့သွားကြည့်လျှင် စကားတစ်ခွန်းနှစ်ခွန်း ပြန်ပြောသည်နှင့်ပင် ဆရာပင်ပန်းနေပါမည်။ မကြားဝံ့ဝံ့ ဆရာ့ သတင်းသာ နားစွင့်နေမိသည်။

လွန်ခဲ့သော (၂၅) နှစ်၊ ထိုစဉ်က တစ်ပါတီစစ်အာဏာရှင်စနစ် ပြုတ်ကျရေးအတွက် တိုက်ပွဲဝင်ခဲ့သော ဆရာမောင်ဝံသသည်ယခု (၂၅) နှစ်တင်းတင်း ပြည့်သည့် အချိန်တွင်မူ သေမင်းနှင့် တိုက်ပွဲဆင်နွှဲနေရပြန်သည်။ ငွေရတုရှစ်လေးလုံး အခမ်းအနားကြီး MCC ခန်းမ၌ခြိမ့်ခြိမ့်သဲသဲကျင်းပပြီးချိန် ဩဂုတ်လ၏မိုးရေစက်များအောက် တစ်ခုသော ဆေးရုံခန်းတွင်းမှာ ဆရာကွယ်လွန်သွားပါသည်။ စစ်ဘီလူးတို့ကို အန်တုတိုက်ပွဲဝင်စဉ်က မမှုခဲ့သော ဆရာသည် သေမင်းနှင့်စစ်ခင်းရာ၌ကျဆုံးသွားခဲ့သည်။

တိုက်ပွဲပေါင်းများစွာ ဆင်နွှဲလာသော ဆရာမောင်ဝံသသည် ယခု ကင်ဆာရောဂါနှင့် တိုက်ပွဲနွှဲရာ၌ သူ့ကိုယ်သူ ကျဆုံးမည်ဟု မထင်။ အကောင်းအမြင်သာထားရှိပြီး ကင်ဆာကို တွန်းလှန်နိုင်မည်ဟု ယုံကြည်ခဲ့ပုံပေါ်သည်။ အဘယ်ကြောင့်ဆိုသော် ဆရာမသေခင်နောက်ဆုံးရေးခဲ့သော စာများ၌ အောက်ပါစာကို ဖတ်ရှုရပါသည်။ **လက်ရှိ အခြေအနေမှာတော့ ကျွန်တော့်အနေနဲ့ ကံတရားကိုလက်ခံပြီး နောက်ဆုံးအချိန်ကို ဝေးနိုင်သလောက်ဝေးအောင် ရွှေ့ဆိုင်းနိုင်ဖို့ ကြိုးစားနေပါတယ်။ အခုဖြစ်တာက ပထမတိုက်ခိုက်မှုလို့လည်း သတ်မှတ်ပါတယ်။ ဒါကြောင့် အားနာခဲ့ကြောင်း မပြောလိုသေးပါ။ ပြည်သူ့ခေတ်ကြီး ရောက်ပါပြီလို့ပြောနိုင်တဲ့ အချိန်အထိတော့ ကျွန်တော်ချစ်သော မြန်မာပြည်သူများရဲ့အမှုတော်ကို ကျေပွန်စွာ ထမ်းဆောင်သွားချင်ပါသေးတယ်**ဟူ၍ဖြစ်သည်။ ဆရာမောင်ဝံသကား ကဗျာဆရာကြီး မင်းသုဝဏ်၏ **သူ့မှာတမ်း** ကဗျာထဲကလို သေအံ့ဆဲဆဲမှာပင် မသေသေးဟုယုံမှတ်ပြီးအားနာကြောင်း မပြောလိုခဲ့။ သူ့မှာတမ်းတွင် ဤသို့ ရေးထားပါသည်။

အမောင်ပြောက်ကျား၊
တိုင်းပြည်အားကို ဘာများမှာခဲ့
လိုသနည်း။
ခရီးမတ်တတ်၊ လမ်းခုလတ်တွင်၊
ကိုယ်လွတ်ရှောင်ခွာ၊ ခွဲရပါ၍
အားနာခဲ့ကြောင်း ပြောပါလေ။
ယမ်းငွေ့အူအူ၊ တလူလူနှင့်
မေးမြူကြတုန်း၊
အနောက်ကုန်းတွင်
နေလုံး ကွယ်လေပြီတကား။ ။

ရ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ ကျော်မျိုးဦး |
| စာပြင်အယ်ဒီတာ | ချမ်းငြိမ်း |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ဝတ်ရည်အောင်၊ ဥက္ကာကိုကို၊ အေးသူစံ၊ သန်းငွေ၊ သန်းထူး |
| သတင်းထောက် | အေးမြတ်သူ၊ ခိုင်ထွန်း၊ အောင်ခိုင်၊ ရန်မျိုးနိုင်၊ မိုးညို၊ မင်းဟိန်းကျော်၊ ကြူကြူဟာန်၊ ခိုင်ချိုနွယ် |
| အငယ်တန်းသတင်းထောက် | ခန့်ထက်၊ ခိုင်ခိုင်စိုး၊ ဆွေမွန်၊ ရဲနောင်၊ အောင်သစ်လွင်၊ ဖွဲ့ညက်၊ အိမွန်ကျော် |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) ကျော်ဇင်သန်း |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော်၊ မောင်တာ |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ |
| စာပြင် | တင်ဇာဦး၊ ထွန်းသိန်းမြင့် |
| စီနီယာဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| ဒီဇိုင်နာ | နွယ်မွန်ဖြိုး၊ နန္ဒ၊ နိုင်လင်းထွန်း၊ ရဲသူရ |
| ကွန်ပျူတာစာစီ | စန်းစန်း၊ ဇော်ဝင်းအောင်၊ ယဉ်မျိုးပိုင်၊ သက်ပိုင်ငွေ၊ အောင်မျိုးသန်း၊ ကေသီမိုး၊ တင်ဇာလင်း |
| သရုပ်ဖော် | စိုးသော်တာ |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင်၊ ဇင်မာအေး |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊စည်သူအောင်၊ နှင်းဝေဝေ၊ ဆုရည်လွင် |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် |
| ပုံနှိပ်စက် | သုဝဏ္ဏသိင်္ဂီပုံနှိပ်တိုက် |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၅,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day News ဂျာနယ်တိုက် - Diamond Centre (G-12)
မြေညီထပ်၊ တိုက် (B)၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၀၇၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com

Hotline : 0973032006

# အကောင်းဆုံးနည်းလမ်းကို စဉ်းစားစေချင်သည်

မင်းသန်းထိုက် (ဒေးဒရဲ)



ဩဂုတ် လ၏ တစ်ခုသော တနင်္ဂနွေနေ့ ည ၈ နာရီ လောက်ရှိမည်ထင်သည်။ အိမ်ရှေ့မှ ခွေးဟောင်သံနှင့်အတူ ကျွန်တော့်နာမည်ကို တရင်းတနှီးအော်ခေါ်သံကြောင့် အိမ်ရှေ့ကို ကမန်းကတန်းထွက်ကြည့်လိုက်တော့ ကျွန်တော်ပညာရေးဌာနတွင်းမှာရှိစဉ်ကလုပ်ဖော်ကိုင်ဖက် သူငယ်ချင်းတစ်ဦး။

သူက ယခု အထက်တန်းပြဘဝနှင့် ရွာကြီးတစ်ရွာကခွဲ အ. ထ. ကတစ်ခုမှာ တာဝန်ကျနေသည်။ သူ့လက်ထဲမှာလည်း ခရီးဆောင်အိတ်ကြီးနှင့်ဆိုတော့မနက်ခရီးသွားဖို့ကျွန်တော့်အိမ်မှာ တစ်ညလာတည်းသည်ဟုပဲ ထင်လိုက်သည်။ အိမ်ထဲကို ရောက်တော့မှ သူက ပုသိမ်ကနေ မွမ်းမံသင်တန်းတက်ပြီး ပြန်လာကြောင်းပြောပြသည်။ ကျွန်တော်က ခုလိုမွမ်းမံသင်တန်းသွားတက် နေရတော့ အတန်းတွေမပျက်ဘူးလားဟုမေးမိသည်။သူငယ်ချင်းဆရာကဘယ်တုန်းကတည်းကရင်ဖွင့်ချင်နေမှန်းမသိသည့် သူတို့ ဆရာများ၏ အခက်အခဲကို နတ်သံနှောကာ ပြောပါလေတော့ သည်။

တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင်အောင်ချက်နည်းခဲ့သည့်အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒဘာသာရပ်များကို သင်ကြားပို့ချသည့်ဆရာများအားလုံး တိုင်းဒေသကြီး၏ မြို့တော်ဖြစ်သည့် ပုသိမ်မြို့တွင် စနေ၊ တနင်္ဂနွေ အပတ်စဉ်တိုင်း သင်တန်းသွားတက်ရသည်ဆို၏။ သည်တစ်ပတ် အင်္ဂလိပ်စာနှင့်ဓာတုဗေဒဆိုလျှင် နောက်တစ်ပတ် သင်္ချာနှင့် ရူပဗေဒ။ သည်တော့ ထိုဘာသာရပ်များကို သင်ကြားပို့ချသည့်ဆရာတိုင်း ပုသိမ်သို့တစ်ပတ်ကျော်သွားနေရသည်။ သူငယ်ချင်းက သူ့ကျောင်းတွင် ၉တန်း၊ ၁၀ တန်း နှစ်တန်းစလုံးကိုသင်္ချာနှင့်အင်္ဂလိပ်စာသင်သူဆိုတော့ အပတ်တိုင်းသွားနေရသည်။ သင်တန်းက စနေ၊ တနင်္ဂနွေဆိုပေမယ့် သောကြာနေ့ မနက် အစောကြီး ရွာကနေ ထွက်ရသည်။ နောက် ကိုယ့်မြို့နယ်ကနေ ရန်ကုန်။ ရန်ကုန်ကမှ ပုသိမ်ဆိုတော့ တစ်ခါတစ်ရံ အဆင်မပြေလျှင် စနေနေ့မနက်မှ ပုသိမ်ကို ရောက်သည်။ ထိုအခါမျိုးဆိုလျှင် မနက်ပိုင်းသင်တန်းနားချိန် နံနက် ၁၁ နာရီ ၃၀ မိနစ် ကျမှ အစာအဟာရမှီဝဲရတော့သည်။ တချို့ ဆရာကြီး၊ ဆရာမကြီးများဆိုလျှင် ခရီးပန်းကာ သင်တန်းချိန်ကြီးမှာ အဖျား တက်တာတွေတောင်ရှိသည်ဆို၏။ အပြန်ကျတော့လည်း တနင်္ဂနွေနေ့ညနေပိုင်းပြန်လျှင် ရန်ကုန်အဝေးပြေးကားဝင်းမှာ ညအိပ်ရသည်။ နောက်တစ်နေ့ မနက်ထပြီး ကိုယ့်မြို့ကိုယ်ပြန်။ မြို့ကမှ ကိုယ့်ကျောင်းရှိရာရွာကို ပြန်တော့ တနင်္လာနေ့ညမှပြန်ရောက်။ တစ်ပတ်ကိုအင်္ဂါ၊ဗုဒ္ဓဟူး၊ ကြာသပတေးသုံးရက်သာကျောင်းမှာစာသင်ရသည်။ အဆင်မပြေ၍ယခုလိုတနင်္လာနေ့မှ ပုသိမ်က ထွက်ရသည့်အခါမျိုးတွင်မူ အင်္ဂါနေ့မှ ကျောင်းပြန်ရောက်ရသည် ဟုဆိုလေ၏။

ဒါက မွမ်းမံသင်တန်းသွားရသူများ၏ အခက်အခဲ။ ကျောင်းမှာ ကျန်ခဲ့ရသည့် ဆရာ၊ ဆရာမများကလည်း သင်တန်းသွားရသည့် ဆရာ၊ ဆရာမများ၏အစား အတန်းဝင်ရတော့ သူတို့မှာလည်း နားချိန်တောင်မရှိ။ ဘာသာရပ်ကိုလည်းသင်မပေးနိုင်တော့အတန်းထိန်းရုံပဲထိန်းပေးနိုင်ကြသည်။ တချို့ခွဲကျောင်းများဆိုလျှင် အထက်တန်းပြကသုံးယောက်လောက်ရှိတာဆိုတော့တစ်ယောက် သင်တန်းသွားပြီဆိုလျှင်ကျန်နှစ်ယောက်နှင့် ၉ တန်း၊ ၁၀ တန်းနှစ်တန်းစလုံးကို မနည်းနိုင်အောင်ထိန်းကြရသည်။ မူလတန်းပြတွေ၊ အလယ်တန်းပြတွေပါမနေရတော့။ အတန်းဝိုင်းထိန်းပေးကြရသည်။ ဟိုဘက်လည်း လစ်၊ သည်ဘက်လည်းဟာနှင့် အကုန်လုံးက သောင်းကနင်းဖြစ်ကြရသည်။

နောက်တစ်ခုက သင်တန်းတက်ရသည့် ခရီးစရိတ် ကိစ္စ။ ပုသိမ်သို့အသွားအပြန်ခရီးစရိတ်၊ ဟိုမှာတည်းခိုစားသောက်စရိတ်တွေက တစ်ခေါက်တစ်ခေါက်ကို သောင်းနှင့်ချီ၍ကုန်၏။ မြို့ပေါ် အ. ထ. ကတွေက ကျောင်းသားများထံမှ ကောက်သည်ဟု ဆိုသည်။တကယ်တော့ဒါလည်းမဖြစ်သင့်။ သူတို့လိုတောက ခွဲကျောင်းဆရာတွေကတော့ ဘယ်သူ့ဆီကမှကောက်လို့မရ။ ကိုယ့်အိတ်ထဲကပဲစိုက်သုံးရသည်။ နောက်တော့ အခေါက်ရေနှင့် ခရီးစရိတ်ပြန်ထုတ်ပေးမည်ဆိုသည်။ဘယ်တော့မှန်းမသိ။ နက်ဖြန် (သို့ မဟုတ်) ဘယ်သောအခါပဲမှတ် ထားရပေမည်။ လစာတစ်ခုတည်းကိုသာ အမှီသဟဲပြုနေရသည့် တောကဆရာများအဖို့ မည်မျှကျပ်တည်းဆင်းရဲကြလေမလဲ။ သက်ဆိုင်ရာ တာဝန်ရှိသူများ စဉ်းစားကြည့်စေချင်ပါသည်။

တစ်ခါသင်ယူသူတပည့်များဘက်ကကြည့်လျှင်ကော။ နဂိုကတည်းက ထို(သင်္ချာ၊ အင်္ဂလိပ်စာ၊ ဓာတု၊ ရူပ)ဘာသာရပ်များ၌ အားနည်းနေရသည့်အထဲ တနင်္လာနှင့် သောကြာနေ့တိုင်း သင်ကြားခွင့်မရကြချေ။ တစ်ဖက်တွင် လပိုင်းမာတိကာအရ သင်ခန်းစာပြီးမြောက်အောင် သင်ကြားရမည်ဖြစ်၍ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေးသုံးရက်အတွင်း တက်သုတ်ရိုက်သင်ရပါတော့သည်။

နားလည်တာ၊ မလည်တာထား။ သင်ခန်းစာပြတ်ရေးဦးစားပေးရပါတော့သည်။ မြို့ပေါ်က ကလေးများက အပြင်မှာ ကျူရှင်တက်၍ရသော်လည်း တောက ကလေးတွေကတော့ ကျောင်းက ဆရာတွေကိုပဲ အားကိုးနေရသည်။ ဆရာတွေက သင်တန်းချည်းတက်နေရတော့ ကလေးတွေခမျာ ဘယ်သူ့အားကိုးလို့ အားကိုးရမှန်းမသိ။ ကျန်ခဲ့သည့်ဆရာတွေကဝင်သင်ပေးကြသော်လည်း ဘာသာရပ်ကိုမကျွမ်းကျင်ကြသဖြင့် သူတို့လည်းပင်ပန်း၊ ကလေးတွေလည်း အကျိုးမရှိဖြစ်နေရသည်။

စာမျက်နှာ(၃၂) သို့

Business 7DAY NEWS JOURNAL
Vol.12, No.23 • AUGUST 14 , 2013

# မြန်မာ့တွင်းထွက်များအပေါ် အမေရိကန်၏ ပိတ်ဆို့မှုသက်တမ်းတိုးခြင်းသည် ပြည်တွင်းကျောက်မျက်ဈေးကွက်အပေါ် သက်ရောက်မှု မရှိဟုဆို

မိုးညို

ရန်ကုန်၊ ဩဂုတ်-၁၁

အမေရိကန်နိုင်ငံသို့ မြန်မာနိုင်ငံမှ ကျောက်စိမ်းကျောက်မျက်နှင့် တန်ဖိုးမြင့်တွင်းထွက်ပစ္စည်းများ တင်ပို့ခြင်းကို တစ်နှစ်ထပ်မံသက်တမ်းတိုးလိုက်သော်လည်း ပြည်တွင်း ကျောက်စိမ်းကျောက်မျက်လုပ်ငန်းရှင်များအပေါ် သက်ရောက်နိုင်ခြင်းမရှိကြောင်း မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူးက ပြောသည်။

ပြည်တွင်းမှ အများဆုံးထွက်ရှိနေသည့် ကျောက်စိမ်းကျောက်မျက် အများစုမှာ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံသို့သာ အဓိကတင်ပို့နေပြီး ဈေးကွက်မှာလည်း ယင်းနိုင်ငံများကိုသာ မှီခိုနေရသောကြောင့် အမေရိကန်၏ ပိတ်ဆို့မှုသက်တမ်းတိုးခြင်းက မြန်မာ့ကျောက်စိမ်းကျောက်မျက်လုပ်ငန်းအပေါ် သက်ရောက်မှုမရှိကြောင်း အထက်ပါအတွင်းရေးမှူးက ပြောသည်။

"တရုတ်မှာ ကျောက်စိမ်းလိုအပ်ချက်က နေ့စဉ်ကြီးထွားနေဆဲပဲ ဒီနိုင်ငံရှိနေသရွေ့ မြန်မာ့ကျောက်စိမ်းကျောက်မျက်က တန်းဝင်နေတုန်းပဲ ခုထိပဲ ကမ္ဘာမှာ ထွက်ရှိမှုနှုန်းက အများဆုံးပဲ" ဟု မြစ်ကြီးနားကျောက်မျက်အသင်းဒုဥက္ကဋ္ဌက သုံးသပ်သည်။



ကျောက်မျက်ပြပွဲတွင် ရောင်းချနေသောကျောက်စိမ်းများကို ကျောက်ကုန်သည်များကြည့်ရှုနေကြစဉ်

အမေရိကန်နိုင်ငံသည် မြန်မာနိုင်ငံ၏ တန်ဖိုးမြင့်တွင်းထွက်များအပေါ် ဆက်လက်ပိတ်ဆို့အရေးယူရခြင်းမှာ ယင်းကဏ္ဍတွင် စစ်တပ်၏ ပါဝင်ပတ်သက်ရင်းနှီးမြှုပ်နှံမှုပမာဏများပြားလွန်းသောကြောင့် ယခုလို ဆက်လက်ပိတ်ဆို့ရန် ဆုံးဖြတ်လိုက်ရခြင်း ဖြစ်သည်ဟု အမေရိကန်နိုင်ငံ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေး Ben Rhodes က ပြောကြားထားသည်ဟု ရိုက်တာသတင်းတွင် ဖော်ပြရေးသားထားသည်။

အမေရိကန်နိုင်ငံသည် မြန်မာနိုင်ငံအပေါ် ယခင်စစ်အစိုးရလက်ထက် ၂၀၀၃ ခုနှစ်မှစတင်ပြီး တန်ဖိုးမြင့်ပတ္တမြား၊နီလာ၊ကျောက်စိမ်းများအပေါ် ကုန်သွယ်မှုကို စတင်ပိတ်ဆို့ခဲ့ပြီး ပိတ်ဆို့မှု သက်တမ်းမှာပြီးခဲ့သည့် ဇူလိုင် ၂၇ ရက်တွင်သက်တမ်းဆယ်နှစ်ပြည့်သွားပြီဖြစ်သောကြောင့် ယခုလို ဆက်လက်သက်တမ်းတိုးရန် ပြီးခဲ့သည့် ဩဂုတ် ၇ ရက်က ဆုံးဖြတ်လိုက်သည်။ သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍတွင် အသားတင်ထုတ်လုပ်မှုတန်ဖိုးကို ကျပ်ဘီလီယံ ၄၀၀ နီးပါး ရရှိအောင် ထုတ်လုပ်မည်ဖြစ်ရာ အဓိကသတ္တုနှင့် ကျောက်စိမ်းကို ၇ ဒသမ ၈ ရာခိုင်နှုန်းနှင့် ကျောက်မျက်ရတနာကို ၁၀ ဒသမ ၅ ရာခိုင်နှုန်းအသီးသီးတိုးမြှင့်ထုတ်လုပ်ရန် ရည်မှန်းထားကြောင်း ၂၀၁၃-၁၄ အမျိုးသားစီမံကိန်းဥပဒေကြမ်းတွင် ဖော်ပြပါရှိသည်။

ထို့ပြင် ယခုနှစ် နေပြည်တော်တွင် ကျင်းပခဲ့သည့် အကြိမ် (၅၀)မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ပြီးခဲ့သည့်နှစ်ကထက် သုံးဆပိုရရှိခဲ့ပြီး ၂ ဒသမ ၄ ဘီလီယံ ရရှိခဲ့ကြောင်း မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းမှ ညွှန်ကြားရေးမှူးက ဦးအေးလွင်က ပြောသည်။

မြန်မာ့ပတ္တမြားမှာ ကမ္ဘာပေါ်တွင် ထွက်ရှိမှုနှုန်း ၉၀ ရာခိုင်နှုန်းခန့်ရှိသည်ဟု မက်ကင်ဆေးတက္ကသိုလ်၏ သုတေသနပြုချက်ကို ရိုက်တာသတင်းဌာနတွင် ရေးသားဖော်ပြထားသည်။

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၉၆၈ | ၉၇၈ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၇၆၆ | ၇၇၈ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၂၉၄ | ၁၃၁၂ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၃၁. ၃ | ၃၁. ၁၅ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၅၀ | ၁၅၅ | ကျပ် |

၂၀၁၃ ဩဂုတ် ၁၁ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၄၄၈ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၄၉၄ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၉၈. ၁၇ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၁၂၁၇ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၆၀. ၆၇၇ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၅၈ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၁၁. ၀၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၂၅၃ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၁. ၂၀ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၁၀,၂၈၀. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၁,၀၇၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၃. ၂၅ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၅၅၅ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၁. ၀၈၇၂ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၄၃၈ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၀၂၉၂ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၂. ၈၇၅ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၉ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | အောင်စ | ၁,၃၁၄. ၆၀ |
| ရေနံစိမ်း | စည် | ၁၀၈. ၂၆ |
| ငွေ | အောင်စ | ၂၀. ၁၈ |
| ကြေးနီ | ပေါင် | ၃. ၃၁ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၂၂ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၃ ဩဂုတ် ၁၀ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။



7DAY NEWS JOURNAL
Vol.12, No.23 • AUGUST 14 , 2013

# အဆောက်အအုံတည်ဆောက်ခွင့်ဆိုင်ရာထုတ်ပြန်ချက်အားလုံး စည်ပင်ဝက်ဘ်ဆိုက်မှတစ်ဆင့် ကြေညာပေး

**ဆွေမွန်**

**ရန်ကုန်၊ ဩဂုတ်-၁၁**

ရန်ကုန်မြို့တော်တွင်း၌ အဆောက်အအုံများ ဆောက်လုပ်ခွင့်၊ ပြင်ဆင်ခွင့်၊ ခွင့်ပြုချက်ရရှိပြီးဖြစ်သည့် အထပ်နိမ့်၊ အထပ်မြင့်နှင့် စက်မှုဇုန်တွင်း ဆောက်လုပ်ခွင့်ပြုသည့် အဆောက်အအုံစာရင်းများအားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝက်ဘ်ဆိုက်တွင် ထုတ်ပြန်ကြေညာပေးနေကြောင်း သတင်းရရှိသည်။

"အခုက စာရင်းအားလုံးကို ဝက်ဘ်ဆိုက်ပေါ်လည်းတင်ပေးမယ်။ သက်ဆိုင်ရာကို စာလည်းပို့ပေးတယ်။ ရုံးမှာလည်း ကပ်ထားပေးတယ်"ဟု အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ အရာရှိတစ်ဦးကပြောသည်။

လက်ရှိတွင် စက်မှုဇုန်များအတွင်းမှ ခွင့်ပြုချက်ရရှိပြီး ငွေသွင်းရန်ရှိသည့် အထပ်နိမ့် အဆောက်အအုံများစာရင်း၊ အဆောက်အအုံများ၊ ဆောက်လုပ်ခွင့်၊ ပြင်ဆင်ခွင့်လျှောက်ထားမှုများ၊ ခွင့်ပြုချက်ရရှိပြီး ပိုင်ဆိုင်မှုမှန် အဆောက်အအုံများ ငွေသွင်းရန်ရှိသည့် အထပ်နိမ့်၊ အထပ်မြင့်အဆောက်အအုံများနှင့် အဆောက်အအုံဆိုင်ရာ ခွင့်ပြုချက်တင်ရသည့် ကိစ္စရပ်များအားလုံးကို ခွင့်ပြုပြီးပါက ဝက်ဘ်ဆိုက်မှတစ်ဆင့်ကြေညာပေးထားခြင်း ဖြစ်ကြောင်းသိရသည်။

ယခင်ကနိုင်ငံပိုင်သတင်းစာများမှ တစ်ဆင့် လျှောက်ထားသည့် အဆောက်အအုံများနှင့် ပတ်သက်၍ ကန့်ကွက်မှုရှိပါက လာရောက်၍ အချက်အလက်အပြည့်အစုံဖြင့် ကန့်ကွက်နိုင်ရန် သာ ကြေညာပေးပြီး ယခုအခါ အခြားသော အဆောက်အအုံဆိုင်ရာ သက်ဆိုင်သည့် ခွင့်ပြုချက်ရရှိပါက စည်ပင်ရုံးတွင် သာမက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝက်ဘ်ဆိုက်ဖြစ်သည့် www.ycdc.com.mm တွင် တရားဝင်ထုတ်ပြန်ကြေညာပေးခြင်းဖြစ်သည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ထိုသို့ခွင့်ပြုချက်ရရှိသည့် အဆောက်အအုံများနှင့် ကြေညာချက်များကို ၂၀၁၃ ခုနှစ် မတ်လစတင်ထုတ်ပြန်ကြေညာပေးခဲ့ခြင်းဖြစ်ပြီး ခွင့်ပြုချက်ရရှိသည်နှင့်တစ်ပြိုင်နက် ထိုဝက်ဘ်ဆိုက်တွင်တင်၍ ထုတ်ပြန်ပေးခြင်းဖြစ်ကြောင်းသတင်းရရှိသည်။

"အခုလို ဝက်ဘ်ဆိုက်မှာတင်ပြီး ကြေညာပေးတာကောင်းတယ်။ အရင်လိုရုံးအထိသွားပြီး ကြည့်စရာလည်း မလိုဘူး။ အကြောင်းကြားစာလည်း စောင့်နေစရာမလိုဘူး။ ခွင့်ပြုချက်ရပြီလား၊ မရသေးဘူးလားဆိုတာ အွန်လိုင်းဖွင့်ကြည့်တာနဲ့ သိရတာပေါ့"ဟု ဆောက်လုပ်ရေးလုပ်ငန်းရှင်တစ်ဦးကပြောသည်။




# စီးပွားရေးကော်ပိုရေးရှင်းနှင့် ကိုရီးယားကုမ္ပဏီ ပူးပေါင်း၍ ရောင်စုံအမိုးပြားထုတ်မည်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဩဂုတ်-၁၁**

ကိုရီးယားအခြေစိုက် POSCO ကုမ္ပဏီနှင့်မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်း (MEC) တို့ အကျိုးတူပူးပေါင်း၍ ရောင်စုံအမိုးပြားထုတ်လုပ်ခြင်းလုပ်ငန်းကိုလုပ်ကိုင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ရောင်စုံအမိုးပြားများအပြင် ရောင်စုံအမိုးပြားအလိပ်၊ EPS အပြား၊ Glass Wool အပြား(အပူကာပြား)နှင့်အခြားအလားတူကုန်ပစ္စည်းများထုတ်လုပ်မည် ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ ပျဉ်းမပင်စက်မှုဇုန်တွင်ဆောင်ရွက်မည်ဖြစ်သည်။

အကျိုးတူပူးပေါင်းလုပ်ကိုင်ရန်အတွက်မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ဩဂုတ်လတွင် ခွင့်ပြုချက်ရရှိထားပြီဖြစ်ကြောင်း သတင်းရရှိသည်။

မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းသည် ပြည်ပလုပ်ငန်းရှင်နှင့် အကျိုးတူပူးပေါင်းလုပ်ကိုင်မှုမှာ ယခုတစ်ကြိမ်သည် ဒုတိယမြောက်ဖြစ်ပြီး ပြီးခဲ့သည့် မေလကလည်း ကိုရီးယားအခြေစိုက်ကုမ္ပဏီနှင့်ပင် အကျိုးတူပူးပေါင်းလုပ်ပိုင်ခွင့် ရရှိထားသည်။

ထိုလုပ်ငန်းမှာ CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်းလုပ်ငန်းဖြစ်ပြီး Yanmar Inno International နှင့်အကျိုးတူ ပူးပေါင်းလုပ်ကိုင်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံ မှုကော်မရှင်မှထုတ်ပေးသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၆၃ ခုအနက်ဖက်စပ်လုပ်ကိုင်ခွင့်ပြုလိုက်သောလုပ်ငန်းပေါင်း ၁၈ ခုတွင် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းက နှစ်ခုရရှိထားသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၂ ရက်မှ ဩဂုတ် ၇ ရက်အထိ နိုင်ငံသားရင်းနှီးမြှုပ်နှံမှု ၅၁ ခုခွင့်ပြုထားပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၆၃ ခုခွင့်ပြုပြီးဖြစ်ကာ အများစုမှာ CMP စနစ်လုပ်ငန်းများဖြစ်ကြောင်း ကော်မရှင်က ထုတ်ပြန်ထားသည်။



AFP

# ဘူတန်ဘုန်းကြီးကျောင်းများနှင့် ခေတ်မီတိုးတက်မှု

ကြည်နေဝင်းမင်း

အနီရောင်သင်္ကန်းရုံထားသော ဗုဒ္ဓဘာသာဘုန်းတော်ကြီးကင်ချိုတီရှာရင်းသည် ဘူတန်ဘုရင်၏ ရုံးမှ ဝင်လာသော ဖုန်းကိုကိုင်ပြီးနောက် မုတ်သုံမိုးများ ခေတ္တရပ်တန့်သွားရေးအတွက် ဝတ်ပြုဆုတောင်းပွဲတစ်ခုကို အလျင်အမြန်ကျင်းပရန် စီစဉ်ပါတော့သည်။

ဘုန်းတော်ကြီးကင်ချိုမှာ ဘုရင်၏ မေတ္တာရပ်ခံမှုအတွက် ကတိုက်ကရိုက်ဖြစ်ချင်ဖြစ်နေပါလိမ့်မည်။ သို့သော်လည်း ဝေးလံခေါင်ဖျားသော ဘုရင့်နိုင်ငံမှာ နည်းပညာနှင့် ဒီမိုကရေစီ၏ ရိုက်ခတ်မှုနှင့်အတူ ၎င်းတို့ဘုန်းတော်ကြီးများ၏ အရှိန်အဝါကျဆင်းမှုနှင့် ကြုံနေရသည်။

"ဘူတန်နိုင်ငံ ပြောင်းလဲလာတယ်။ ဘုန်းကြီးကျောင်းအဖွဲ့အစည်းဟာ တဖြည်းဖြည်းကျဆင်းလာတယ်" ဟု ဘူတန်နိုင်ငံ မြို့တော်သင်းဖူးကို အပေါ်စီးမှ လှမ်း၍ ရင်သပ်ရှုမောဖြင်နေရသော ဒီချန်းပရိုဒေါင် ဘုန်းတော်ကြီးသင်စာသင်ကျောင်း ကျောင်းအုပ်ကြီးက ပြောပါသည်။ "မြို့ထဲမှာဆိုရင် သက်တော်ဝါတော်ရင့် ဘုန်းတော်ကြီးတွေကိုတောင် မလေးစားကြတော့ဘူး" ဟု ၎င်းကပြောရင်း သက်ပြင်းချသည်။

အိန္ဒိယနှင့် တရုတ်နိုင်ငံကတစ်ဖက်တစ်ချက် ခြံရံထားသော ဟိမဝန္တာဒေသတွင် အေးအေးချမ်းချမ်းရှိနေသော ဘူတန်နိုင်ငံသည် ဗုဒ္ဓဘာသာယဉ်ကျေးမှုတို့ ကြွယ်ဝ၍ လူသိများသည်။ ကျေးရွာများတွင်လည်း ယဉ်ကျေးမှုထုံးတမ်းစဉ်လာများ နက်ရှိုင်းသည်။ ဝတ်ပြုဆုတောင်းပွဲ အထိမ်းအမှတ်အလံများ လေထဲလွင့်ပျံနေသည်မှာ မထူးဆန်းသောမြင်ကွင်းဖြစ်ပါသည်။

ဗုဒ္ဓဘာသာယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ခြင်းမှာ ဘူတန်နိုင်ငံ၏ တစ်မူထူးခြားသော 'အမျိုးသားပျော်ရွှင်မှု' ညွှန်းကိန်းပုံစံဖော်ထုတ်ရာတွင် အရေးကြီးသောအစိတ်အပိုင်းဖြစ်သည်။ ယင်းညွှန်းကိန်းပုံစံမှာ အတွင်းအဇ္ဈတ္တနှင့် စိတ်ချမ်းသာမှုအပိုင်းကို စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် လိုက်ဖက်ညီစေရေး ရည်မှန်းခြင်းဖြစ်သည်။

သို့သော်လည်း ဆိတ်ငြိမ်သော တရားထိုင်ခြင်းကို သုံးနှစ်၊ သုံးလနှင့် သုံးရက်ကျင့်မှတ်ခဲ့သော တီရှာရင်းကမူ ဘူတန်နိုင်ငံ၌ ၁၉၉၉ ခုနှစ်တွင် ရုပ်မြင်သံကြားကို စတင်ခွင့်ပြုလိုက်ကတည်းက ဗုဒ္ဓဘာသာအပေါ် ရိုသေကိုင်းရှိုင်းမှု လျော့ကျလာသည်ဟု ယုံကြည်နေသည်။

"လူတွေက ဘုရားမကြိုက်တာကို လုပ်ဖို့ အကြောက်အရွံ့နည်းလာတယ်။ အယူသည်းမှုလျော့လာတယ်။ ဘာသာရေးထုံးတမ်းစဉ်လာလိုက်နာလေ့ကျင့်မှုတွေ လျော့ကျသွားတယ်" ဟု ဘုန်းတော်ကြီးဟောင်းတစ်ဦးဖြစ်ပြီး "ဘူတန်နိုင်ငံ၏ သမိုင်း" စာအုပ်ပြုစုသူ ကာမာပန့်ရှိုက ပြောသည်။

ဘူတန်နိုင်ငံတွင် ၁၉၆၀ ကျော်နှစ်များက လောကီသက်သက်ပညာရေးစနစ်ကို မိတ်ဆက်



လိုက်ကတည်းက ဘူတန်နိုင်ငံသားများ၏ ကမ္ဘာကြီးကို ရှုမြင်ပုံ သိသိသာသာ ပြောင်းလဲသွားခဲ့သည်ဟု ပန့်ရှိုးက ဆိုပါသည်။ လောကီသက်သက်ပညာရေးစနစ် မိတ်ဆက်ခဲ့ခြင်းအတွက် ရာစုနှစ်များစွာ အင်အားကြီးမားခဲ့သော ဘုန်းကြီးကျောင်းပညာရေးစနစ်ကို အားနည်းသွားစေခဲ့သည်။

၁၇ ရာစုနှစ်က တိဗက်ဗုဒ္ဓဘာသာကျောင်းဆရာတစ်ဦးက ဘူတန်နိုင်ငံကို တစ်စုတစ်စည်းတည်းဖြစ်အောင် ပေါင်းစပ်ခဲ့သည်။ ခေတ်ဟောင်းကကျန်ရှိနေသေးသော ဘုန်းကြီးကျောင်းတစ်ပိုင်း၊ အစိုးရရုံးတစ်ပိုင်း 'ဒီဇောင်း' ခံတပ်မှာ ယခင့်ယခင်က ဘာသာရေးနှင့် နိုင်ငံရေး ယှက်နွယ်နေခဲ့သည်ကို သတိပေးနေခြင်းဖြစ်သည်။

လွန်ခဲ့သော ငါးနှစ် ဒီမိုကရေစီစနစ် စတင်ဝင်ရောက်လာခဲ့ချိန်က ဘုန်းကြီးကျောင်းများ၏ အရှိန်အဝါကျဆင်းလာမှုမှာ ပို၍ထင်ရှားလာခဲ့သည်။ ဘူတန်နိုင်ငံ၏ အရေအတွက်မနည်းသော ဘုန်းကြီးများ၊ သီလရှင်များနှင့် အရပ်သားတရားဟောဆရာများကို နိုင်ငံရေးမှ တားမြစ်ပိတ်ပင်ထားသည်။ ယင်းမှာလည်း ဘာသာရေးနှင့် နိုင်ငံရေးကို သီးခြားစီခွဲထားနိုင်ရေးအတွက်ဖြစ်သည်။

"သူတို့မှာ ဘာမှကို ပြောပိုင်ခွင့်မရှိဘူး။ မဲလည်း မပေးနိုင်ဘူးဆိုတော့ နိုင်ငံရေးဩဇာအာဏာ တကယ်ကို ကျဆင်းသွားတယ်" ဟု မစ္စတာ ပန့်ရှိုးက ဆိုသည်။

တရားဟော၊ တရားပြခြင်း ဩဇာလွှမ်းမိုးမှု ကျဆင်းလာခြင်းအတွက် ဘုန်းကြီးကျောင်းများ ရုပ်ဝတ္ထုမက်မောလာခြင်းကို တစ်စိတ်တစ်ပိုင်း အပြစ်တင်ရမည်ဟု အချို့က ပြောသည်။

ထုံးစံအားဖြင့် ရှိသလောက်နှင့် ရောင့်ရဲတင်းတိမ်စွာ နေထိုင်နိုင်ရမည်ဟု ဆိုသော်ငြားလည်း ဘူတန်နိုင်ငံက ကျင့်သုံးသော ဗုဒ္ဓဘာသာစနစ်တွင် ဘုန်းကြီးများကို ကိုယ်ပိုင်ပစ္စည်းပိုင်ဆိုင်ခွင့်များ ပေးထားသည်။ "ကားကြီးကားကောင်းတွေ အများကြီးပိုင်တဲ့ ဘုန်းကြီးတွေတောင် ရှိတယ်" ဟု မြို့တော်သင်းဖူးမှ စိတ်ပညာရှင် ဒမ်ဘာ၊ ကေ၊ နီရိုလာက ဆိုပါသည်။

တစ်ဖက်တွင်လည်း ဘုန်းကြီးကျောင်းများမှာ အလွန်အရေးပါသော လူမှုရေးကဏ္ဍ၌ ပါဝင်ထမ်းဆောင်နေပြန်သည်။ မိဘဆုံးရှုံးသွားသော ကလေးများနှင့် မိဘက မကြည့်ရှုမစောင့်ရှောက်နိုင်သော ကလေးထောင်ပေါင်းများစွာအား နားခိုစရာ နေရာပေးထားကြသည်။

ဒီချန်းပရိုဒေါင်ဘုန်းကြီးကျောင်း၌ အမျိုးသားဘာသာစကားနှင့်စာ 'ဒီဇောင်ခါ' ဘာသာရပ်ကိုရေးသားကျက်မှတ်ခြင်း၊ နတ်များအားဆက်ကပ်ရန် ရောင်စုံမုန့်များလုပ်ခြင်း၊ ခရုသင်းကဲ့သို့ ဘာသာရေး လေမှုတ်တူရိယာ 'ဒွန်ချန်း' မှုတ်၍ အချက်ပေးခြင်းတို့ဖြင့် ရဟန်းငယ်များ အလုပ်ရှုပ်နေသည်ကို မြင်တွေ့နိုင်ပါသည်။

ကလေးတစ်ဦးအတွက်အစိုးရ၏ ထောက်ပံ့ငွေ တစ်နေ့တစ်ဒေါ်လာပင် မရှိသောကြောင့်လည်း အသက်ခြောက်နှစ်အထိ ငယ်ရွယ်သောကလေးများ ကြည့်ရှုစောင့်ရှောက်ရေးမှာ စိန်ခေါ်မှုတစ်ခုဖြစ်သည်ဟု တီရှာရင်းက ဆိုသည်။ ကလေးများမှာ ညဘက်တွင် စာသင်ခန်း များထဲ၌ တန်းထိုး၍ အိပ်စက်ကြရသည်။

တရားဝင်မှတ်ပုံတင်ထားသော စာရင်းတွင် ဘုန်းကြီးအပါး ၇၀၀၀ ကျော်သာရှိသော်လည်း တကယ့်လက်တွေ့တွင် ယင်းအရေအတွက်မှာ မည်သည့်အချိန်မဆို ၉,၀၀၀ မှ ၁၁,၀၀၀ ကြားရှိသည်ဟု ဘူတန်နိုင်ငံ၏ ဘုန်းကြီးကျောင်းများရေးရာ ကော်မရှင်အတွင်းရေးမှူး ကာမာပန်ဂျေး၏ ပြောပြချက်အရ သိရသည်။

"လူတွေက သူတို့ကလေးတွေခေါ်ပြီး ရောက်လာတဲ့အခါ ဘုန်းကြီးကျောင်းတွေက ငြင်းလိုက်လို့ မရဘူး" ဟု ကာမာပန်ဂျေးက ပြောပြပြီး ဘူတန်နိုင်ငံ၏ ဘုန်းကြီးကျောင်းများမှာ အဆင်းတကာ့အဆင်းရဲဆုံးကလေးများအား ကြည့်ရှုစောင့်ရှောက်၍ ပညာသင်ကြားပေးနေသည်ဟု ၎င်းကပြောပါသည်။

သို့သော် ဘုန်းကြီးကျောင်းများတွင်နေသောကလေးငယ်များ၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ လုံခြုံစိတ်ချရမှုအပေါ် ၂၀၁၂ ခုနှစ် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့၏ ထောက်ပံ့မှုနှင့် ထုတ်ပြန်သော အစီရင်ခံစာတစ်စောင်တွင် ထောက်ပြထားသည်။


ခရိုင်ကျန်းမာရေး အရာရှိဟောင်းတစ်ဦးလည်းဖြစ်သောစိတ်ပညာရှင်နီရိုလာက အလွန်တင်းကျပ်သော စည်းကမ်းများဖြင့် နေထိုင်ရသောဘဝပုံစံကြောင့်လူငယ်များစိတ်ဖိစီးမှု ခံစားရပုံကို မြင်တွေ့ခဲ့သည်။ ယင်းသို့နေထိုင်ရခြင်းမှာလည်း မကြာခဏဆိုသလို ၎င်းတို့၏ ရွေးချယ်မှုမဟုတ်ပေ။

"သူတို့က မြို့ထဲ သွားချင်တယ်။ စမတ်ဖုန်းတွေ ကလိချင်တယ်။ ဒါတွေက သူတို့ရဲ့စိတ်ထဲမှာ ပြဿနာတွေ အများကြီးဖြစ်လာစေတယ်" ဟု စိတ်ပညာရှင် နီရိုလာက ဆိုပါသည်။

*—Ref: Monasteries decline as TV and smartphones grip Bhutan*

# 7DAY BOOK REVIEW






## လူထုအရေးတော်ပုံမှတ်မှတ်ရရ ပိတောက်ပွင့်သစ်မဂ္ဂဇင်း

လူထုအရေးတော်ပုံ(၂၅)နှစ်မြောက် မှတ်မှတ်ရရ ၈၈၈၈ ဟူသော မျက်နှာဖုံးဖြင့် ပိတောက်ပွင့်သစ် စာပေအနုပညာမဂ္ဂဇင်း အမှတ်(၅၀) မြောက် ထွက်ရှိလာသည်။ ပြည်သူချစ်လျှင် ကမ္ဘည်းတင်မည် ဟူသော ကြွေးကြော်သံကိုကိုင်စွဲလျက် စာပေဝါသနာရှင်တို့ကြား အောင်မြင်မှု သရဖူဆောင်းခဲ့သော ပိတောက်ပွင့်သစ်မဂ္ဂဇင်း၏မူအတိုင်း ကလောင်အင်အား ကောင်းကောင်းဖြင့် အရေးတော်ပုံကို ဂုဏ်ပြုလျက် ထုတ်ဝေခဲ့ခြင်း ဖြစ်သည်။

ဟံသာဝတီဦးဝင်းတင်၊ ရွှေကူမေနှင်း၊ ဂုဏ်ထူး ဦးသိန်းနိုင်၊ ဟိန်းလတ်၊ ညိုထွန်းလူ၊ မောင်အောင်ပွင့်၊ ထက်မြက်၊ မျိုးမြင့်ညိမ်း ကဲ့သို့သော နိုင်ငံရေးအစဉ်အလာရှိသည့် စာရေးဆရာများ၏ စာမူများသာမက ထင်ရှားသော စာရေးဆရာ၊ကဗျာဆရာများ၏ အရေးတော်ပုံဂုဏ်ပြုစာမူများဖြင့် ဝေဝေဆာဆာ ထုတ်ဝေခြင်းဖြစ်သည်။ စာရေးဆရာ၊ ကဗျာဆရာများ၏ ၈. ၈. ၈၈ တစ်နေ့တာဖြတ်သန်းမှုများကို မှတ်မှတ်ရရဖော်ပြထားသည်မှာလည်း လွမ်းဆွတ်ဆွေးမြည့်ဖွယ်ရာ ကောင်းလှသည်။ အရေးတော်ပုံကို သိမိသူ၊ မသိမီသူမျိုးဆက်များ ဝယ်ယူဖတ်ရှုသိမ်းဆည်းထားရမည့် စာအုပ်ဖြစ်သည်။ အလက်ာ စာအုပ်တိုက်မှ ထုတ်ဝေဖြန့်ချိပြီး တန်ဖိုး ၃,၀၀၀ ကျပ်ဖြစ်သည်။

## ရှစ်လေးလုံးငွေရတု နွယ်နီမဂ္ဂဇင်း

"၂၅ နှစ်ဆိုသည်မှာ ရာစုနှစ်ဖြင့် အချိုးချက လေးပုံတစ်ပုံ။ မေ့မရနိုင်လောက်အောင် ဖြတ်သန်းခဲ့သူများအတွက် မနေ့တစ်နေ့ကအတိုင်းပင် ထင်ယောင်ကြလိမ့်မည်။ အရေပြားပေါ် ကသမိုင်းအဖြစ်၊ သာမန်အချိန်ဖြင့်သာဆိုပါက မျိုးဆက်နှစ်ဆက်စာမျှပင် ဆက်လက်ခရီးဆက်လျက်ရှိသည့်အနေအထား၊ အချိန်တွေက တိုက်စားလွန်းလှပြီ၊ သို့သော်မိမိတို့နိုင်ငံအတွက်မှာတော့ သွေးရဲရဲသံရဲရဲ သမိုင်းရဲရဲ ဒုတိယလွတ်လပ်ရေးတိုက်ပွဲ၊ လူထုရေးတဲ့ ခမ်းနားသောကျောက်စာ"ဟူသော အယ်ဒီတာ့ စကားဖြင့် မဂ္ဂဇင်းစာမျက်နှာကို ဖွင့်လှစ်သော နွယ်နီမဂ္ဂဇင်း ထွက်ရှိလာသည်။ ၁၉၈၈ ခုနှစ် ဩဂုတ်လတွင် ဆရာနတ်နွယ် စတင်တည်ထောင်၍ ထုတ်ဝေခဲ့သော နွယ်နီမဂ္ဂဇင်း၏ ငွေရတုက သမိုင်းဝင် ရှစ်လေးလုံးအရေးတော်ပုံ၏ ငွေရတုနှင့် တိုက်ဆိုင်နေသည်။ နွယ်နီငွေရတု၊ ရှစ်လေးလုံးငွေရတုအဖြစ် ထုတ်ဝေ လိုက်သော အထူးထုတ်မဂ္ဂဇင်းတွင် ကဏ္ဍအစုံ၌ ထင်ရှားသော စာရေးဆရာ၊ကဗျာဆရာတို့၏ အရေးတော်ပုံအမှတ်တရ စာ၊ ကဗျာများကို ဖော်ပြထားရာ စာမွေ့သူတိုင်း နှစ်သက်သဘောကျ ကြမည့် မဂ္ဂဇင်းတစ်အုပ်ဖြစ်ပြီး စာရေးဆရာ၊ကဗျာဆရာများစွာတို့၏ လက်ရာများကို ခံစားရမည်ဖြစ်သည်။ တန်ဖိုး ၄,၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

# Knowledge ဗဟုသုတ

## အာရှတိုက်၏ သက်တမ်းအရင့်ဆုံးသတင်းစာ ဘုံဘေဆမာခါ

အာရှတိုက်၏ သက်တမ်းအရင့်ဆုံး၊ ရှေးအကျဆုံးသတင်းစာမှာ အိန္ဒိယနိုင်ငံတွင် ထုတ်ဝေသည့် ဘုံဘေဆမာခါသတင်းစာဖြစ်သည်။ ထိုသတင်းစာကို ၁၈၂၂ ခုနှစ်တွင် ထုတ်ဝေပြီး ဂူဂျာရတီဘာသာနှင့် အင်္ဂလိပ်ဘာသာနှစ်မျိုးနှင့် ထုတ်ဝေသည်။ ၁၈၂၂ ခုနှစ် ဇူလိုင်လတွင် ထုတ်ဝေသော ထိုသတင်းစာတွင် စာမျက်နှာ ၁၄ မျက်နှာပါဝင်ပြီး ကြော်ငြာများ၊ ပစ္စည်း ပျောက်ကြော်ငြာများ၊ အိမ်အရောင်းအဝယ်ကြော်ငြာများ၊ အစိုးရတရားရုံးနှင့် အလုပ်ခန့်အပ်မှုများ၊ ရာထူးအပြောင်းအလဲများ၊ နိုင်ငံခြားသင်္ဘော အဝင်အထွက်များ၊ မွမ်ဘိုင်းမှလာသော ဥရောပသားများအကြောင်း၊ ဥရောပတိုက်သားများ၏ နာရေးသတင်းများ၊ အိန္ဒိယနိုင်ငံတော်ပြန်တမ်းနှင့် ကာလကတ္တား၊ လန်ဒန်မြို့တော်တို့မှ သတင်းများ ပါဝင်သည်။ ထို့အပြင် သတင်းစာတွင် ထူးဆန်းသည့်သတင်းမှာ တရုတ်နိုင်ငံ ကန်တုံမှ သတင်းများနှင့် ဘိန်းဈေးနှုန်းတို့ကို စာကြောင်းရေ ဆယ်ကြောင်းခန့်ဖြင့် ဖော်ပြထားသောသတင်း ပါဝင်ခြင်းဖြစ်သည်။

ဘုံဘေဆမာခါသတင်းစာကို ၁၈၃၂ ခုနှစ်အထိ အပတ်စဉ်အဖြစ် တစ်ပတ်တစ်ကြိမ် ထုတ်ဝေပြီး နောက်ပိုင်း ၁၈၅၅ ခုနှစ်အထိ တစ်ပတ်နှစ်ကြိမ် ထုတ်ဝေသည်။ ထို့နောက် ထိပ်တန်းသတင်းစာကြီးတစ်စောင် ဖြစ်လာသည်နှင့်အညီ ၁၈၅၅ ခုနှစ်မှစ၍ နေ့စဉ်ထုတ်သတင်းစာအဖြစ် ပြောင်းလဲထုတ်ဝေခဲ့သည်။

—Ref: Wiki

# တစ်ပတ်တာကံကြမ္မာ

ဩဂုတ် ၁၄ ရက်မှ ဩဂုတ် ၂၀ ရက် အထိ

စံဇာဏီဘို



### ARIES — မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

အကောင်းအဆိုးရောထွေးနေသော ကာလဖြစ်သည်။ အခက်အခဲ၊ အပြိုင်အဆိုင်၊ အတိုက်အခံ၊ အနှောင့်အယှက်များကြားမှ တိုးတက်မှုအဆင့်ဆင့်ရရှိမည်။ အလွယ်တကူရသည်ဟူ၍ မရှိပါ။ အစီအစဉ်အချို့ကိုဦးတည်ချက်လမ်းကြောင်းပြောင်းပြီး ဆောင်ရွက်လိုက်မှအဆင်ပြေသွားမည်။ လုပ်လက်စအလုပ်အချို့အား လက်စသိမ်းခြင်း၊ ရပ်တန့်ခြင်းပြုရမည်။ မည်မျှစိစစ်သုံးစွဲစေအကုန်အကျများခြင်းများ ဆက်တိုက်ဖြစ်မည်။



### TAURUS — ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

ပဋိပက္ခများ၊ ဆန့်ကျင်ဘက်ပြုသူများနှင့် တွေ့ကြုံရမည်။ ကတိစကားနှင့် ပြောဆိုထားသည့်အကြားအကြောင်းအရာတို့အပေါ် တာဝန်ယူရမှု၊ ထိန်းသိမ်းရမှုကြောင့် စိတ်ပင်ပန်းခြင်းဖြစ်မည်။ အလောတကြီးဆောင်ရွက်မှု စိတ်မြန်လက်မြန် ဆောင်ရွက်မှုနှင့် သူတစ်ပါးအပေါ် မျက်စိစုံမှိတ်ယုံကြည်မှုကြောင့် အနှောင့်အယှက်များ၊ အခက်အခဲများ ကြုံတွေ့ရတတ်သည်။ မေတ္တာရေးတွင် အညှို့ရှိသည်။



### GEMINI — မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

တစ်ပြိုင်နက်တည်း အခွင့်အရေးနှစ်မျိုးနှစ်ခုပေါ် ပေါက်မည်။ အတိုက်အခံအခက်အခဲများကို ကျော်လွှား၍ တိုးတက်မည်။ ကြန့်ကြာနေသည့်ကိစ္စများ ပြီးမြောက်အောင်ဆောင်ရွက်နိုင်မည်။ ရန်နှင့်ယှဉ်ပြီးလုပ်သောလုပ်ငန်းများမှ တက်လမ်းရမည်။ စကားပိုမပြောလေကောင်းလေဖြစ်မည်။ အချို့သောကိစ္စများတွင် စေတနာပို၍ လုပ်ကိုင်ခြင်းမပြုသင့်။ စေတနာ၊ ဝေဒနာဖြစ်တတ်သည်။



### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

အဆိုးအညံ့ကင်းစင်၍ ဆောင်ရွက်သမျှ အောင်မြင်ခြင်း၊ တိုးတက်ခြင်းများ ဖြစ်ထွန်းလာမည်။ မိတ်ကောင်းဆွေကောင်းများထံမှ အထောက်အကူများရမည်။ ကြန့်ကြာခက်ခဲသော ကိစ္စများကို ပြီးမြောက်အောင်ဆောင်ရွက်နိုင်မည်။ စုပေါင်းလုပ်ငန်းအကျိုးပေးမည်။ ပညာအတတ်နှင့် လုပ်ကိုင်လိုက်သော ကိစ္စများအောင်မြင်မည်။ ပျိုရွယ်သူများ မေတ္တာရေးစန်းပွင့်မည်။ အရာရာအဆင်ပြေမည်။



### LEO — သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

အခက်အခဲအားလုံးကို ကျော်လွှား၍ အဆင့်မြင့်သော တိုးတက်မှုများ အောင်မြင်မှုများရရှိမည်။ တတ်ကျွမ်းသိရှိထားသည့် အကြောင်းအရာများကို အသုံးချ၍ တိုးတက်မည်။ ကြိုးစား၍ အပင်ပန်းခံလုပ်ကိုင်ထားသည့်ကိစ္စများမှ ထူးခြားသော အကျိုးဆက်များရရှိမည်။ အကုန်အကျများမည်။ အပြိုင်အတိုက်အခံများမည်။ တစ်ပြိုင်နက်တည်း တစ်ခုထက်ပိုသည့် ကိစ္စရေးရာ တာဝန်များကို ပြီးမြောက်အောင်မြင်မည်။



### VIRGO — ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

အပြိုင်အဆိုင်များကြားမှ အစွမ်းအစပြသနိုင်သည့် တိုးတက်ခြင်းများရရှိမည်။ စာရွက်စာတမ်းကိစ္စ၊ ငွေရေးကြေးရေးကိစ္စကြားဝင်၍ တာဝန်ယူခြင်း၊ အာမခံခြင်းများ ရှောင်ပါ။ ရန်ပြဿနာသုံးခုထက် မနည်းကိုတစ်ပြိုင်နက်တည်း ဖြေရှင်းရခြင်းမျိုးရှိမည်။ ပျက်နေသော စက်ပစ္စည်းများကို ပြုပြင်သုံးစွဲပါ။ ထူးခြားသော အကျိုးဆက်များရလာမည်။ အထင်လွဲမှားမှုများကြုံမည်။



### LIBRA — တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

လုပ်ဆောင်ထားသည့် ကိစ္စများအပေါ် ဝေဖန်ခံရခြင်း၊ ပြစ်တင်ခံရခြင်းများကြုံမည်။ ပြဿနာမှန်သမျှကို ထိပ်တိုက်ဖြေရှင်းပါ။ ချက်ချင်းရင်ဆိုင်ပါ။ ရဲဝံ့ပြတ်သားစွာ မိမိရပ်တည်ချက်အပေါ် အခိုင်အမာပြုပြီး ရှေ့တိုးဆောင်ရွက်သွားပါ။ စေတနာအပေါ် အစော်ကားခံရခြင်းမှ ကင်းဝေးသွားမည်။ ရန်ရှင်းသွားမည်။ ဒူးနာတတ်သည်။ နေအိမ်သို့ စကားအလွန်ရှုပ်ထွေးသောသူများ ရောက်ရှိတတ်သည်။



### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

ကျန်းမာရေးအညံ့များ ပေါ် ပေါက်နိုင်သည်။ တစ်ပါးသူမမာမကျန်းဖြစ်၍ကြားမှ ငွေစိုက်ထုတ်ကုန်ကျရခြင်းများလည်းဖြစ်တတ်သည်။ သက်ကြီးရွယ်ကြီးများ နေထိုင်မကောင်းဖြစ်တတ်သည်။ ပစ္စည်းငှားရမ်းကလည်းကောင်း၊ ငွေချေးငှားကလည်းကောင်း တစ်ဖက်လူအမေ့ခံ၍ ပြန်တောင်းရခက်ခြင်း၊ ဆုံးရှုံးရခြင်းဖြစ်နိုင်သည်။ ဆွေမျိုးဒုက္ခပေးလိမ့်မည်။ သူစိမ်းအကျိုးပေးမည်။



### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

အလွန်သတိရှိရမည်။ ကိုယ့်ထက်ညံ့သောသူများကပင် ကိုယ့်အပေါ် ဒုက္ခပေးခြင်းကြုံနိုင်သည်။ လူလိမ်ခံရတတ်သည်။ မိမိကို အသုံးချ ခုတုံးပြု၍ သူတစ်ပါးက တက်လမ်းရှာသွားတတ်သည်။ မိမိလက်ဝယ်ရရှိထားသော ရပိုင်ခွင့်များ လုယူခံရတတ်သည်။ တည်ငြိမ်မှု၊ ရင့်ကျက်မှု တစ်စိုးတစ်စမှ မရှိသောသူများနှင့် ထိပ်ထိုက်ရင်ဆိုင်ရမည်။ ဆက်ဆံရမည်။ ပြဿနာများ ဖြစ်ရတတ်သည်။



### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

မတော်တဆထိခိုက်မှုများဖြစ်မည်။ လုပ်ကိုင်ရန် ဆန္ဒမရှိသည့်ကိစ္စများကို အချိန်ကုန်လူပင်ပန်းခံပြီးလုပ်ရမည်။ ဤသို့ဆောင်ရွက်၍ အကျိုးမဲ့နိုင်သည်၊ အဆင်ပြေမည်မဟုတ်ဟု သိလျက်နှင့် လုပ်နေရသောကိန်းကြုံမည်။ နာမည်သိက္ခာထိခိုက်အောင် ပြဿနာရှာသောသူများနှင့် ကြုံတွေ့ရမည်။ ကျန်းမာရေးအညံ့ရှိမည်။ ပျိုရွယ်သူများ သံယောဇဉ်အထားမှားခြင်းကြောင့် ပြဿနာဖြစ်တတ်သည်။



### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

ရင်ဆိုင်ရန်ခက်ခဲသော ပြဿနာများ၊ မိမိအပေါ် ထာဝရအပေါ် စီးမှ ဆက်ဆံသူများကို ဖယ်ရှားဖြေရှင်းနိုင်ခြင်းများရှိမည်။ ဖြစ်ပေါ် လာသော အခက်အခဲပြဿနာမှန်သမျှကို ဆောင်ရွက်အနိုင်ယူနိုင်မည်။ အကြံသစ်များ လုပ်ငန်းရည်ရွယ်ချက်သစ်များကို လက်တွေ့ဆောင်ရွက် အကျိုးပေးနိုင်သည်။ ဆက်ဆံရသောဝန်းကျင်အတွင်း ကောင်းသောအပြောင်းအလဲများ ဖြစ်ပေါ် မည်။ အတွေ့အကြုံသစ်များရရှိမည်။



### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

မရည်ရွယ်ဘဲ ရုတ်ခြည်းလုပ်ကိုင်လိုက်သည့်အကြောင်းတစ်ရပ်မှ ထူးခြားသည့်အကျိုးဆက်နှစ်ခု တစ်ပြိုင်နက်တည်းရရှိမည်။ ကြန့်ကြာနေသည့် ရပိုင်ခွင့်များကို ပြန်လည်ရရှိအောင် ဆောင်ရွက်နိုင်မည်။ ကာလအတန်ကြာ ပဋိပက္ခဖြစ်နေသော သူများနှင့် ပြန်လည်၍ ပြေလည်မှုရယူနိုင်သော ကာလဖြစ်သည်။ သူတစ်ပါးကတိစကားအပေါ် အလွယ်တကူယုံစားမိ၍ စိတ်အနှောင့်အယှက်များဖြစ်ရတတ်သည်။

# 7DAY PUZZLE


ပဟေဠိ အမှတ်စဉ်(၂၄၆)

## အလျားလိုက်

၁။ ရခိုင်တွင် သစ်ခိုးခုတ်နေရာ မြို့နယ်တစ်ခု
၅။ မြန်မာအလယ်ပိုင်းတောင်သူများ သီးနှံပျက်စီးခြင်းအကြောင်းရင်း
၇။ ရေနံဖြင့် တည်ဆောက်နေသောနိုင်ငံ
၈။ ကန့်သတ်ချုပ်ခြယ်ဖိနှိပ်ချိုးနှိမ်မှု
၁၁။ ကျွမ်းကျင်လုပ်သား မွေးထုတ်ရန် ကူညီနေသော နိုင်ငံတစ်ခု
၁၂။ မူးယစ်ဆေးဝါးမှုများတွင် ပါဝင်ပတ်သက်ခဲ့သူများ

## ဒေါင်လိုက်

၂။ အခြေခံဥပဒေမပြင်လျှင် ကန်-မြန်မာ ပုံမှန် ဆက်ဆံရေးမဖြစ်နိုင်ဟုပြောသူ
၃။ ကလေးများအတွက် အရေးကြီးသော မိခင်၏ ပြုစုမှုတစ်ခု
၄။ ကိုကိုးကျွန်းတွင် ၅၃ ရက်ကြာမြင့်ခဲ့သော ဆန္ဒပြမှု
၆။ ပုဂံတွင် လုယက်မှုများကြောင့် ထိခိုက်နိုင်သောလုပ်ငန်း
၉။ နိုကီရာ၏ နောက်ဆုံးထုတ်ဖုန်း
၁၀။ မန္တလေးမီးဆုံးရှုံးမှုအများဆုံးလ




### Smart Dictionary ကံထူးသူ

၁။ ဒေါ်ဇင်မာစိုး၊ ၈/မကန(နိုင်)၁၂၀၄၀၇ အမှတ်(၄၉)၊ ၁၁ လမ်း၊ ဆုံရပ်၊ မကွေးမြို့။

### ကျန်အဖြေမှန်သူများ

၂။ ဦးမြင့်နိုင်စိုး၊ ၁၄/အဂပ(နိုင်)၁၃၇၆၉၆
၃။ ကျော်သီဟ၊ ၁၂/ဒဂန(နိုင်)၀၃၀၃၃၆
၄။ ဒေါ်မိုးမိုးဝင်း၊ ၉/ကပတ(နိုင်)၀၂၄၁၅၁
၅။ အောင်မြတ်မိုး၊ ၉/မတန(နိုင်)၁၁၉၁၃
၆။ ဖြိုးသူဟိန်း၊ ၁၂/ဒဂတ(နိုင်)၀၄၈၇၆၁
၇။ မြတ်စပယ်၊ ၁၀/မလမ(နိုင်)၁၇၇၄၂၃

### ပဟေဠိ အမှတ်စဉ်(၂၄၅)အဖြေမှန်



**အမည်** ........................................ **မှတ်ပုံတင်အမှတ်** ........................................
**နေရပ်လိပ်စာ** ........................................................................................

ယခုတစ်ပတ်တွင် အဖြေမှန်သူ(၁၇) ဦးရှိပြီး ၎င်းတို့ထဲမှ အဖြေမှန်သူ (၇)ဦးကို မဲနှိုက်ရွေးချယ်၍ ထိုထဲမှတစ်ဦးကို ထပ်မံမဲနှိုက်ရွေးချယ်ကာ SMART Electronic Dictionary ချီးမြှင့်မည်ဖြစ်ပြီး ကျန် ၆ ဦးကို 7Day News မှ မေတ္တာလက်ဆောင်ဆုများ ချီးမြှင့်မည်ဖြစ်ပါသည်။ Puzzle မေးခွန်းများကို ယခင်အပတ်ထွက်ရှိပြီး 7Day News မှသတင်း၊ ဆောင်းပါးများမှ စကားစုများ၊ စာလုံးများ အပြင် ပြင်ပဉာဏ်စမ်းမေးခွန်းတစ်ခုစီ ထည့်သွင်းမေးမြန်းမည်ဖြစ်ကြောင်း Puzzle ဝါသနာရှင်များသို့ အသိပေးအပ်ပါသည်။ အဖြေလွှာများကိုမူရင်းသာလက်ခံမည်ဖြစ်ပြီး နယ်ဝေးမှ ဖြေဆိုသူများမှာ Fax ဖြင့် ပေးပို့နိုင်သည်။

**အဖြေလွှာများကို ၁၆-၈-၂၀၁၃ သောကြာနေ့၊ မွန်းလွဲ ၂နာရီနောက်ဆုံးထား၍ ဂျာနယ်တိုက်သို့ပေးပို့ရမည်။**

ဤအစီအစဉ်ကို SMART Electronic Dictionary မှ ပံ့ပိုးကူညီပါသည်။ ဘုကုန်းသူ

# Free Classified

## အခမဲ့ကြော်ငြာကဏ္ဍ

**Guide လုပ်ပေးသည်**
Grade 10 & 11 တစ်ဘာသာချင်းသီးသန့်၊ ဘာသာစုံ အိမ်အရောက်သင်ကြားပေးပါသည်။
ဖုန်း- ၀၉ ၄၂၀၁၄၇၃၀၄

**Study & Guide**
၁၀ တန်း ကျောင်းသား/သူများအတွက် Study Guide ရှိသည်။ မေးခွန်းဟောင်း ၁၃ နှစ်စာအကုန်လေ့ကျင့်သင်ကြားပေးသည်။ တစ်ဘာသာ-နှစ်သောင်းကျပ်
ဖုန်း- ၀၉ ၄၂၀၇၀၁၆၈၃

**Study & Guide**
တက္ကသိုလ်ဝင်တန်း ဘာသာစုံ အိမ်အရောက်သင်ကြားပေးသည်။ Repeater များအဖွဲ့လိုက်သင်ကြားပေးသည်။
ဖုန်း- ၀၉ ၄၂၂၂၀၅၇၉၈

**သင်ကြားပေးသည်**
Primary I to VI နှင့် အခြေခံပညာ အလယ်တန်း၊ အထက်တန်းကျောင်းသားများအား သင်္ချာ ဘာသာကို (အခြေခံမှစ၍) တတ်မြောက်ရန် သင်ကြားပေးသည်။ အိမ်လိုက်သင်သည်။
ဖုန်း-၀၉-၄၉၃၀၄၀၉၁

**သင်ကြားပေးသည်**
For Grade X & XI, Maths, Chemistry & Physics ထူးချွန်လိုသော တပည့်များအတွက် Tr.Kaung Myat (BE-PE).
ဖုန်း-၀၉-၇၃၁၄၂၀၂၀

**တရုတ်စာသင်တန်း**
ကျောင်းသူ/သား၊ ရုံးဝန်ထမ်းများနှင့် အခြေခံရှိပြီးသူများအတွက် တရုတ်စာ 4 Skills တတ်မြောက်စေရန် မူလတန်း ပုံမှန် သင်တန်းနှင့် စကားပြောသင်တန်းများကို စနစ်တကျ သင်ကြားပေးပါသည်။
ဖုန်း- ၀၉ ၄၅၀၀၆၂၂၄၈

**Home Visit Teaching**
LCCI Level I, II & III, MYOB.
Teacher-Ma Ei
PH: 09 5200974

**IGCSE**
Foreign & Local Teacher IGCSE/GCE 'O'(all subjects),BCA,SAT, IELTS,TOEFL,Maths Courses, English Courses, Grammar.
PH: 09 5139298

**သင်ကြားပေးသည်**
Chemistry Classes for Int'l School (sec -Levels),IGCSE. Cambridge Int'l AS & A Level & SAT-2
PH: 09 5005470

**သင်ကြားပေးသည်**
၉၊ ၁၀ တန်း အင်္ဂလိပ်စာ(သီးသန့်) ဝိုင်းလာရောက်သင်ကြားပေးသည်။ Essay & Letter ကိုယ်ပိုင်ရေးတတ်အောင် သင်ကြားပေးသည်။
ဖုန်း-၀၉-၄၂၀၃၁၇၉၅၄

**Study Guide**
၅ တန်းမှ ၉ တန်းအထိ ဘာသာစုံ၊ တစ်ဘာသာချင်း အိမ်အရောက် သင်ကြားပေးသည်။
ဖုန်း-၀၉-၇၃၁၄၇၁၄၉

**သင်ကြားပေးသည်**
မူလတန်း၊ အလယ်တန်း၊ ( သင်၊ Guide)
Teacher D (B.Sc(Phys:)(Q)-
PH: 01-542397

**Study Guide**
ဆေးကျောင်းတက်နေသူဖြစ်ပါသည်။ ၁၀ တန်းအတွက် Study Guide လုပ်ပေးပါသည်။ ဖုန်း-၀၁-၅၅၄၂၄၇

**ဝန်ဆောင်မှု**
"မြန်မာ့မြေ"အိမ်ခြံမှ အမှန်တကယ်ငွေလိုအပ်နေသော အိမ်ခြံမြေနှင့် ကွန်ဒို/တိုက်ခန်းများအား ငွေလှည့်ပေးနိုင်သောငွေရှင်များအလိုရှိသည်။
ဖုန်း- ၀၉ ၇၃၁၄၇၇၉၃

**သင်တန်း**
ကွန်ပျူတာကို အခြေခံမှစ၍ စနစ်တကျ သင်ပေးသည်။ Basic, DTP, Graphic, Advance Excel, Child Course, Access, Video Editing, Web Application, PHP, MYOB, Peachtree Accounting 2010.
ဖုန်း-၀၉-၄၂၀၀၈၄၆၇၉

**DREAM FUTURE**
Window and Software Installation, Virus Cleaning,Game Installation, Server Installation(DHCP,AD, ISA, Handy Cafe, CPE & Router Configuration. PH: 09 420110247

**News Translation**
Grammar & Spoken, English Classes.
PH: 09-73008846

**သင်တန်း**
Java Programming Language ကို စိတ်ပါဝင်စားသူအတွက် အိမ်တိုင်ရာရောက် သင်ကြားပေးပါသည်။ Project တစ်ခုတည်ဆောက်နိုင်သည်အထိ သင်ကြားပေးသည်။
ဖုန်း-၀၉-၄၂၀၇၄၅၃၇၀

**Myanmar Escapade Travel & Tours**
ဓမ္မခရီးစဉ်(Holy Land) အစီအစဉ်(November 2013) ခရီးစဉ်တွင် လိုက်ပါလိုသူများကို Myanmar Escapade Travel & Tours မှ ဝန်ဆောင်မှု ပေးလျက်ရှိသည်။
ဖုန်း- ၀၁ ၆၆၀၅၆၂

**ဝန်ဆောင်မှု**
iTunes Account, GMail,Viber,Tango,Skype & Internet Accounts များကို အချိုသာဆုံးဈေးနှုန်းဖြင့် ဝန်ဆောင်မှုပေးပါသည်။
ဖုန်း-၀၉-၇၃၀၀၉၀၁၄

**အချိန်ပိုင်းစာရင်းကိုင်**
လူကြီးမင်းတို့လုပ်ငန်းများ၏ စာရင်းများအား လချုပ်၊ နှစ်ချုပ် အရှုံးအမြတ် စာရင်းများအား လုပ်သက်(၈)နှစ်ရှိသူမှ တာဝန်ယူဆောင်ရွက်ပေးသည်။
ဖုန်း -၀၉-၇၃၀၉၀၄၈၃

**ဝန်ဆောင်မှု**
i-Link Special Networking Service
PH: 09-73165160

**ဝန်ဆောင်မှု**
လူကြီးမင်း၏ကွန်ပျူတာနှင့် ပတ်သက်သည့် Service ပြုလုပ်ခြင်းကို အိမ်အရောက်ပြုလုပ်ပေးပါသည်။
ဖုန်း-၀၉-၄၃၁၅၄၆၁၃

**PROMISE**
အင်္ဂလိပ်စာ သင်ကြားရေးနှင့် ဘာသာပြန်ဝန်ဆောင်မှု။
ဖုန်း-၀၉ ၄၀၁၅၄၀၄၅၂

**သင်တန်း**
ကွန်ပျူတာအိမ်လိုက်သင်သည်။ အခြေခံမှစ၍ စနစ်တကျသင်ပေးသည်။ Basic, DTP, Graphic, Advance Excel, Child Course, Access, Video Editing, Web Application, PHP, MYOB, Peachtree Accounting 2010.
ဖုန်း-၀၉-၄၂၀၁၁၆၂၂၁

**သင်တန်း**
Java Programming Language ကို စိတ်ပါဝင်စားသူများအတွက် အိမ်တိုင်ရာရောက် သင်ကြားပေးသည်။ Project တစ်ခုတည်ဆောက်နိုင်သည်အထိ သင်ကြားပေးသည်။
ဖုန်း-၀၉-၄၂၀၇၄၅၃၇၀

**ဝက်ခြံကင်းစင်စေရန်**
သဘာဝထွက် (ORGAUZC) ဖြစ်ပြီး မျက်နှာအလှဖျက်ဆီးနေသော ဝက်ခြံ၊ အမာရွတ်၊ အမည်းစက်များ ပျောက်ကင်းစေပါသည်။
ဖုန်း- ၀၉ ၄၃၀၄၃၂၀၃

**အသားအရေဖြူစင်ဆေး**
သဘာဝထွက်ပစ္စည်းကို သွေးလိမ်းခြင်းဖြင့် သင်၏ အသားအရေကို အံ့သြလောက်အောင် ဖြူစင်ဝင်းပစေပြီး သနပ်ခါးကဲ့သို့ သုံးစွဲနိုင်ပါသည်။
ဖုန်း- ၀၉ ၄၃၀၄၃၂၀၃

**G'Wench**
**ဖက်ရှင်ဒီဇိုင်းသင်တန်းကျောင်း**
ဖက်ရှင်ဒီဇိုင်နာတစ်ဦးဖြစ်လာစေရန် တိကျသော စင်တီမီတာနည်းဖြင့် တစ်ဦးချင်းအတတ်သင်ကြားပေးပါသည်။
Designer-Thet Hnin Dar
ဖုန်း- ၀၉ ၇၃၂၂၅၁၃၄

**ရှေ့ဆောင် ဖယောင်းပုဆိုးဆိုင်**
ဖယောင်းပုဆိုး၊ ကော်ဇော၊ ထိုင်ခင်း၊ စားပွဲခင်း၊ လိုက်ကာ၊ ခြေသုတ်၊ ဖျာ၊ မိုးရေကာဖျင်၊ ပန်းပွင့်ကော်ဇောအလှ ဆိုဒ်စုံ၊ ကျူတံ၊ ဘိလိယက်ပစ္စည်းအမျိုးမျိုး။
ဖုန်း-၀၉-၅၁၀၆၃၈၁

**ကားမောင်းသင်တန်း**
မန္တလေးမြို့မှ လူကြီးမင်းတို့၏ အိမ်စီးကားဖြင့် ကားမောင်းသင်လိုပါက အမျိုးသမီးကျွမ်းကျင်ဆရာမကိုယ်တိုင်အိမ်ကို လာရောက်သင်ပေးပါသည်။
ဖုန်း- ၀၉ ၃၃၀၁၄၇၈၀

**မြေကွက်ဝယ်လိုသည်**
ရန်ကုန်အတွင်း ငါးသောင်းကျပ်တန် မြေကွက်တစ်ဧက ဝယ်လိုသည်။
ဖုန်း- ၀၉ ၇၃၂၅၅၂၈၁

**မြေသီးသန့်ရောင်းမည်**
ပေ ၁၃၀×၁၆၀၊ မုဒိတာ အိမ်ရာ (၂၀) အနီး၊ အင်းစိန်မြို့နယ်။ (မြေတစ်ဝက်ခွဲရောင်းမည်)
ဖုန်း-၀၉ ၇၃၀၉၄၉၅၆

**ရောင်းမည်**
၁။ မော်လမြိုင် မရမ်းကုန်းပျဉ်ထောင် နှစ်ထပ်ရောင်း
၂။ မှော်ဘီမြို့နယ်၊ ဖူးကြီးဘက်သို့ ပေ ၄၅×၃၅၀ မြေကွက်ရောင်း
ဖုန်း- ၀၉ ၅၆၆၁၀၃၇

**ငှားမည်**
လမ်းမတော်၊ ပေ ၂၅×၅၀ ငှားမည်။

**ရောင်းမည်**
တောင်ဥက္ကလာပ ၁၁ ရပ်ကွက်၊ ရာဇသင်္ကြန် ၃လမ်း၊ အမှတ်(၁၃၂/က)၊ ပေ ၂၀×၆၀၊ နှစ်ထပ်တိုက်၊ နှစ် (၆၀)ဂရန် အမည်ပေါက်။သိန်း-(၁၂၈၀)ညှိနှိုင်း။
ဖုန်း-၀၉ ၅၁၁၀၉၉၅

**ရောင်းမည်**
တာမွေ ၁၆၄ လမ်း(လမ်းရှည်) ၆ လွှာ၊ ပေ ၁၄×၆၅၊ တိုက်သစ်၊ မီးဖို၊ ရေချိုးခန်း၊ အိမ်သာ၊ ကြွေကပ်။
ဖုန်း-၀၉ ၄၄၈၀၃၂၂၀၃

7 DAY NEWS JOURNAL
Vol.12, No.23 • AUGUST 14 , 2013

စာမျက်နှာ - (၂၄) မှ

## မင်းဒင်ရဲ့ သက်ခိုင် (၂)

ဒါနဲ့ မြောက်ပိုင်းလူသတ်မှုဆိုတာ အများပြောနေကြသလိုတကယ်ပဲ ဖြစ်ခဲ့သလားဗျာ"

"ခက်တယ် ကိုသက်ခိုင်၊ အများစုက သေချာမသိဘဲ လျှောက်ဖွနေကြတာဗျ"

ထိုစဉ်မလှမ်းမကမ်းစားပွဲမှာ ပြည်တွင်းမှ ဖိတ်ကြားခံရသူ ကွန်ပျူတာနည်းပညာကျွမ်းကျင်သူ ဘလေ့ဂါ အကျော်အမော်ညီလင်းဆက်ကို ဖျတ်ခနဲ တွေ့လိုက်ရသည်။

**၂၀၁၀ ပြည့်နှစ် ဇူလိုင်လ၊ ဖူးခက် မာရီယန်ဟိုတယ်။**

ဖူးခက် ဒုတိယမြို့တော်ဝန် (နောင်သော်မြို့တော်ဝန်ဖြစ်လာသူ)မစ္စတာ ထရီးအက်ကာရပ်ဒေချားသည် ရောမစားပွဲရှည်ကြီး၏ ထိပ်မှာ ကိုသက်ခိုင်နှင့် စကားလက်ဆုံကျလျက်ရှိ၏။ ကိုသက်ခိုင်ပြောနေသော ထိုင်းစကားမှာ သာမန်အရပ်သုံးစကားမဟုတ်ဘဲ ထိုင်းလူကုံထံအသိုင်းအဝိုင်းတွင် ပြောလေ့ရှိသော၊ယဉ်ကျေးသော အဆင့်မြင့် ထိုင်းစကားဖြစ်၏။ မစ္စတာထရီးကား အမေရိကန်နိုင်ငံ မစ္စစ္စပီတက္ကသိုလ်မှ ဘွဲ့ရခဲ့သူဖြစ်ပြီး ရည်မွန်သော ရုပ်ရည်ရှိသည်။ စားပွဲဘေးတစ်ဖက်တစ်ချက်တွင် ပါတောင်ရဲစခန်းမှ ဗိုလ်မှူးကြီးနိကွန်၊ ဝပ်ချလောင်ရဲစခန်းမှ ဒုတိယရဲမှူးကြီး ဆာထစ်၊ စံမကောင်းရဲစခန်းမှ ဒုတိယရဲမှူးကြီး ကျန်မလောင်းနှင့် မြို့တော်ဝန်၏ ရုံးအဖွဲ့ဝင်အားလုံး ဝိုင်းဖွဲ့ထိုင်လျက်ရှိသည်။ မြို့တော်ဝန်က ကိုသက်ခိုင်ကို တီးတိုးစကားဆိုသည်။

"ကျွန်တော်စင်ကာပူကို မရောက်တာကြာပြီ။ လာမယ့်ရုံးအားရက်မှာ စင်ကာပူကို သွားလည်မယ်စိတ်ကူးတယ်"

"မြို့တော်ဝန်မိသားစုပဲ သွားမှာလား။ ရုံးအဖွဲ့တွေပါခေါ်သွားချင်တာလားခင်ဗျ"

"ကျွန်တော့်ရုံးအဖွဲ့လည်းပါလာရင် ပိုကောင်းတာပေါ့ဗျာ။ သူတို့လည်း လိုက်ချင်နေကြတာ၊ ခက်တာက"

"မခက်ပါဘူး မြို့တော်ဝန်ကြီးရာ လိုက်မယ့်သူစာရင်းသာပေးပါ။ ကျွန်တော်စီစဉ်လိုက်ပါ့မယ်"

နောက် ငါးရက်မျှအကြာ မြို့တော်ဝန်၊ သူ့ဇနီးနှင့် ရုံးအဖွဲ့၏ စင်ကာပူခရီးစဉ်ကို ဖူးခက်လေဆိပ်သို့ ကိုသက်ခိုင်ကိုယ်တိုင်လိုက်ပါပို့ဆောင်သည်။ ကိုသက်ခိုင်က မြို့တော်ဝန်ကိုတတွတ်တွတ်မှာကြားနေသည်။

"ချန်ဂီလေဆိပ်ရောက်တာနဲ့ ကျွန်တော့်မိတ်ဆွေ စင်ကာပူသူဌေး Mr.Jeffe ကြိုနေပါလိမ့်မယ်။ လိုအပ်တာအားလုံး သူစီစဉ်ထားလေရဲ့။ တစ်ခုခု အခက်အခဲရှိရင် ရုံးအဖွဲ့မှူးကို ကျွန်တော့်ဆီ ချက်ချင်းဖုန်းဆက်ခိုင်းပါ"

ထိုညက ကိုသက်ခိုင် ညလုံးပေါက်မအိပ်။ နံနက် ၄ နာရီတွင် စတင်မည့် ဖူးခက်မြို့မှ စူပါချို (Super Cheap)အမည်ရှိ ရောမဈေးဆိုင်ကြီးမှ ထောင်ချီသော မြန်မာအလုပ်သမားများ၏ ဆန္ဒပြပွဲကို တစ်ချိန်လုံးနားစွင့်နေသည်။ သတင်းဌာနများသို့ အချိန်မီ သတင်းပေးပို့နိုင်ရန်၊ အမေရိကန်ပြည်ထောင်စုရှိ ရတနာပုံသတင်းစာ အယ်ဒီတာ မနီလာစိန်၊ အလုပ်သမားအရေးဆောင်ရွက်နေသူများဖြစ်သည့် ဖန်ငမှ ကိုထူးချစ်၊ ဘန်ကောက်မှ ကိုကျော်သောင်းတို့နှင့် အဆက်မပြတ်ချိတ်ဆက်လျက်ရှိ၏။ ဆန္ဒပြပွဲအတွက် ကိုသက်ခိုင်ထံ အကြံဉာဏ်တောင်းခံခဲ့ကြစဉ်က နောက်ဆက်တွဲဖြစ်ပေါ်လာမည့် အကျိုးဆက်များကို အလုပ်သမားခေါင်းဆောင်လူငယ်များအား ကိုသက်ခိုင်လေးလေးနက်နက် ရှင်းပြခဲ့သော်ငြား ပေါက်ကွဲနေသည့် ခံပြင်းစိတ်များကြောင့် နားမဝင်နိုင်ခဲ့ကြချေ။

နံနက် ၄ နာရီမှ စတင်သော ဆန္ဒပြပွဲသည် နေ့လယ်တစ်နာရီခန့်တွင် အဖြေတစ်ခုထွက်လာသည်။

ပိုင်ပိုင်အမည်ရှိ အလုပ်သမားခေါင်းဆောင်လူငယ်မှ "တင်ပြချက်အားလုံးကို လက်ခံဆွေးနွေးဖို့ အလုပ်ရှင်ဘက်က သဘောတူလိုက်ပြီ အန်ကယ်။ ကျွန်တော်တို့အနိုင်ရပြီ"ဟု သတင်းပို့လာသည်။ ကိုသက်ခိုင်ကမူ သက်ပြင်းကို ခပ်လေးလေးချကာ "စောင့်ကြည့်ဖို့လိုသေးတယ်။ ဆုံးဖြတ်ချက်မစောစေချင်ဘူး"

ရက်သတ္တနှစ်ပတ်ခန့်အကြာတွင် ကိုသက်ခိုင်ထံသို့ တုန်လှုပ်ချောက်ချားနေသောအသံဖြင့် ဖုန်းဝင်လာသည်။

"ကျွန်တော်ဒုက္ခရောက်နေပြီ အန်ကယ်။ ကျွန်တော့်ကို သတ်ပစ်ကြတော့မယ်ထင်တယ်" အသံရှင်ကား ပိုင်ပိုင်ဖြစ်၏။

(ဆက်လက်ဖော်ပြပါမည်)

## JOKE

### အကောင်းဆုံးအချိန်

ကုမ္ပဏီတစ်ခုမှ အမှုဆောင်အရာရှိချုပ်တစ်ဦးသည် ဝန်ထမ်းပေါင်းစုံ အစည်းအဝေးများကို အပတ်စဉ်သောကြာနေ့ညနေ ၄ နာရီခွဲတွင်လုပ်လေ့ရှိသည်။ နောက်ဆုံးတွင်ဝန်ထမ်းတစ်ဦးကလူအများ စနေ၊ တနင်္ဂနွေအနားယူခါနီးတွင် အဘယ်ကြောင့်အစည်းအဝေးလုပ်ရကြောင်း မေးမြန်းပါတော့သည်။ ဤတွင် "ဒါက ရိုးရိုးလေးပါပဲ။ သီတင်းပတ်တစ်ခုလုံးမှာ အဲဒီအချိန်မှာ ဘယ်သူကမှ ငါ့ကိုပြန်ပြီး အငြင်းပွားချင်တဲ့ ဆန္ဒမရှိတဲ့အချိန်လေ"ဟု အရာရှိချုပ်က ပြန်ပြောပါသည်။

### ရည်မှန်းချက်ကြီးသူ

ဆယ်တန်းအောင်၍ တက္ကသိုလ်တက်ရန် ဖောင်တင်ပြီးပြန်လာသော ကျောင်းသားတစ်ဦးက မိခင်ဖြစ်သူကို ယခုလိုပြောလိုက်သည်။ "မေမေ၊ သားနိုင်ငံရေးသိပ္ပံဘာသာအဓိကယူမယ်လို့ဆုံးဖြတ်ခဲ့တယ်။ တစ်ကမ္ဘာလုံးက အရှုပ်တွေကို သားရှင်းပစ်ချင်တယ်"ဟုဆိုရာမိခင်က "အေးကောင်းတယ်၊ငါ့သား။ ဒါပေမဲ့ အခုတော့ အပေါ်ထပ်တက်ပြီး မင်းအခန်းကို သွားရှင်းလိုက်ဦး"ဟု ပြန်ပြောသည်။

# သဘာဝဘေးအန္တရာယ် ကျရောက်သည့် ဒေသတွင် ပြောင်းရွှေ့ရန်ညွှန်ကြားချက်ကို ငြင်းဆန်နှောင့်ယှက်ပါက ထောင်ဒဏ်နှင့် ငွေဒဏ်ချမှတ်နိုင်

**အေးသူစံ**

**ရန်ကုန်၊ ဩဂုတ်-၉**

သဘာဝဘေးအန္တရာယ်ကျရောက်သည့်ဒေသမှ ဘေးလွတ်ရာသို့ ပြောင်းရွှေ့ရန် ညွှန်ကြားချက်ကို ငြင်းဆန်၍ ရွှေ့ပြောင်းပေးမည့် တာဝန်ရှိသူများကို ကိုယ်ထိလက်ရောက်ကျူးလွန် နှောင့်ယှက်ပါက ထောင်ဒဏ် ၂နှစ်နှင့်ငွေဒဏ်များ ချမှတ်အရေးယူမည်ဖြစ်ကြောင်း ဇူလိုင်၃၁ရက်က သမ္မတလက်မှတ်ရေးထိုး ပြဋ္ဌာန်းလိုက်သော သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေတွင်ဖော်ပြပါရှိသည်။

ဘေးလွတ်ရာသို့ရွှေ့ပြောင်းရန်ငြင်းဆန်ပါက ထောင်ဒဏ်တစ်လနှင့် ငွေဒဏ်တို့ကျခံရမည်ဖြစ်ပြီး ရွှေ့ပြောင်းပေးမည့်တာဝန်ရှိသူများကို ကိုယ်ထိလက်ရောက်ကျူးလွန်ပါက ထောင်ဒဏ် ၂နှစ်နှင့် ငွေဒဏ်တို့ကျခံရမည်ဖြစ်သည်။ ထို့အပြင် ဘေးအန္တရာယ်ဆိုင်ရာမဟုတ်မမှန်သတင်းမှားများ ထုတ်လွှင့်ပြောဆိုပါက ထောင်ဒဏ်တစ်နှစ်နှင့်ငွေဒဏ်တို့ အသီးသီးကျခံရမည်ဖြစ်ကြောင်း ယင်းဥပဒေတွင် ပြဋ္ဌာန်းထားသည်။

"ပြီးခဲ့တဲ့မဟာစင်မုန်တိုင်းတုန်းကဆို ဘင်္ဂါလီဒုက္ခသည် စခန်းတချို့က ဒုက္ခသည်တွေကို ဘေးလွတ်ရာရွှေ့ပြောင်းပေးတာတောင် နိုင်ငံတကာအဖွဲ့အစည်းတွေရှေ့မှာတင် အသေခံပြီးနေမယ်မပြောင်းဘူးလို့ဖြစ်တာတွေရှိတော့ ကျွန်တော်တို့ဘယ်လောက်ပဲရှင်းပြ၊ ပြောပြတိုက်တွန်းလည်း မရဘူး။ အခု ဒီဥပဒေရှိလာတော့ အရင်ကထက်တော့ပိုလွယ်ကူသွားမယ်ထင်ပါတယ်။ ဥပဒေကိုလည်း ရှင်းပြရဦးမှာပေါ့"ဟု ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ ဦးဝင်းမြိုင်ကပြောကြားသည်။

စာမျက်နှာ - (၂၆) မှ

## အကောင်းဆုံးနည်းလမ်းကို စဉ်းစားစေချင်သည်

ပေါ့စေလို၍ကြောင်ရုပ်ထိုး၊ ဆေးအတွက် လေးဆိုသလို အောင်ချက်မကောင်းလို့ မွမ်းမံသင်တန်းပေးကာမှ ဆရာတွေလည်းငွေကုန်လူပန်း၊ကလေးတွေလည်း စာသင်ချိန်တွေပျက်နှင့်ဖြစ်ကြရသည်။ ဘာသာရပ်ဆိုင်ရာမွမ်းမံသင်တန်းပေးသည်မှာ ကောင်းပါသည်။

အောင်ချက်မကောင်းသည့် ဘာသာရပ်များသာမဟုတ်ဘဲ ဘာသာရပ်တိုင်းကို နှစ်စဉ်မွမ်းမံသင်တန်းများပေးနိုင်လျှင် ပို၍ပင်အကျိုးရှိပါသည်။ အဘယ်ကြောင့်ဆိုသော် ဘာသာရပ်ဆိုင်ရာသင်ပြနည်းများက ခေတ်နှင့်အညီအမြဲတမ်းပြောင်းလဲနေသောကြောင့်ဖြစ်သည်။

သို့သော် လုပ်နည်းလုပ်ဟန်များ လွဲနေသလားထင်မိသည်။ တကယ်ဆိုလျှင် ယခုလိုကျောင်းဖွင့်ချိန်ကြီးမှာမဟုတ်ဘဲ ကျောင်းရက်ရှည်ပိတ်သည့် သီတင်းကျွတ်၊ ဒီဇင်ဘာလိုအချိန်မျိုး၊ နွေရာသီလိုအချိန်မျိုးဆိုလျှင် ဆရာများ အတွက်ရော ကျောင်းသားများ အတွက်ပါပို၍အဆင်ပြေမည်ထင်ပါသည်။

ယခုမူ ကျောင်းဖွင့်ရာသီအတွင်း စနေ၊ တနင်္ဂနွေပိတ်ရက်များကို သင်တန်းခေါ်ပေးတော့ တိုင်းမြို့တော်နှင့်နီးသည့် ဒေသများမှ ကျောင်းများက အဆင်ပြေသေးသော်လည်း ဝေးသည့်ဒေသများမှမူ သွားရင်းလာရင်း လမ်း၌သာအချိန်ကုန်နေတော့သည်။ တကယ်တမ်း သင်တန်းပို့ချချိန်က စနေ၊ တနင်္ဂနွေနှစ်ရက်ကို နံနက် ၈ နာရီမှ ၁၁ နာရီ ၃၀ မိနစ်အထိ တစ်ချိန်၊ နေ့လယ် ၁ နာရီမှ ၂နာရီ ၃၀ မိနစ်အထိတစ်ချိန်၊ စုစုပေါင်း လေးချိန်ကိုမှ ၁၀ နာရီသာရှိသည်။ ဒါက စာရွက်ပေါ်ကအချိန်ဇယားအတိုင်းတွက်ခြင်းဖြစ်သည်။ လက်တွေ့တွင် တကယ်တမ်းပို့ချချိန်က ၆ နာရီသာသာမျှသာရှိသည်ဆို၏။ ဤမျှနည်းပါးသော ပို့ချချိန်အတွက် နယ်ဝေးမှဆရာများပေးလိုက်ရသည်က တစ်ပတ်ကို လေးရက်ဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူများကို သင်ကြားပို့ချမည့်အချိန်တွေထဲက ဖဲ့ပေးလိုက်ရခြင်းဖြစ်သည်။ ကတိုက်ကရိုက်သွား၊ ကမန်းကတန်းပြန်နှင့် သင်တန်းချိန်အတွင်း ပို့ချတာတွေလည်း မမှတ်မိတာကများသည်ဆို၏။ ကြားထဲက ကလေးများသာ ငထွားဘဝ ရောက်ကြရသည်။ ဆရာ၊ဆရာမတွေက သူတို့အခက်အခဲတွေတင်ပြကြတော့လည်း လက်မခံဟုဆိုသည်။

သူငယ်ချင်းပြောသမျှ နားထောင်ရင်း သူတို့၏ဝဋ်ဒုက္ခကို ကိုယ်ချင်းစာမိသည်။ ထိုကျောင်းများမှ ဆရာပြန်အလာကို တမျှော်မျှော် မျှော်နေကြရမည့် ကလေးများကိုလည်း သနားမိသည်။ ကောင်းဖို့လုပ်တာမှန်သော်လည်း လုပ်နည်းလုပ်ဟန်လွဲမှားနေလျှင်လည်း အကျိုးရလဒ်က ပြောင်းပြန်ဖြစ်သွားတတ်သည်။ တကယ်ဆိုအပေါ်က တာဝန်ရှိသူများကလည်း အောက်ခြေဆရာ၊ ဆရာမများနှင့် ညှိနှိုင်းတိုင်ပင်ပြီးမှ အကောင်းဆုံးနည်းလမ်းကို ရှာဖွေလုပ်ဆောင်သင့်သည်ဟု ထင်သည်။ အရာရာတွင် အမိန့်နှင့်၊ အာဏာနှင့် စေခိုင်းခြင်းသည် ကောင်းမွန်သော ရလဒ်မရနိုင်သည်ကို သိသင့်ကြပြီဖြစ်ကြောင်း စေတနာကောင်းနှင့် ရေးသားလိုက်ရပေသည်။

**TRADEMARK CAUTION**
ACE Limited a company incorporated in Switzerland at Bärengasse 32, Zurich, Switzerland CH-8001 is the Owner and Sole Proprietors of the following Trademark:

**A CAN-DO ATTITUDE**

Reg. No. 4/8038/2013
In respect of : Insurance services.
Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to law.
U Myint Lwin, Advocate
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
myint-ip-law@myanmar.com.mm
www.mipadvocate.com
Ph:951371990 14 Aug 2013

**ဒါန ဘုရားဖူးအဖွဲ့၏ ဗုဒ္ဓဂယာ ဘုရားဖူးခရီးစဉ်**
သံဝေဇနီယ နှင့် အဝိဇဟိတ ဗုဒ္ဓဌာနများ၊ နယူးဒေလီ၊ အာဂရာ တပ်ချ်မဟာ နေရာများသို့ (၁၄ည / ၁၅ ရက် MAI ) ခရီးစဉ် 950 USD + ၅၀၀၀၀ိ/-
သံဝေဇနီယ (၄)ဌာန နှင့် ဗုဒ္ဓဌာနများ (၇ည/ ၈ရက်) ခရီးစဉ် 850 USD + ၅၀၀၀၀ိ/-
သက်သေနဂိုရ် အစလစေတီတော်ဌာပနာပိတ်ပွဲ နှင့် သီတင်းကျွတ်လပြည့်နေ့ ဆီမီးတစ်ထောင်ပူဇော်ပွဲ အခမ်းအနားများသို့ တက်ရောက်လိုသူ ဘုရားဖူးအလှူရှင်များတို့သည် အောက်တိုဘာလ(၁၂)ရက်နေ့ ထွက်ခွာမည့်အဖွဲ့နှင့် လိုက်ပါစာရင်းသွင်းနိုင်ပြီဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။
(ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များ အောက်တိုဘာလ (၅) ရက်နေ့မှ စ၍ အပတ်စဉ် စနေနေ့တိုင်း ထွက်ခွာပါမည်။)
ဒါနဘုရားဖူးအဖွဲ့ - အမှတ် (၂၅)၊ အခန်းအမှတ် (၃၀၃)၊ တတိယထပ်၊ ဓါတ်လှေခါးအမှတ်(၂)၊ ယုဇနစီးပွားရေးဇာဝါ၊ ဓမ္မစေတီလမ်း၊ စမ်းချောင်း၊
ဖုန်း - 536348, 537707, 537708,09 500 1763, 09 501 3727, 09 7322 5849, 09 516 4664
မဇ္ဈိမဒေသသာသနာပြုအဖွဲ့ - အမှတ် (၁၃/က)၊ ငါးထပ်ကြီးဘုရားလမ်း၊ ပဟန်း၊ ရန်ကုန် • ဖုန်း - 545215, 545216, 555173
ဗုဒ္ဓဝမ္မဒါနစေတနာရှင်များအဖွဲ့-ရွှေမြင်တင်ဦးညို - အမှတ် (၁၂)၊ မြို့ဦးမြို့သစ် (၁)လမ်း၊ ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန် • ဖုန်း- 542236
မန္တလေးရုံးခွဲ-(၃၀၈-B)၊၆၂ လမ်း၊ ၂၈×၂၉ လမ်းကြား၊ချမ်းအေးသာစံမြို့နယ်၊မန္တလေး • ဖုန်း - 09 402 64 8989, 09 5300305

# Environment

7 DAY NEWS JOURNAL

Vol.12, No.23 • AUGUST 14 , 2013


# ဝန်ကြီးဌာနက သတ်မှတ်စံနှုန်းအတိုင်း ရွှေပိုက်လိုင်းစီမံကိန်းနှင့် နီကယ်သတ္တုတွင်းစီမံကိန်းကို လုပ်ခဲ့ဟုဆို

**အိဖြူမွန်**

**ရန်ကုန်၊**

**ဩဂုတ်-၁၀**

ချင်းပြည်နယ်ရှိနီကယ်သတ္တုတွင်းနှင့် ရွှေသဘာဝဓာတ်ငွေ့နှင့် ရေနံပိုက်လိုင်းစီမံကိန်းများပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက သတ်မှတ်ထားသည့် စံနှုန်းအတိုင်း နမူနာထားလုပ်ဆောင်ခဲ့ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးနေအေးကပြောသည်။

"အခုမြန်မာပြည်မှာ ရေးဆွဲနေတဲ့ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း(Environmental Impact Assessment)အတိုင်း နမူနာထားလုပ်ထားတဲ့ စီမံကိန်းနှစ်ခုဖြစ်ပါတယ်"ဟု ဦးနေအေးက ထပ်မံပြောသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်တင်ပြရာတွင် ကြီးမားသည့် သယံဇာတတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများနှင့်ပတ်ဝန်းကျင်ထိခိုက်မှုရှိနိုင်သည့်လုပ်ငန်းများကို ရင်းနှီးမြှုပ်နှံရန် တိုက်ရိုက်ခွင့်ပြုခြင်းမပြုဘဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသို့တင်ပြရမည်ဖြစ်သည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက အဆိုပါစီမံကိန်းများသည်ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA)လုပ်ဆောင်ခဲ့သည်ဟု ထုတ်ပြန်ခဲ့သော်လည်း EIA ကိုချပြခြင်းမရှိကြောင်း၊ လုပ်ဆောင်ခဲ့ပြီးသော အဆိုပါစီမံကိန်းနှစ်ခု၏ EIA ကို ပြည်သူကိုချပြပေးရန်တောင်းဆိုကြောင်းပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားသူများကဆိုသည်။

"စီမံကိန်းတွေမှာ ဟိုကုမ္ပဏီက EIAလုပ်တယ်။ ဒီကုမ္ပဏီက EIA လုပ်တယ်။ ခက်တာက ပြည်သူတွေက အဲဒီရီပို့တွေမသိရဘူး။ ထုတ်ခြင်းလည်းမရှိဘူး။ ထုတ်ပြန်ပေးစေချင်တယ်"ဟု ထိုင်းနိုင်ငံအခြေစိုက် World Wide Fund မှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်ဦးတင်သန်းက ပြောသည်။

ယခင်က ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသို့တင်ပြရာတွင် ဝန်ကြီးဌာနက ပတ်ဝန်းကျင် ထိခိုက်မှုမပြုလုပ်ရန်နှင့် လုပ်ဆောင်ရန်နှုတ်ကတိထားရှိပြီး ထောက်ခံချက်လက်မှတ်များ ထုတ်ပေးသည်။ သို့သော် ယခုနှစ်မှစပြီး လုပ်ငန်း ၂၇၂ မျိုးသည် ကနဦးပတ်ဝန်းကျင် ဆန်းစစ်ခြင်းနှင့် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း မဖြစ်မနေလုပ်ဆောင်ရန် လုပ်ထုံးလုပ်နည်းမူကြမ်းများ ရေးဆွဲနေပြီဖြစ်သည်။

ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းကိုသုံးလနှင့်ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းကို ခြောက်လသတ်မှတ်ထားပြီး ရေးဆွဲနေသည့် မူကြမ်းဖြစ်သောကြောင့် လုပ်ငန်းပေါင်းများနှင့် ပတ်သက်ပြီးလုပ်ဆောင်ရမည့်အသေးစိတ်အချက်အလက်များသည် အပြောင်းအလဲရှိမည်ဖြစ်သည်။

ယခင်က ရင်းနှီးမြှုပ်နှံမှုကော်မရှင်တွင် ခွင့်ပြုထားသော စီမံကိန်းအမျိုးအစား ၃၀ သည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း စစ်တမ်းနှင့် လူမှုစီးပွားရေးဆန်းစစ်ခြင်းစစ်တမ်းများပြုလုပ်ရသည်ဟု ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဦးလှမောင်သိန်းကပြောသည်။

## ဧရာဝတီလင်းပိုင်တစ်ကောင် ထပ်မံသေဆုံးသွား၍ ထိန်းသိမ်းရေး ဧရိယာအတွင်း ၂၂ ကောင်သာကျန်ရှိ

**အောင်သစ်လွင်**

**ရန်ကုန်၊ ဩဂုတ်-၁၀**

ရှားပါးမျိုးစိတ်ဝင် ဧရာဝတီလင်းပိုင်တစ်ကောင် ဩဂုတ် ပထမပတ်အတွင်း ထပ်မံသေဆုံးသွားခြင်းကြောင့် ထိန်းသိမ်းရေး ဧရိယာအတွင်းတွင် ၂၂ ကောင်သာကျန်ရှိတော့ကြောင်း ငါးလုပ်ငန်းဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးဟန်ဝင်းကပြောသည်။

ဩဂုတ်လ ပထမပတ်က သေဆုံးခဲ့ခြင်းဖြစ်ပြီး ကျောက်မြောင်းမြို့ ရေတော်ဘုရား အထက် ဆိပ်သာရွာဆိပ်ကမ်းအနီးတွင် ပုပ်ပွနေသော လင်းပိုင် အသေကိုတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။

"သေဆုံးသွားတဲ့လင်းပိုင်က ထိန်းသိမ်းရေး ဧရိယာထဲက မဟုတ်ဘူးလို့ ယူဆပါတယ်။ ဒီဇင်ဘာလမှာတော့ လင်းပိုင်စာရင်း ပြန်ကောက်ဖို့ စီစဉ်ထားပါတယ်" ဟု ဦးဟန်ဝင်းကဆိုသည်။

ငါးလုပ်ငန်း ဦးစီးဌာနနှင့် သားငှက် ထိန်းသိမ်းရေးအဖွဲ့ (WCS) တို့ပူးပေါင်း၍ မန္တလေးနှင့် ဗန်းမော်မြို့ကြား ဧရိယာတွင် ဧရာဝတီလင်းပိုင်စာရင်းကောက်ယူခြင်းလုပ်ငန်းနှစ်စဉ်လုပ်ဆောင်လေ့ရှိသည်။

လက်ရှိအချိန်တွင်ထိန်းသိမ်းရေးဧရိယာအဖြစ် သတ်မှတ်ထားသော မန္တလေးမြို့နှင့် ကျောက်မြောင်းမြို့ကြား ဧရိယာတွင် ဧရာဝတီလင်းပိုင် ၂၂ကောင်ရှိမည်ဟု ခန့်မှန်းထားပြီး မန္တလေးမှ ဗန်းမော်အထိ ဧရိယာတွင် ကောင်ရေ ၅၀ ကျော်ရှိမည်ဟု ခန့်မှန်းထားကြောင်းဦးဟန်ဝင်းကပြောသည်။

"နောက်ဆုံးစာရင်းကောက်ခဲ့တဲ့ ၂၀၁၃ မတ်လစာရင်းအရတော့ ကောင်ရေ ၅၀ ကျော်တွေ့ခဲ့ပေမယ့် ဗန်းမော်မြို့မှာတော့ နယ်မြေလုံခြုံရေးအခြေအနေအရ စာရင်းမကောက်နိုင်ခဲ့ဘူး။ ဒီဇင်ဘာမှာ စာရင်းကောက်ပြီးရင်တော့ အတိအကျသိရမှာပါ" ဟု ၎င်းကပြောသည်။

ဧရာဝတီ လင်းပိုင်သည် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (International Union for Conservation of Nature and Natural Resources) က ကမ္ဘာပေါ်တွင် မျိုးသုဉ်းပျောက်ကွယ်တော့မည့် မျိုးစိတ်အဖြစ် သတ်မှတ်ထားသော ရှားပါးရေသတ္တဝါဖြစ်သည်။



photo-planetdiary

## ရေဘေးအန္တရာယ်သည် ၁၀ နှစ်အတွင်း ဒုတိယအများဆုံးကြုံတွေ့ရသည့် သဘာဝဘေးဖြစ်

**အိဖြူမွန်**

**ရန်ကုန်၊ ဩဂုတ်-၁၀**

ဆယ်နှစ်တာကာလအတွင်း ဖြစ်ပွားသည့်သဘာဝဘေးအန္တရာယ်ခြောက်မျိုးအနက် ရေလွှမ်းမိုးမှုသည် မြန်မာနိုင်ငံတွင် ဒုတိယအများဆုံး ကြုံတွေ့ရသည့် သဘာဝဘေးအန္တရာယ်ဖြစ်ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာနမှ သတင်းရရှိသည်။

၂၀၀၂ မှ ၂၀၁၂ ခုနှစ် အထိ ၁၀ နှစ်တာ ကာလအတွင်း မီးဘေး၊ ရေဘေး၊ လေဘေးနှင့် ငလျင်အန္တရာယ်၊ မိုးကြိုးအန္တရာယ်နှင့် မြေပြိုမှုအန္တရာယ်များ ဖြစ်ပွားခဲ့သည်။ ယင်းတို့အနက် ရေဘေးနှင့်လေဘေးသည် ဘေးအန္တရာယ်အကြိမ် ၁၀၀ ကျရောက်လျှင် ၁၃ ကြိမ်ခန့် ဖြစ်ပွားသည်။

မီးဘေးသည် မြန်မာနိုင်ငံနေရာ အနှံ့အပြားတွင် ဖြစ်ပွားလျက်ရှိပြီး အဖြစ်အများဆုံးဒေသများမှာ အပူပိုင်းဇုန်ဖြစ်သည့် စစ်ကိုင်း၊ မကွေး၊ မန္တလေးတိုင်းဒေသကြီးများနှင့် လူနေထူထပ်သည့် မန္တလေး၊ ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီးများဖြစ်သည်။

ရေလွှမ်းမိုးမှုကို ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ စစ်တောင်းမြစ်၊ သံလွင်မြစ်နှင့် ရွှေကျင်မြစ်တစ်လျှောက်ရှိ ကရင်ပြည်နယ်၊ ပဲခူး၊ မန္တလေးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နှစ်စဉ်ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်လျက်ရှိသည်။

ရေလွှမ်းမိုးမှုသည် တစ်နှစ်ထက်တစ်နှစ် လျော့နည်းသွားခြင်းမရှိဘဲ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ၂၀၁၁ မှ ၂၀၁၄ ခုနှစ်အထိ ကူညီကယ်ဆယ်ရေးများ ထောက်ပံ့မှုများ ဆောင်ရွက်ခဲ့ရပြီး ဝန်ကြီးဌာန ဘတ်ဂျက်မှာ ကျပ်သိန်းတစ်ထောင့်သုံးရာကျော် သုံးစွဲခဲ့ရသည်။

ယခုနှစ်ရေကြီးရေလျှံမှုများကြောင်း ယင်းပြည်နယ်နှင့် တိုင်းဒေသကြီးသုံးခုတို့တွင် ကူညီကယ်ဆယ်ရေးတို့အတွက် ဝန်ကြီးဌာနမှ ဘတ်ဂျက် ကျပ်သိန်း တစ်ထောင်နီးပါး သုံးစွဲခဲ့ရသည်။




# Tourism

7 DAY NEWS JOURNAL
Vol.12, No.23 • AUGUST 14 , 2013

## Nok Air လေကြောင်း မဲဆောက်မှ ရန်ကုန်နှင့် မော်လမြိုင်သို့ စက်တင်ဘာတွင် စတင်ပျံသန်းမည်

**အောင်သူရ**
**ရန်ကုန်၊ ဩဂုတ်-၁၀**

ထိုင်းနိုင်ငံအခြေစိုက် Nok Air လေကြောင်းလိုင်းသည် ထိုင်းနိုင်ငံ မဲဆောက်-မော်လမြိုင်နှင့် မဲဆောက်-ရန်ကုန် ခရီးစဉ်အား စက်တင်ဘာတွင် စတင်ပျံသန်းရန် စီစဉ်နေပြီဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါလေကြောင်းလိုင်းသည် မဲဆောက်မြို့မှ နေ့စဉ် ထိုင်းစံတော်ချိန် နံနက်၉ နာရီ၄၅ မိနစ်တွင် စတင်ထွက်ခွာပြီး မော်လမြိုင်မြို့သို့မြန်မာစံတော်ချိန် နံနက် ၉ နာရီ ၄၀ မိနစ်၌ ဆိုက်ရောက်မည်ဖြစ်သည်။ မဲဆောက်မြို့မှ ထိုင်းစံတော်ချိန် နံနက် ၁၁ နာရီ ၃၅ မိနစ်တွင် ထွက်ခွာမည်ဖြစ်ပြီး ရန်ကုန်မြို့သို့ နေ့လယ် ၁၂ နာရီတွင် ရောက်ရှိမည်ဖြစ်ကာ မဲဆောက်-မော်လမြိုင်-ရန်ကုန် ခရီးစဉ်တစ်ကြောင်းလျှင် ထိုင်းဘတ်ငွေ ၁,၅၉၀ (၄၆,၀၀၀ ကျပ်ခန့်) ဖြင့် ပြေးဆွဲပေးမည်ဟု လေကြောင်းလိုင်းက ထုတ်ပြန်ထားသည်။ "ထိုင်းဈေးကွက်က ကြီးတယ်။ ကျိုက်ထီးရိုးကိုလာချင်ကျတဲ့ အခါကျတော့ မော်လမြိုင်နဲ့ ကျိုက်ထီးရိုးက နီးတဲ့အတွက် ခရီးသွားလုပ်ငန်းကို အများကြီးအကျိုးသက်ရောက်မှု ရှိနိုင်တယ်"ဟု မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဒေါက်တာအောင်မြတ်ကျော်ကပြောသည်။

မြန်မာနိုင်ငံသို့ နှစ်စဉ်ဝင်ရောက်သော ကမ္ဘာ့လှည့်ခရီးသွားများထဲတွင် ထိုင်းနိုင်ငံသားများမှာ အများဆုံးဖြစ်ပြီး ယခုနှစ်ဇန်နဝါရီလမှ ဇွန်လကုန်ထိ ထိုင်းနိုင်ငံသားငါးသောင်းလေးထောင်ကျော်ဝင်ရောက်ခဲ့သည်။ထို့အပြင်မကြာမီက ထိုင်းမြန်မာနယ်စပ်ဂိတ်ပေါက်များဖြစ်သော မြဝတီ၊ တာချီလိတ်နှင့် ကော့သောင်းမြို့တွင် ထိုင်းနိုင်ငံသားနှင့် ကမ္ဘာ့လှည့်ခရီးသွားများအား တစ်ရက်ဗီဇာဖြင့် လည်ပတ် ခွင့်ပြုပေးခဲ့သည်။

## အောင်မင်္ဂလာအဝေးပြေး ဆိုက်ရောက်အဆောက်အအုံသစ် အသုံးပြုနိုင်တော့မည်



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**ဆွေမွန်**
**ရန်ကုန်၊ ဩဂုတ်-၁၀**

အောင်မင်္ဂလာ အဝေးပြေးကားဝင်းတွင် အဝေးပြေးယာဉ်များဆိုက်ရောက်ထွက်ခွာ သီးခြားရပ်နားနိုင်ရန်အတွက် နိုင်ငံတကာ အဆင့်မီ ယာဉ်ရပ်နားစခန်းစီမံကိန်း၏ဆိုက်ရောက်အဆောက်အအုံပြီးစီးနေပြီဖြစ်ရာ စမ်းသပ်ကာလပြီးဆုံးပါက အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်းရန် ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီမှသတင်းရရှိသည်။

အဆိုပါ ဆိုက်ရောက် အဆောက်အအုံကို ဖေဖော်ဝါရီလမှစတင်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ပုဂ္ဂလိကဆောက်လုပ်ရေးကုမ္ပဏီတစ်ခုဖြစ်သည့် Myint& Paing ကုမ္ပဏီတို့ကအကျိုးတူပူးပေါင်းတည်ဆောက်ခြင်းဖြစ်သည်။ လက်ရှိတွင် အဆောက်အအုံပြီးစီးနေပြီဖြစ်ရာ လွှဲပြောင်းခြင်းနှင့် လမ်းပိုင်းများကောင်းမွန်ရန် ဆောင်ရွက်နေကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအခွန်ဌာနမှ ဒုဌာနမှူးကပြောသည်။

"အဆောက်အအုံကပြီးပြီ။ အခုက လွှဲပြောင်းဖို့ လက်ခံဖို့လုပ်နေတယ်။ ပြီးတော့လမ်းတစ်လျှောက်ကိုလည်း ပြုပြင်မှုတွေ လုပ်နေတယ်။ လမ်းလည်းပြီးပြီဆိုရင်တော့ စမ်းသပ်ကာလနည်းနည်းယူပြီးရင် စတင်အသုံးပြုလို့ရပြီ"ဟု ၎င်းကပြောသည်။

ဆိုက်ရောက်စနစ်ပြီးစီးသွားခြင်းကြောင့် အဝေးပြေးကားအစီးသုံးဆယ်တစ်ပြိုင်တည်းရပ်နားနိုင်မည်ဖြစ်ပြီး နားနေရန်ထိုင်ခုံများ၊ ပစ္စည်းသယ် လက်တွန်းလှည်းများ၊ လုံခြုံရေးအတွက် CCTV ကင်မရာများ၊ LED လမ်းညွှန်ဆိုင်းဘုတ်များ၊ ငွေလဲကောင်တာ၊ အင်တာနက် wifi၊ ကျန်းမာရေးအတွက် ရှေးဦးသူနာပြုဆေးခန်းတစ်ခုပါဝင်သည်ဟုဆိုသည်။

ကြိုပို့ဆောင်ရွက်သည့် ကိုယ်ပိုင်နှင့် အငှားယာဉ်စီးရေငါးဆယ်ရပ်နားနိုင်ရန် ကားပါကင်တည်ဆောက်သွားမည်ဖြစ်ပြီး ဘတ်စ်ကားဂိတ်ကိုလည်း အနီးဆုံးနေရာတွင် ထားရှိပေးထားမည်ဖြစ်ကာ ထွက်ခွာစနစ် အတွက် လက်ရှိတွင်စီစဉ်နေဆဲဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှသတင်းရရှိသည်။

အောင်မင်္ဂလာအဝေးပြေးဝင်းနှင့် ကပ်လျက်ရှိသည့် အမှိုက်ပုံဟောင်းနေရာကို မြေတိုင်းတာမှုများပြုလုပ်ခြင်းမှာ ကားပါကင်ပြုလုပ်ရန်အတွက် စီစဉ်ထားခြင်းဖြစ်ပြီး မိုးတွင်းကာလကုန်မှသာ တည်ဆောက်မှုစတင်မည်ဖြစ်ကြောင်း အဆိုပါဒုဌာနမှူးကပြောသည်။ အောင်မင်္ဂလာအဝေးပြေးကားဝင်းမှာ ယာဉ်အသွားအလာများပြားမှု၊ စည်းစနစ်မကျမှုများနှင့် စည်းကမ်းမဲ့မှုများကြောင့် ယာဉ်ကြောပိတ်ဆို့မှုနှင့် အသွားအလာကျပ်တည်းမှုများအဓိက ဖြစ်နေခြင်းဖြစ်ကြောင်း မထသအဝေးပြေးလက်အောက်ရှိ အောင်မင်္ဂလာ အဝေးပြေးဝင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

လက်ရှိ အောင်မင်္ဂလာအဝေးပြေးဝင်းယာဉ်ရပ်နားစခန်းတွင်ယာဉ်လိုင်းပေါင်းနှစ်ရာကျော်ရှိပြီးနေ့စဉ်အဝေးပြေး ယာဉ်အစီးရေရှစ်ရာခန့် ဝင်ထွက်နေသည်။

## ငှက်ကြည့်ခရီးသွားဧည့်လမ်းညွှန်မလုံလောက်မှု ကြုံတွေ့နေရဆဲ

**နိုင်နိုင်စိုး**
**ရန်ကုန်၊ ဩဂုတ်-၁၀**

လာမည့်ခရီးသွားရာသီတွင် ငှက်ကြည့်ခရီးသွားအများအပြားလာရောက်ရန် ရှိနေသော်လည်း ငှက်ကြည့်ဧည့်လမ်းညွှန် မလုံလောက်မှု ကြုံတွေ့နေရကြောင်း သတင်းရရှိသည်။

ခရီးသွားကုမ္ပဏီများကလာမည့် ရာသီတွင် ငှက်ကြည့် ဧည့်သည်ဝင်ရောက်မှုများပြားမည်ဟု ခန့်မှန်းထားသော်လည်းအဆိုပါ ခရီးသွားများကို ငှက်အကြောင်းကျွမ်းကျင်စွာရှင်းလင်းပြောကြားပေးနိုင်မည့် ကျွမ်းကျင်ငှက် ဧည့်လမ်းညွှန်အရေအတွက်နည်းပါးနေသေးကြောင်း S.S.T ခရီးသွားကုမ္ပဏီမန်နေဂျာဦးစိုးမင်းအေးကပြောသည်။

"တကယ်ကျွမ်းကျင်တဲ့ဧည့်လမ်းညွှန်က သိပ်မရှိဘူး။ လက်ချိုးရေလို့တောင်ရတယ်"ဟု ဦးစိုးမင်းအေးကပြောသည်။

လက်ရှိတွင် ယင်းခရီးသွားလုပ်ငန်းမှ အခြေခံငှက်ကြည့်သင်တန်းကိုလျော်ကားတွင် အပတ်စဉ်ပြုလုပ်လျက်ရှိသော်လည်း အမြဲပါဝင်သူမှာနှစ်ဦး၊သုံးဦးသာရှိကြောင်း ၎င်းက ဆက်လက်ပြောသည်။

ထို့အပြင် ပြည်တွင်း၌ ငှက်ကြည့်ကျွမ်းကျင်သူများပြားရန် ရည်ရွယ်၍ မြန်မာငှက်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသင်းနှင့် မြန်မာနိုင်ငံဧည့်လမ်းညွှန်အသင်းတို့ပူးပေါင်း၍ အခြေခံငှက်ကြည့်သင်တန်းကို ဖွင့်လှစ်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ငှက်မျိုးစိတ် ၁၀၉ မျိုးတွေ့နိုင်ပြီး စွေ့၊ နဖားကြူး၊ ငှက်မင်းသားရင်ဖြူ၊ မြန်မာဘီလုံး၊ မျက်ခုံးဖြူငှက်ပြာ ခြောက်၊ မြန်မာတစ်ငှက်တို့သည် မြန်မာပြည်တွင်သာ တွေ့နိုင်သည့် ဒေသရင်းငှက်များဖြစ်ပြီး မျက်ခုံးဖြူငှက်ပြာခြောက်ကို နတ်မတောင်တွင် တွေ့နိုင်ကြောင်း မြန်မာငှက်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်းဥက္ကဋ္ဌ ဦးသိန်းအောင်ကပြောသည်။

"နိုင်ငံခြားဧည့်သည်တွေက မြန်မာမျိုးရင်းငှက်တွေကို လာကြည့်ကြတာ။ သေသေချာချာလုပ်ရင် ခရီးသွားလုပ်ငန်းအတွက်အဆင်ပြေမှာ။ ငှက်နဲ့ပတ်သက်တဲ့ ဧည့်လမ်းညွှန်တွေကတော့ နည်းသေးတယ်"ဟု ဦးသိန်းအောင်ကပြောသည်။

မြန်မာနိုင်ငံငှက်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်းသည် မြန်မာနိုင်ငံဧည့်လမ်းညွှန်အသင်းနှင့်ပူးပေါင်း၍ ငှက်ကြည့်အခြေခံသင်တန်းကို ဇူလိုင်လက ကလောနှင့်ပုဂံတို့တွင် ဖွင့်လှစ်ခဲ့ပြီး ရန်ကုန်၌ ဩဂုတ် ၉ရက်က ဖွင့်လှစ်ခဲ့သည်။




7 DAY NEWS JOURNAL
Vol.12, No.23 • AUGUST 14 , 2013

# Cartoon



























7 DAY NEWS JOURNAL
Vol.12, No.23 • AUGUST 14 , 2013

# ''ကိုင်ရိုကပေးတဲ့ သတင်းစကားကတော့ အကြမ်းဖက်မှုမရှိတဲ့ တော်လှန်ရေးဟာ မဖြစ်နိုင်ဘူးဆိုတာပါပဲ''

## အီဂျစ်ကြားဖြတ် အစိုးရနိုင်ငံခြားရေးဝန်ကြီး နဘီလ်ဖန်မီနှင့် တွေ့ဆုံခြင်း

ကျော်မျိုး


DPA

အီဂျစ်သမ္မတမော်စီကို စစ်တပ်က အာဏာသိမ်းဖြုတ်ချပြီးနောက် ကြားဖြတ်အစိုးရတစ်ရပ်ပေါ်ထွက်လာချိန်မှာ နဘီလ်ဖါမီဟာ ပြီးခဲ့တဲ့ ဇူလိုင်လလယ်ကစလို့ နိုင်ငံခြားရေးဝန်ကြီးရာထူး ခန့်အပ်ခံခဲ့ရပါတယ်။ ဖန်မီဟာ သံတမန်မျိုးရိုးဖြစ်ပြီး သူ့ဖခင်ဟာ မူဘာရက် အရင်သမ္မတ အန်ဝါအယ်လ်ဆာဒတ်ခေတ်က နိုင်ငံခြားရေးဝန်ကြီးဖြစ်ခဲ့ပါတယ်။ ဖန်မီကတော့ ဒီရာထူးကိုမရခင် ယခင်မူဘာရက် အုပ်စိုးမှုကာလမှာ အမေရိကန်နဲ့ ဂျပန်နိုင်ငံဆိုင်ရာ အီဂျစ်သမ္မတအဖြစ် တာဝန်ယူခဲ့သူလည်းဖြစ်ပါတယ်။ ဖန်မီက သူဟာ နိုင်ငံခြားရေးဝန်ကြီးရာထူးကို ရရှိကတည်းက တစ်နေ့ကို အချိန်နည်းနည်းပဲ အိပ်နိုင်တော့ပြီး မနက် ၄ နာရီကျော်ရင် ဆက်အိပ်လို့မရဘဲ နိုးနေပြီ။ ဘာကြောင့်လဲဆိုတော့ အီဂျစ်နိုင်ငံနဲ့ပတ်သက်လို့ အလွန်စိတ်ပူပန်နေရလို့ပါလို့ ပြောခဲ့ပါတယ်။

**နိုင်ငံခြားရေးဝန်ကြီးခင်ဗျာ ဝန်ကြီးဟာစစ်အာဏာသိမ်းမှုကတစ်ဆင့် အာဏာရလာတဲ့အစိုးရတစ်ရပ်မှာ တစ်စိတ်တစ်ပိုင်းပါနေရတာ ရှက်မိပါသလား။**

နှိုင်းယှဉ်ပြောရင်တော့ ဒီအစိုးရလက်ထက်မှာ ကျွန်တော့်တိုင်းပြည်အတွက် တာဝန်ထမ်းဆောင်ရတာကို ကျွန်တော်ဂုဏ်ယူနေပါတယ်။ ကျွန်တော်သာ ရာထူးနေရာတစ်ခုတည်းကိုသာ စိတ်ဝင်စားနေမယ်ဆိုရင် မူဘာရက်လက်ထက်မှာကတည်းက ကျွန်တော်နိုင်ငံခြားရေးဝန်ကြီးဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီသမ္မတနဲ့ ကျွန်တော်သိပ်ပြီး မနီးစပ်ချင်ဘူး။ ဒီရာထူးကိုပဲ မူဘာရက်ဖြုတ်ချခံရပြီး နောက်ပိုင်းမှာ နှစ်ကြိမ်တိုင်လုပ်ပေးဖို့ ကမ်းလှမ်းခံခဲ့ရပါသေးတယ်။ နှစ်ကြိမ်လုံး ကျွန်တော်ငြင်းခဲ့တယ်။ ဒါပေမဲ့ ဇူလိုင် ၃ ရက်နောက်ပိုင်းမှာတော့ မရတော့ပါဘူး။

**အဲဒီအချိန်ဟာ စစ်တပ်က ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ခံထားရတဲ့ သမ္မတမော်စီကိုဖြုတ်ချလိုက်တဲ့အချိန်ပဲမဟုတ်လား။**

ကျွန်တော့်ရဲ့တာဝန်ဝတ္တရားကို ကျွန်တော်မစွန့်လွှတ်ချင်ပါဘူး။ မျိုးချစ်တပ်ဦးအနေနဲ့တော့ ကျွန်တော့်မှာ တခြားရွေးချယ်စရာမရှိပါဘူး။ သမ္မတမော်စီက ရွေးကောက်ပွဲအသစ်တွေကိုပြန်ကျင်းပပေးဖို့ တောင်းဆိုတာတွေကို ငြင်းပယ်ခဲ့တယ်။ အစ္စလာမ်မစ်နိုင်ငံတည်ထောင်ချင်နေခဲ့တယ်။ ကျွန်တော်တို့ ဒါကို ခွင့်မပြုနိုင်ပါဘူး။ ဒ့ါကြောင့် ကျွန်တော်တို့ စစ်တပ်ဘက်ကို လှည့်ခဲ့ရပါတယ်။


DPA

**ဒါပေမဲ့ မော်စီကို ရာထူးမှ ဖယ်ရှားလိုက်တာဟာ ဒီမိုကရေစီစံတွေနဲ့ မညီဘူးဖြစ်နေတယ်မို့လား။**

ဒါက ကြိုတင်မမျှော်မှန်းနိုင်တဲ့ ဖြစ်ရပ်တစ်ခုပါ။ ဒါပေမဲ့ ခင်ဗျားတို့ ဂျာမန်အစိုးရရော ဘာလင်မြို့တော်လမ်းတွေပေါ်မှာ လူသန်း ၂၀ လောက် ထွက်လာပြီး ဆန့်ကျင်ဆန္ဒပြနေကြရင် နားမကြားချင်ယောင်ဆောင်နေမှာလား။ မော်စီလုပ်တာ ဒါမျိုးပဲ။ သူက သူ့ရဲ့အစ္စလာမ်မစ်လူတွေကိုပဲ ဂရုစိုက်တယ်။ သူ့ဩဇာအာဏာနဲ့ သူ့လုပ်ငန်းစဉ်ကိုပဲ ချဲ့ထွင်ခဲ့တယ်။ သူ့ကို ရာထူးက ဖယ်ရှားလိုက်ခြင်းအားဖြင့် အီဂျစ်စစ်တပ်ဗိုလ်ချုပ်တွေဟာ အီဂျစ်ပြည်သူအများစုကြီးရဲ့ အခွင့်အရေးကို ကာကွယ်နိုင်ခဲ့ပါတယ်။ သူတို့မှာ သမ္မတကိုဖြုတ်ချလိုက်ဖို့ကလွဲလို့ တခြားနည်းမရှိခဲ့ဘူး။ ဒ့ါကြောင့် ဒါဟာ စစ်တပ်ကအာဏာသိမ်းမှုသက်သက်လို့ ပြောလို့မရနိုင်တာပါပဲ။

**ဒါပေမဲ့ ဝန်ကြီးတို့က ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ခံခဲ့ရတဲ့ သမ္မတကို ရာထူးကနေ အတင်းအကျပ်ဖယ်ရှားခဲ့တာပဲ မဟုတ်လား။**

မော်စီဟာ ဒီမိုကရေစီနည်းကျ ရွေးချယ်ခံခဲ့ရတယ်။ ဒါပေမဲ့ သူက ဒီမိုကရေစီနည်းကျ အုပ်ချုပ်ခဲ့တာမဟုတ်ဘူး။ ဒီမိုကရေစီနည်းကျ ရွေးချယ်ခံထားရတဲ့ နိုင်ငံရေးသမားတစ်ဦးက အင်မတန်ဒီမိုကရေစီမဆန်တဲ့ အပြုအမူနဲ့ အုပ်ချုပ်ခဲ့တာကိုခံရတဲ့ အတွေ့အကြုံတွေကို ကျွန်တော်လည်း ခင်ဗျားတို့ ဂျာမန်တွေကို သတိပေးဖို့ မလိုပါဘူး။

**ဝန်ကြီးက မော်စီနဲ့ ဟစ်တလာကို နှိုင်းယှဉ်ဖို့ ကြိုးစားနေတာလား ခင်ဗျ။**

ကျွန်တော်တို့မြင်နေရတဲ့ အန္တရာယ်တွေကို လက်ညှိုးထိုးပြချင်တာသက်သက်ပါ။ ဒါမျိုးဖြစ်နေတာကို ရပ်တန့်ဖို့ အီဂျစ်ပြည်သူ သန်းပေါင်းများစွာရဲ့ကိုယ်စား စစ်တပ်ကို ကျွန်တော်တို့ အကူအညီတောင်းခဲ့ရတာပါ။

**ဒီတော့ စိတ်အလိုမကျဖြစ်ပြီး မထောက်ခံနိုင်တာက မဲပေးတာထက် ပို အရေးကြီးနေတာမျိုးလား။**

ကျွန်တော်တို့ပါးချင်တဲ့ သတင်းစကားက နိုင်ငံရေးခေါင်းဆောင်တွေဟာ ပြည်သူကို တာဝန်ခံနိုင်ရပါမယ်။ မူဘာရက်နဲ့ မော်စီတို့ရဲ့ ကိစ္စတွေမှာဆိုရင် အီဂျစ်ပြည်သူတွေက ရှင်းလင်းတဲ့ အနေအထားနဲ့ ရပ်တည်ခဲ့တယ်။ ကျုပ်တို့ အသံတွေကို နားထောင်၊ ကျုပ်တို့လိုအပ်ချက်တွေကိုတုံ့ပြန်ပေးလို့သူတို့အော်ဟစ်ခဲ့ကြတယ်။ ကိုင်ရိုကပေးတဲ့ နောက်ထပ်သတင်းစကားတစ်ခုကတော့ အကြမ်းဖက်မှုမရှိတဲ့ တော်လှန်ရေးဟာ မဖြစ်နိုင်ဘူးဆိုတာပါပဲ။

**တော်လှန်ရေးဟာ လက်ရှိမှာတော့ ငြိမ်းချမ်းတာကလွဲလို့ ဘာမှမဟုတ်ပါဘူး။ အစ္စလာမ်မစ်တွေနဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေကြားမှာ သွေးမြေကျရတဲ့ လမ်းပေါ်တိုက်ပွဲတွေ ဖြစ်ခဲ့ရတယ်။ မော်စီ ဖြုတ်ချခံရပြီးကတည်းက လူ ၁ ဘယ်နှ ယောက်သေဆုံးခဲ့တယ်လို့ ဝန်ကြီးသိပါသလား။**

ဒီပဋိပက္ခတွေမှာ သေဆုံးရတဲ့သူတိုင်းအတွက် ကျွန်တော် ပူဆွေးမိပါတယ်။ ဒါပေမဲ့လည်း ကျွန်တော်တို့ လက်ရှိတွေ့ကြုံခံစားနေရတဲ့ သမိုင်းဖြစ်စဉ်ကို တိုင်းတာကြည့်လိုက်ရင် ဒါကို ငြိမ်းချမ်းသော တော်လှန်ရေးလို့ခေါ် ဆိုနိုင်ဆဲပါပဲ။ ကျွန်တော်တို့ အင်မတန်မှကို သိမ်မွေ့တဲ့အဆင့်ကို ရောက်နေပါတယ်။ ဒါပေမဲ့ အနောက်တိုင်းက ကျွန်တော်တို့မိတ်ဆွေအချို့ သုံးသပ်နေကြတာတွေကတော့ လက်တွေ့မဆန်ပါဘူး။ အာဏာရှင်စနစ် ဆယ်စုနှစ်များစွာကို ဖြတ်သန်းပြီးတဲ့နောက် ကျွန်တော်တို့အခု ဒီမိုကရေစီအကူးအပြောင်းကို တွေ့ကြုံခံစားနေရတာပါ။ ဒါပေမဲ့ ခင်ဗျားတို့က ခင်ဗျားတို့ရဲ့ နိုင်ငံရေးစနစ်တွေမှာ သုံးနေတဲ့ စံချိန်စံညွှန်းတွေကို သုံးပြီးပြောနေတာပါ။

**(မော်စီရဲ့ပါတီ)မွတ်ဆလင်ညီအစ်ကိုတော်များအဖွဲ့ ထောက်ခံသူတွေဟာ သူတို့ရဲ့ဆန္ဒပြပွဲတွေကိုချဲ့ထွင်ချင်နေပါတယ်။ သူတို့တွေထဲက အာဇာနည်အသစ်တစ်ဦးချင်းစီဟာ အစ္စလာမ်မစ်ဆန့်ကျင်ရေးကြံစည်မှုရဲ့ သားကောင်တွေဖြစ်လာနေပါတယ်။**

ကျွန်တော်လည်းပဲ မွတ်ဆလင်ညီအစ်ကိုတော်အဖွဲ့ကို အမျိုးသားပြန်လည်ရင်ကြားစေ့ရေးဖြစ်စဉ်ကို ထောက်ခံအောင် စည်းရုံးနိုင်ပါ့မလား သံသယရှိတယ်။ ဒါပေမဲ့ အနည်းဆုံးတော့ ကျွန်တော်တို့ကြိုးစားကြည့်ရမှာပေ့ါ။ ဒီတိုင်းပြည်က ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးလထက်မကျော်ဘဲ ရေးဆွဲသွားဖို့ရှိပါတယ်။ အချိန်ကိုးလထက်မကျော်ဘဲ ကျွန်တော်တို့ ပါလီမန်သစ်တစ်ရပ်နဲ့ ဒီမိုကရေစီနည်းကျ ရွေးကောက်ခံသမ္မတတစ်ဦး လိုချင်ပါတယ်။ မွတ်ဆလင်ညီအစ်ကိုတော်များအဖွဲ့လည်း ရွေးကောက်ပွဲမှာ ဝင်ပြိုင်သင့်ပါတယ်။

**ဘာကြောင့်မွတ်ဆလင်ညီအစ်ကိုတော်အဖွဲ့က ဝင်ပြိုင်သင့်ရပြန်တာလဲ။ သူတို့ ဒုတိယတစ်ကြိမ် ရွေးကောက်ပွဲနိုင်သွားခဲ့ရင် စစ်တပ်က သူတို့သမ္မတကို ထပ်ပြီး ဖြုတ်ချနိုင်အောင်လား။**

နောက်တက်မယ့် အီဂျစ်သမ္မတဟာ အခြေခံဥပဒေနဲ့အညီ လိုက်နာတာဝန်ထမ်းဆောင်ရပါမယ်။ မော်စီက အဲဒီလိုမလုပ်ခဲ့ဘူး။ အဲဒါဟာ သမိုင်းဆိုင်ရာအမှားတစ်ရပ်ဖြစ်ခဲ့တယ်။

*—Ref: Egyptian Foreign Minister 'I Mourn Every Death'. Spiegel: 5th August.*



# Leader's Profile

## ကိုဆိုဗိုသမ္မတ မစ္စစ်အာတီဖိတ်ဂျာဂျဂါ

ရဲမင်း

မစ္စစ် အာတီဖိတ်ဂျာဂျဂါသည် ကိုဆိုဗိုနိုင်ငံ၏ သမ္မတဖြစ်ပြီး ပထမဆုံး အမျိုးသမီးသမ္မတလည်းဖြစ်သည်။ အသက်အငယ်ဆုံးသမ္မတဖြစ်သလို မည်သည့်ပါတီနှင့်မျှ မပတ်သက်သော သမ္မတလောင်းလည်း ဖြစ်ခဲ့သည်။

မစ္စစ်ဂျာဂျဂါသည် ဗိုလ်မှူးချုပ်ရာထူးဖြင့် ကိုဆိုဗိုရဲတပ်ဖွဲ့၏ ဒုတိယညွှန်ကြားရေးမှူးတာဝန်ယူခဲ့သည်။

ယင်းမှာ အရှေ့တောင်ဥရောပ အမျိုးသမီးများကြားတွင် အမြင့်ဆုံး ရာထူးဖြစ်သည်။

ဂျာဂျဂါကို ဒါကိုဗီကာဒေသ၌ ၁၉၇၅ ခုနှစ် ဧပြီ ၂၀ ရက်က မွေးဖွားခဲ့ပြီး ယင်းဒေသမှာပင် အခြေခံပညာ သင်ယူခဲ့သည်။ ၂၀၀၀ ပြည့်နှစ်တွင် ပရီစတီနာတက္ကသိုလ်မှ ဥပဒေဘွဲ့ရရှိခဲ့သည်။

၂၀၀၆-၀၇ ခုနှစ်တွင် ဗြိတိန်နိုင်ငံ Leicester တက္ကသိုလ်မှ ရဲတပ်ဖွဲ့စီမံခန့်ခွဲရေးနှင့် ရာဇဝတ်မှုဥပဒေ ဘွဲ့လွန်သင်တန်း တက်ရောက်ခဲ့သည်။

မစ္စစ်ဂျာဂျဂါသည် ဂျာမနီနိုင်ငံ ဂျော့ချ်စီမာရှယ်လုံခြုံရေးဘာသာရပ်များ ဥရောပစင်တာနှင့် အမေရိကန်နိုင်ငံ အက်ဖ်ဘီအိုင် အမျိုးသားအကယ်ဒမီတွင် ကျယ်ပြန့်သော ပရော်ဖက်ရှင်နယ်လေ့ကျင့်သင်ကြားမှုများ ရရှိခဲ့သည်။ ကိုဆိုဗိုစစ်ပွဲအပြီးတွင် မစ္စစ်ဂျာဂျဂါသည် နိုင်ငံတကာရဲတပ်ဖွဲ့အတွက် စကားပြန်အဖြစ် လုပ်ကိုင်ခဲ့ပြီး နောက်ပိုင်းတွင် ရဲအရာရှိသင်တန်း တက်ရောက်၍ ရာထူးအဆင့်ဆင့် တိုးတက်ရရှိခဲ့သည်။

ရဲအရာရှိတစ်ဦးအဖြစ် အမေရိကန်အရာရှိများနှင့် သံတမန်များ၏ အာရုံစိုက်မှုရရှိခဲ့ပြီး အထူးအခမ်းအနားများတွင် မိတ်ဆက်ပေးခြင်းများ ရှိခဲ့သည်။

FBI အမျိုးသားအကယ်ဒမီတွင် သမ္မတဂျော့ချ်ဒဗလျူဘုရှ်နှင့် ဓာတ်ပုံတွဲ ရိုက်ဖူးသလို ကိုဆိုဗိုသို့ ကန်နိုင်ငံခြားရေးဝန်ကြီး မစ္စစ် ဟီလာရီကလင်တန်လာရောက်ချိန်တွင် တွဲရိုက်ထားသော ဓာတ်ပုံများ အင်တာနက်၌ဖြန့်ဝေထားသည်။

၂၀၁၁ ခုနှစ် ဧပြီလတွင် ကိုဆိုဗိုသမ္မတရွေးကောက်ပွဲ၌ ကို ဆို ဗို ဒီ မို က ရက် တစ် ပါတီ၊ ကိုဆိုဗိုဒီမိုကရက်တစ်အဖွဲ့ချုပ်၊ ကိုဆိုဗိုမဟာမိတ်သစ်အဖွဲ့များအားလုံး၏ ကိုယ်စားလှယ်အဖြစ် ရွေးကောက်ပွဲဝင်မည်ဟု ကြေညာခဲ့ပြီး ကိုဆိုဗိုရှိ အမေရိကန်သံအမတ်ကြီး ခရစ်တိုဖာဒဲလ်ကလည်း ထောက်ခံအားပေးသည်။

ရဲမှူးကြီးအဖြစ် လူသိများသော်လည်း မစ္စစ်ဂျာဂျဂါကို နိုင်ငံရေးနယ်ပယ်တွင် လူသိမများလှဘဲ သမ္မတရွေးကောက်ပွဲဝင်ချိန်အထိ ၎င်း၏နိုင်ငံရေးတိမ်းညွှတ်မှုများကို ပြည်သူလူထုနှင့် နိုင်ငံရေးခေါင်းဆောင်များက မသိရှိခဲ့ကြပေ။

ဧပြီ ၇ ရက် ပါလီမန်မဲခွဲဆုံးဖြတ်မှုတွင် အမတ်ပေါင်း ၁၀၀ အနက် ၈၀ က မစ္စစ်ဂျာဂျဂါအား မဲပေးခဲ့ပြီး ၁၀ ဦးက အခြားယှဉ်ပြိုင်သူ ဆူဇန်နိုဗိုဘာဒါလီအား မဲပေးသည်။

သမ္မတရာထူးလက်ခံမိန့်ခွန်းတွင် မစ္စစ်ဂျာဂျဂါက သမ္မတအဖြစ် ၎င်း၏အဓိကရည်မှန်းချက်တစ်ခုမှာ ကိုဆိုဗိုဒေသကို အီးယူနှင့် ကုလသမဂ္ဂအဖွဲ့ဝင်ဖြစ်ရန် ကြိုးပမ်းသွားရေးဖြစ်သည်ဟု ပြောကြားသည်။

"ကျွန်မတို့ရဲ့ အိပ်မက်တွေ တကယ်ဖြစ်လာမယ်လို့ ယုံကြည်နေပါတယ်"ဟု မစ္စစ်ဂျာဂျဂါက ပြောသည်။

မစ္စစ်အာတီဖိတ်ဂျာဂျဂါ၏ ခင်ပွန်းမှာ သွားဆရာဝန်တစ်ဦးဖြစ်ပြီး သားသမီး မထွန်းကားပေ။ ၎င်းတို့ဇနီးမောင်နှံနှစ်ဦးတွင် အိမ်ရာပိုင်ဆိုင်ခြင်းမရှိဘဲ ပရစ်တီးနားမြို့မှာပင် ခမ်းခမ်းနားနားမရှိသော အလယ်အလတ်တန်းစား တိုက်ခန်းငှားကာ နေထိုင်သည်ဟု မီဒီယာများကဆိုသည်။

—Ref: Wikipedia



7 DAY NEWS JOURNAL
Vol.12, No.23 • AUGUST 14 , 2013

# အင်ဒိုနီးရှားမီးတောင်ပေါက်ကွဲမှု လူခြောက်ဦးသေဆုံး

**ဂျကာတာ၊ဩဂုတ်-၁၀**

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ အရှေ့ဘက် မိုင် ၁,၂၅၀ အကွာ ပါလူးကျွန်းငယ်ရှိ ရိုကာတင်ဒါမီးတောင်ပေါက်ကွဲခဲ့ရာ လူကြီးလေးဦးနှင့် ကလေးနှစ်ဦး သေဆုံးခဲ့ရကြောင်း ဒေသခံသဘာဝဘေးကာကွယ်ရေး အာဏာပိုင်များက ပြောသည်။

အဆိုပါကျွန်းပေါ်ရှိ မီးတောင်သည် ယမန်နှစ်ကပင် လှုပ်ရှားနေခြင်းဖြစ်ပြီး ယခုပေါက်ကွဲမှုတွင် ဒေသခံလူဦးရေရာချီ၍ နေရာရွှေ့ပြောင်းပေးခဲ့ရကြောင်း တာဝန်ရှိသူများကဆိုသည်။ မီးတောင်ပေါက်ကွဲမှုကြောင့် ပြာမှုန်များမှာ လေထုအတွင်း နှစ်ကီလိုမီတာအမြင့်အထိ တက်ခဲ့ကာ ကမ်းခြေအထိ ဖုံးလွှမ်းခဲ့သည်။ မီးတောင်လှုပ်ရှားနေသည့်ယမန်နှစ်ကပင် ဘေးကင်းစွာရှောင်တိမ်းနိုင်မည့်နေရာကို တာဝန်ရှိသူများက သတ်မှတ်ပေးထားသော်လည်း ရွာသားအများစုမှာ ကယ်ဆယ်ရေးအတွက် ညွှန်ကြားချက်များကို လိုက်နာခြင်းမရှိခဲ့ဟု အင်ဒိုမီးတောင်လေ့လာရေးအေဂျင်စီမှ ပြောခွင့်ရပုဂ္ဂိုလ် ဆူရှိုနိုကပြောသည်။

ပါလူးကျွန်းသည်နိုင်ငံ၏ဝေးလံခေါင်ဖျားသော နေရာတစ်ခုဖြစ်ပြီး စုစုပေါင်းလူဦးရေ တစ်သောင်းခန့်သာရှိသည်။

—*Ref: BBC*



AFP

*အင်ဒိုနီးရှားနိုင်ငံ အလယ်ပိုင်းတွင် ဩဂုတ် ၁၀ ရက်က ပေါက်ကွဲခဲ့သော ရိုကာတန်ဒါမီးတောင်မှ ပြာမှုန်များပန်းထွက်လာသည်ကို တွေ့ရစဉ်။ ကျွန်းငယ်လေးဖြစ်သော ပါလူးကျွန်းပေါ်တွင် တည်ရှိသည့် မီးတောင်ပေါက်ကွဲမှုကြောင့် အနီးအနားရှိကမ်းခြေပေါ် ပြာပူများကျဆင်းပြီး လူကြီး သုံးဦးနှင့် ကလေး နှစ်ဦးသေဆုံးခဲ့သည်။*



အရောင်းမြှင့်တင်ရေးအတွက် သတ်မှတ်ထားသော ထိုင်ခုံအရေအတွက်မှာ အကန့်အသတ်ရှိပါသည်။ ထိုထိုင်ခုံကို ခရီးစဉ်တိုင်း နှင့် အများပြည်သူ အားလပ်ရက်များ ကျောင်းနားချိန် နှင့် ရုံးပိတ်ရက်များတွင် မရရှိနိုင်ပါ။ ငွေပေးချေမှု ပုံစံအမျိုးမျိုးဖြစ်သော အကြွေးဝယ်ကဒ် "via credit ၊ debit (သို့မဟုတ်) charge cards" များဖြင့် လေယာဉ်လက်မှတ်များကို ဝယ်ယူနိုင်ပါပြီ။ ကျွန်ုပ်တို့ Air Asia လေကြောင်းလိုင်း၏ စည်းမျဉ်းစည်းကမ်းများကိုလိုက်နာပေးပါရန်မေတ္တာရပ်ခံ အပ်ပါသည်။



JUNG YEON-JE/AFP

# နှစ်စဉ်ပြုလုပ်နေကျ စစ်ရေးလေ့ကျင့်မှု ဩဂုတ် ၁၉ ရက်တွင် ပြုလုပ်ရန် အမေရိကန် – တောင်ကိုရီးယား ကြေညာ


**ဆိုးလ်၊ဩဂုတ်-၁၀**

အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံတို့သည် နှစ်စဉ်ပြုလုပ်နေကျ ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို ယခုလကုန်ပိုင်းတွင် ပြုလုပ်သွားမည်ဖြစ်သည်။

တောင်ကိုရီးယား - အမေရိကန် ပူးတွဲတပ်ဖွဲ့ CFC မှ ထုတ်ပြန်သော ကြေညာချက်ထဲတွင် အူလ်ချီဖရီဒန် ဂါးဒီးယန်းဟု အမည်ပေးထားသည့် ယင်းပူးတွဲစစ်ရေးလေ့ကျင့်မှုကို ဩဂုတ် ၁၉ ရက်မှ ၃၀ ရက်အထိ ပြုလုပ်သွားမည်ဟု ဖော်ပြထားသည်။ တောင်ကိုရီးယား၌ တပ်စွဲထားသည့် အမေရိကန်တပ်ဖွဲ့များ၏ အကြီးအကဲ ဗိုလ်ချုပ်ကြီးဂျိမ်းစ်သာမန်ကလည်း "ဒီစစ်ရေးလေ့ကျင့်မှုဟာ နှစ်နိုင်ငံမဟာမိတ်တပ်ဖွဲ့တွေအတွက် စစ်ရေးအရ အဆင်သင့်ဖြစ်မှုကို ရှိနေစေမယ့် အရေးကြီးတဲ့ လေ့ကျင့်ခန်းဖြစ်ပါတယ်"ဟု ပြောသည်။ ယခုစစ်ရေးလေ့ကျင့်မှုများတွင် ကွန်ပျူတာအသုံးပြု၍ လေ့ကျင့်မှုများနှင့် ပုံမှန်အတိုင်း အခြေစိုက်စခန်းများ၌ လေ့ကျင့်မှုများလည်း ပါဝင်မည်ဖြစ်သည်။ တောင်ကိုရီးယားနှင့် အမေရိကန်နိုင်ငံတို့၏ ပုံမှန်နှစ်စဉ်စစ်ရေးလေ့ကျင့်မှုများပြုလုပ်ရန် ကြေညာချက်ထွက်လာပြီးနောက် မြောက်ကိုရီးယားနိုင်ငံဘက်မှ တုံ့ပြန်မှုများ မရှိသေးပေ။

တောင်နှင့်မြောက်ကိုရီးယား နှစ်နိုင်ငံသည် ကေဆောင်စက်မှုဇုန် ပြန်ဖွင့်ရေးအတွက် ဗုဒ္ဓဟူးနေ့က ဆွေးနွေးခဲ့သည်။

—*Ref: Asiaone*



# ‘နင်စေရင်’ ရုပ်ရှင်ကားကြီးအတွက် ရင်ခုန်နေတဲ့ ဝတ်မှုန်ရွှေရည်

ဓာတ်ပုံ-ဝတ်မှုန်ရွှေရည် Fan Page

**ဖွဲ့ညက်**

**ရန်ကုန်၊ ဩဂုတ်-၁၀**

ဒါရိုက်တာဝိုင်း ရိုက်ကူးထားသည့် “နင်စေရင်” ရုပ်ရှင်ဇာတ်ကားကြီးတွင် ပါဝင်သရုပ်ဆောင်ထားသော ဇာတ်ရုပ်သည် ပုံမှန်သရုပ်ဆောင်နေကျ ဇာတ်ရုပ်မဟုတ်သောကြောင့် ယင်းရုပ်ရှင်အတွက် ရင်ခုန်နေကြောင်း ဝတ်မှုန်ရွှေရည်က ပြောသည်။

“နင်စေရင် ကို အကြီးကြီးရင်ခုန်တယ်။ အဲဒီလိုဇာတ်ရုပ်မျိုးက ရုပ်ရှင်မှာရော၊ ဗီဒီယိုမှာရော၊ တစ်ခါမှ သရုပ်မဆောင်ဖူးဘူး။ ကာရိုက်တာထူးထူးခြားခြားလေးကို သရုပ်ဆောင်ထားတယ်” ဟု အထက်ပါရုပ်ရှင်နှင့်ပတ်သက်၍ ၎င်းကပြောသည်။

ရုပ်ရှင်ဇာတ်ကားအနေဖြင့် ယင်းဇာတ်ကားတွင် ဟဲဗီးဒရမ်မာပုံစံသရုပ်ဆောင်ထားကာ ကာရိုက်တာအနေဖြင့် အကြမ်းများလည်းပါဝင်သောကြောင့် ရုပ်ရှင်ဇာတ်ကားရုံတင်လျှင်ပရိသတ်ကသူမ၏ သရုပ်ဆောင်မှုနှင့်ပတ်သက်၍ ဆုံးဖြတ်ပေးနိုင်မည်ဟု ထင်ကြောင်း ၎င်းက ဆိုသည်။

လတ်တလော အနုပညာလှုပ်ရှားမှုအနေဖြင့်မူ ဒါရိုက်တာကျော်ဇောလင်း(အတွေးပုံရိပ်)ရိုက်ကူးသော ဟာသဇာတ်ကားတွင် အောင်ရဲလင်းနှင့်တွဲဖက်သရုပ်ဆောင်နေကြောင်း ဝတ်မှုန်ရွှေရည်က ပြောသည်။

“အဲဒီအထဲမှာ ကစ်က တလွဲတွေပဲဖြစ်တဲ့ ကောင်မလေး၊ ရှုပ်ပြာရှုပ်ပြာနဲ့” ဟု ၎င်းပါဝင်သရုပ်ဆောင်ရသည့်ဇာတ်ရုပ်အကြောင်းကို ပြောသည်။

၂၀၁၃ ခုနှစ်အတွင်း ရုပ်ရှင်ကားကိုးကားခန့် ရိုက်ကူးထားပြီး ဇာတ်ရုပ်အစုံဖြင့် ပရိသတ်များကို ရသမျိုးစုံပေးနိုင်မည့် ဇာတ်ကားများဖြစ်လိမ့်မည်ဟု ၎င်းက ဆိုသည်။

ထို့အပြင် ပရိသတ်များနှင့် ဆက်သွယ်မှုမပြတ်စေရန် ဖေ့စ်ဘွတ်ခ်လည်းသုံးဖြစ်ပြီး ဓာတ်ပုံရိုက်လည်းဝါသနာပါသောကြောင့် ကိုယ့်ပုံကိုယ်ရိုက်၊ ကိုယ်တိုင်တည်းဖြတ်ကာ ဓာတ်ပုံများတင်ဖြစ်ကြောင်း ဝတ်မှုန်ရွှေရည်က ပြောသည်။

“ဖေ့စ်ဘွတ်ခ်က အခုအနောက်ပိုင်း သိပ်မသုံးဖြစ်ဘူး။ အဓိကကတော့ ကိုယ်ဘာလုပ်နေလဲ၊ ဘာကားတွေရိုက်နေလဲ၊ ဘာကြော်ငြာတွေ ရိုက်နေလဲဆိုတဲ့ ကိုယ့်ရဲ့ Update တွေ တင်ပေးတာ” ဟု ၎င်းကပြောသည်။

# “ ရုပ်ရှင်ကားကြီးဆိုရင် မကောင်းတဲ့ကား မရှိစေရဘူးလို့ ကတိပေးပါတယ်

**ဖွေးဖွေးနှင့် တွေ့ဆုံခြင်း** ကြူကြူဟန်

**သရုပ်ဆောင်ဖွေးဖွေးကို တစ်မူထူးခြားတဲ့ သရုပ်ဆောင်မှု၊ ဝတ်စားဆင်ယင်မှုကြောင့် ပရိသတ်သတိထားမိခဲ့ပါတယ်။ ဒါရိုက်တာဝိုင်း ရိုက်ကူးတဲ့ လက်ပံရုပ်ရှင်ကလည်း ပိုပြီးအောင်မြင်လာစေခဲ့ပါတယ်။ ရုပ်ရှင်ကားကြီးတွေကို သေချာစိစစ်ပြီးရိုက်သွားမယ်လို့ဆိုလာတဲ့ ဖွေးဖွေးကို အကယ်ဒမီရင်ခုန်သံနဲ့ အောင်မြင်လာချိန်မှာ အနုပညာကို ဘယ်လိုဆက်လက်လုပ်ဆောင်သွားမလဲ စတဲ့အကြောင်းတွေကို ရိုက်ကွင်းရှိရာသို့ သွားရောက်တွေ့ဆုံမေးမြန်းခဲ့တာကို ပြန်လည်ဖော်ပြလိုက်ပါတယ်။**



ဓာတ်ပုံ-နစ်ကီ

**ရုံတင်ပြီးသွားတဲ့ဖွေးဖွေးရဲ့ ပထမဆုံးရုပ်ရှင် လက်ပံကားက ပရိသတ်အားပေးမှုရနေတာ ဘာကြောင့်လို့ ထင်ပါသလဲ။**

အဲ့ဒါတိုင်ပင်ကိုက်သွားတယ် ထင်ပါတယ်။ ပရိသတ်ကလည်း ဒီလက်ပံကို မျှော်နေတယ်။ ကိုယ်လည်း အရမ်းကြိုးစားထားတာ ရယ်ကံတရားလည်းပါတယ်။ အားလုံးပဲပေါ့။

**ဖွေးဖွေးသရုပ်ဆောင်ထားတဲ့ဇာတ်ကားအများစုက ခက်ထန်မာကြောတဲ့မိန်းကလေးပုံစံများတော့ ကာရိုက်တာပြောင်းချင်စိတ် မဖြစ်မိဘူးလား။**

ဖွေးကားတွေ အကုန်ကြည့်ဖူးတယ်ဆိုရင် အစုံတွေ့ဖူးမှာပါ။ မျက်ရည်အဘိဓာန်ဆို အပျော့လေးတွေလုပ်ထားတာ။ အလှဖန်တီးရှင်တို့ အမျိုးစုံ ရိုက်ထားပါတယ်။ အမာတွေချည်းပဲ ရိုက်နေတာတော့ မဟုတ်ပါဘူး။

**ပရိသတ်နဲ့အတူ ဖွေးဖွေးမွေးနေ့မှာ ညစာစားဖို့ ဖိတ်ခေါ်ထားတဲ့ မေးခွန်း ၂၅ ခုကို ဘယ်သူတွေနဲ့ တိုင်ပင်ပြီး စီစဉ်ဖြစ်တာလဲ။ ဘာကြောင့် ဒီလို စီစဉ်ဖြစ်ခဲ့တာလဲ။**

အဓိကကတော့ ကုမ္ပဏီက စီစဉ်တာပါ။

စာ(၄၁)သို့



## KBS ရုပ်သံ အားကစားအစီအစဉ်မှ ခေတ္တအနားယူထားတဲ့ ချန်းမင်း


**ဆိုးလ်၊ ဩဂုတ်-၁၀**

တောင်ကိုရီးယားပေါ့ပ်အဖွဲ့ TVXQ မှ အဖွဲ့သား ချန်းမင်းသည် ဂျပန်နိုင်ငံခရီးစဉ်များဖြင့် မအားလပ်သောကြောင့် KBS ရုပ်သံလိုင်း၏ "Our Neighborhood Arts and Physical Education" အားကစားဖျော်ဖြေရေး အစီအစဉ်မှ ခေတ္တအနားယူထားသည်ဟု KBS ရုပ်သံလိုင်းက ကြေညာသည်။

ပြီးခဲ့သော သီတင်းပတ်အစီအစဉ်ရိုက်ကူးစဉ်က ချန်းမင်းသည် အားကစားပြုလုပ်စဉ် အနည်းငယ်ထိခိုက်ဒဏ်ရာရရှိခဲ့သောကြောင့် ယင်းအစီအစဉ်မှ ထွက်ခွာသွားခြင်းဖြစ်သည်ဟူသော ကောလာဟလသတင်းများကို KBS ရုပ်သံလိုင်းက အလျင်အမြန်ငြင်းပယ်လိုက်သည်။

ချန်းမင်းဂျပန်နိုင်ငံသို့ရောက်ရှိနေစဉ် ၎င်း၏ကဏ္ဍကို သရုပ်ဆောင်အဆိုတော် ကင်ဟွန်ဂျွန်းက ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ ကင်ဟွန်ဂျွန်းသည် Our Neighborhood အစီအစဉ်အဖွဲ့သားများနှင့်အတူ နိုင်ငံကိုယ်စားပြုအားကစားသမားများ လေ့ကျင့်ကွင်းဆင်းရာ Taer-eung ကျေးရွာသို့ သွားရောက်ရိုက်ကူးမည်ဖြစ်သည်။ ကင်ဟွန်ဂျွန်းပါဝင်သော ယင်းအစီအစဉ်ကို ဩဂုတ်လ ၂၀ ရက်တွင် KBS ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

*—Ref: AFP/AP*



## မြင်းပြိုင်ကွင်းဖျော်ဖြေပွဲ ဖျက်သိမ်းတဲ့ ရီတာအော်ရာ တောင်းပန်စကားပြော


**လန်ဒန်၊ ဩဂုတ်-၁၀**

ဗြိတိန်အဆိုတော် ရီတာအော်ရာသည် ဗြိတိန်နိုင်ငံ အနောက်မြောက်ပိုင်းရှိ မြင်းပြိုင်ကွင်းတစ်ကွင်း၌ ကျင်းပမည့် ဖျော်ဖြေပွဲကို လည်ချောင်းနာနေသောကြောင့် ဖျက်သိမ်းကြောင်း ကြေညာလိုက်ပြီး တောင်းပန်စကားပြောကြားသည်။

ရီတာအော်ရာသည် ဩဂုတ်လ ၉ ရက်ညတွင် မာအေးဆိုက်ဒ်စီရင်စု Haydock Park မြင်းပြိုင်ကွင်း၌ ပရိသတ် ၈,၀၀၀ ကျော်ကို ဖျော်ဖြေတင်ဆက်ရန် ပွဲလက်မှတ်များရောင်းချပြီးဖြစ်သော်လည်း ကျန်းမာရေးအခြေအနေကြောင့် ဖျော်ဖြေပွဲကို ဖျက်သိမ်းခဲ့သည်။


စာ(၄၁)သို့









7 ရ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.12, No.23 • AUGUST 14 , 2013

တစ်ဖက်မှ

## မြင်းပြိုင်ကွင်းဖျော်ဖြေပွဲ ဖျက်သိမ်းတဲ့ ရီတာအော်ရာ တောင်းပန်စကားပြော

"လည်ချောင်းတွေ အရမ်းနာနေလို့ ဖျော်ဖြေပွဲကို ဖျက်သိမ်းလိုက်ရတာပါ။ တကယ့်ကို စိတ်မကောင်းပါဘူး။ ကျွန်မနေကောင်းလာတာနဲ့ ဖျော်ဖြေပွဲပြန်လုပ်မှာပါ။ ကျွန်မကတိပေးပါတယ်" ဟု ရီတာအော်ရာက ၎င်း၏တွစ်တာစာမျက်နှာတွင် တောင်းပန်စာရေးသားခဲ့သည်။

ကြိုတင်လက်မှတ်ဝယ်ယူထားသော ပရိသတ်အားလုံးကို ငွေပြန်အမ်းမည်ဖြစ်ပြီး ဘဏ်စာရင်းဖြင့် လက်မှတ်ဝယ်ယူသူများကို ဖျော်ဖြေပွဲဖျက်သိမ်းပြီးနောက် ၎င်းတို့၏ ဘဏ်စာရင်းထဲသို့ ငွေများပြန်အမ်းခဲ့ကြောင်းနှင့် ငွေသားဖြင့်ဝယ်ယူသူများအနေဖြင့် မြင်းပြိုင်ကွင်း၌ လာရောက်ထုတ်ယူရန် ကြေညာထားကြောင်း သိရသည်။

လာမည့် သီတင်းပတ်တွင် ဗြိတိန်နိုင်ငံ၌ Hylands Park ၌ ကျင်းပမည့် ၂၀၁၃ ခုနှစ် V Festival ဂီတပွဲသို့ အဆိုတော်ရီတာအော်ရာ ကျန်းကျန်းမာမာနှင့် တက်ရောက်နိုင်ရန် မျှော်လင့်လျက်ရှိသည်။

—*Ref: XinMSN*

စာ(၃၉)မှ

# ဖွေးဖွေးနှင့် တွေ့ဆုံခြင်း

လက်ပံကို ပရိုမိုးရှင်းဖြစ်ချင်တာလည်းပါမှာပေါ့နော်။ မေးခွန်းကတော့ ကိုဝိုင်းရယ်၊ ဦးဝင်းကြည်ရယ်၊ ဖွေးရယ် သုံးယောက်ပေါင်းပြီးတော့ ထုတ်ကြတာပါ။

**မေးခွန်း ၂၅ ခုလုံးကို ပရိသတ်တွေ ဖြေနိုင်ပါ့မလားဆိုတဲ့ စိုးရိမ်စိတ်ရောဖြစ်နေသေးလား။**

ဒါကတော့ အသက် ၂၅ နှစ်ပြည့်မှာဆိုတော့ အမှတ်တရဖြစ်အောင် မေးခွန်း ၂၅ ခု ဆိုပြီး သတ်မှတ်ထားတာပါ။ အများဆုံးဖြေနိုင်တဲ့လူတွေကို ရွေးချယ်သွားမှာပါ။ အဲဒီလို စိုးရိမ်စိတ်တော့မရှိပါဘူး။ စိတ်ဝင်စားတဲ့သူကတော့ သေချာရအောင် ဖြေမှာပေါ့။ စိတ်မဝင်စားရင်တော့ သေချာမဖြေနိုင်ဘူးပေါ့။

**အောင်ရဲလင်းနဲ့ဖွေးဖွေးတို့ တွဲရိုက်တဲ့ ဇာတ်ကားတော်တော်များများလည်း တွေ့ရတယ်။ အခုနောက်ပိုင်း ပရိသတ်နဲ့ တိုက်ရိုက်ထိတွေ့ရတဲ့ ပွဲတော်တော်များများမှာလည်း အတွဲညီညီ လှုပ်ရှားဖြစ်နေတာ တွေ့ရတယ်နော်။**

password ဇာတ်ကားမှာ တိုက်တိုက်ဆိုင်ဆိုင် ပရိုမိုးရှင်းလုပ်ပေးရတာ တစ်ခါကြုံတယ်။ အဲဒီလိုဆုံဖြစ်တယ်ဆိုတာ တိုက်ဆိုင်သွားတာပါ။

**လက်ပံရုပ်ရှင်ကားရိုက်စဉ်က အသစ်တစ်ယောက်ဖြစ်တဲ့ ဖွေးဖွေးကို ကိုဝိုင်းက အဓိကသရုပ်ဆောင်အဖြစ် ပါစေခဲ့တယ်။ နောက်ပိုင်းလည်း ကိုဝိုင်းနဲ့ ဇာတ်ကားတွေ တောက်လျှောက် ရိုက်ဖြစ်နေတော့ ကိုဝိုင်းတင်တဲ့ မင်းသမီးလို့ ဆိုနိုင်မလား။**

အားလုံးပါပါတယ်။ ကိုဝိုင်းကလည်း မင်းသမီးဇာတ်လိုမျိုးကားကြီးအရင်ဆုံး ခေါ်ရိုက်တာပါ။ ကိုယ့်လက်ဦးဆရာပေါ့။ အသစ်တစ်ယောက်ကို စွန့်စားမှုကြီးတစ်ခု စလုပ်တာပေါ့။ နောက်ပြီးတော့ ကိုဇော်ဇော်တို့၊ ဦးမိုးဦးတို့လည်း သင်ပေးပါတယ်။ ကိုယ်က အလုပ်လုပ်ရင်းနဲ့ပဲ သင်နေရတာဆိုတော့လေ။

**ဖွေးဖွေးကို သတိထားမိစေတဲ့ တစ်ခုက ဖက်ရှင်ပေါ့။ ဇာတ်ကား၊ ကြော်ငြာတွေမှာ ဝတ်တဲ့ ဖက်ရှင်တွေက သမားရိုးကျထက် ကွဲထွက်နေတာ တွေ့ရတယ်။ ဖက်ရှင်နဲ့ ပတ်သက်ပြီး ဘယ်လိုစီစဉ်ပြီး ဝတ်ဖြစ်လဲ။**

ဖက်ရှင်ကိုတော့ ကာရိုက်တာအလိုက် မုဒ်ဝင်သလို ဝတ်တယ်။ ကြော်ငြာဆိုရင်တော့ အလှဘက်သွားတာ ဝတ်တယ်။ အမြဲတမ်းလှဖို့ အရေးမကြီးဘူး။ ကာရိုက်တာဝင်ဖို့ဆို ဖက်ရှင်မကျရဘူးဆို မကျဘူး။ ကာရိုက်တာအရ ဖက်ရှင်ကျရမယ်ဆို ကျတယ်။ အခုနောက်ပိုင်းက အမေနဲ့လည်း တိုင်ပင်တယ်။ ကိုယ့်ဟာကိုယ်လည်းစိတ်ကူးတာရှိတယ်။ တစ်ခါတလေ ဒီဇိုင်နာမဥမ္မာကျော်နဲ့ ချုပ်တာလည်း ရှိတယ်။ အန်တီခိုင်ဆိုတဲ့ ဒီဇိုင်နာအသိတစ်ယောက်လည်းရှိတယ်။



**ပရိသတ်အားပေးခြင်းခံနေရတဲ့ လက်ပံကားဇာတ်ဝင်ခန်းမှာဆို တစ်ခန်းပဲ အဖြူရောင်ဝတ်ရပြီး ကျန်တဲ့အခန်းတွေက အနီရောင်ပဲဝတ်ခဲ့ရတာဆိုတော့ ဖွေးရဲ့ဘဝမှာ အနီရောင်က ဘယ်လောက်ထိ အဓိပ္ပာယ်သက်ရောက်စေလဲ။**

အမှတ်တရအရောင်ပေါ့နော်။ အနီရောင်က၊ ငယ်ငယ်တုန်းက တစ်ခါမှ အနီကိုကြိုက်တယ်ဆိုပြီး မဖြစ်ဖူးဘူး။ အဲဒီကားရိုက်ပြီးသွားတဲ့အချိန်မှာ အနီပဲဝတ်နေရတော့ အနီကိုကြိုက်သွားတယ်။ အနီဝတ်လိုက်ရင် အဲ့ဒီမုဒ်ဖြစ်တယ်။ အဲဒါကြောင့်မို့ နောက်ပိုင်းကားတွေ တော်တော်များများလည်း အနီဆို နည်းနည်းရှောင်တယ်။ လက်ပံအတွက်သီးသန့် ကိုယ့်ဘာသာကိုယ်သတ်မှတ်လိုက်တဲ့ အရောင်ပေါ့။

**အခုကိုယ့်ရဲ့အောင်မြင်မှုကို ဘယ်လိုဆက်လက်ထိန်းသိမ်းသွားမလဲ။**

ကားတွေကိုပိုပြီး စိစစ်ပြီးတော့ ရိုက်ရမှာပေါ့။ ပြီးတော့ ပိုပြီးတော့ ကြိုးစားရမှာပေါ့။ အခုဆိုရင် လက်ပံပြီးရင်ထွက်လာမယ့် ရုပ်ရှင်ကားတွေကို ပရိသတ်တွေက ပိုပြီး စိတ်ဝင်စားမှာလေ။ အဓိက ရုပ်ရှင်ကားကြီးကို ပိုပြီးစိစစ်ပြီး ရိုက်သွားမှာပါ။

**ဂီတလည်း ဖွေးဖွေးက ဝါသနာပါတော့ အဲဒီဘက်မှာရော ဘယ်လို အစီအစဉ်ရှိလဲ။**

ဂီတဘက်ကိုတော့ အချိန်မပေးနိုင်သေးပါဘူး။ လုပ်ဖို့ဆန္ဒတော့ အမြဲရှိတယ်။ ဒီကားရိုက်ဘက်ကို ထဲထဲဝင်ဝင်လုပ်ဖြစ်နေလို့။

**၂၀၁၂ အကယ်ဒမီဆန်ခါတင်စာရင်းမှာ လက်ပံလည်းပါတော့ အဲဒီကားနဲ့ အကယ်ဒမီမျှော်လင့်လား။ ဘယ်သူတွေကိုရော ရစေချင်လဲ။**

ဖွေးက အဲဒီအရွယ်နဲ့ အဲဒီအချိန်မှာ လက်ပံကားကို ရိုက်လိုက်ရတာနဲ့ အရမ်းကျေနပ်ပါတယ်။ အကယ်ဒမီကိုတော့ မမျှော်လင့်ထားပါဘူး။ ဒီကားမှာပါတဲ့ ဓာတ်ပုံတို့၊ ကင်မရာမင်းတို့၊ ဒါရိုက်တာတို့၊ နောက်ကွယ်က ပံ့ပိုးပေးတဲ့သူတွေက အရမ်းကောင်းတော့ နောက်ကွယ်ကလူတွေကို ရစေချင်ပါတယ်။

**အောင်မြင်လာတော့ အလုပ်တွေများလာတဲ့အချိန်မှာ ကိုယ့်ပတ်ဝန်းကျင်ကလူတွေ ပရိသတ်တွေကို ဘယ်လိုအချိန်ပေးဖြစ်လဲ။**

အဓိက ကိုယ်ဘယ်လောက် အလုပ်တွေကြိုးစားကြိုးစားကြည့်မယ့်ပရိသတ်မရှိရင် ဘာမှအရာထင်မှာမဟုတ်ဘူး။ အဲဒီအတွက် ပရိသတ်ကိုတော့ ထိပ်ဆုံးမှာ ထားထားပါတယ်။

**မွေးနေ့မှာ ပရိသတ်တွေနဲ့ တွေ့ရမယ့် စိတ်ခံစားမှုက ဘယ်လိုရှိလဲ။**

တစ်ခါမှ အဲဒီလို မလုပ်ဖူးတော့ ရင်တော့ခုန်ပါတယ်။

**ရုပ်ရှင်ကားတွေဆို စိစစ်ပြီး ရိုက်သွားမယ်ဆိုတော့ ဗီဒီယိုကားတွေကိုရော ဘယ်လိုပုံစံရိုက်သွားမလဲ။**

ဗီဒီယိုဇာတ်ကားတွေကတော့ အားလုံးအကောင်းဆုံးမဖြစ်နိုင်ပါဘူး။ အတတ်နိုင်ဆုံးတော့စိစစ်ပြီးတော့ ရိုက်သွားမယ်။ ရုပ်ရှင်ဆိုရင်တော့ မကောင်းတဲ့ ကားမရှိစေရဘူးလို့ ကတိပေးပါတယ်။

**ပရိသတ်ကို ချပြချင်တဲ့ ဇာတ်ရုပ်မျိုးရှိရင် သိချင်ပါတယ်။**

နှစ်ကိုယ်ခွဲဇာတ်ရုပ်ကိုတော့ ရိုက်ဖို့ရှိတယ်။ ကိုယ်လုပ်ကြည့်ချင်တာလည်း ကြာပြီပေါ့နော်။ အဲဒီလို ပုံစံရိုက်ဖို့ရှိတယ်။ နောက်လလောက် ရိုက်ဖြစ်မယ်။ အောင်ရဲလင်းနဲ့ပါ။

**ဖွေး Facebook မှာ သဘာဝကျတဲ့ပုံတွေ များများတင်တယ်နော်။ Facebook သုံးတာကြာပြီဆိုတော့ အခုရော ဘယ်လောက်အချိန်ပေးပြီး သုံးဖြစ်လဲ။**

Facebook က ညအလုပ်ပြန်လို့အိပ်ခါနီးဆို အမြဲတမ်းပရိသတ်တွေတင်တဲ့ Post တွေဖတ်တယ်။ Connection ကောင်းတဲ့နေ့တွေဆိုလည်း ဓာတ်ပုံတွေတင်ပေးတာပေါ့။ အခုရက်ပိုင်း ဓာတ်ပုံတွေ Update မလုပ်နိုင်ဘူး ဖြစ်နေတယ်။ Connection တွေ အရမ်းကျနေလို့။ ပြီးတော့ ပရိသတ်ကို ကိုယ်ကမင်းသမီးတစ်ယောက် ဆိုတာထက် သူလိုငါလို အနုပညာရှင်တစ်ယောက်အနေနဲ့ပဲ ကိုယ့်ကိုမြင်တာ သဘောကျတယ်။ မင်းသမီးတစ်ယောက်ရဲ့ Image နဲ့ တော့ မနေပါဘူး။

**ပရိသတ်ကို ပြောချင်တဲ့ လက်ဆောင်စကားရှိရင် သိချင်ပါတယ်။**

ပရိသတ်တစ်ယောက်ချင်းစီ ဖွေးရဲ့ဇာတ်ကားတွေ၊ ကြော်ငြာတွေ အချိန်ပေးပြီးကြည့်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။

**ကျေးဇူးတင်ပါတယ်။**

ASIA CALCIUM CO.,LTD
PVC ပလတ်စတစ်လုပ်ငန်း ၊ သဘော်ဆေး ၊ သွားတိုက်ဆေး စက်ရုံများအတွက်



Calcium Carbonate
300 mesh 800 mesh
400 mesh 1000 mesh
600 mesh 1250 mesh
စသည့် mesh အမျိုးမျိုးရရှိနိုင်ပါသည်။

ဆက်သွယ်ရန် ➡ အမှတ် တတ–၈ / (၂၇.၄၁.၄၂) ၊ ၆၁ ×၆၂ လမ်းကြား၊ အနော်ရထာလမ်း၊ မန္တလေးမြို့။
09-403700377, 09-2000110, 09-403700388

မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှအသင်းသားများသိစေရန်

၇. ၇. ၂၀၁၃ ရက်နေ့တွင်ကျင်းပသော မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ ၂၀၁၃ -၂၀၁၅ခုနှစ်အမှုဆောင်သက်တမ်းအတွက်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်အသစ်များကို ရွေးချယ်ရန်နှင့်၊ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများကို စည်းမျဉ်း၊စည်းကမ်းများနှင့်အညီအတည်ပြုနိုင်ရန်အတွက် ၂၀၁၃ခုနှစ်၊ ဩဂုတ်လ ၂၅ရက်(တနင်္ဂနွေနေ့) နံနက်(၁၀:၀၀)နာရီ Dolphin Restaurant ၌အသင်းနှစ်ပတ်လည်အစည်းအဝေးကို ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။၎င်းအစည်းအဝေးတွင် ဒီမိုကရေစီနည်းလမ်းအရ ပွင့်လင်းမြင်သာစွာဖြင့် လစ်လပ်နေသော ဗဟိုအလုပ်အမှုဆောင်(၉)ဦးကိုရွေးချယ်ပြီးသင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများကို ဆွေးနွေးအတည်ပြုသွားမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံစားသောက်ဆိုင်လုပ် ငန်းရှင်များအသင်း(A)memberများအားလုံးလစ်လပ်နေရာများအတွက်ဝင်ရောက်ဆန္ဒခံယူလိုပါက ၂၀၁၃ခုနှစ်၊ ဩဂုတ်လ(၂၁) ရက်နောက်ဆုံးထား၍ မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းတွင်အဆိုပြုလွှာများလာရောက်ထုတ်ယူပြီး ကိုယ်ရေးရာဇဝင်၊ ပါတ်စပို့ဓာတ်ပုံ(၂)ပုံနှင့်အတူဖြည့်သွင်းလျှောက်ထားနိုင်ပါကြောင်းအသိပေးအကြောင်းကြားအပ်ပါသည်။

နေရာ - အမှတ်(၃-က)၊ ဝေဇယန္တာလမ်းနှင့် သံသုမာလမ်းထောင့်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - (၀၉)၇၃၁၉၂၂၀၀၊ ၂၅၀၀၈၇၅၃၆

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း

နီလာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

"ဖွားရာ ပွင့်ရာ စက်လှည့်ရာ စံရာ၍လေးမည်၊ သံဝေဇနီယ လေးဌာန ဖူးကြအလီလီ၊ အပွါယ်လေးဝမလားရ လားရာလူနတ်ပြည်" ဟူသောဆောင်ပုဒ်နှင့်အညီ နီလာဘုရားဖူးအဖွဲ့မှဗုဒ္ဓဘာသာဝင်တိုင်း ဗုဒ္ဓဂယာသို့ရောက်ရှိရန် ရည်ရွယ်ချက်ဖြင့် ပို့ဆောင်ခြင်းဖြစ်ပါသည်။
(၇)ရက်ခရီး - သံဝေဇနီယလေးဌာန (ဖွား၊ပွင့်၊ဟော၊စံ)(အိန္ဒိယ- နီပေါ) ➡ ၈.၅ သိန်း(စရိတ်ငြိမ်း)၊ (၁၂)ရက်ခရီး- ၉ သိန်း(စရိတ်ငြိမ်း)
(၁၅)ရက်ခရီး - သံဝေဇနီယလေးဌာန +အဝိဇဟိတလေးဌာန +နယူးဒေလီ (မဟာသတိပဌာန်)၊တစ်ရှုမဟာ ➡ ၁၀သိန်း (စရိတ်ငြိမ်း)
၂၀၁၃–၁၄ခုနှစ်ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များကို(၂၇.၉.၁၃)မှ စတင်ထွက်ခွာမည်ဖြစ်၍စရံငွေ(၁)သိန်းဖြင့်ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။
ဘုရားဖူးဗမ္မပိုတ်ဆွေများ၏တောင်းဆိုမှုအရ Promotion ကာလကို(၁.၇.၁၃)မှ(၃၁.၈.၁၃)အထိ တိုးမြှင့်လိုက်ပြီးဖြစ်ကြောင်းဗမ္မပိုတ်ဆွေမိတ်ဟောင်းမိတ်သစ်များအား သတင်းကောင်းပါးအပ်ပါသည်။
ဗုဒ္ဓဂယာခရီးစဉ်ကို Promotion ကာလအတွင်း စရံငွေ(၁)သိန်း ပေးသွင်းပါက တစ်ဦးချင်း လိုက်ပါလျှင် (၅)သောင်းကျပ် လျှော့ပေးမည်ဖြစ်ပြီး၊ (၈)ဦးစုစည်းပြီးလိုက်ပါလျှင်(၁)ဦးအခမဲ့ပို့ဆောင်ပေးပါမည်။
အထူးအစီအစဉ်အနေဖြင့် နယ်မှဘုရားဖူးခရီးသည်များအတွက် ထွက်ခွာမည့်ခရီးစဉ်မတိုင်မီ (၁၀) ရက်အတွင်း လိုက်ပါနိုင်ကြောင်းနှင့်ရန်ကုန်နှင့်မန္တလေးမြို့များတွင် တည်းခိုနိုင်ရန် ကုမ္ပဏီမှ အခမဲ့ဝန်ဆောင်မှုပေးပါမည်။
တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ၊ စနေ အပတ်စဉ် ခရီးစဉ်များ ထွက်ရှိပါသည်။
ရန်ကုန်ရုံးချုပ် အမှတ်–၂၇၆/၂၇၈(မြေညီထပ်)၊ ပန်းဆိုးတန်းလမ်း(ခုံးတံတားအနီး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
မန္တလေးရုံးခွဲ - အမှတ် (၁၁၃)၊ လမ်း ၃၀၊ ၆၅x၆၆လမ်းကြား၊မင်းကွန်းတိုက်တန်း၊ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာဇံမြို့နယ်၊မန္တလေးမြို့။
☎ ၀၁-၃၇၆၆၁၀၊ ၃၇၂၁၃၅၊ ၃၈၄၃၆၆၊ ၃၈၄၀၆၆၊ ၃၈၅၁၈၄၊ ၀၉-၅၁၂၀၅၂၉၊ မန္တလေးရုံးခွဲ -၀၉-၄၇၂၂၂၀၈၅၊ ၀၉-၄၇၂၂၂၀၈၆၊ ၀၉-၄၀၁၇၄၄၄၀၄၊ ၀၉-၄၂၈ ၂၁၇၂၅

Sports
7DAY NEWS JOURNAL
Vol.12, No.23 • AUGUST 14 , 2013

# လီဗာပူးကစားသမားလေးဦး လက်မှတ်ရေးထိုးထားသည့် လည်စည်းအား လေလံတင်လှူဒါန်းမည်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ ဩဂုတ်-၁၂

အင်္ဂလန်ပရီးမီးယားလိဂ် လီဗာပူးဘောလုံးအသင်း ကစားသမားလေးဦး လက်မှတ်ရေးထိုးထားသည့် လည်စည်း (scarf) အား လေလံတင်ရောင်းချ၍ လှူဒါန်းသွားမည်ဖြစ်ကြောင်း လီဗာပူးဖန်ကလပ်ဝင်တစ်ဦးဖြစ်သည့် မောင်ခန့်ဆင့်ဝင်းက ပြောသည်။

အင်္ဂလန်ယူ-၂၁ အသင်းခေါင်းဆောင် ဟန်ဒါဆင်၊ အလန်၊ လူးကပ်စ်နှင့် ဘိုရီနီတို့၏ လက်မှတ်ရေးထိုးထားသည့် လည်စည်းအား ကြမ်းခင်းဈေး ကျပ်တစ်သိန်း စတင်သတ်မှတ်ကာ လေလံတင်ရောင်းချမည်ဖြစ်ပြီး လေလံဈေး နှစ်သိန်းအထိ ရရှိထားပြီဖြစ်ကြောင်း အဆိုပါလီဗာပူးဖန်ကလပ်ဝင် လူငယ်က ဩဂုတ် ၁၂ ရက်တွင် ပြောသည်။

"လာမယ့်စက်တင်ဘာလ ၉ ရက်မှာ ကျရောက်မယ့် ကျွန်တော့်မွေးနေ့အထိမ်းအမှတ်အဖြစ် လေလံတင်လို့ရမယ့် ငွေကြေးတွေကို လီဗာပူးဖန်ကလပ်ဝင်အသင်း (Myanmar Reds) လုပ်နေကျဖြစ်တဲ့ အလှူမှာ ပါဝင်ထည့်ဝင်လှူဒါန်းသွားဖို့ စီစဉ်ထားပါတယ်" ဟု မောင်ခန့်ဆင့်ဝင်းက ဆိုသည်။

မြန်မာနိုင်ငံမှ လီဗာပူးဖန်ကလပ်ဝင် ၁၅ ဦးသည် ပြီးခဲ့သည့် ဇူလိုင်လအတွင်းက ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် ယှဉ်ပြိုင်ကစားခဲ့သည့် လီဗာပူးအသင်းနှင့် ထိုင်းလက်ရွေးစင်အသင်းတို့၏ ခြေစမ်းပွဲအားသွားရောက်ကြည့်ရှုခဲ့ပြီး ကစားသမားများနှင့်လည်း တွေ့ဆုံခွင့်၊ အသင်း၏ လေ့ကျင့်ခန်းအစီအစဉ်များအား လေ့လာခွင့်များ ရရှိခဲ့ကြသည်။

"လီဗာပူး ကစားသမားတွေတည်းတဲ့ ဟိုတယ်ကို ကျွန်တော်ရောက်တာ နောက်ကျသွားတဲ့အတွက် အခြားကစားသမားတွေရဲ့ လက်မှတ်မရလိုက်ပါဘူး။ အခြားဖန်ကလပ်ဝင်အနေနဲ့ကတော့ အသင်းခေါင်းဆောင် ဂျရတ်အပါအဝင် ကျန်ကစားသမားတွေရဲ့ လက်မှတ်တွေကိုတော့ ရလိုက်ပါတယ်" ဟု မောင်ခန့်ဆင့်ဝင်းက ပြောသည်။ Myanmar Reds ဟုအမည်ပေးထားသည့် လီဗာပူးအသင်း၏ ဖန်ကလပ်ဝင်များသည် ယခုနှစ်၊ ဖေဖော်ဝါရီလအတွင်းက အဆိုပါ ပရီးမီးယားလိဂ်အသင်း၏ တရားဝင်အသိအမှတ်ပြု ခံခဲ့ရခြင်းဖြစ်သည်။ လီဗာပူးအသင်းသည် မြန်မာနိုင်ငံ လီဗာပူးပရိသတ်ဖန်ကလပ်ဝင်များအား တရားဝင်အသိအမှတ်ပြုလက်မှတ်ကို ဘန်ကောက်မြို့တွင် ခြေစမ်းပွဲလာရောက်ကစားစဉ်က အသင်းတည်းခိုသည့် ဟိုတယ်၌ ပေးအပ်ပွဲပြုလုပ်ပေးခဲ့သည်။




*လီဗာပူးကစားသမားလေးဦး လက်မှတ်ရေးထိုးထားသည်ဆိုသော လည်စည်း*

လီဗာပူးဖန်ကလပ်ဝင်များအဖွဲ့အနေဖြင့် မိဘမဲ့ကလေးကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသို့ လှူဒါန်းမှုများနှင့် စုပေါင်းသွေးလှူဒါန်းပွဲများကိုလည်း နှစ်လတစ်ကြိမ်ခန့် ပြုလုပ်လျက်ရှိသည်။

"လာမယ့်စက်တင်ဘာလအတွင်းမှာ အဖွဲ့အနေနဲ့ အလှူပြုလုပ်ဖို့စီစဉ်ထားတာ ရှိပါတယ်။ ဒီအလှူပွဲမှာ လည်စည်းလေလံတင်ရောင်းချလို့ရတဲ့ငွေကြေးကိုလည်း စုပေါင်းလှူဒါန်းပေးသွားမှာပါ။ လက်ရှိလေလံကြေးတန်ဖိုး နှစ်သိန်းပေးထားတာ ဖန်ကလပ်ထဲကပါ။ အခြားစိတ်ဝင်စားသူတွေအနေနဲ့လည်း စက်တင်ဘာလ ၈ ရက် နောက်ဆုံးထားဈေးနှုန်းများ တိုးမြှင့်ပေးပြီး အလှူပွဲမှာ ပါဝင်နိုင်ပါတယ်" ဟု လီဗာပူးဖန်ကလပ် အဖွဲ့ဥက္ကဋ္ဌ ကိုမြတ်လွင်က ပြောသည်။ စိတ်ဝင်စားသူများအနေဖြင့် ဖုန်း ၀၉-၄၂၁၁၁၀၄၂၂ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

# မြန်မာယူ – ၂၃ အသင်း မာဒေးကားဖလားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည်



*၂၀၀၆ မာဒေးကားပြိုင်ပွဲတွင်ဗိုလ်စွဲခဲ့သည့် မြန်မာဘောလုံးအသင်း*

ဓာတ်ပုံ - MFF

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ ဩဂုတ်-၁၂

မလေးရှားဘောလုံးအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပမည့် မာဒေးကားဖလားပြိုင်ပွဲသို့ မြန်မာယူ-၂၃အသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါပြိုင်ပွဲကို လာမည့် စက်တင်ဘာလ ၅ ရက်မှ ၁၄ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မလေးရှားဘောလုံးအဖွဲ့ချုပ်သည် လာမည့်ဆီးဂိမ်းအတွက် ပြင်ဆင်နေသည့် မြန်မာယူ-၂၃ အသင်းအား ဖိတ်ကြားခဲ့ခြင်းဖြစ်ကြောင်း ဘောလုံးအဖွဲ့ချုပ်မှ သတင်းရရှိသည်။

"မာဒေးကားဖလားပြိုင်ပွဲဝင်ပြိုင်ဖို့အတွက် မလေးရှားဘောလုံးအဖွဲ့ချုပ်က မြန်မာယူ-၂၃အသင်းကို ဖိတ်ကြားခဲ့ပါတယ်။ မြန်မာယူ-၂၃ အသင်းအနေနဲ့ဝင်ရောက်ယှဉ်ပြိုင်မယ် ဆိုတဲ့အကြောင်းကိုလည်း အကြောင်းပြန်ထားပြီဖြစ်ပါတယ်"ဟု အဖွဲ့ချုပ်တာဝန်ရှိသူကပြောသည်။

ဒေသတွင်းအစဉ်အလာကြီးခဲ့သည့် မာဒေးကားပြိုင်ပွဲသည် မလေးရှားနိုင်ငံ၏ လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ကျင်းပခြင်းဖြစ်ပြီး ၁၉၅၇ ခုနှစ်မှ စတင်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ယခုနှစ်ပြိုင်ပွဲအတွက် ထိုင်း၊ စင်ကာပူ၊ ဗီယက်နမ်၊ မြန်မာအသင်းများအား ဖိတ်ကြားထားကြောင်းနှင့် ဝင်ရောက်ယှဉ်ပြိုင်မည့်အသင်းအတိအကျကိုမူ အတည်ပြုချက်မရသေးကြောင်း အဖွဲ့ချုပ်တာဝန်ရှိသူက ပြောသည်။

မလေးရှားဘောလုံးအဖွဲ့ချုပ်သည် လာမည့်ဆီးဂိမ်းပြိုင်ပွဲအကြိုရည်ရွယ်၍ ယခုနှစ်မာဒေးကားဖလားပြိုင်ပွဲဝင်အသင်းများအနေဖြင့် ယူ-၂၃ အသင်းများဖြင့် ဝင်ရောက်ယှဉ်ပြိုင်ရန် ဦးစားပေးဖိတ်ကြားထားကြောင်းသတင်းရရှိသည်။ အိမ်ရှင်မလေးရှားအသင်းသည်လည်း ယူ ၂၃ အသင်းဖြင့်သာ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

မြန်မာအသင်းသည် အဆိုပါပြိုင်ပွဲ သက်တမ်းတစ်လျှောက်တွင် ချန်ပီယံဆုလေးကြိမ်နှင့် ဒုတိယဆု လေးကြိမ် ရရှိထားသည်။ ဦးဆန်းဝင်းကိုင်တွယ်ခဲ့သည့် မြန်မာအသင်းသည် ၄င်းပြိုင်ပွဲ၏ ချန်ပီယံဆုကို ၂၀၀၆ ခုနှစ်ပြိုင်ပွဲဗိုလ်လုပွဲတွင် အင်ဒိုနီးရှားအသင်းကို (၂-၁)ဂိုးဖြင့် အနိုင်ရရှိကာ နောက်ဆုံးအကြိမ်ရရှိထားသည်။ နောက်ဆုံးယှဉ်ပြိုင်ခဲ့သည့် ၂၀၀၇ ခုနှစ်ပြိုင်ပွဲတွင်မူ မြန်မာအသင်းသည် ဗိုလ်လုပွဲတွင် မလေးရှားအသင်းကို ရှုံးနိမ့်ကာ ဒုတိယဆုရရှိခဲ့သည်။ မလေးရှားဘောလုံးအဖွဲ့ချုပ်သည် မာဒေးကားဘောလုံးပြိုင်ပွဲကို ၂၀၀၈ ခုနှစ်တွင် နောက်ဆုံးအကြိမ်ကျင်းပခဲ့ပြီး ယခုနှစ်တွင်မှ ပြန်လည်ကျင်းပရန် စီစဉ်ခြင်းဖြစ်သည်။ အဆိုပါပြိုင်ပွဲတစ်လျှောက်တွင် အိမ်ရှင်မလေးရှားအသင်းနှင့် တောင်ကိုရီးယားအသင်းတို့က ချန်ပီယံဆု ၁၁ ကြိမ်စီရရှိထားကာ အအောင်မြင်ဆုံးအသင်းများအဖြစ် ရပ်တည်နေပြီး ချန်ပီယံဆုလေးကြိမ်ရရှိထားသည့် မြန်မာအသင်းမှာ တတိယအအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်နေသည်။

၂၀၁၃ ဆီးဂိမ်းဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာယူ-၂၃ အသင်းကို ပဏာမလက်ရွေးစင် ၃၀ ဦးဖြင့် ဩဂုတ်လ ၁၂ ရက်တွင် စတင်စခန်းသွင်းလေ့ကျင့်လျက်ရှိကြောင်း သတင်းရရှိသည်။

# ရောဝတီယူနိုက်တက်အသင်းကို ဦးဆန်းဝင်း တာဝန်ယူမည်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ ဩဂုတ်-၁၂

၂၀၁၃ မြန်မာနေရှင်နယ်လိဂ်တွင် ရလဒ်များဆိုးရွားခဲ့သော ရောဝတီယူနိုက်တက်အသင်းသည် နည်းပြချုပ်မာဂျန်ကို စာချုပ်သက်တမ်းတိုးမည်မဟုတ်ဘဲ လက်ရွေးစင်အသင်း နည်းပြဟောင်းဦးဆန်းဝင်းအား နည်းပြအဖြစ် ခန့်အပ်ရန် သဘောတူညီမှုရရှိခဲ့ကြောင်း သတင်းရရှိသည်။

"နည်းပြချုပ်မာဂျန်နဲ့က ဩဂုတ်လကုန်မှာ စာချုပ်သက်တမ်းကုန်ဆုံးမှာဖြစ်ပြီး ထပ်မံစာချုပ်မချုပ်တော့ပါဘူး။ အသင်းနည်းပြချုပ်အဖြစ် ဦးဆန်းဝန်းကို ခန့်အပ်ဖို့ သဘောတူညီမှုရရှိပြီးသွားပြီ။ မကြာမီရက်ပိုင်းအတွင်းမှာ စာချုပ်ချုပ်ဆိုသွားမှာပါ"ဟု ရောဝတီအသင်းတာဝန်ရှိသူတစ်ဦးက ဩဂုတ် ၁၂ ရက်တွင် ပြောသည်။

ယခုနှစ် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲပြီးဆုံးချိန်တွင် ရောဝတီယူနိုက်တက်အသင်းသည် အဆင့်ခုနစ်နေရာတွင်သာ ရပ်တည်နိုင်ခဲ့ပြီး ဒုတိယအကျော့ပွဲစဉ်များတွင်လည်း နိုင်ပွဲတစ်ပွဲသာ ရရှိခဲ့သည်။

ဦးဆန်းဝင်းသည် မြန်မာနေရှင်နယ်လိဂ်စတင်ခဲ့သည့် ၂၀၀၉ ခုနှစ်တွင် ဒယ်လ်တာယူနိုက်တက်အသင်း(ယခု ရောဝတီယူနိုက်တက်အသင်း)ကို နည်းပြချုပ်အဖြစ် ၂ နှစ်သက်တမ်းတာဝန်ယူခဲ့ဖူးသူဖြစ်သည်။

"ရောဝတီအသင်းက ကျွန်တော့်ကို ကမ်းလှမ်းခဲ့ပါတယ်။ ဒီအသင်းက မြန်မာနေရှင်နယ်လိဂ်စတင်တဲ့အချိန်က ကျွန်တော်ဖွဲ့စည်းထားတဲ့ အသင်းဖြစ်တဲ့အတွက် သံယောဇဉ်ရှိပါတယ်။ ဒါကြောင့် နည်းပြချုပ်အဖြစ် ကိုင်တွယ်ဖို့ လက်ခံဖြစ်တာပါ"ဟု ဦးဆန်းဝင်းက ပြောသည်။ ဦးဆန်းဝင်းသည် မကြာမီရက်ပိုင်းအတွင်းက ချင်းယူနိုက်တက်အသင်းနှင့် နှစ်ဦးသဘောတူ လမ်းခွဲခဲ့သည်။

ဦးဆန်းဝင်းသည် လာမည့် စက်တင်ဘာလအတွင်း စတင်ကျင်းပမည့်မြန်မာနေရှင်နယ်လိဂ်ဖလားပြိုင်ပွဲတွင် ရောဝတီအသင်းကို စတင်တာဝန်ယူသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



SAMSUNG
Samsung GALAXY Tab3
Portable multimedia for precious moments
with 7-inch display
with 8-inch display
with 10.1-inch display
Story Album
Samsung
GALAXY Tab3
• Super Slim Design
• WXGA Display
• S-Travel
• Dolby Surround
• Story Album
Samsung Customer Service Plaza : အမှတ်(၁၉၅)၊ မဟာဗန္ဓုလပန်းခြံလမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – (၀၁) ၃၇၈ ၂၁၆၊ ၃၇၈ ၂၁၇
SAMSUNG Mobile Brand Shops :
F-121, Junction Square Centre
Capital Hyper Mart

7 DAY NEWS JOURNAL
Vol.12, No.23 · AUGUST 14 , 2013

# ပြိုင်ပွဲဝင်အာဆီယံနိုင်ငံများက ရိုးရာခြင်းလုံးအားကစားနည်းအတွက် မြန်မာနည်းပြများ ကမ်းလှမ်းထား

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ ဩဂုတ်-၁၁**

၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲတွင်ပထမဆုံးအကြိမ်ထည့်သွင်းကျင်းပမည့် ရိုးရာခြင်းလုံးအားကစားနည်းအတွက်ပြင်ဆင်လေ့ကျင့်ရန် ပြိုင်ပွဲဝင် အာဆီယံနိုင်ငံများက မြန်မာနည်းပြများအားခေါ်ယူရန်ကမ်းလှမ်းမှုများပြုလုပ်ထားကြောင်း သတင်းရရှိသည်။

မြန်မာ့ရိုးရာနည်းပြဆရာများကို လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့က ကမ်းလှမ်းမှုများပြု လုပ်ထားခြင်းဖြစ်ပြီး နည်းပြဆရာများ စေလွှတ်သွားရန် စီစဉ်ထားကြောင်းမြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူးဦးရဲအောင်ကပြောသည်။

"လက်ရှိတောင်းဆိုထားတာကတော့ လာအိုနဲ့ ကမ္ဘောဒီးယားနိုင်ငံကပါ ဩဂုတ်လအတွင်း မြန်မာနည်းပြတစ်ဦးစီ စေလွှတ်ပေးသွားမှာပါ။ အခြားနိုင်ငံတွေအနေနဲ့လည်း လိုအပ်လာရင်နည်းပြတွေ ထပ်မံစေလွှတ်သွားဖို့ စီစဉ်ထားပါတယ်ဟု မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးရဲအောင်ကပြောသည်။

မြန်မာ့ရိုးရာခြင်းလုံးအားကစားအဖွဲ့သည် ရိုးရာခြင်းလုံးအားကစားနည်းဥပဒေများကို ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ စင်ကာပူ၊ ဘရူနိုင်း၊ မလေးရှား၊ အင်ဒိုနီးရှားစသည့် အရှေ့တောင်အာရှ ရှစ်နိုင်ငံသို့ သရုပ်ပြအစီအစဉ်များသွားရောက်ပြသခဲ့ပြီးဖြစ်သည်။

(၂၇) ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (ဆီးဂိမ်း)တွင် ရိုးရာခြင်းလုံးအားကစားနည်းမှ အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲလေးခုစီထည့်သွင်းကျင်းပမည်ဖြစ်ပြီး ရွှေတံဆိပ် ရှစ်ခုချီးမြှင့်မည်ဖြစ်သည်။ ဆီးဂိမ်းတွင် ပထမဆုံးထည့်သွင်းကျင်းပမည့် ရိုးရာခြင်းလုံးပြိုင်ပွဲကို အိမ်ရှင်မြန်မာအပါအဝင် ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ မလေးရှား၊ စင်ကာပူနိုင်ငံတို့မှဝင်ရောက်ယှဉ်ပြိုင်ရန် စာရင်းပေးသွင်းထားကြောင်း ခြင်းလုံးအဖွဲ့ချုပ်မှ သိရှိရသည်။

၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့ရိုးရာခြင်းလုံးအားကစားအဖွဲ့ကို ပဏာမလက်ရွေးစင် အမျိုးသား ၁၉ ဦးနှင့် အမျိုးသမီး ၁၉ ဦးတို့ဖြင့် နေပြည်တော်၌ စခန်းသွင်းလေ့ကျင့်ပြင်ဆင်လျက်ရှိကြောင်း သတင်းရရှိသည်။




# အာရှလူငယ်အားကစားပြိုင်ပွဲသို့ အားကစားနည်းလေးမျိုး မြန်မာဝင်ပြိုင်မည်




ဓာတ်ပုံ - ဗိုလ်ဗိုလ်ဝင်း

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ ဩဂုတ်-၁၁**

ဒုတိယအကြိမ်မြောက် အာရှလူငယ်အားကစားပြိုင်ပွဲသို့ မြန်မာနိုင်ငံမှ အားကစားနည်းလေးမျိုး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

အားကစားနည်း ၁၆မျိုး ထည့်သွင်းကျင်းပမည့် အဆိုပါပြိုင်ပွဲကိုတရုတ်နိုင်ငံ၊ နန်ကျင်းမြို့၌ ဩဂုတ်လ ၁၆ ရက်မှ ၂၄ ရက်အထိကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ ပြေးခုန်ပစ်၊ ဂျူဒို၊ သေနတ်ပစ်၊ အလေးမကစားနည်းလေးမျိုးတွင် အားကစားသမား ၁၃ ဦးဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံမှ သွားရောက်ယှဉ်ပြိုင်မည့်အားကစားအဖွဲ့တွင် အားကစားနည်းတစ်မျိုးလျှင် ကစားသမားနှစ်ဦးစီဖြင့် စုစုပေါင်း ရှစ်ဦးပါဝင်မည်ဖြစ်ပြီး တရုတ်နိုင်ငံ၌လေ့ကျင့်မှုများသွားရောက်ပြုလုပ်နေသည့် မြန်မာအလေးမအဖွဲ့မှ အားကစားသမားငါးယောက်သည်လည်း လာရောက်ပူးပေါင်းယှဉ်ပြိုင်မည်ဖြစ်ကြောင်း အားကစားဝန်ကြီးဌာန တာဝန်ရှိသူကပြောသည်။

"တရုတ်နိုင်ငံမှာ လေ့ကျင့်မှုတွေသွားရောက်ပြုလုပ်နေတဲ့ မြန်မာအလေးမအဖွဲ့က အားကစားသမားငါးဦးကလည်း မြန်မာအားကစားအဖွဲ့နဲ့ လာရောက်ပူးပေါင်းပြီး အာရှလူငယ်အားကစားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ မြန်မာနိုင်ငံက သွားရောက်ယှဉ်ပြိုင်မယ့် အားကစားအဖွဲ့မှာတော့ အားကစားနည်းတစ်မျိုးကို နှစ်ဦးစီနဲ့လေးမျိုးအတွက်စုစုပေါင်း ရှစ်ဦး သွားရောက်မှာဖြစ်ပါတယ်" ဟု တာဝန်ရှိသူကပြောသည်။

ပထမအကြိမ် အာရှလူငယ်အားကစားပြိုင်ပွဲကို ၂၀၀၉ ခုနှစ်က စင်ကာပူနိုင်ငံ၌ စတင်ကျင်းပခဲ့ပြီး မြန်မာနိုင်ငံက ကြေးတံဆိပ်တစ်ခုရရှိခဲ့သည်။ ယခုနှစ် ဒုတိယအကြိမ်ပြိုင်ပွဲသို့ အာရှနိုင်ငံပေါင်း ၄၅ နိုင်ငံမှ လူငယ်အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ပြိုင်ပွဲဝင်အားကစားသမားများ၏အသက်ကို ၁၅ နှစ်အောက်သတ်မှတ်ထားသည့် အဆိုပါပြိုင်ပွဲသို့ လာမည့်ဆီးဂိမ်းပြိုင်ပွဲအတွက် ပြင်ဆင်လေ့ကျင့်နေသည့် အားကစားသမားများအနက်မှ အလားအလာရှိသည့်လူငယ်အားကစားသမားများကို ရွေးချယ်စေလွှတ်ခြင်းဖြစ်ကြောင်း အားကစားဝန်ကြီးဌာနမှ သိရှိရသည်။

ဒုတိယအကြိမ် အာရှလူငယ်အားကစားပြိုင်ပွဲတွင် ရေကူး၊ ပြေးခုန်ပစ်၊ ကြက်တောင်၊ ဘတ်စကက်ဘော၊ ဓားရေး၊ ဘောလုံး၊ ဂေါက်သီးရိုက်၊ လက်ပစ်ဘောလုံး၊ ဂျူဒို၊ ရပ်ဘီ၊ သေနတ်ပစ်၊ စားပွဲတင်တင်းနစ်၊ အလေးမနှင့်Squash အားကစားနည်းများ ထည့်သွင်းကျင်းပမည်ဖြစ်သည်။ ယခုနှစ်ပြိုင်ပွဲသို့ မြန်မာနိုင်ငံက အားကစားနည်းရှစ်မျိုးယှဉ်ပြိုင်ရန် စီစဉ်ခဲ့သော်လည်း နောက်ဆုံးအတည်ပြုချက်အရ လေးမျိုးသာဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။


ECCO
The Best Ceramic Artificer
EC 5208 M/L
Available at: CHERRY OO
Hot Line : (01)381751, (02) 72992 , (067)23107.


အရွယ်မတိုင်ခင် အိုမင်းရင့်ရော်ခြင်းနှင့်ရောဂါများကို
ကာကွယ်ထားမယ်...
Protec
နဲ့
အနီရောင်စပျစ်စေ့မှ ထုတ်လုပ်ထားသော
အစွမ်းထက် Anti-Oxidant

7 DAY NEWS JOURNAL
Vol.12, No.23 • AUGUST 14 , 2013




## ငြိမ်းချမ်းရေးဆွေးနွေးပွဲများ မစတင်မီ ပါလက်စတိုင်းအကျဉ်းသား ပထမအသုတ် အစ္စရေးလွှတ်ပေးမည်

**ဂျေရုဆလင်၊ ဩဂုတ်-၁၂**

ဆယ်စုနှစ် ၂ခုကြာ အကျဉ်းချခံခဲ့ရသော ပါလက်စတိုင်းအကျဉ်းသားများထဲမှ ပထမအသုတ်အဖြစ်လာမည့် ရက်ပိုင်းအတွင်း လွှတ်ပေးမည့်လူ ၂၆ ဦးစာရင်းကို အစ္စရေးနိုင်ငံက ဩဂုတ် ၁၂ ရက်တွင် ထုတ်ပြန်လိုက်သည်။

ကာကွယ်ရေးဝန်ကြီးမိုရှီယာလွန် ဦးဆောင်သော ဝန်ကြီးသုံးဦးနှင့် လုံခြုံရေးနှင့် တရားရေးဌာနမှ ပုဂ္ဂိုလ်များပါဝင်သော အဖွဲ့က ဩဂုတ် ၁၁ ရက် ညနေပိုင်းတွင် ယင်းသို့ ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အစ္စရေးက ဖမ်းဆီးထားသည့် ပါလက်စတိုင်းအကျဉ်းသား ၁၀၄ ဦးအနက် ပထမအသုတ်ဖြစ်သော ၂၆ ဦးတွင် ၁၄ ဦးကို ဂါဇာကမ်းမြောင်ဒေသသို့ပို့ဆောင်မည်ဖြစ်ပြီး ကျန်အကျဉ်းသား ၁၂ ဦးကို အနောက်ဘက်ကမ်းခြေဒေသသို့ ပို့မည်ဖြစ်သည်။ ၎င်းတို့အနက် အကျဉ်းသားရှစ်ဦးမှာ ကျန်ရှိသေးသည့် ပြစ်ဒဏ်များကို ပါလက်စတိုင်းတွင် ဆက်လက်ကျခံရမည်ဖြစ်သည်။

အစ္စရေးက ပထမအသုတ်လွှတ်ပေးမည့် အကျဉ်းသားစာရင်းတွင် ပါဝင်သော အကျဉ်းသားအများစုမှာ ၁၉၈၅ နှင့် ၁၉၉၄ ခုနှစ်အတွင်း ဖမ်းဆီးခံခဲ့ရသူများဖြစ်သည်။ ၎င်းတို့သည် လူသတ်မှု၊ လူသတ်ရန် ကြိုးစားမှု (သို့မဟုတ်) သေစေလောက်သော အကြမ်းဖက်မှုတွင်ပါဝင်ကူညီမှုဖြင့် အဖမ်းခံထားရသူများဖြစ်သည်။

—*Ref: Reuters*




ALI AL-SAADI/AFP

## အီရတ်၌ အီးဒ်နေ့က ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုများ အယ်လ်ကိုင်ဒါတပ်ဦးအဖွဲ့က လုပ်ဆောင်ခဲ့ကြောင်း ပြောကြား

**ဘဂ္ဂဒက်**– အီရတ်နိုင်ငံတွင် အစ္စလာမ်ဘာသာဝင်တို့၏ ဥပုသ်လအပြီး လူ ၇၄ ဦး သေဆုံးပြီး ရာပေါင်းများစွာ ဒဏ်ရာရခဲ့သည့် တိုက်ခိုက်မှုများကို အီရတ်နိုင်ငံနှင့် မြေထဲပင်လယ်အရှေ့ပိုင်းရှိ အယ်လ်ကိုင်ဒါအကြမ်းဖက်တပ်ဦးအဖွဲ့က လုပ်ဆောင်ခဲ့သည်ဟု ဩဂုတ် ၁၁ ရက်တွင် ယင်းအဖွဲ့က ပြောကြားလိုက်သည်။

လုံခြုံရေးတပ်ဖွဲ့များ၏ လုပ်ငန်းစဉ်များကို တုံ့ပြန်သည့်အနေဖြင့် ဘဂ္ဂဒက်မြို့တောင်ပိုင်းပြည်နယ်များနှင့် အခြားဒေသများတွင် အီးဒ်ပွဲတော် တတိယမြောက်နေ့တွင် တိုက်ခိုက်မှုများလုပ်၍ သတိပေးလိုက်ခြင်းဖြစ်ကြောင်း ဂျီဟတ်စစ်ပွဲဆင်နွှဲသူများ ဖိုရမ်၌ ယင်းအဖွဲ့က ကြေညာချက်တစ်စောင် ထုတ်ပြန်ထားသည်။

ပြီးခဲ့သည့် စနေနေ့က ဖြစ်ပွားခဲ့သော ဗုံးခွဲတိုက်ခိုက်မှုနှင့် အခြားသော တိုက်ခိုက်မှုများကို ကာကွယ်ရန်ပျက်ကွက်ခဲ့သည့်အတွက် အီရတ်အာဏာပိုင်များကို ပြည်သူများက ဒေါသတကြီး ပြစ်တင်ကြသည်။

ယင်းတိုက်ခိုက်မှုများသည် ဘဂ္ဂဒက်မြို့အနီးရှိ အကျဉ်းထောင်များကို အယ်လ်ကိုင်ဒါတပ်ဦးအဖွဲ့က အကြမ်းဖက်တိုက်ခိုက်ကာ စစ်သွေးကြွခေါင်းဆောင်များ အပါအဝင် အကျဉ်းသားရာပေါင်းများစွာကို လွှတ်ပေးခဲ့ပြီးနောက် သီတင်းပတ်အတန်ကြာတွင် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

အီရတ်နိုင်ငံတစ်ဝန်းတွင် ဩဂုတ် ၁၁ ရက်က ဖြစ်ပေါ်ခဲ့သော အကြမ်းဖက်မှုများကြောင့် လူကိုးဦးသေဆုံးခဲ့သည်။

—*Ref: AFP*

7DAY NEWS JOURNAL
Vol.12, No.23 • AUGUST 14 , 2013

# မက္ကဆီကိုမူးယစ်ဂိုဏ်းခေါင်းဆောင် ရာဖေးကာရိုကွင်တာရိုကို တရားရုံး လွှတ်ပေး

**မက္ကဆီကိုစီးတီး၊ဩဂုတ်-၁၀**

မူးယစ်ဆေးလောကတွင်အရေးပါသူ ရာဖေးကာရိုကွင်တာရိုသည် အမေရိကန်မူးယစ်နှိမ်နင်းရေး တပ်ဖွဲ့ဝင်တစ်ဦးကို ပြန်ပေးဆွဲသတ်ဖြတ်မှုအတွက် ထောင်ဒဏ် ၂၈ နှစ် ကျခံခဲ့ပြီးနောက် ၎င်းကို မက္ကဆီကိုနိုင်ငံရှိ တရားရုံးတစ်ရုံးက ဩဂုတ် ၉ ရက်တွင် လွှတ်ပေးလိုက်သည်။


ကာရိုကွင်တာရိုသည်၁၉၈၅ ခုနှစ်တွင် အမေရိကန်မူးယစ်နှိမ်နင်းရေးအဖွဲ့ဝင် အန်းနရစ်ကာမာရီနာကို သတ်ဖြတ်မှုကြောင့် ထောင်ဒဏ် နှစ် ၄၀ ချမှတ်ခံခဲ့ရသော်လည်း ယင်းပြစ်ဒဏ်ကို တရားရုံးက လျှော့ပေါ့ပေးခဲ့သည်။ ယခုအခါ အသက်(၆၀)ရှိပြီဖြစ်သော ကာရိုကွင်တာရိုကို နိုင်ငံတော်တရားရုံးတစ်ခုထက် ပြည်နယ်တရားရုံးတစ်ခုတွင် စစ်ဆေးခဲ့သင့်ကြောင်း ယင်းတရားရုံးက ပြောကြားသည်။

ကာရိုကွင်တာရိုသည်မူးယစ်ဆေးဝါးလုပ်ငန်းရှင်များကို ဖမ်းဆီးရေးစစ်ဆင်ရေးအတွင်း ကော်စတာရီကာနိုင်ငံတွင် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။ ၎င်းသည် မူးယစ်ဆေးလုပ်ငန်းရှင်များအဖွဲ့ ဂွါဒါလာဂျာရာကို တည်ထောင်သည့် အဖွဲ့ဝင်သုံးဦးအနက် တစ်ဦးဖြစ်ပြီး အခြားသော စွဲချက်များနှင့်လည်း ရင်ဆိုင်ရနိုင်သည် (သို့မဟုတ်) အမေရိကန်နိုင်ငံသို့တရားစီရင်ရန် လွှဲအပ်ခံရနိုင်ကြောင်းလည်း သိရသည်။ ၎င်းသည် အကျဉ်းထောင်ထဲမှနေ၍ပင် မူးယစ်ဆေးဝါးရောင်းရငွေများကို ထိန်းချုပ်ထားသည်ဟု ကန်အာဏာပိုင်များက ယုံကြည်ကြောင်း အေပီသတင်းဌာနက ဖော်ပြသည်။

မူးယစ်နှိမ်နင်းရေးအဖွဲ့ဝင်ကာမာရီနာကို သတ်ဖြတ်မှုသည် မက္ကဆီကိုနိုင်ငံရှိ မူးယစ်ဆေးရောင်းဝယ်မှုကိုတိုက်ဖျက်ရာတွင် အဓိကကျသောအချိုးအကွေ့တစ်ခုဖြစ်သည်ဟု လေ့လာသူများက ယုံကြည်ကြသည်။

ကာရိုကွင်တာရို ဖမ်းဆီးခံရပြီးနောက်မူးယစ်ဆေးလုပ်ငန်းရှင်များအုပ်စု ဂွါဒါလာဂျာရာသည် ယနေ့ခေတ်တွင်အင်အားကောင်းသော မူးယစ်ဆေးဝါးဂိုဏ်းငယ်များအဖြစ် ပြိုကွဲသွားခဲ့သည်။

—*Ref: BBC*


*မက္ကဆီကိုမူးယစ်ဂိုဏ်းခေါင်းဆောင် ရာဖေးကာရိုကွင်တာရို* REUTERS

# ဇင်ဘာဘွေသမ္မတမူဂါဘီ ရွေးကောက်ပွဲအနိုင်ရမှု အတိုက်အခံပါတီစိန်ခေါ်

**ဟာရေးရေး၊ဩဂုတ်-၁၀**

ဇင်ဘာဘွေနိုင်ငံတွင် ပြီးခဲ့သည့် သီတင်းပတ်အတွင်း ကျင်းပခဲ့သော သမ္မတဆိုင်ရာ ရွေးကောက်ပွဲတွင် ရောဘတ်မူဂါဘီ၏ Zanu-PF ပါတီက အနိုင်ရရှိပြီးနောက် ဒီမိုကရေစီပြောင်းလဲရေးလှုပ်ရှားမှုပါတီ (MDC)က ရွေးကောက်ပွဲရလဒ်ကိုတရားမဝင်ကြောင်းကြေညာရန်နှင့် ရက်ပေါင်း ၆၀ အတွင်း ရွေးကောက်ပွဲအသစ်တစ်ရပ် ပြန်လည်ကျင်းပရန် ဇင်ဘာဘွေနိုင်ငံ တရားရုံးချုပ်သို့ အသနားခံစာ တင်လိုက်သည်။

ယခုရွေးကောက်ပွဲတွင် လာဘ်ပေးလာဘ်ယူမှု၊ မဲပေးသူများကို အခကြေးငွေပေး၍ မဲပေးစေမှုနှင့် မဲပေးမှုကို ပိုင်နိုင်စွာချုပ်ကိုင်မှုအပါအဝင် အချက်(၁၅) ချက်ဖြင့် MDC က စွပ်စွဲထားသည်။

မူဂါဘီသည် သမ္မတရာထူးအတွက် မဲပေးမှု၏ ၆၁ ရာခိုင်နှုန်းဖြင့် အနိုင်ရခဲ့ပြီး ၎င်း၏ပါတီသည် လွှတ်တော်အမတ်နေရာ(၁၆၀)တွင် သုံးပုံနှစ်ပုံကျော် အနိုင်ရကာ MDC ပါတီက ၄၉ နေရာသာ ရရှိခဲ့သည်။ လွှတ်တော်ရွေးကောက်ပွဲရလဒ်များနှင့် ပတ်သက်၍လည်း ယင်းအတိုက်အခံပါတီက တိုင်တန်းသွားမည်ဖြစ်ကြောင်း ဇင်ဘာဘွေနိုင်ငံမြို့တော်ဟာရေးရေးရှိ ဘီဘီစီသတင်းထောက် ဘရိုင်ယန်ဟာဂေးကပြောသည်။ အာဏာရပါတီက လွှတ်တော်အမတ်နေရာ သုံးပုံနှစ်ပုံ အနိုင်ရခဲ့ခြင်းကြောင့် အခြေခံဥပဒေကိုပြင်ဆင်နိုင်မည်ဖြစ်သည်။

ဇင်ဘာဘွေနိုင်ငံ အခြေခံဖွဲ့စည်းပုံဆိုင်ရာ တရားရုံးသို့ အသနားခံစာတင်ထားသော အတိုက်အခံပါတီ၏ ရှေ့နေများက ရွေးကောက်ပွဲ မူမမှန်မှုများနှင့် ပတ်သက်၍ အထောက်အထား ခိုင်လုံစွာရရှိထားကြောင်း ဘီဘီစီသတင်းဌာနအား ပြောသည်။ ရွေးကောက်ပွဲတွင် မြောက်မြားစွာသောလူများ မဲမပေးနိုင်ခဲ့ကြကြောင်း ၎င်းတို့ကပြောသည်။ မဲပေးသူ ကိုးသိန်းခန့်မှာ မဲရုံများမှ ပြန်လွှတ်ခြင်းခံခဲ့ရကြောင်း၊ နောက်ထပ်မဲပေးမည့်သူ သုံးသိန်းခန့်မှာ အခကြေးငွေပေး၍ စိတ်ပြောင်းသွားကြကြောင်း အတိုက်အခံပါတီကပြောသည်။—*Ref: BBC*



7 DAY NEWS JOURNAL

# International

Vol.12, No.23 • AUGUST 14 , 2013



FRANCIS R. MALASIG/EPA

*ဩဂုတ် ၁၂ ရက်က ဖိလစ်ပိုင်နိုင်ငံ မနီလာပင်လယ်အော်တွင် ရပ်နားထားသော ၄၂ ဒသမ ၅ မီတာရှည် Adastra ရွက်လှေကြီးကိုတွေ့ရစဉ်။ ဖိလစ်ပိုင်နိုင်ငံတွင် အင်အားပြင်းတိုင်ဖွန်းမုန်တိုင်းဝင်ရောက်ခဲ့၍ ငါးဖမ်းသမား နစ်ဒါဖင်ခန့် ပျောက်ဆုံးနေပြီး လူထောင်ပေါင်းများစွာမှာ သောင်တင်နေရသည်ဟု အရပ်ဘက်ကာကွယ်ရေးရုံးကပြောသည်။*

## အွန်လိုင်းသုံးစွဲသူ ကလေးငါးဦးလျှင် တစ်ဦးအနိုင်ကျင့်ခံရ

**လန်ဒန်၊ ဩဂုတ်-၁၂**

ပြီးခဲ့သည့်နှစ်အတွင်း အွန်လိုင်းလူမှုရေးကွန်ရက်များ အသုံးပြုသူ ကလေးငါးဦးတွင် တစ်ဦးမှာ ဆိုးရွားသော အတွေ့အကြုံများ ကြုံခဲ့ရသည်ဟု ကလေးများ သက်သာချောင်ချိရေးအဖွဲ့ (NSPCC)၏ သုတေသနတစ်ရပ်က တွေ့ရှိခဲ့သည်။

ယင်းဆိုးရွားသော အတွေ့အကြုံများသည် အနိုင်ကျင့်ခြင်း၊ အလိုမရှိသော လိင်ပိုင်းဆိုင်ရာ မက်ဆေ့ချ်များရခြင်း၊ အင်တာနက်ပေါ် စောင့်ကြည့်ခံရခြင်း၊ မျက်နှာလွှဲသွားစေရန် ဖိအားပေးခံရခြင်းများ ပါဝင်သည်။

ဖေ့စ်ဘွတ်ခ်၊ တွစ်တာနှင့် ယူကျုဘ်ကဲ့သို့ လူမှုရေးကွန်ရက်အသုံးပြုသူ အများအပြားမှာ အနိမ့်ဆုံး အသက်သတ်မှတ်ချက် (၁၃) နှစ်အောက် ငယ်ရွယ်သူများဖြစ်သည်ဟု ယင်းအဖွဲ့ကပြောသည်။

ဗြိတိန်နိုင်ငံတစ်ဝန်းအသက် ၁၁ နှင့် ၁၆ နှစ်ကြား ကလေးငယ်ပေါင်း ၁,၀၂၄ ဦး ပါဝင်သော စစ်တမ်းအပြည့်အစုံကို နိုဝင်ဘာလတွင် ထုတ်ပြန်မည်ဖြစ်သည်။ ကလေးငယ်များကြား အများဆုံးတွေ့ကြုံရသော ဖြစ်ရပ်မှာ အနိုင်ကျင့်ခြင်းနှင့် ၎င်းတို့အကြိုက် သွေးဆောင်ခြင်းဖြစ်ကြောင်း စစ်တမ်းက တွေ့ရှိခဲ့သည်။

အင်တာနက်ပေါ်တွင် ကလေးများ တွေ့ကြုံခံစားရမှုများအပေါ် စိုးရိမ်ပူပန်မှုများ မြင့်တက်လာခဲ့၍ ယခုစစ်တမ်းကောက်ယူရန် ဖြစ်လာသည်ဟု အဖွဲ့ကပြောကြားသည်။

ပြီးခဲ့သည့်လအတွင်း ကိုင်ဆက်စတာရှိုင်းယားဒေသမှ အသက်(၁၄)နှစ်အရွယ်ဟန်နာစမစ်ဆိုသူ မိန်းကလေး ဆွဲကြိုးချသေဆုံးနေသည်ကို တွေ့ရှိခဲ့ရပြီး ၎င်းမှာ အင်တာနက်လူမှုရေးကွန်ရက်ပေါ်မှ အကြမ်းဖက်စော်ကားမှုမက်ဆေ့ချ်များ လက်ခံရရှိခဲ့သည်ဟု ၎င်း၏ဖခင်ဖြစ်သူက ပြောသည်။

—Ref:BBC

## ပြင်သစ်သမ္မတဟော်လန်ဒီနှင့် အလုပ်မရှိသူ ပြင်သစ်အမျိုးသမီးတစ်ဦး ထိပ်တိုက်တွေ့

**ပါရီ၊ ဩဂုတ်-၁၂**

ပြင်သစ်နိုင်ငံတွင် အလုပ်အကိုင်ရရှိမှု ယခုနှစ်ကုန်ပိုင်း၌ အပြောင်းအလဲဖြစ်စေရမည်ဟု ကတိပေးထားသော သမ္မတဟော်လန်ဒီမှာ ပြင်သစ်နိုင်ငံအနောက်ပိုင်း လာရော့ဆာယွန်းဒေသတွင် သမ္မတ၏အစီအစဉ်အပေါ် သံသယရှိသော လူလတ်ပိုင်းအမျိုးသမီးတစ်ဦးနှင့် ရင်ဆိုင်ခဲ့ရသည်။

မစ္စစ်နာတာလီမီရော့ဒ်နှင့် ဆိုရှယ်လစ်သမ္မတတို့၏ အပြန်အလှန် ပြောဆိုမှုများကို ကင်မရာများက ရိုက်ယူထားခဲ့သည်။

"ကျွန်မ အလုပ်ရှာနေတာ တစ်နှစ်ခွဲရှိပြီ။ အလုပ်မရှာနိုင်လို့ မိဘအိမ်ကို ပြန်နေရတယ်။ ကျွန်မလို လူမျိုးတွေအတွက် ရှင် ဘာလုပ်ပေးမှာလဲ"ဟု အသက်(၅၀) အရွယ်အမျိုးသမီးက မေးမြန်းလိုက်သည်။

အမျိုးသမီး ဒေါသသံဖြင့် ပြောလိုက်သော စကားကို သိသိသာသာ အံ့ဩနေသော သမ္မတဟော်လန်ဒီက "ဟုတ်တယ်။ အဲဒီအတွက် အဖြေရှာဖို့ ကျွန်တော် ဒီကို ရောက်လာခဲ့တာပါ"ဟု ပြောသည်။

သို့သော် အမျိုးသမီးက "မဟုတ်သေးဘူး။ ကျွန်မတို့ ဘာလုပ်ကြမှာလဲ။ အခုလောလောဆယ် ဘာမှရေရေရာရာမရှိဘူး"ဟုမစ္စစ်မီရော့ဒ်က ထပ်မံပြောကြားရာ ဟော်လန်ဒီမှာ ၎င်းအမျိုးသမီးနှင့် မီဒီယာများကြားမှ အတင်းတိုးထွက်၍ အလုပ်အကိုင်ရှာဖွေရေးရုံးထဲသို့ ဝင်သွားခဲ့သည်။

ပြင်သစ်နိုင်ငံတွင် အသက် (၅၀)ကျော်အရွယ်များ ရေရှည်အလုပ်အကိုင်မဲ့မှု ၃၀ ရာခိုင်နှုန်းကျော် ရှိသည်။


—Ref: AFP

## Apple iPhone သစ် စက်တင်ဘာ ၁၀ ရက်တွင် မိတ်ဆက်မည်

**ဆန်ဖရန်စစ္စကို၊ ဩဂုတ်-၁၂**

ကမ္ဘာ့အကြီးဆုံးနည်းပညာကုမ္ပဏီတစ်ခုဖြစ်သော Apple ကုမ္ပဏီသည် လာမည့်စက်တင်ဘာ ၁၀ ရက်တွင် iPhone အသစ်တစ်မျိုး ပွဲထုတ်နိုင်ရန် မျှော်လင့်နေသည်ဟု နည်းပညာဘလော့ဂ် All ThingsD တွင် ဖော်ပြသည်။

Apple ကုမ္ပဏီသည် ၂၀၁၂ ခုနှစ်စက်တင်ဘာ ၁၂ ရက်က ၎င်း၏ iPhone အသစ်ကို မိတ်ဆက်ခဲ့သည့်အတိုင်း ယခုနှစ် စက်တင်ဘာ ၁၀ ရက်တွင်လည်း iPhone အသစ်တစ်မျိုးကိုထပ်မံမိတ်ဆက်လိမ့်မည်ဖြစ်ကြောင်း အမည်မဖော်လိုသည့် သတင်းအရင်းမြစ်များ၏ ပြောကြားချက်ကို ယင်းဘလော့ဂ်က ကိုးကားဖော်ပြသည်။ Apple ကုမ္ပဏီအနေဖြင့် ယင်း၏iPhoneသစ်နှင့်ပတ်သက်၍ မှတ်ချက်ပေးပြောကြားခြင်းမရှိပေ။



အသစ်ထွက်ရှိမည့် Apple iPhone နှင့် ပတ်သက်၍ မှန်းဆချက်များစွာ ရှိနေသည်ဟု သိရသည်။

ယင်း iPhone သည် ယခင် iPhone 5 နှင့် ဒီဇိုင်းတူမည်ဖြစ်ကြောင်း၊ မျက်နှာပြင်အကျယ်အားဖြင့် ၄ ဒသမ ၃ လက်မရှိမည်ဖြစ်ကြောင်း၊ iOS 7 ဆော့ဖ်ဝဲစနစ်ကို ထည့်သွင်းထားကြောင်း စသည်ဖြင့် မှန်းဆချက်များ ထုတ်ပြန်ထားကြသည်။

Apple ကုမ္ပဏီသည်မျက်နှာပြင်ကြီးမားကျယ်ပြန့်ပြီး အရောင်အသွေးစုံလင်သော ဈေးပေါသည့် iPhone အမျိုးအစားသစ်များကို လာမည့်နှစ်၌ ထုတ်လုပ်ရောင်းချနိုင်ရန် စီစဉ်လျက်ရှိသည်ဟုလည်း ပြီးခဲ့သောဇွန်လက ရိုက်တာသတင်းဌာနတွင် ဖော်ပြသည်။

—Ref: Reuters

Future Auto "မြန်မာနိုင်ငံ၏ ပထမဆုံး Used Car Warranty Service"

၁၅.၇.၂၀၁၃မှ ၃၁.၁၀.၂၀၁၃ အထိ ဝယ်ယူအားပေးသည့် Customer များအတွက်




★ ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူထားသော အိမ်သုံးလူစီးကားများအား ဝယ်ယူသည့်နေ့မှစ၍ (၆)လအတွင်း ပစ္စည်းဖိုး၊ လက်ခ မယူဘဲ (အခမဲ့)ပြုပြင်ပေးပါမည်။

★ ရန်ကုန်မြို့အတွင်းကားပျက်ပါက ချက်ချင်းလာရောက်ပြုပြင်ပေးပါမည်။

★ ကားပြင်ဆင်နေချိန်တွင် ယာယီကား အစားထိုးဝန်ဆောင်မှုပေးသွားမည်ဖြစ်ပါသည်။

အမှတ်(၁၄၀)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ကုက္ကိုင်းမီးပွိုင့်အနီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ Ph : 01-400785, 09-5147128, 09-73231587